လင်္ဂိပေသလ။ သိက္ခာကာမ၊ ဂန္ထန္တရ-ဂုဏ်ရောင်၊
ဆယ်သောင်ရဟိန်။ လျှမ်းထိန်ဝင်းပ၊
လက်လက်ကြွသကဲ့သို့။ ဘုရာ့သားတော်အစဉ်၊
ဖြစ်ကြီး-ဖြစ်တောင်မူသော။

အဂ္ဂမဟာပဏ္ဍိတ။

ဝံသပိုင်တော်ရေး။

# ခေမာဘိဝံသဆရာတော်ကြီး။

ချီးမြှင့်ရေးသားတော်မူအပ်သော။

# မဒွေါဘာသဒီပကကျမ်း။

မန္တလေးမြို့။
ဇမ္ဗူ။ မျက်မှန်စာပုံနှိပ်တိုက်။
၁၂၈၄-ခု။

မာတိကာ။


| အကြောင်းအရာ။ ၃၂၃ | စာမျက်နှာ။ |
|---|---|
| ဒုစရိုက်ဆယ်ပါးအကျဉ်းချုပ်ပြရာ | ၁ |
| ပါဏာတိပါတ၏စေတနာကိုပြရာ | ၂ |
| ပါဏာတိပါတ၏အင်္ဂါပယောဂပြရာ | ၃ |
| အဒိန္နာဒါန၏စေတနာကိုပြရာ | ၁၂ |
| နာနာဘဏ္ဍပဉ္စကကိုပြရာ | ၁၃ |
| ဧကဘဏ္ဍပဉ္စကကိုပြရာ | ၁၄ |
| သာဟတ္ထိကပဉ္စကကိုပြရာ | ၁၆ |
| ပုဗ္ဗပယောဂပဉ္စကကိုပြရာ | ၁၇ |
| ထေယျာဝဟာရပဉ္စကကိုပြရာ | ၁၇ |
| အဒိန္နာဒါန၏အင်္ဂါပယောဂပြရာ | ၂၀ |
| ကာမေသုမိစ္ဆာစာရ၏စေတနာကိုပြရာ | ၂၁ |
| ၎င်း၏အင်္ဂါပယောဂကိုပြရာ | ၂၈ |
| မုသာဝါဒ၏စေတနာကိုပြရာ | ၃၁ |
| ၎င်း၏အင်္ဂါပယောဂကိုပြရာ | ၃၆ |
| ပိသုဏာဝါစာ၏စေတနာကိုပြရာ | ၃၆ |
| ၎င်း၏အင်္ဂါပယောဂကိုပြရာ | ၃၈ |
| ဖရုသဝါစာ၏စေတနာကိုပြရာ | ၃၈ |
| ၎င်း၏အင်္ဂါပယောဂကိုပြရာ | ၄၅ |
| သမ္ဖပ္ပလာပ၏စေတနာကိုပြရာ | ၄၅ |
| ၎င်း၏အင်္ဂါပယောဂကိုပြရာ | ၄၆ |
| အဘိဇ္ဈာ၏စေတနာကိုပြရာ | ၄၇ |
| ၎င်း၏အင်္ဂါပယောဂကိုပြရာ | ၅၁ |
| ဗျာပါဒ၏စေတနာကိုပြရာ | ၅၁ |
| ၎င်း၏အင်္ဂါပယောဂကိုပြရာ | ၅၂ |
| မိစ္ဆာဒိဋ္ဌိ၏စေတနာကိုပြရာ | ၅၂ |
| ၎င်း၏အင်္ဂါပယောဂကိုပြရာ | ၅၆ |
| ဒုစရိုက်ဆယ်ပါး၏ကံဒွါရအပြားကိုပြရာ | ၅၇ |
| ၎င်း၏မူလတရားကိုယ်ကိုပြရာ | ၆၄ |

# မာတိကာ။


| အကြောင်းအရာ။ | စာမျက်နှာ။ |
| --- | --- |
| သုစရိုက်ဆယ်ပါးနှင့်ဗိုးတို့ဝိရတိကိုပြရာ | ၆၄ |
| ပုညကိရိယာဝတ္ထုတရားဆယ်ပါးကိုပြရာ | ၇၄ |
| ဒါနအကြောင်းကိုဆိုရာ | ၇၅ |
| သီလအကြောင်းကိုဆိုရာ | ၈၂ |
| (ဝေရမဏီနှင့်) (ဝေရမဏိသိက္ခာပဒံသမာဒိယာမိ) ၂ပါး။ ယုတ္တတရဖြစ်ကြောင်းပြရာ | ၈၆ |
| သမာဒါနအကြောင်းကိုပြရာ | ၈၇ |
| အာဇီဝဋ္ဌမကသီလကို။ မဂ္ဂပြဟ္မစရိယ။ သီလဟုလည်းခေါ်ခြင်းအကြောင်းပြရာ | ၉၆ |
| ဘာဝနာ၏အကြောင်းနှင့်သမထ-၄၀-ပြရာ | ၁၀၁ |
| ပါရမီဆယ်ပါးအပြားသုံးဆယ်ကိုပြရာ | ၁၁၄ |
| ဗောဓိပက္ခိယတရား-၃၇-ပါးကိုပြရာ | ၁၁၇ |
| ဇနကစသောကံ-၄-ပါးကိုပြရာ | ၁၂၅ |
| ဂရုကကံငါးပါး။ အကုသလမဟဂ္ဂုတ်တရားကိုပြရာ | ၁၃၂ |
| ကုသလမဟဂ္ဂုတ်ကံကိုပြရာ | ၁၄၇ |
| အပါယ်လေးပါးကို၎င်းတို့ အကြောင်းရင်းနှင့်တကွခေါ်ဆိုပုံကိုပြရာ | ၁၅၇ |
| ကာမသုဂတိ -၇-ဘုံကို။ ၎င်းတို့အကြောင်းရင်းနှင့် တကွအမည်ပညတ်ပုံကိုပြရာ | ၁၅၈ |
| ဗြဟ္မာ၂၀ ကိုအကြောင်းရင်းနှင့်တကွ အမည်ခြားနားပုံကိုပြရာ | ၁၆၀ |
| ဘုံ၃၁သည်နှစ်သက်ဘွယ်မရှိကြောင်းကိုပြရာ | ၁၆၅ |
| ခန္ဓာငါးပါးနှင့်၎င်းတို့ကိုလက္ခဏာတင်ပုံပြရာ | ၁၆၈ |
| သေခြင်းလေးပါးကိုပြရာ | ၁၇၀ |
| ပါရမီဆယ်ပါးဘုရားရှိခိုး | ၁၇၉ |
| ပုညကိရိယာဘုရားရှိခိုး | ၁၈၀ |
| ဗောဓိပက္ခိယဘုရားရှိခိုး | ၁၈၁ |

# မင်္ဂလာဘာသာဒီပကကျမ်း။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

ဒုစရိုက်ဆယ်ပါး။ သုစရိုက်ဆယ်ပါး။ပုညကြိယာဆယ်ပါး။ ပါရမီဆယ်ပါး။အပြားသုံးဆယ်။ ဗောဓိပက္ခိယတရားသုံးဆယ်ခု နစ်ပါး။ဂရုကစသောကံလေးပါး။ ဒိဋ္ဌဓမ္မစသောကံ လေးပါး။ဘုံ သုံးဆဲ့တပါးတို့ကို၊ဇယားကွက်သား။တပါး၊ရှိ၊မိုင်းခြား၍။ထင်ရှား စွာသရုပ်။ထုတ်ပြဝေဘန်ပြီးလျှင်။ ဘုံသုံးဆယ်တစ်ဌာ၊ဖြစ်ဖြစ်သ မျှ။ပုဂ္ဂလဓမ္မနှင့်တကွ။ ထိုပုဂ္ဂိုလ်တို့၏၊ခန္ဓာငါးပါး။ တရားအစုတို့ ကို။သုံးခုံသောလက္ခဏာ။ဝိပဿနာတင်နည်းကို။ဖွဲ့ဥ်းပကာဘုပ။ လွန်နည်းကြသော။မန္ဒပုဂ္ဂိုလ်။ ထိုထိုများဖွား၊သတ္တဝါအဆင့်ဆင့် တို့။လွယ်ညင့်တကူ။မှတ်ယူသိလွယ်စိမ့်သောဌါ။ ကရုဏာရှေ့ သွား။ရေးသားချီးမြှင့်။ထေံပင့်ပါမဥ္စအကြောင်းနှင့်။၁၂၃၅ခု။သ တင်းကျွတ်ဆွတ်ဇရက်နေ့။မတ္တလေးမြို့အနောက်ပြင်။အောင်နန်း ရိပ်သာရပ်နေ-ဘုက်ပွဲစားကြီးဦးကျော်၏။ ကျော်သားတောင်းပန် ချက်အရ။ပါဠိအဋ္ဌကထာ။ဋီကာကျမ်းဂန်တို့ကို။လမ်းမှန်ထောက် ချင့်။ကြည့်ရှုမရ။ပရိစ္စသ။ နည်းပါးကြသော၊ သုတေသန။သုတ ကာမီ၊ ရှင်ကြည်သောငှက်ရှုမနောပဏိဓိ၊လွန်မြင်းစွာရှိကြသောသူ တို့၏အလို့ငှါ။ရေးသားအပ်သော။မင်္ဂလာဘာသာဒီပကကျမ်း။ (ဒုစ ရိုက်ဆယ်ပါး။) ပါဏာတိပါတော-အဒိန္နာဒါနံ-ကာမေသုမိစ္ဆာစာ ရော။ မုသာဝါဒေါ၊ ပိသုဏာဝါစာ။ ဖရုသဝါစာ။သမ္ဖပ္ပလာပေါ၊အ ဘိဇ္ဈာ၊ ဗျာပါဒေါ၊မိစ္ဆာဒိဋ္ဌိတိ၊ဣမေပနဒသအကုသလကမ္မပထာ နာမ(အဋ္ဌသာလိနီအဋ္ဌကထာ)။ ။ပါဏာတိပါတော။ပါဏာတိပါ တင်း။အဒိန္နာဒါနံ အဒိန္နာဒါနင်း။ကာမေသုမိစ္ဆာစာရော။ကာမေသု မိစ္ဆာစာရင်း။မုသာဝါဒေါ၊မုသာဝါဒင်း။ပိသုဏာဝါစာ။ပိသုဏာဝါ စာင်း။ဖရုသဝါစာ။ဖရုသဝါစာင်း။သမ္ဖပ္ပလာပေါ။င်း။ အဘိဇ္ဈာ၊

ဋ္ဌာန်း။ဗျာပါဒေါ။ ဋ္ဌာန်း။မိစ္ဆာဒိဋ္ဌိ၊မိစ္ဆာဒိဋ္ဌိဋ္ဌာန်း။ဣတိ။ဤသို့။ဣမေသ ဤ
ဆယ်ပါးတို့သည်။အကုသလကမ္မပထာနာမ။အကုသလကမ္မပထ
မည်ကုန်၏။ ။ဋ္ဌာန်းပါဌ်၏အနက်။ ။ပါဏာတိပါတမှာ။ဇီဝိတ
သတ္တဝါ။နှစ်ဖြာသောပါဏကို၊ လျင်စွာချခြင်း။ ဝါ။ခါးလက်နက်စ
သည်ဖြင့်လွှမ်းမိုးနှိပ်စက်၍၊ ချကြောင်းဖြစ်သောစေတနာ။ ပါဏာ
တိပါတောတိယာယစေတနာယာဇီဝိတိန္ဒြိယုပစ္ဆေဒက ။ ပယောဂ
သမုဋ္ဌာပေတိ။သာ ဝဓကစေတနာပါဏာတိပါတောတိ ဝုစ္စတိ။
။ ။ဝိနည်းအဋ္ဌကထာ။ ။ပါဏာတိပါတောတိ။ ပါဏာတိပါ
တဟူသည်ကား။ယာသစေတနာယ။အကြင်စေတနာဖြင့်။ဇီဝိတိန္ဒြိ
ယုပစ္ဆေဒက ။ဇီဝိတိန္ဒြေကိုဖြတ်တတ်သော။ပယောဂ ။လုံ့လ ကို။
သမုဋ္ဌာပေတိ ဖြစ်စေ၏။သာ ဝဓကစေတနာ၊ ထိုသတ်ခြင်းလုံ့
လကိုဖြစ်စေတတ်သောဝဓကစေတနာကို။ ပါဏာတိပါတော။
ပါဏာတိပါတဟူ၍၊ ဝုစ္စတိ။ဆိုအပ်၏၊ဋ္ဌာန်းအနက်။ ။ပါဏာတိပါ
တနိုက်။သီလသမာဓိစသော၊ ဂုဏ်ထူးဝိသေသ ကင်းပသောတိ
ရစ္ဆာန်တို့ဘွင်၊ငယ်သောတိရစ္ဆာ နကိုသတ်ရာ၌။ ပယောဂလုံ့လ
နည်းသည်ဖြစ်၍၊ အပြစ်နည်း၏။ကြီးသောတိရစ္ဆာန်ကိုသတ်ရာ၌။ပ
ယောဂလုံ့လကြီးသည်ဖြစ်၍၊ အပြစ်ကြီး၏။ပယောဂလုံ့လ။တူ ညီ
ကြသော်လည်း။ဝတ္ထုဒဗ္ဗ။မဟန္တဖြစ်၍။အပြစ်ကြီး၏။ ။သောဂုဏ
ဝိရဟိတေသုတိရစ္ဆာနဂတာဒီသုပါဏေသုခုဒ္ဒကေပါဏေအပ္ပသာ
ဝဇ္ဇောမဟာသရီရေမဟာသာဝဇ္ဇော။ကသ္မာ ။ပယောဂမဟန္တ
တာယ။ ပယောဂသမတ္တေပိဝတ္ထုမဟန္တတာယ။ ။အဋ္ဌသာလိနီ
အဋ္ဌကထာ။ ။သော။ထိုပါဏာတိပါတသည်။ဂုဏဝိရဟိတေသု။
သီလသမာဒိ။စသောဂုဏ်ကင်းကုန်သော။တိရစ္ဆာန ဂတာဒိသု။
တိရစ္ဆာန်အစရှိကုန်သော၊ ပါဏေသု။သတ္တဝါတို့တွင်။ ခုဒ္ဒကေ။
ငယ်သော၊ပါဏေ။သတ္တဝါ၌။အပ္ပသာဝဇ္ဇော။ နည်းသောအပြစ်ရှိ
၏။မဟာသရီရေ။ကြီးသောကိုယ်၌ ။မဟာသာဝဇ္ဇော။ ကြီးသော
အပြစ်ရှိ၏။ကသ္မာ။ အဘယ်ကြောင့်နည်းဟူမူကား။ ပယောဂမ
ဟန္တတာယ။ လုံ့လပယောဂများသည်၏ အဖြစ်ကြောင့်တည်း။

ပဒေသာဂသမတ္တောပိ။ လုံ့လပယောဂတဲ့မျှကြသေဘ်လည်း။ ဝဏ္ဏုမ
ဟန္တတာဘာ။ ဝဏ္ဏုဖြိဗ်ကြီးသည်၏အဖြစ်ကြောင့်။ မဟာသာ
ဝဇ္ဇော။ ကြီးသောအပြစ်ရှိ၏။ ။ငင်းအနက်။ ။မဟန္တေပနဥ
ပက္ကမမဟန္တတ္တာအကုသလံမဟန္တံ ဟောတိ။ ။ပါဠိတ်အဓိ
ကထာ။ ။ပန။ အထူးကိုဆိုအံ့။မဟန္တေ။ ကြီးသောသူ၌။ ဥပက္ကမ
မဟန္တတ္တာ၊ လုံ့လအားကြီးသော်၏အဖြစ်ကြောင့်။ အကုသလံ၊
အကုသိုလ်သည်။ မဟန္တံ။ ကြီးသည်။ ဟောတိ၏။ ။ငိုးအ
နက်။ ။သီလသမာဓိစသော။ ဂုဏ်ရှိသောလူစသည်တို့တွင်။ ဂုဏ်
နည်းသောလူကိုသတ်ရာ၌။ အပြစ်နည်း၏။ ဂုဏ်ကြီးသော လူကို
သတ်ရာ၌။အပြစ်ကြီး၏။ကိုယ်ဂုဏ်နှစ်ဝတူမျှကြသော်လည်း။သတ်
လိုသောသူ၏။ကိလေသာလုလ္လ။နုူးညံ့သောကြောင့်။အပြစ်နည်း၏
ထက်သန်သောကြောင့်။အပြစ်ကြီး၏။ ။ဂုဏဝန္တေသုမနုဿဒိ
သုအပ္ပဂုဏေအပ္ပသာဝဇ္ဇော၊မဟာဂုဏေမဟာသာဝဇ္ဇော။ သရီ
ရဂုဏာပနသမာနေသတိ ကိလေသာနံဥပက္ကမာနဥမုဒုတာယ
အပ္ပသာဝဇ္ဇော၊တိဗ္ဗတာယမဟာသာဝဇ္ဇောတိဝေဒိတဗ္ဗော။ ။
အဓိသာလိနီ။ ။ဂုဏဝန္တေသု။သီလသမာဓိစသောဂုဏ်ရှိကုန်
သော။မနုဿာဒိသု။လူအစရှိသည်တို့တွင်။အပ္ပဂုဏေ။နည်းသော
ဂုဏ်ရှိသောသူ၌။ အပ္ပသာဝဇ္ဇော။ နည်းသောအပြစ်ရှိ၏။မဟာ
ဂုဏေ။ကြီးသောဂုဏ်ရှိသောသူ၌။မဟာသာဝဇ္ဇော၊ ကြီးသောအ
ပြစ်ရှိ၏။ပန။အထူးကား။သရီရဂုဏာ။ ကိုယ်ဂုဏ်နှစ်ဝတို့သည်။
သမာနေ။တူသောအဖြစ်သည်။သတိ။ရှိသော်။ ကိလေသာနဥ။
ကိလေသာတို့၏၎င်း ဥပက္ကမာနဥ။ လုလ္လတို့၏၎င်း။မုဒုတာယ။နူညံ့
သည်၏အဖြစ်ကြောင့်၊အပ္ပသာဝဇ္ဇော။နည်းသောအပြစ်ရှိ၏။တိဗ္ဗ
တာယ။ထက်သည်၏အဖြစ်ကြောင့်။မဟာသာဝဇ္ဇော။ ကြီးသော
အပြစ်ရှိ၏။ဣတိ။ဤသို့။ဝေဒိတဗ္ဗော။သိအပ်၏။ ငိုးအနက်။ ။
ထိုပါဏာတိပါတ၏။ယောဂတို့သည်ကား။ ။ပါဏာတိပါတဿ
သမ္ဘာရယောဂါ။သာဟတ္ထိကော။ အာဏတ္တိကော။နိဿဂ္ဂိယော။ထာ
ဝရော။ဝိဇ္ဇာမယောဣဒ္ဓိမယောတိ။ ။ပါဏာတိပါတဿ။ပါဏာတိ

ပါဘ၏။ပယောဂါ။ တို့သည်။ သာဟတ္ထိကော။မိမိလက်ဖြင့်သတ်
ခြင်း၎င်း။အာဏတ္တိကော။စေခိုင်း၍သတ်ခြင်း၎င်း။နိဿဂ္ဂိယော။ဖြစ်
ယွတ်၍သတ်ခြင်း၎င်း။ထာဝရော။ မှိုချတကဲတွင်းတူးခြင်းအစရှိ
သောထာဝရဖြင့်သတ်ခြင်း၎င်း။ဝိဇ္ဇာမယော။ အာဘတ်ဖွဲ့သတ်
ခြင်း၎င်း။ဣဒ္ဓိမယော။တန်ခိုးဖြင့်သတ်ခြင်း၎င်း။ဆုတ်။ သို့။ဘာ။ခြောက်ပါး
တို့ဘည်း။ ။၎င်းအနက်ဟူသောဝိနည်းအဋ္ဌကထာအရ၊ သာဟတ္ထိ
ကပယောဂ၊ ။အာဏတ္တိက။ ။နိဿဂ္ဂိယ၊ ။ထာဝရ။ ။ဝိဇ္ဇာမယ
။ ။ဣဒ္ဓိမယ။ဟူ၍ခြောက်ပါးတို့ဘည်း ။ထိုခြောက်ပါးတို့တွင်။ကိုယ်ဖြင့်၎င်း
ကိုယ်နှင့်စပ်သော။ ဒုတ်လက်နက်စသည်ဖြင့်၎င်း။ ကိုယ်တိုင်သတ်
ခြင်းလုလ္လသည်။သာဟတ္ထိကပယောဂမည်၏။ ဤသို့ ၎င်း၍၎င်း။ပုတ်
ခတ်၍၎င်း။သတ်လော့ဟု။သူတပါးအား။စေခိုင်း၍သတ်ခြင်း လုလ္လ
သည်။အာဏတ္တိကပယောဂမည်၏။အဝေး၌တည်သောသူကို။ကိုယ်
ဖြင့်လှံဒုတ်ခဲစသည်ကိုပြစ်ယွတ်ခြင်း၊ ကိုယ်နှင့်စပ်သောလေးဖြင့်
မျှားကို။ သေနတ်ဖြင့်ကျည်ဆံကိုယွတ်ခြင်းလုလ္လသည်။နိဿဂ္ဂိယပ
ယောဂမည်၏။ မရွေ့ရှားစကောင်းသော။အသော အညီဖြစ်သော
တွင်းတူးခြင်းမှိုချတကဲကိုထားခြင်း၊ ဆေးကိုစီရင်ခြင်းလုံ့လ
သည်။ ထာဝရပယောဂမည်၏။ အာတဗ္ဗဏအတတ်ကိုတတ်သော
သူ။ဝိဇ္ဇာမရှိဖြစ်သောသူတို့သည်။ မိမိတို့၏အဘတ်ကို။ ရွတ်ဘတ်
သရဇ္ဈာယ်ဖွဲ့လှန်၍။ မြို့ကိုပိုင်းလာသော၎င်း။ တဘက်သောစစ်
သည်သည်။ ရေးရှုမျက်မှောက်သင်ရေခဲ့လာသော၎င်း။ ရန်သူဖြစ်သော
သူ့ကို၌။ဘေးရန်ဥပဒ္ဒဝေါ။ရောဂါအထွေထွေကိုဖြစ်စေ၍။သေစေ
ခြင်းလုံ့လသည်။ဝိဇ္ဇာမယပယောဂမည်၏။ကံ၏အကျိုးဖြစ်သောတံ
ခိုးဖြင့်။ ယှဉ်စေခြင်းလုံ့လသည်။ ဣဒ္ဓိမယပယောဂမည်၏။ ထိုကံ၏
အကျိုးဖြစ်သောတံခိုးတို့မည်သည်။ နဂါးဂဠုန်ယက္ခကုမ္ဘဏ်နတ်မင်း
တို့၏တံခိုးအားဖြင့်။များသောအပြားရှိ၏။ထိုတံခိုးတို့တွင်။ဒိဋ္ဌဝိသ
ဖြစ်သောနဂါးတို့သည်။ ကြည့်၍ခါဖြင့်မျှ၎င်း။ဒဋ္ဌဝိသနဂါးတို့သည်။
ကိုက်ခါမျှဖြင့်၎င်း။ဖဿဝိသနဂါးတို့သည်။ထိခါမျှဖြင့်၎င်း။သူတပါးတို့
အားသေအောင်ပြုခြင်းသည်။ နဂါးတို့၏တံခိုးမည်၏။အလံရှည်လျား

ကိုယ်ကြီးမားသောနဂါးကိုပင်။ သမုဒြာဇလုပ်မှ။ ထုတ်ယူနိုင်ခြင်း
သည်။ ဂဠုန်တို့၏တန်ခိုးမည်၏။ နတ်ဘီလူးတို့သည်။ လာဘဉ်ကို
လည်း မမြင်။ ပုတ်ခတ်သံ့ကိုလည်းမထင်မြင်။ ထိုသူတို့သည်ပုတ်
ခတ်သတ်အပ်သည်ဖြစ်၍။ သတ္တဝါတို့သည်။ သေကြကုန်၏။ ဤ
သည်ကား။ နတ်ဘီလူးယက္ခိုက်တို့၏တန်ခိုးမည်၏။ ဝေဿဝဏ်နတ်
မင်းကြီးသည်။ သောတာပန်မဖြစ်မီကာလက။ မျက်စိတည်းဟူ
သောလက်နက်ဖြင့်။ ကြည့်လိုက်လျှင်။ ကုမ္ဘဏ်ဘထောင်တို့သည်
သေကုန်၏။ ဤသည်ကား။ နတ်တို့၏တန်ခိုးမည်၏။ စကြာမင်း၏ပရိ
သတ်နှင့်တကွ။ ကောင်းကင်သို့သွားခြင်းစသည်တို့၌မူ။ အသော
ကမင်း၏။ အောက်အထက်တယူဇနာ။ အာဏာနှံ့ခြင်းစသည်တို့၌
မူ။ သိဟိုဠ်ကျွန်းကိုအစိုးရသောဝိတ္တုမင်း၏။ မိမိ၏အငွယ်ကို
ခေါ်ခြင်းကြောင့်။ ရုဋ္ဌသုမနသူကြွယ်၏သေခြင်း၌မူ။ မင်းတို့၏
တန်ခိုးမည်၏။ ဤအရာ၌။ တပုံတယောက်သောသူကို။ သေစေလိုသော
စိတ်ဖြင့်။ ပုတ်ခတ်ရိုက်နှက်လိုက်၏။ မသေသေးဘဲရှိလေ၏။ နော
တဖန်တပါးသောစိတ်ဖြင့်။ ပုတ်ခတ်ရိုက်နှက်မိပြန်၏။ နောင်သော
ကာလ၌။ ပဌမပယောဂကြောင့်သေသည်မူ။ ဒုတိယပယောဂကြောင့်
သေသည်မူ။ နှစ်ပါးစုံသောပယောဂကြောင့်သေသည်မူ။ သေခဲ့အံ့။ ကမ္မ
ပထဝိနိစ္ဆယ။ အဘယ်သို့မှတ်ရအံ့နည်း။ ပဌမပယောဂကြောင့်
သေခဲ့သော်ကံထိုက်၏။ ဒုတိယပယောဂကြောင့် သေခဲ့သော်ကံမ
ထိုက်။ နှစ်ပါးစုံသောပယောဂကြောင့်သေခဲ့သော်။ ပဌမပယောဂ
ကြောင့်သာကံထိုက်၏။ တယောက်သောသူကို။ နှစ်ယောက်သုံးယောက်
သောသူ။ အများဝန်းဝိုင်းရိုက်နှက်၍သေရာ၌လည်း။ ဤနည်းအတူ
ပင်။ ဆိတ်ဝက်တို့အမြဲအိပ်နေရာဌာနတို့၌။ ထိုဆိတ်ဝက်တို့ကို။
ချောင်းမြောင်း၍။ သတ်ခြင်းငှါ။ ညဉ့်အခါကိုသွားရာ။ ထိုနေရာ၌။
ဆိတ်ဝက်တို့ကားမရှိ အမိအိပ်နေခဲ့သော်။ ခွဲချမ်းဖြေ။ ကောင်း
စွာမသိ။ အမိကိုပင်။ ဆိတ်ဝက်ထင်၍။ သတ်ဖြတ်မိအံ့။ ဆိတ်ဝက်အ
ရိပ်။ သတ်လိုသောစိတ်ကြောင့်။ ပါဏာတိပါတသာမည်သာဖြစ်
သလော။ သို့တည်းမဟုတ် သေသည်ကာလ။ မိဘဖြစ်၍။ အနန္တရိ

ယသည်းဖြစ်သင့်သလော။ ။ဉာမံဝဏ္ဏံ မြာရေမိတိ စေတနာယ အဇ္ဈတ္တိကဝတ္တာသာတကောစဟောတိ၊ အနန္တရိယကမ္မဉ္စဖုသ တိ၊ ဟူ၍ဝိနည်းအဋ္ဌကထာ၌ ဤဝဏ္ဏကိုသတ်အံ့ဟူသောဝကေ စေတနာပါရှိသောကြောင့် ပါဏာတိပါတအနန္တရိယဖြစ်၏၊ ။ဉာ မံဝဏ္ဏံ။ ဤဝဏ္ဏကို။ မှာရေမိ။ သတ်အံ့။ ဣတိ။ ဤသို့၊ စေတနာယ။ သတ်လိုသောစေတနာ၏ အဇ္ဈတ္တိကာတော။ ရှိသည်၏အဖြစ်ကြောင့်၊ ဃာတကောစ။ ဃာတကသည်လည်း။ ဝါ ။ပါဏာတိပါတကံ ထိုက်သည်လည်း။ဟောတိ။ဖြစ်၏။အနန္တရိယကမ္မဉ္စ။အနန္တရိယ ကံသို့လည်း။ဖုသတိ။ရောက်၏။ ၄င်းအနက်။ ။တစုံတခုအမှုကိစ္စ ကိုပြုခြင်းကြောင့် ၄င်း။ခရီးတပါး၊ သွားလာနိုင်းမိခြင်းကြောင့်၄င်း၊ ပိုးရှုပ်ခြပု်းစသော။ သတ္တဝါအများ၊ ပျက်ပြားသေကြေခဲ့သော် လောကဝေါဟာရ၌။ ပါဏဃာတသေ၊ဆိုကြ၏၊ ကမ္မပထ။မမ္မအ လိုက်။ထိုက်မထိုက်မှာ်၊အဘယ်သို့ပါနည်း။ စေကာဝိတ်စေတနာ၊ မပါမရှိ။ကင်းဘိသောကြောင့်။ ။ယောဟိလောဟိတကံအသံ ဝါ သတ္တိ ါ ပုဗ္ဗသာဒိတိပလာလပုဥ္ဇပဝေသနေ့ကာ တဏ္ဍုလံပုန္နံ မာ တရံပါပိတရံဝါအရဟန္တံ ဝါအာဂန္တုကာ ပုရိသံဝါ ယက္ခံ ဝါပေ တံဝါတိရစ္ဆာနဂတံဝါမာရေတိ။ ေါဟာရဝသေနဃာတကော တိဝုစ္စတိ။ ဝေကာစေတနာယပနအဘာဝတော နေဝကမ္မ ဖုသတိ။န အပုဉ္ဉံ အာပဇ္ဇတိ၊ဟူသောဝိနည်းအဋ္ဌကထာ။ ။ဟိသစ္စံ။မှန် ၏၊ သော။အကြင်သူသည်၊လောဟိတံ။မသွေးရှိသော။အသိ ါ။သိ လျက်ကို၄င်း။ သတ္တိ ဝါ၊ ၄င်း။ပုဗ္ဗသာဒိတိ၊ သုတ်အံ့ဟူ၍၊ ပလာလ ပုဥ္ဇ။ကောက်ရိုးပုံ၌၊ ပဝေသနေ့ကာ၊ သွင်းသည်ရှိသော်။တဏ္ဍု။ ထို ကောက်ရိုးပုံ၌။နိုပ္ပန္နံ။ အိပ်သော။မာတရံဝါ။အမိကို၄င်း။ပိတရံဝါ။ အဘကိုမူ၄င်း။ အရဟန္တံ ဝါ။ရဟန္တာကိုမူ၄င်း။ အာဂန္တုကံပုရိသံဝါ။ အာဂန္တုကယောကျ်ားကိုမူ၄င်း။ ယက္ခံ ဝါ။ ဘီလူးကိုမူ၄င်း။ပေတံဝါ။ ပြိတ္တာကိုမူ၄င်း။ တိရစ္ဆာနဂတံဝါ။ တိရစ္ဆာန်ကိုမူ၄င်း။ မာရေတိ။ သတ် အံ့။ဝေါဟာရဝသေန။လောကဝေါဟာရ၏အစွမ်းဖြင့်။ဃာတကော တိ။သတ်တတ်သော်သူဟူ၍။ဝုစ္စတိ။ဆိုအပ်၏။ ။ပန။ဃာတကမည်

သည်မှတပါး ကံမထိုက်သည်ကိုဆိုအံ့။ ဝဓကစေတနာယ။ သတ်
လိုသောစေတနာ၏။ အဘာဝေ။ မရှိခြင်းကြောင့်။ ကမ္မံ။ ကံသို့။ နေဝဖုသ
တိ၊ မရောက်။ အာပတ္တိံ။ အာပတ်သို့။ နအာပဇ္ဇတိ။ မရောက်။ ဤအနက်
။ ။နပဋိဃကမ္မံဖုသတိ။ မနောဝိဉ္ဉာဏသတိ။ အပ္ပသုက္ကသသ
ဘာဝိသာ။ နပါပဥတိဝိဓတိ။ ဟူသောဝိတတ္တိရပါဠိစာတော်ပါဠိတော်
တို့ကိုထော၍ ကမ္မပထပါဏာတိပါတမထိုက်။ ဤအရာ၌ သတ္တ
ပါအများ နှင့်ပါးဖိဝိန်။ ဇာတ်မြေပျက်ရှင်း။ သေစေခြင်း၌၊ သေနတ်အ
ဖြောင့်ဘုံးစိန်တို့၌။ များမွာအတန်တန်။ ကျိုးဆံတို့ကိုတည့်သွင်း၍၊
ဖြစ်ခတ်လိုက်ရာ။ များစွာသတ္တ။ သေကြကြသော်။ သေကြသမျှ
သတ္တအလိုက်။ ကံထိုက်သင့်သလော။ သတ္တဝါအများ။ သေခဲ့ငြား
သော်လည်း။ သံနိဋ္ဌာပကံ။ သတ္တမဖြစ်သော။ ဝဓကစေတနာ။ တ
ချက်တည်းသာ ဖြစ်သောကြောင့်။ သေကြသမျှ။ သတ္တများစွာ။
သမျှသို့မလိုက်။ တချက်သာထိုက်၏။ ဒိဋ္ဌဓမ္မဝေဒနီယသံဝတ္တနာ ယက
တာသ ကောဉတ္တ မရတိပါရာဇိကံ ဒွေပိမရန္တိပါရာဇိကဥ္စအ
ကုသလရာသိစ။ သေနယောသမ္ပဟုလေသု။ ပါဖိကာဘ်အဝ္ဗကတော
။ ။ဒိဋ္ဌ ။နှစ်ယော သောသုပ္ပတ္တိကံ။ ဥဒ္ဒိသ။ ရည်၍ သံဝတ္တနာယ။ ချိုး
မှုမ်းခြင်းကို ကာဘာယ။ ပြုသည်ရှိသော်။ ဧကော။ တယော သောသု
သည်။ ဥတွာ။ သိ၍။ မရတိ။ သေအံ့။ ပါရာဇိကံ။ ပါရာဇိကအာပတ်
သင့်၏။ ဒွေပိ။ တို့သည်လည်း။ မရန္တိ ကုန်အံ့။ ပါရာဇိကဥ္စ။ သည်
လည်း။ ဟောတိ။ ၏။ အကုသလရာသိစ။ အကုသိုလ်၏အစုသည်
လည်း။ ဟောတိ။ ၏။ သမ္ပဟုလေသု။ များစွာသော သူတို့၌။ သေန
ယော။ ဤနည်းလျှင်တည်း။ ဇိုး။ ။ဒိဋ္ဌ ဥဒ္ဒိသ သာတိ ဒွေဥဒ္ဒိသဒိဋ္ဌ ဝါ
မရဏံဥဒ္ဒိသ။ ဥဘောဥဒ္ဒိသမရဏံ သံဝတ္တနာ သစေတနာယ ဧ
ကတ္တပိဒွေပါဏာတိပါတာတိ ဝတ္တဗ္ဗတာ ဧကောဗလဝတော ဝံအာ
ပတ္တိတ္တာပဋိသန္ဓိပါကာသမန္တာ ရုံပဝတ္တိယံ အနေကာ သုပိဇာတိသု
အပရာပရိယာ စေတနာဝသေန ဒုက္ခုပ္ပါဒနတော မဟာဝိပါကတ္တာ အ
ကုသလရာသိတိဝုတ္တံ။ သာရတ္ထဒီပနိဋီကာ။ ။ဒိဋ္ဌ ဥဒ္ဒိသ သာတိ။ ဟူ
သည်ကား။ ဒွေ။ တို့ကို။ ဥဒ္ဒိသ။ ရည်၍။ ဝါ။ တနည်းကား။ ဒိဋ္ဌ ။ တို့၏။

မရဏံ။သေခြင်းကို။ဥဒ္ဒိဿ။၍။ ဥဘော။ နှစ်ယောက်သောသူတို့ကို။ ဥဒ္ဒိဿ။၍။မရဏံ။သေခြင်းကို။သံဝဏ္ဏေတွာ။သဿ။ အား စေတနါသ။ စေတနါ၏။ကေဝေတ္တပိ။တူသော်လည်း။ဒွေပါဏာတိပါတာ။နှစ်ပါး သောပါဏာတိပါတတို့သည်။ ဟောန္တိ။ ကုန်၏။ ဇာတ-ဝတ္ထုမှာဘာ ဝတော။ ဆိုအပ်သည့်၏ အဖြစ်ကြောင့်။ ဗလဝတာဝံ။ အားကြီး သောအဖြစ်သို့။အာပဇ္ဇိတွာ။ရောက်၍။ပဋိသန္ဓိဝိပါကသမနန္တရံ။ပဋိ သန္ဓေအကျိုးပေးပြီးသည့်၏။ အခြားမဲ့ဖြစ်သော။ပဝတ္တိံ။ပဝတ္တိ အခါ၌။အနေကာသုပိ။များစွာလည်းဖြစ်ကုန်သော။ဇာတိသု။ဘဝ တို့၌။ အပရာပရိယဝေဒနာဝသေန။ အပရာပရိယဝေဒနာ၏။ အ စွမ်းဖြင့်။ ဒုက္ခုပ္ပါဒနတော။ ဒုက္ခကိုဖြစ်စေတတ်သောကြောင့်။ မ ဟာဝိပါကတ္တာ။ ကြီးသောအကျိုးရှိသည့်၏အဖြစ်ကြောင့်။ အကု သလရာသိတိ ဟူ၍ ဝုတ္တံ ဆိုအပ်ပြီ။ဖိုးအနက်။ ။ဤအဋ္ဌကထာ နက်။အကုသလရာသိ၏အရကို။ အပရာပရိယဝေဒနာ၏ အစွမ်း ဖြင့်။ဒုက္ခုပ္ပါဒန။ မဟာဝိပါကတ္တ၏။ အဖြစ်ကိုရည်၍၊ ဆိုတော်မူ အပ်၏။ဤလောက၌။အချို့သော။ဥပဋ္ဌာကာ။မကောင်းကြ၍ ပိန်စား ဆဲ့ကြိုးစသောသေခြင်းဆိုးနှစ်မျိုးစသည်တို့ဖြင့်။ မိမိကိုယ်ကို။ မိမိသတ်၍သေကြပျက်စီးကြသောသူတို့အား။ ပါဏာတိပါတ။ ကမ္မပထထိုက်မည်၊ မထိုက်မည်လော။ ပါဏာတိပါတလင်းပဒ ၌။ပါဏ၏အရကို။ သကပါဏ ပရပါဏ၊ ပေါင်းနှစ်ခုတွင်။ပရပါ ဏဟူ၊ ဝိနည်းဋီကာ၊ ဖွင့်မှာသောကြောင့် ဖိုး၊ သဉ္စိစ္စာတိ သံစေ တေတွာသဒ္ဓိံ စေတေတွာပါဏောတိ သညာသသဒ္ဓိံ ယောဝ ဝဓါမိ နန္တိ ဝဓကစေတနာသစေတေတွာပကပ္ပေတွာ။ ။သဉ္စိစ္စာတိ။ဟူ သည့်ကား။ သံစေတေတွာ။စေ့ဆော်၍။ သဒ္ဓိံစေတေတွာ၊တကွ စေ့ဆော်၍ ပါဏောတိသညာယ။ သတ္တဝါဟူသော အမှတ်နှင့်။ သဒ္ဓိံ ယောဝ။ လျှင်။နံ။ထိုသူကို။ဝဓါမိ။ သတ်အံ့။ဣတိ။သို့၊ ဝဓက စေတနာယ။ဖြင့်။စေတေတွာ။စေ့ဆော်၍ ပကပ္ပေတွာ။အပြားအား ဖြင့်ပြု၍။ဟူသောဝိနည်းအဋ္ဌကထာ။ ။ဝဓကစေတနာ သေနစေ တေတွာ။ဣမံမာရေမီတိ ဝဓကစေတနာယ စေ့ဆော်တွာ။ပကပ္ပေတွာမှ။

ဝဓါမိန္နံ့ စေဝံပိ ဂတ္တနုပရိဿိ န္နံတွာ။အဘိမိတရိတွာသန္နိဋ္ဌာနံကတွာ
။ ။ဝဓကာဿဘာနာဝသေနစေတောဘွာတိ။ဟူသည်ကား။ဤမှဲ့။ဤ
သူကို။ မာရေမီတိ။ သတ်အံ့ဟူ၍။ ဝဓကစေတနာယ။ဖြင့်။ စိတ္တေန
တွာ။ကြံ၍။ ပကောပေ့တွာ။၍။ ဝဓေမိန္နံ့ ကား။ ဧဝံ။သို့။စိတ္တေန။
စိတ်ဖြင့်။ပရိဿိ န္နံတွာ။ပိုင်းခြား၍။အဘိမိတရိတွာ။လွှမ်းမိုး၍။ သန္နိ
ဋ္ဌာနံ။ဆုံးဖြတ်ခြင်းကို။ကတွာ။ပြု၍။ ။ဇိုး။ ။ဟူသောဝိနည်းဋီ
ကာတို့၌။မရဓာတ်။ဟာနဓာတ်တို့၏ကတ္တားကို။ သတ်တတ်သောမိ
မိကိုသာယူရ၍။ ငင်းတို့၏ကံဖြစ်သော။ဤမှဲ့။နံ။ ပုဒ်တို့၏။အရကို။
သတ်အပ် သော မိမိမှတပါး။ အခြား သောသူကို ယူအပ်သော
ကြောင့်ငင်း။မိမိကိုယ်ကို။မိမိသတ်ရာ၌။ပါဏာတိပါတ။ကမ္မပထ
မထိုက် အသတ်စေခိုင်းရာ။ စေခိုင်းဆဲခဏာ၌။ သတ်အပ် လတံ
သောသူသည်၊ ပုထုဇန သာတည်း။ နောင်စေခိုင်း အပ်သောသူ
သည်၊ထိုသူကိုသတ်၏။ထိုအခါ၌ရဟန္တာဖြစ်အံ့။ ။ဘနည်း။ထို
စေခိုင်းအပ်သောသူမှ။ပုတ်ခတ်ခြင်းကိုရ၍။ဒုက္ခမူလိက၊ သဒ္ဒကိုမှီ
၍။ဝိပဿနာတရားကို။ပွားများသောကြောင့်၊ ရဟန္တာဖြစ်လျှင်။
ယခင်ပဟာရ၊ အာဗာဓနှင့်။စဝနသဘော၊ ရှေ့လျှော့ခဲ့သော်။အာ
ဏာပက။ပုဂ္ဂလမှာ။ပုထုဇန်အရဟန္တာ၊ ဃာတကနှစ်ရပ်တွင်။ အ
ဘယ်သို့သောကမ္မ။ ဖြစ်ရထိုက်ရမည်နည်း။ ။စေခိုင်းစဉ်ခဏ၊
ကာလ၌ပင်၊ အာဏာပက။ပုဂ္ဂလမှာ၊အရဟန္တာဃာတ၊ ကမ္မပထ
ထိုက်၏။ ။သစေပိမာရေတဗ္ဗပုဂ္ဂလောအာဏတ္တိက္ခဏေပုထုဇ္ဇ
နော။ယဒါပနအာဏတ္တောမာရေတိ၊ တဒါအရဟာဟောတိ။အာ
ဏတ္တတောဝါ ပဟာရံ လဘိတွာ ဒုက္ခ မူလိက သဒ္ဓံ နိဿာယ
ပဿနာအရဟတ္တံပတ္တောတေနေဝါဗါဓေနကါလံကရောတိ။အာ
ဏာပကောအာဏတ္တိက္ခဏေယေဝအရဟန္တဃာတကော။ ။ဝိ
နည်းအဋ္ဌကထာ။ ။မာရေတဗ္ဗပုဂ္ဂလော၊သတ်အပ်သောပုဂ္ဂိုလ်
သည်။အာဏတ္တိက္ခဏော။စေခိုင်းဆဲခဏ၌၊ပုထုဇ္ဇနော၊ ပုထုဇန်
သည်၊သစေပိဟောတိ။အံ့၊ယဒါ။အကြင်အခါ၌၊အာဏတ္တော၊စေ
ခိုင်းအပ်သောသူသည့်။နံ။ထိုသူကို၊မာရေတိ။သတ်၏။တဒါ။၌။အရ

ဟာ။ရဟန္တာသည် ဟောတိ။၏၊ဝါ၊တနည်းကား အာဘဏ္ဍတော။
စေခိုင်းအပ်သောသူမှ၊ပဟာရံ၊ ပုတ်ခတ်ခြင်းကို၊ လဘိတွာ၊ရ၍။
ဒုက္ခမူလိကံ ဒုက္ခ၏အကြောင်းဖြစ်သော၊ သဋ္ဌိ၊ သဋ္ဌိတရားကို။
နိဿာယ၊ မှီ၍၊ဝိပဿနေတွာ၊ ဝိပဿနာပွားသည်ရှိသော်၊ အရ
ဟတ္တံ၊အရဟတ္တဖိုလ်သို့၊ပတ္တော၊ ရောက်၍၊ တောနေဂါဗာခေန၊ထို
အနာဖြင့်သာလျှင်၊ ကာလကိရိယာ၊သေခံ၊ အာဏာပကော၊စေ
ခိုင်းတတ်သောသူသည်၊အာဏတ္တိကွဲဏေယော၊စေခိုင်းဆဲခံရ၍
သာလျှင်၊ အရဟန္တဃာတကော၊ ရဟန္တာကို သတ်သည်မည်
သည်။ဟောတိ။၏။အနက်။ ၊ဒါန၏အရာ၌ အလှူနှင်သည်၊အလှူခံ
ပုဂ္ဂိုလ်အါး၊ပုထုဇ္ဇန၊ပုဂ္ဂလ၏အဖြစ်က၊ အါးသစ်ကျိုးပန်း။လှူဒါန်း
လိုက်၏၊လှူဒါန်းပြီးမှ နေခံကာလ၌၊ထိုအလှူခံပုဂ္ဂိုလ်သည်၊ အရ
ဟတ္တဖိုလ်သို့ရောက်၏၊သဋ္ဌိကြည်ရွှင်၊ အလှူနှင်သည်၊ ပုထုဇန်ရ
ဟန္တာ၊ယင်းနှစ်ဖြာဟူ၍၊ပုထုဇန်အား၊အလှူသာဖြစ်၏၊ ရဟန္တာ
အားအလှူမဖြစ်သကဲ့သို့၊ထိုအတူ၊ ပါဏာတိပါတ၊ အာဏတ္တိ၌
လည်း၊ စေခိုင်းဆဲခံရ၍၊ သတ်အပ်သောပုဂ္ဂလ၊ ပုထုဇန်သာဖြစ်
၏၊နေခံသတ်ဆဲကာလမှသော်၎င်း၊ပုတ်ခတ်ရိုက်နှက်၊ဒဏ်ချက်ဗ
လာ၊ရပြီးသောနောက် ကာလမှသော်၎င်း၊ အရဟတ္တ-ဖလသို့ရော
၍၊စုတေကား၊အာဏာပကပုဂ္ဂိုလ်အား၊ပုထုဇ္ဇန၊ဃာတသာဖြစ်
သင့်သည်၊အရဟန္တဃာတကမဖြစ်သင့်သည်၊မဟုတ်လော။ ။
ဒါနံဟိဒေယျခမ္ဘ သာပရိစ္စာဂမတ္တေနဟောတိ၊ တထာဟိဒါနစေတ
နာစဖိတဗ္ဗဝတ္ထုံအာရမ္မဏံကတွာစဇနမတ္တမေဝဟောတိ။ အည
သန္တက ကရဏံစ တဿစဇ္ဇနံ တဿ ယဿယံသန္တကံကတံ။
တဿဝတ္ထုံ ဟောတိ။နဝေဝဝခော။ သောပါဏောပါဏသည်
တာ။ ဝခကာစေဘနာ၊ ဉပက္ကမော၊ တေနမရဏာဘိဇ္ဇရမေသံပဉ္စန္နံ
အင်္ဂါနံပါရိပူရိယာဝ ဟောတိ၊ နအပါရိပူရိယာ၊ တသ္မာအရဟတ္တ
ပတ္တဿဝ မရဏန္တံ အရဟန္တဃာတကောယေဝ ဟောတိ၊နပု
ထုဇ္ဇနဃာတကော။ ၊ဟူသောဝိနည်းဋီကာအရ၊ဒါနဟူသည်၊
ပေးလှူအပ်ခါမျှသာဖြစ်၍၊ ထိုပုထုဇ္ဇန၊ သန္တကဖြစ်ပြီးသော

ကြောင့်။ ရဟန္တာအားလှူသည့်မည်၏။ သတ်စေသောအရာမှာ။ ရဟန္တာဖြစ်မှ၊ ငါး၀အင်္ဂါ။ ပြည့်စုံလာသောကြောင့်၊ အရဟန္တာဃာတကသာဖြစ်သင့်ရာ၏။ ဟိသဉ္စ။မှန်၏။ ဒေယျဓမ္မသာ။ လှူအပ်ဝတ္ထုကို။ပရိစ္စာဂစေတနာ။ စွန့်ကာမျှဖြင့်၊ ဒါန်။သည်။ဟောတိ။ဖြစ်၏။ တထာဟိတတော။ထိုကြောင့်သာလျှင်၊ ဒါနစေတနာ၊ဒါနစေတနာသည်။ စဇိတဗ္ဗံ။စွန့်အပ်သော၊ဝတ္ထုံ။ဝတ္ထုကို။ အာရမ္မဏံကတွာ၊အာရုံပြု၍။စဇနမတ္တမေ၀၊ စွန့်အခါမျှသည်သာလျှင်။ ဟောတိ။၏ အညသန္တာနကရဏာဥ။ မိမိမှတပါးသော အလှူခံပုဂ္ဂိုလ်၏ဥစ္စာကိုပြုခြင်းသည်။တသ္မာ။ ထိုအလှူဝတ္ထုကို။စဇ္ဇနံ။စွန့်ခြင်းတည်း။တသ္မာ။ကြောင့်။ယာသာ။အကြင်သူအား။ ယံသန္တကံ၊ အကြင်ဥစ္စာကို။ ကတံ။ပေးလှူခြင်းကိုပြုအပ်၏။ တသော၊အား သာလျှင်။တံ။ကို။ဒိန္န။ပေးလှူအပ်သည်မည်သည်။ဟောတိ။၏၊ ၀ဓော။ သတ်ခြင်းသည်။ ပေ။ ဤဒါနနှင့်ဒွေ့တူ၊ နဟောတိ။ မဖြစ်။ သော။ထိုပါဏာတိပါတသည်။ပါဏော၊သတ္တဝါ၊ပါဏသညိတာ။ သတ္တဝါဟုအမှတ်ရှိခြင်း၊ ဝဓကစေတနာ။ သတ်လိုသောစေတနာ၊ဥပက္ကမော။လုလ္လ၊ တေန၊ထိုလုလ္လဖြင့်၊မရဏံ။ သေခြင်း။ဣတိ။ သို့။ပဉ္စနှ။ငါးပါးကုန်သော၊ဣမေသံအင်္ဂါနံ။ဝ၊ ၏။ ပါရိပူရိယာ၀၊ ပြည့်သဖြင့်သာလျှင်၊ ဟောတိ။ ၏။အပါရိပူရိယာ၊ မပြည့်သည်ရှိသော်၊နဟောတိ။မဖြစ်၊တသ္မာ။ကြောင့်။ အရဟတ္တပတ္တံသော၀။ အရဟတ္တဖိုလ်သို့ရောက်မှ သာလျှင်။ မရဏံ၊ သေခြင်းသည်၊ ဟောတိ။၏။ဣတိတသ္မာ။ထိုကြောင့်။အရဟန္တဃာတကောယေ၀။ အရဟန္တဃာတကသည်သာလျှင်။ ဟောတိ။ ၏။ ပုထုဇ္ဇနဃာတကော။သည်။နဟောတိ။မဖြစ်၊ ငင်း။ထိုပါဏာတိပါတ၏။အင်္ဂါတို့ကား။ တသ္မပဉ္စသမ္ဘာရာဟောန္တိ။ပါဏော။ပါဏသညိတာ၊၀ဓကစိတ္တံ။ဥပက္ကမော။တေနမရဏံ။ ။တသ္မ။ထိုပါဏာတိပါတ၏။သမ္ဘာရ။အင်္ဂါတို့သည်၊ပါဏော၊သတ္တဝါ။ပါဏသညိတာ၊သတ္တဝါဟု အမှတ်ရှိခြင်း။ ဝဓကစိတ္တံ။သတ်လိုသောစိတ်၊ဥပက္ကမော၊ လုလ္လ တေန။ ထိုလုလ္လဖြင့်၊မရဏံ၊သေခြင်း။ဣတိ၊သို့။ ပဉ္စ၊ငါးပါး

တို့သည်။ဟောန္တိ။ကုန်၏။ ။၄င်း၊ ။ဟူ၍အဋ္ဌသာလိနီအဋ္ဌကထာ
၌ပြအပ်သော။ သတ္တဝါလည်းဖြစ်စေ။ သတ္တဝါဟုဒ.မှတ်ရှိသည်
လည်းဖြစ်စေ၊ သတ်လိုသောစိတ် ရှိသည့်သည်လည်းဖြစ်စေ။ လုလ္လပြု
သည်လည်းဖြစ်စေ၊ ထိုလုလ္လဖြင့်သေသည်လည်းဖြစ်စေ၊ ဤငါးပါး
တို့တည်း၊ အဒိန္နာဒါန မှာ ဥစ္စာရှင်တို့၊ ကိုယ်နှုတ်နှစ်ရပ်။မပေးအပ်
သော။သူ၏ဥစ္စာ။ဘဏ္ဍာပစ္စည်းကို။ခိုးယူကြောင်းဖြစ်သောစေတ
နာ။ထိုအဒိန္နာဒါန၌။ယုတ်ညံ့သောသူတပါးတို့၏ဥစ္စာ၊ ခိုးယူရာ၌။
အပြစ်နည်း၏။မွန်မြတ်သောဥစ္စာကို။ခိုးယူရာ၌၊ ဥစ္စာပစ္စယ ပဏီ
တဖြစ်သောကြောင့်။အပြစ်ကြီး၏၊ ။တံဟိ၊ ပရသန္တကံအပ္ပ
သာဝဇ္ဇံ ပဏီတေမဟာသာဝဇ္ဇံ ကသ္မာ။ ဝတ္ထုပဏီတတာယ။ ။
အဋ္ဌသာလိနီ။ ။တံ။ထိုအဒိန္နာဒါနသည်။ဟီနေ။ယုတ်ညံ့သော ပ
ရသန္တကေ၊သူတပါးတို့၏ဥစ္စာ၌၊အပ္ပသာဝဇ္ဇံ။ နည်းသောအပြစ်
ရှိ၏။ပဏီတေ။မြတ်သော။ ပရသန္တကေ၌။ မဟာသာဝဇ္ဇံ။ကြီး
သောအပြစ်ရှိ၏၊ကသ္မာ။ အဘယ်ကြောင့်နည်းဟူမူကား၊ ဝတ္ထုပ
ဏီတတာယ။ ဝတ္ထုမြတ်သည်၏အဖြစ်ကြောင့်တည်း။ ။ဝတ္ထု
ပစ္စသာ။တူမျှကြသော်လည်း။သီလစသော၊ ဂုဏ်ကြီးသောသူတို့
၏ဥစ္စာ။ခိုးယူရာ၌ အပြစ်ကြီး၏။ဂုဏ်နည်းသောသူတို့၏ဥစ္စာ။ခိုးယူ
ရာ၌။အပြစ်နည်း၏။ ဝတ္ထုသမတ္တေသတိဂုဏာဓိကာနံသန္တကေ
ဝတ္ထုသ္မိံမဟာသာဝဇ္ဇံ။ တံတံဂုဏာဓိကံဥပါဒါယ တတောတတော
ဟီနဂုဏဿသန္တကေဝတ္ထုသ္မိံ အပ္ပသာဝဇ္ဇံ။ ။အဋ္ဌသာလိနီ။ ။
ဝတ္ထုသမတ္တေ။ဝတ္ထုတူမျှသည်။ သတိ။သော်။ဂုဏာဓိကာနံ။ဂုဏ်
ကြီးကုန်သောသူတို့၏။သန္တကေ။ဥစ္စာဖြစ်သော။ဝတ္ထုသ္မိံ။ဝတ္ထု၌။
မဟာသာဝဇ္ဇံ ၏။တံတံဂုဏာဓိကံ၊ ထိုထိုဂုဏ်ကြီးသောသူကို။ဥပါဒါ၊
ယ။ ထောက်၍၊ တတောတတော။ထိုထိုဝတ္ထုမှ။ ဟီနဂုဏဿ။
ယုတ်သောဂုဏ်ရှိသော။သူ၏ သန္တကေ။သော။ ဝတ္ထုသ္မိံ။၌၊အပ္ပ
သာဝဇ္ဇံ။ရှိ၏။ ။၎င်း။ ။ဤသူ၏ဥစ္စာ။ဘဏ္ဍာပစ္စည်းကို။ခိုးယူ
ရာ၌။ခိုးယူခြင်း၏အပြားတို့ကား၊ ။နာနာဘဏ္ဍပဉ္စကံ။ဧကဘဏ္ဍ
ပဉ္စကံ။သာဟတ္ထိကပဉ္စကံ၊ ပုဗ္ဗပယောဂပဉ္စကံ ထေယျာဝဟာရ

**ပဗ္ဗက်ံ**။ ဟူသောဝိနည်းအဋ္ဌကထာနှင့်အညီ၊ နာနာဘာဝပဋ္ဌကစ
သောနှစ်ဆယ် ါးပါးတို့တည်း။ ။နာနာဘာဝပဋ္ဌကငါပါး။အာ
ဒိယေယျမှာ၊ သူတပါးတို့၏၊လယ်သာဥယျာန်၊အရာမြေသည်ကို၊
ငါ၏ဥစ္စာဟု၊ရသားဆို၍၊တရားဆင်၏၊ ထိုတရားဆင်ရာ၌၊တရား
ဆင်ကာမျှဖြင့်၄င်း၊ဥစ္စာ၇ှင်သည်၊ ငါ၏ဥစ္စာ၊ဖြစ်နိုင်ပါမည်လား
ဟု၊ ယုံမှားသံသယဖြစ်ခါ ျဖြင့်၄င်း၊ ကံမထိုက်သေး၊အကြင်အ
ခါ၌၊ဥစ္စါရှင်သည်၊ငါ၏ဥစ္စါမဖြစ်၊မရလတ့ံဟုဝန်ချ၊အာလာသဖြတ်
ခဲ့၏၊တရားဆင်သောသူကား ဤသူကိုကျိုး နွံ ညှဥ်းပန်း၊ပင်ပန်းစေ
ပြီးမှ၊ ေးအံ့ဟုအာလယရှိအံ့၊ ကံမထိုက်သေး။ ။တရားဆင်သော
သူက၊ငါမပေးပြီးဟုဝန်ချ၏၊အရာမြေရှင်က၊ အာလယရှိကဲ့သော်
ကံမထိုက်သေး၊အကြင်အခါ၌၊ နှစ်ဦးသောသူတို့ပင်၊ မပေးပြီမရ
ပြီဟုဝန်ချ၏၊ ထိုအခါတရားဆင်သောသူ၌ အဒိန္နာဒါန်ထိုက်၏။
ဟရေယျမှာ၊ သူတပါး တို့၏ဥစ္စာကို၊ ဦးကျောင်းသို့တင်၍၊ဆောင်
ယူသွားရာ၊ထိုဦးကျောင်းထက်၌၊ထေယျစိတ်ဖြင့်သုံးသပ်သော်၎င်း၊
တုန်လှုပ်စေသော်၎င်းကံမထိုက်သေး၊အကြင်အခါ၌၊ပခုံးထက်
စသည်သို့ချအံ့၊ ထိုအခါ၌ အဒိန္နာဒါန်ဖြစ်၏။ ။အဝဟရေယျမှာ၊
ဥစ္စာရှင်ဘို့၊ အပ်နှံထားသောဘဏ္ဍာကို၊ ါ၏ဥစ္စာကိုပေးပါဟု၊
တောင်းသည်ရှိသော်၊ ငါမယူဟုဆိုခါမျှနှင့်၎င်း၊ရလိမ့်မည်လား၊မရ
မည်လားဟု၊ယုံမှားသံသယ၊ဖြစ်ခါမျှနှင့်၎င်း၊ ကံမထိုက်သေး၊ဥစ္စာ
ရှင်သည်၊ငါ့အားမရလတံ့ဟု၊ဝန်ချရာ၌၊ကံထိုက်၏၊ ဣရိယာပ
ထဝိကောပေယျမှာ၊ ဥစ္စာကို ဆောင်ယူလာသော သူနှင့် တကွ၊
ဆောင်အံ့ဟု၊ နှလုံးသွင်း၍၊ ထိုဆောင် ူသောသူ၏၊ ပဌမပဝါး
လှမ်းကို၊လွန်စေကာမျှ၌၊ ကံမထိုက်သေး၊ ဒုတိယခြေဝါးလှမ်းကို၊
လွန်စေခဲ့ သော်၊ခိုးခြင်းဖြစ်၏၊ ဌာနာစာဝေယျမှာ၊ ကုန်းကုန်း၌၊
တည်သောဘဏ္ဍာကို၊ထေယျစိတ်ဖြင့်၊သုံးသပ်သော်၎င်း၊လှုပ်စေ
သော်၎င်း၊အဝဟာရမဖြစ်သေး၊ အကြင်အခါ၌၊ တည်ရင်းနေရာမှ
ရွေ့ စေအံ့၊ထို အခါ၌ကံထိုက်၏၊ဤငါးပါးသည်ကား၊သဝိညာဏ
က၊ အဝိညာဏက၊ နှစ်မျိုးဖြစ်သောကြောင့်၊နာနာဘာဝပဋ္ဌက

မည်၏။ ။ဧကဘာဏ္ဍပဗ္ဗကငါးပါး။ ။အာဒိယေယျမှာ။အရှင်
ရှိသော၊ တိရစ္ဆာန်ကျွန်စသည်ကိုတရားဆင်၍ခိုးခြင်း။ ။ဟာရေ
ယျမှာ။ ၎င်းတိရစ္ဆာန်ကျွန်စသည်ကို။သုဒ္ဓစိတ်ဖြင့် ဆောင်ယူခဲ့ရာမှ။
ထေယျစိတ်ဖြင့်ခိုးခြင်း အဝဟာရေယျမှာ။ အပ်နှံထားအပ်သော။
ကျွန်ကျွဲနွားစသည်ကိုခိုးခြင်း။ ဣရိယာပထဝိကောပေယျမှာ။ဣရိ
ယာပုတ်ကိုဖျက်၍ခိုးခြင်း။ဌာနာစာဝေယျမှာ၊ တည်ရင်းနေရာဌာ
နမှ။ကျွန်ကျွဲနွားစသည်ကို၊ရွေ့စေ၍ခိုးခြင်း။ ။ဤငါးပါးကား။
ဧကဘာဏ္ဍပဗ္ဗကနှင့်။သဝိညာဏကအမျှသာတူးသည်၊ ။ဤဧ
ကဘာဏ္ဍပဗ္ဗက၌။ သသာမိကဖြစ်သောတိရစ္ဆာန်ကိုခိုးရာမှာ။ ထို
တိရစ္ဆာန်သည်။အပဒကဒွိပဒကစတုပ္ပဒ။ ဟူ၍သုံးပါးအပြားရှိ
၏၊ ထိုသုံးပါးတို့တွင်။ အပဒကဟူသည်၊ အလံပယ်စသည်တို့
သည်။ဖမ်းယူအပ်သောမြွေပင်တည်း။ထိုမြွေကိုတည်ရာဌာနမှ။ထေ
ယျစိတ်ဖြင့်။ရွေ့စေ သော်၊အဓိန္နာဒါန်ဖြစ်၏။ ဒွိပဒမှာငှက်တို့ပင်
တည်း။ထိုငှက်တို့သည်လည်းလောမပက္ခ။ စမ္မပက္ခ။ အဋ္ဌိပက္ခဟူ
၍။ သုံးပါးအပြားရှိကုန်၏။ ထိုသုံးပါးတို့တွင်။ ဥဒေါင်း ကြက်စ
သည်တို့သည်။ အမွေးတည်းဟူသော အတောင်ရှိသောကြောင့်။
လောမပက္ခမည်ကုန်၏၊လင်းနို့စသည်တို့သည်၊ အရေတည်းဟူ
သော အတောင်ရှိသောကြောင့်။ စမ္မပက္ခ မည်ကုန်၏။ ပြတုန်းစ
သည်တို့သည်။ အရိုးတည်းဟူသောအတောင်ရှိသောကြောင့်။အ
ဋ္ဌိပက္ခမည်ကုန်၏။ထိုငှက်တို့ကို။ ထေယျစိတ်ဖြင့်။တည်ရာမှရွေ့
စေသော်၊ ကံသိုက်၏။ ။စတုပ္ပဒမှာ။ နွားမြင်းစသည်တို့ပင်
တည်း။ထိုနွားသည်။အချို၊အိပ်၍ရှိန်း။ခြေ၍ရှိန်း။ကြိုးဖြင့်ဖွဲ့၍ရှိန်း။မဖွဲ့မူ
၍ရှိန်းတည်၏။အိပ်ခြေ၍ဖွဲ့သောနွားမှာ။ကြိုးခြေလေးချောင်း။ပေါင်း
တည်ရာငါးခုရှိ၏ အိပ်ခြေ၍မဖွဲ့သေးသောနွားမှာ။ အိပ်ခြေ တည်း
ဟူသောတည်ရာရှိ၏။ ဆိုးသွမ်းကြမ်းတမ်းသော နွားဖြစ်၍။ ခြေ
လေးချောင်၌။ကြိုးဘချောင်းစီချည်လျှင်။ပေါင်းကိုးဌာနရှိ၏။ထေ
ယျစိတ်ဖြင့်ဆောင်သောအခါ။ထိုတည်ရာတို့မှလွန်ခဲ့သော်၊အဒိန္နါ
ဒါန်ဖြစ်၏။ခြံတခါးကိုဖွင့်၍သော်၎င်း၊ ခြံကိုဖျက်၍သော်၎င်း၊နွားကို

ဒီဃမည်ကို။ ပြင်ကခေါ်၍ထွက်ခဲ့သောင်ဝ်း၊ မခေါ်ဘဲနှင့်။သစ်ခက်
မျှက်ကို။မြဲ၍ထွက်ခဲ့သောင်ဝ်း။ ကံထိုက်၏။တံခါးခြိတ်ကို။မဖွင့်မ
ဖျက်။သက်သက်သစ်ခက်ကိုလျှော်ပြ၍ခေါ်၏ နွားသည်နှတ်သိပ်
ဆာလောင်၍။ ခြိကိုချန်၍ ထွက်ခဲ့သော အဝဟာရဖြစ်၏။ အိပ်နေ
သော နွားကိုမခေါ်င်မယူဘိုနေရာ၌ပင်သတ်လိုက်၊ အံ့။အဗ္ဗိဒ္ဓါဒါန်
မထိုက်။ကျွန်ကိုခိုးရာ၌။ ကျွန်အမြား သည်၊ အိမ်ကျွန်မဖှပေါ်ဖွား
သော။အန္တောဇာတကျွန်။ ။ငွေဖြင့်ဝယ်အပ်သော။ဓနက္ကိတကျွန်။
တိုင်းတပါးကို။လုရက်ကုန်သော၊ မင်း၏အမတ်တို့သည်။ထိုတိုင်း
တပါးမှ။ဆောင်ခဲ့၍ကျွန်၏အဖြစ်သို့ရောက်စေအပ်သော၊ ကရမရာ
နီတကျွန်။ စားရမဲ့ဝတ်ရမဲ့ဖြစ်၍။ မိမိအလိုလို ကျွန်သွား၍ခံနေ
သော။ သယံဒါသကျွန်ဟူ၍။ လေးပါးရှိ၏။ ထိုလေးပါးတို့တွင်။
အန္တောဇာတ။ ဓနက္ကိတ၊ ကရမရာနီတဟူ၍သုံးပါးသောကျွန်တို့ကို
ခိုးရာ၌သာ။အဗ္ဗိဒ္ဓါဒါန်ထိုက်၏။ ။အန္တောဇာတဓနက္ကိတကရမရာ
နီတဒ္ဒါသေဒ္ဒါ ပနဒါသံယော ဝဟာရန္တော သအဝဟာရောဟောတိ။ ။ဝိ
နည်းအဋ္ဌကထာ။ ။အန္တောဇာတဓနက္ကိတကရမရာနီတဒ္ဒါသေဒ္ဒါ။
အန္တောဇာတဓနက္ကိတကရမရာနီတအပြားရှိသော။ ဒါသံယော။
ကျွန်ကိုသာလျှင်။ဟရန္တဿ။ခိုးသောရဟန်းအား။အဝဟာရော။
ခိုးခြင်းသည်။ဟောတိ။၏။ ။သာရတ္ထဒီပနီဋီကာ၌ကား။ ။အန္တော
ဇာတ၊ ပ။ အဝဟာရော ဟောတိတိ ဧတ္ထဒေသဝါ ရိတ္တဝသေန
အတ္တနာဝအတ္တာနံနိယျာဒေတွာဒါသဗျံဉပဂတံအဝဟရန္တဿပိ
ပါရာဇိကမေဝါတိဝေဒိတဗ္ဗံ။ ။အန္တောဇာတ။ပ။အဝဟာရော
ဟောတိတိဧတ္ထ။ဟူသောပုဒ်၌။ဒေသဝါရိတ္တဝသေန။အရင်ဝလေ့
အကျင့်၏အစွမ်းဖြင့်။အတ္တနာဝ။ မိမိသည်သာလျှင်၊ အတ္တာနံ၊မိမိ
ကိုယ်ကို။နိယျာဒေတွာ အပ်နှင်း၍။ ဒါသဗျံ၊ ကျွန်၏အဖြစ်သို့။ဉပ
ဂတံ။ ကပ်သောသူကို။ အဝဟရန္တဿပိ။ ခိုးသော ရဟန်းအား
လည်း၊ ပါရာဇိကမေဝ။ ပါရာဇိကအာပတ် သင့်သည်သာလျှင်
တည်း။ဣတိ။သို့။ ဝေဒိတဗ္ဗံ။၏။ ။ဝ်း။ ။ဟူအရင်ဝလေ့ထုံးစံ။
အကျင့်၏အစွမ်းဖြင့်။ မိမိကိုယ်ကိုပင်။ မိမိကျွန် စာရင်းအပ်နှင်း

သွင်းနှံ့သော။ သသံဒါသဇ္ဇပဂတကျွန်ကို။ ခိုးသောသူအားလည်း။
အဝဟာရထိုက်ကြောင်းကိုဖွင့်၏။ ။ဤအဋ္ဌကထာဋီကာတို့၌။
ကျွန်ကိုခိုးရာ၌သာ၊အဒိန္နာဒါန်၊အဝဟာရဖြစ်ကြောင်းလာ၏။ ။
အဒါသဘုဇိဿဖြစ်သော သူကိုခိုးရာ၌။ မဖွင့်မလာ။ ဤလောက၌။
အချို့သော သက်ရှယ်နှုံယ်။ သူငယ်လုလင်တို့သည်၊ ကာမဗ္ဗန္ဓ။
လေါဘာရှသွား။အားကြီးဖွင့်ပြုး။မြတ်နိုးချစ်ခင်ခြင်းရှိ၍။မိဘညာ
တိ၊ အသရှိသား။ အချားသောသူတို့၊ သဘောစိတ်၌။ မနှစ်ချိုက်
သော်ငြင်း။တရုံတချ။ အမှုကိစ္စကြောင့်သော်ငြိုး။မာတုရက္ခိတအစ
ရှိသော သူကို။ တရင်တကြေး။မြို့အဝေးသို့၊ ဆောင်သွေးခေါ်သူခဲ့
ရာ၊အဒိန္နာဒါန်၊အဝဟာရဖြစ်မည်၊မဖြစ်မည်လော၊ ။လောက
သင်္ကေတ။ ဝေါဟာရအားဖြင့်။ သူခိုးဟူ၍ပင်ခေါ်ဆိုအပ်၏။ ဓမ္မ
အားဖြင့်ကား။ ခေါ်ဆောင် အပ်သောသူသည်။ အဒါသဘုဇိဿ
ဖြစ်၍ပရပရိဂ္ဂဟိတမဟုတ်သောကြောင့်၊ အဒိန္နာဒါန်။အဝဟာရ၊
မဖြစ်လေ၊ ။ဘုဇိဿံဟရန္တဿ အဝဟာရောနတ္ထိ။ ။ဘုဇိဿံ။
တော်လှမ်သောကျွန်ကို။ဟရန္တဿ၊ခိုးသောရဟန်းအား။အဝဟာ
ရော။ခိုးခြင်းသည်။နတ္ထိ။မရှိ၊ ။ဋီ။ ။ပါရာဇိကဏ်အဋ္ဌကထာ။ ။
ဘုဇိဿံဟရန္တဿ အဝဟာရောနတ္ထီတိ ပပေရိဂ္ဂဟိတာဘာဝ
တော၊ ။ဋီ:အဖွင့်ဋီကာ။ ။သာဟတ္ထိကပဉ္စကငါးပါး။ ။သာဟတ္ထိ
ကမှာ။သူတပါးဘို့၏ဘဏ္ဍာကို။ ကိုယ်ဘို့ခိုးခြင်း၊ အာဏတ္တိက
မှာ၊ ဤမည်သောဘဏ္ဍာကို။ ခိုးလော့ဟုသူတပါးကို စေခိုင်း၍ခိုး
ခြင်း၊ နိဿဂ္ဂိယမှာ။ ကင်းထားရာကြံ့ဆရာအရပ်တို့မှ။ အပသို့ချ၍
ခိုးခြင်း။အတ္ထသာဓကမှာ။ဤမည်သောသူ၏။ ဘဏ္ဍာကို၊အခွင့်
အခါနိုက်ခွမ်းနိုင်ခဲ့၏၊ ထိုအခါနိုက်ခိုးလော့ဟုစေခိုင်း၏။ ထိုသို့စေ
ခိုင်းရာ။စေအပ်သောသူသည်၊ ၎ကန်မချွတ်၊ ထိုဘဏ္ဍာကိုခိုးလတ့်
ဖြစ်အံ့။ ထိုစေသောသူအားစေခိုင်းဆဲခဏ၌သာ။ အဒိန္နာဒါန်ထိုက်
၏။ ။တနည်း။ ။သူတပါးဘို့၏ဆိဒ်အိုးနိုက်။တပါဒထိုက်အောင်
သောလတ့်သောဆိဒ်နိုက်။ဘိနပ်စသည်ကို။ထည့်လိုက်ချလိုက်အံ့။
လက်မှလွတ်ခါမျှနိုက်သား၊ကမ္မပထထိုက်၏။ ။ရှုရနိက္ခေပမှာ။

အချပ်ကို တရား တွေ့ခြင်း၊ အပ်နှံထား သော ဘဏ္ဍာ တို့နှိက်၊ ဥစ္စာရှင်တို့က။ ငါမရပြီဟူ၍။ ဝန်ချရာနှိက်။ကံထိုက်၏။ခိုးခြင်းဖြစ်၏ ။ဤငါးပါးကားဓိမိ၏လက်ဖြင့်၊ ကိုယ်တိုင်ခိုးခြင်းလျှင်။ငါးခုမြော်ဖြစ်သောကြောင့်၊သာဟတ္ထိကပဉ္စကမည်၏။ ။ပုဗ္ဗပယောဂပဉ္စကငါးပါး။ ။ပုဗ္ဗပယောဂမှာ။ သူ့တပါးကိုစေခိုင်း၍ခိုးခြင်း။ သဟာပယောဂမှာ၊ကျည်းကုန်းစသည်တို့နှိက်တည်သောဘဏ္ဍာကို၊တည်ရာမှရွေ့စေ၍ငင်း။တံသင်းစသည်တို့ကို။ ပြောင်းရွှေ့၍၊ လယ်ယာစသည်တို့ကို။ ယူခြင်း၏အစွမ်းဖြင့်ရိုးခိုးယူခြင်း၊သံဝိဓာဝဟာရမှာဤမည်သော ဘဏ္ဍာဥစ္စာကို။ခိုးကြကုန်အံ့ဟူ။တိုင်ပင်၍ခိုးခြင်း၊ ၂ယောက်၃ယောက်စသည်တို့ဖြင့်။တိုင်ပင်ညီညွတ်၍သွားကြကုန်သော်၊ထိုလူအပေါင်းအပေါ်ဘည်းက။တယောက်သောသူသည်လည်း။တစုံတခုသောဘဏ္ဍာကို၊တည်ရာမှရွေ့စေသော်၊ အလုံးစုံတိုင်ပင်ရာပါလူတို့အား။အဒိန္နာဒါန်ထိုက်၏။ သင်္ကေတကမ္မမှာ။ အချိန်းအချက်ကိုပြုခြင်း၊နံနက်ကာလစသည်တို့တွင်၊ အခွတ်မရှိသောကာလကိုပိုင်းခြား၍ဤမည်သောကာလနှိက်။ ဤမည်သောဘဏ္ဍာကို၊ခိုးကြလောဟုဆိုအပ်သည်ရှိသော်၊ အချိန်းအချက်မှ။မရှေးမနှောင်း။ထိုဘဏ္ဍာကိုခိုးအံ့။အချိန်းအချက် ပြုသောသူအား။အချိန်းအချက်ကိုပြုသောခဏနှိက်သာလျှင်၊ အဝဟာရဖြစ်၏၊နိမိတ္တကမ္မမှာ၊ အမှတ်အသားကိုဖြစ်စေခြင်းငှါ၊ မျက်စိမှိတ်ခြင်း၊ လည်ပြိမ့်ခြင်းစသော၊အမှတ်ကိုပြုခြင်း၊ ဤသို့ပြုအပ်သောနိမိတ်မှ။မရှေးမနှောင်းထိုဘဏ္ဍာကို။ ခိုးလောဟုဆိုအပ်သော်၊ ခိုးသော သူသည်လည်း။ ထိုနိမိတ်မှ၊ မရှေးမနှောင်း ခိုးညားအံ့။ နိမိတ်ပြုသောသူအားထိုနိမိတ်ပြုသောခဏနှိက်သာလျှင်၊ကမ္မာကထိုက်၏။ ။ဤငါးပါးသည်ကား။ ပုဗ္ဗပယောဂလျှင်၊ ငါးခုမြော်ဖြစ်သောကြောင့်၊ ပုဗ္ဗပယောဂပဉ္စကမည်၏၊ ။ထေယျာဝဟာရပဉ္စကငါးပါး၊ ။ ထေယျာဝဟာရမှာ။ တိုက်စပ်ကိုဖေါက်ခြင်း စသည်တို့ကိုပြု၍။မထင်ရှားစေဘဲခိုးယူခြင်း၊ ။တနည်း၊ချိန်စဉ်းလဲတောင်းစဉ်းလဲအိုးစဉ်းလဲအသပြာစဉ်းလဲစသည်တို့ဖြင့်လှည့်ပတ်၍ခိုးယူခြင်း၊ ။

ဤသေယျာဝဟာရ၌။ချိန်စဉ်းလဲဟူသည်မှာ။တရသောချိန်ခွင်ကို။အခေါင်းဖေါက်၍။ထိုအခေါင်း၌။ လေးသောသံမှုံ့တို့ကိုထည့်သွင်းပြီးလျှင်။ မိမိကဘာပုံတရသောကုန်ကိုယူခဲ့သော်၊ ထိုချိန်ခွင်ကိုအလေးထည့်၍ယူ၏၊ ပေးခဲ့သော်ကဘက်သောချိန်၌အလေးထည့်၍။ ထိုချိန်ဘက် ကကုန်ထည့်၍ပေး၏။ ။အလေးကြီးငယ်နှစ်ခုသဏ္ဍာန်ဆင်ဘူပြု၍၊ မိမိက ယူသည်ရှိသော်။ကြီးသောအလေး။ပေးသည်ရှိသော်။ငယ်သောအလေးနှင့်ပေး၏။ ။ယူသောအခါအလေးထည့်သော။ တဘက်သောချိန်၌ လက်ဖြင့်နှိပ်၏၊ ပေးသောအခါကုန်ထည့်သောဘက်၌လက်ဖြင့်နှိပ်၏။ တောင်းစဉ်းလဲမှာ။စပါးဆန်စသည်တို့ကို။မိမိကယူသည်ရှိသော်။တောင်းနှုတ်အပေါ်မှဦးစွန်းပိုက်၍။ဖြေးဖြေးလောင်းစေ၏၊ ပေးသည်ရှိသော်။အပေါ်စွန်းကိုဖြတ်၍။မြန်မြန်လောင်းစေ၏။ ။အိုးစဉ်းလဲမှာ။ထောပတ်ဆီစသည်တို့ကို။မိမိကယူသည်ရှိသော်။အိုးအောက်ကပေါ်၍ တစုံတရသောအိုးပေါ်၌တင်၍။ဖြေးဖြေးလောင်းစေပြီးလျှင်။အောအိုးထဲသို့ချွဲစွာရိုစီး၍ယူ၏၊ ပေးသောအခါ။အပေါ်ကိုဖိတ်ပြီးလျှင်။မြန်မြန်လောင်းစေ၍ပေး၏။ ။ပသယှာဝဟာရမှာ။ရွာကိုလုယက်ဖျက်ဆီးသော။ရဲပြထိုကဲ့သို့ နှိပ်စက်ဗလက္ကာရဖြင့် သူ့ပါးတို့၏ဥစ္စာကိုယူခြင်း။ ။တနည်း။မင်းချင်းယောက်ျားစသည်တို့ကဲ့သို့၊ရောသင့်ရော ထိုက်။ပေးသင့်ပေးထိုက်သော၊ အခွန်အတုပ်ထက်။ချိန်းခြောက်နှိပ်စက်သဖြင့်။ အလွန်အမင်းပိုမို၍ယူခြင်း၊ပရိကပ္ပဝဟာရမှာကြံဆ၍ခိုးယူခြင်း၊ ။ထိုခိုးယူခြင်းသည်လည်း။ဘာသာ၊အရပ်ကို။ ကြံဆခြင်းအားဖြင့်။နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။ပုဆိုးအဝတ်ဖြင့်အလိုရှိသောသူသည်၊တိုက်ခန်းတွင်းသို့ဝင်၍၊ အကယ်၍ဤအထုပ်။ ဤပချုပ်။ ဤဖါဤသေတ္တာနှုတ်၊ အဝတ်ပုဆိုးဖြစ်အံ့ယူအံ့ဟု။အကယ်၍ချည်ဖြစ်အံ့၊ မယူအံ့ဟုကြံဆ၍။ အခိုက်တိုက်နှုတ်။အထုပ်။ပချုပ်။ဖါ။ သေတ္တာကိုယူ၏။ထိုသို့ယူရာနှုတ်။ အဝတ်ပုဆိုး ဖြစ်ခဲ့သော်။ ချိမြှော်ဆဲခဏ နှုတ်ခဲ့သော၊ အဗိန္နါဒါန်ဖြစ်၏၊ ချည်ဖြစ်ခဲ့သော်။ ကံမထိုက်၊ အဗိန္နါဒါန်

မဖြစ်။ အပသို့ထုတ် ဆောင်ဖြေဖွင့်၍။ ချည်ဟူ၍သိသောကာလ။ တဖန်ပြန်၍ထားခဲ့သေ၁်။ အဝဟာရမဖြစ်။ သို့မဟုတ်ချည်သည် ပါသာ၏။ ထိုချည်ကို။ ထေယျစိတ်ဖြင့်ယူသွားခဲ့သေ၁်၊ နှစ်ဖဝါး ခြောက်ဌကံထိုက်၏။ ဤကားဘဏ္ဍာကိုကြံဆ၍ခိုးခြင်းတည်း။ ။ ဤလောကနိုက်၊ အချို့သောသူသည်၊ သူတပါးတို့၏ ပရိဝုဏ်စ သည်တို့သို့ဝင်ရာ။ တရံတခုတပ် နှင့်သက်ဆွယ်သောဘဏ္ဍာကို မြင်၍။ တိုက်ခန်းတံခါးအော ပြာသာဒ် တံခါးမှတ်။ သစ်ပင်ရင်းစ သည်တို့၏အရပ်ဖြင့်၊ အပိုင်အခြားပြု၍။ ဤအတွင်းနိုက်ငါ့ကိုအ ကယ်၍မြင်ကုန်အံ့၊ ရှုခြင်းငှါအလိုရှိသည်၏အဖြစ်ကြောင့်၊ ယူ၍ လှည့်လည်သကဲ့သို့ပေးခဲ့အံ့။ အကယ်၍ဤအတွင်း၌မမြင်ကဲ့သေ၁်။ ဆောင်ယူအံ့ဟု ကြံဆ၏။ ထိုဘဏ္ဍာကိုယူ၍။ အပိုင်းအခြားကို လွန်ကာမျှနိုက်။ ထိုသူအားခိုးခြင်းဖြစ်၏။ ဤကားအရပ်ကိုကြံဆ ၍ခိုးခြင်းတည်း။ ။ ပဋိစ္ဆန္နဝဟာရမှာ။ မျက်သစ်ရွက်စသည်တို့ ဖြင့်။ ဖုံးလွှမ်း၍ခိုးခြင်း။ ထိုခိုးခြင်းနိုက်၊ အကြင်သူသည်၊ ဥယျာဉ်စ သည်တို့၌၊ ချွတ်၍ထားသော၊ သူတပါးတို့၏လက်စွပ်လက်ကော စသည်တို့ကိုမြင်၍။ နောဖှယူအံ့ဟု။ မြေမျက်သစ်ရွက်ဖြင့်ဖုံးလွှမ်း ၏။ ဤမျှတည်းဖြင့်။ အဝဟာရမဖြစ်သေး။ အကြင်အခါနိုက်၊ ဥစ္စာ ရှင်တို့သည်၊ ရှာစမ်းရှာဖွေ၍မရခဲ့သေ၁်၊ နက်ဖန်မှရှာကုန်အံ့ဟု။ အာလယဖြင့်ပြန်သွားကုန်၏၊ ထိုသို့သွားကြပြီးသည့်နောက်ကာလ၌။ ဖုံးထားသောလက်စွပ်လက်ကော စသည်တို့ကို၊ ထေယျစိတ်ဖြင့် ချိမြှောက်ယူရာ။ ချိမြှောက်ဆဲခဏ၌သာအဝဟာရဖြစ်၏။ သို့မဟုတ်။ မျက်သစ်ရွက် စသည်ဖြင့်ဖုံးလွှမ်းသောကာလ၌သာ၊ ထိုဘဏ္ဍာ သည်။ ငါ၏ဥစ္စာတည်းဟု။ မိမိ၏ဥစ္စာအမှတ်ဖြင့်ယူသော်ငြား။ ဥစ္စာ ရှင်တို့သည်၊ ပြန်သွားကြကုန်ပြီ။ ဤဘဏ္ဍာကား၊ ဥစ္စာရှင်တို့စွန့် ပြစ်အပ်သောဘဏ္ဍာတည်းဟု၊ ပံသုကူလအမှတ်ဖြင့်ယူသော်ငြား၊ အဝဟာရမဖြစ်။ နောင်ဥစ္စာရှင်တို့သိ၍။ တောင်းရာမပေးမူ၍။ ထို ဥစ္စာရှင်တို့သည်။ မရပြီဟူ၍၊ ဝန်ချမှသာ။ အဝဟာရဖြစ်၏။ ကုသာ ဝဟာရမှာ။ ကမ္ဗည်းပြောင်းရွှေ့၍ခိုးခြင်း။ ထိုသို့ခိုးယူရာ ကုသာဝ

ရ။နှိက်။ ။အကြင်သူသည်။နှိုးထန်းရွက်။စက္ကူ။ဖြင့်ပြီးသောပုံ
အပ်သောအမှတ်အသားရှိသော၊ တစုံတခုသော ကမ္ဗည်းကိုချ၍။
ဘဏ္ဍာသပ္ပည်းတို့ကိုဝေဘန်ရာ။ မိမိ၏အဘိုအံ့နည်း၌တည်သော။
အဘိုးအားဖြင့်မိမိ၏ အဘိုးထက်။ နည်းသည်လည်းဖြစ်စေ။လွန်
သည်လည်းဖြစ်စေ၊ မျှသည်သည်းဖြစ်စေ။သူဘပါး၏အဘိုကို သူ
လိုသောကြောင့်၊ မိမိအဘို့၌ကျသောကမ္ဗည်းကို။သူတပါး၏အဘို
၌ချလို၍သူလိုက်၏။ ကံမဆိုက်သေး။သူတပါး၏ အဘို၌ချလိုက်
၏၊အဝဟာရမဖြစ်သေး။အကြင်အခါ၌။ ထိုကမ္ဗည်းကိုချပြီးသော်၊
သူဘပါး၏အဘိုမှ၊သူ၏ကမ္ဗည်းကိုချီးမြှောက်လိုက်၏၊ထိုချီးမြှောက်ဆဲ
နှိက် အဒိန္နါဒါန်ဆိုက်၏၊ ။ဤကားမိမိ၏ကမ္ဗည်းကို။ရှေးဦးသူ၍
ပြောင်းရွှေ့ရာ။ကံဆိုက်မဆိုက်ကိုမှတ်ရာတည်း။ ။သို့မဟုတ်။
ရှေးဦးစွာ သူဘပါး၏ကမ္ဗည်းကို၊ မိမိ၏အဘို၌ချလိုသောကြောင့်၊
သူဘပါး၏အဘိုမှချီးမြှောက်လိုက်ယူလိုက်၏။ ကံမဆိုက်သေး၊ မိမိ
၏အဘို၌ ချစေ၍ချီလိုက်သော်သည်း။ အဝဟာရမဖြစ်သေး။တ
ဖန်မိမိ၏အဘိုမှ။မိမိ၏ကမ္ဗည်းကိုယူလိုက်သော်။ ယူဆဲခဏနှိက်
လည်း။ကံမဆိုက်သေး၊ ထိုချီးမြှောက်လိုက်ယူလိုက်ပြီးသောကမ္ဗည်း
ကို။သူတပါး၏အဘို၌ကျသော်ထိုသူအား။ အဝဟာရအဒိန္နါဒါန်
ဆိုက်၏၊ ။ဤကားသူဘပါး၏ကမ္ဗည်းကို။ရှေးဦးစွာသူ၍ပြောင်း
ရွှေ့ရာ။ကံဆိုက်မဆိုက်ကိုမှတ်ရာတည်း၊ ။ဤငါးပါးသည်ကား၊
သေယျာဝဟာရပဉ္စကမည်၏၊ ။ဤအဒိန္နါဒါန်နှိက်။ပယောဂတို့
ကား။ ။ဆဋ္ဌယောဂါသာဟတ္ထိကာဒယောဝ။ဟူ၍အဋ္ဌသာလိနီ
အဋ္ဌကထာ၌ပြဆိုသော။သာဟတ္ထိက၊အာဏတ္တိက၊နိဿဂ္ဂိယ၊
ထာဝရ၊ဝိဇ္ဇာမယ၊ဣဒ္ဓိမယ၊ဟူ၍ဆိုအပ်သောခြောက်ပါးတို့တည်း။ထို
ခြောက်ပါးတို့တွင်။နာနာဘဏ္ဍပဉ္စက၊ ဧကဘဏ္ဍပဉ္စက၊ သာဟတ္ထိ
က။ ရှေ့နိဂြောပ ပုဗ္ဗပယောဂ ပဉ္စက၊ ထေယျာဝဟာရပဉ္စကတို့
သည်၊ သာဟတ္ထိကပယောဂ မည်ကုန်၏။ ။စေခိုင်း၍ခိုးခြင်း
တည်းဟူသော အာဏတ္တိကသည်။ အာဏတ္တိကပယောဂမည်၏
။ ။ဤမည်သောဘဏ္ဍာကို။အကြင်အခါနှိက်ခိုးနိုင်။ထိုအခါ၌

ခိုးလေသလော့။ အဏ္ဏသာခဏာဝေဟာရကိုပြီးစေတတ်သောစေခြင်း
သည်။ထာဝရပယောဂမည်၏။ ။မန္တာန်ကိုရွတ်သဖြင့်ခိုးခြင်း
သည်။ဝိဇ္ဇာမယပယောဂမည်၏။ ။မန္တာန်နှင့်ကင်း၍။တံခိုးနှင့်ယှဉ်
လျက်။ကာယပယောဂဝစီပယောဂတို့ဖြင့်။ ပရသန္တကကိုခိုးယူ
ခြင်းသည်။ဣဒ္ဓိမယပယောဂမည်၏။ ။အင်္ဂါအားဖြင့်ကား။ ။
တဿပဉ္စသမ္ဘာရာဘဝန္တိ။ ပရပရိဂ္ဂဟိတံ။ ပရပရိဂ္ဂဟိတသညိ
တာ။ထေယျစိတ္တံ။ဥပက္ကမော။တေနဟရဏံ။ တဿ။ထိုအဒိန္နာဒါန
၏။သမ္ဘာရာ။အင်္ဂါတို့သည်။ပရပရိဂ္ဂဟိတံ။ သူတပါးတို့သိမ်းဆည်း
ခြင်းငှင်း။ ပရပရိဂ္ဂဟိတသညိတာ။ သူတပါးတို့သိမ်းဆည်း၏ဟု
အမှတ်ရှိသောအဖြစ်ငှင်း။ ထေယျစိတ္တံ။ ခိုးလိုသောစိတ်ငှင်း။ ဥ
ပက္ကမော။လုလ္လငှင်း။တေန။ထိုလုလ္လဖြင့်။ဟရဏံ။ခိုးခြင်းငှင်း။ဣတိ
သို့။ပဉ္စ။ငါးပါးတို့ဘည်း။ ။ငှင်း။ ။ဟုအဋ္ဌသာလိနီအဋ္ဌက
ထာ၌ပြအပ်သော။ သူတပါးတို့သည် သိမ်းဆည်းအပ်သည့်၏အ
ဖြစ်။သူတပါးတို့သည်။သိမ်းဆည်းအပ်သည်ဟု အမှတ်ရှိသည့်၏
ဖြစ်။ ခိုးလိုသောစိတ်ရှိသည့်၏အဖြစ်။ လုံ့လပြုသည့်၏အဖြစ်။ခိုး
ယူသည့်၏အဖြစ်အားဖြင့်။ငါးပါးတို့တည်း။ ။ကာမေသုမိစ္ဆာစာ
ရမှာ၊ မာတုရက္ခိတာ။ စသည်အပြား။ မသွားလာအပ်သော ဌာန။
ဖောဋ္ဌဗ္ဗကာမတို့၌။သွားလာလွန်ကျူးခြင်းတည်းဟူသော။ ယုတ်
မာစွာကျင့်ကြောင်းဖြစ်သောစေတနာ။ ။အသဒ္ဓမ္မာဓိပ္ပာယေနကာ
ယဒွါရပ္ပဝတ္တာ အဂမနီယဌာန ဝီတိက္ကမစေတနာ ကာမေသုမိစ္ဆာ
စာရော။ ။အဋ္ဌသာလိနီ။ ။အသဒ္ဓမ္မာဓိပ္ပာယေန။သူတော်မ
ဟုတ်။ ယုတ်သောသူတို့၏အလိုဖြင့်။ ကာယဒွါရပ္ပဝတ္တာ၊ ကာယ
ဒွါရ၌ဖြစ်သော၊ အဂမနီယဌာနဝီတိက္ကမစေတနာ။ မသွားလာအပ်
သောအရာတို့၌လွန်ကျူးကြောင်းဖြစ်သော စေတနာသည်။ ကာ
မေသုမိစ္ဆာစာရောမည်၏။ ။ငှင်း။ ။ထိုမိစ္ဆာစာရသည်။သီလ
စသောဂုဏ်ကင်းသော။ မသွားလာအပ်သောအရာ၌။နည်းသော
အပြစ်ရှိ၏။ ဂုဏ်ရှိသောသူ၌။ အပြစ်ကြီး၏။ ။သောပနေသ
မိစ္ဆာစာရော သီလာဒိဂုဏဝိရဟိတေအဂမနီယဋ္ဌာနေ အပ္ပသာ

ဝဇ္ဇော။ သီလာဒိဂုဏသမ္ပန္နေမဟာသာဝဇ္ဇော။ ။အဋ္ဌသာ
လိနီ။ ။ပန။အသုံးကား။ သောဇ္ဇေသဇ္ဇေသော မိစ္ဆာစာ ရော။ထိုမိစ္ဆာ
စာရသည်။ သီလာဒိ ဂုဏဝိရဟိတေ။ သီလစသောဂုဏ်မှ ကင်း
သော။အဂမနီယဋ္ဌာနေ။ မသွားလာအပ်သောအရာ၌။ အပ္ပသာ
ဝဇ္ဇော။ရှိ၏။သီလါဒိဂုဏသမ္ပန္နေ။သီလအစရှိသောဂုဏ်နှင့်ပြည့်စုံ
သောသူ၌။မဟာသာဝဇ္ဇော။ရှိ၏။ ။၄င်း။ ။အနုဋီကာ၌ကား။ ။အ
ဘိဘာဝိတ္ဗာဒိတိက္ကမနေမိစ္ဆာစာရောမဟာသာဝဇ္ဇော။ နတထာဥ
ဘိန္နံသမာနစ္ဆန္ဒဘာဝေ။ ။အဘိဘာဝိတ္ဗာ။ နှိပ်စက်၍။ဝိတိက္က
မနေ။လွန်ကျူးခြင်း၌။မိစ္ဆာစာရော။သည်။ မဟာသာဝဇ္ဇော။၏။
တထာ။ထိုမှတပါး။ဥဘိန္နံ။ နှစ်ယောက်သောသူတို့၏။သမာနစ္ဆန္ဒ
ဘာဝေ။တူသောအလိုရှိသောအဖြစ်သည်။ သတိ။ရှိသော်။နမဟာ
သာဝဇ္ဇော။ကြီးသောအပြစ်မရှိ။ ။၄င်း။ ။ဟုအနိုင်အထက်
နှိပ်စက်လွှမ်းမိုး၍။ လွန်ကျူးခြင်းမိစ္ဆာစာရသည် အပြစ်ကြီး၏။
နှစ်ဦးသဘော၊ လောဘဇောဆန္ဒတူမျှရ၌။ အပြစ်နည်းကြောင်း
လာ၏။ ။ဤအရာ၌၊ မာတုရက္ခိတာ။စသည်အပြား။မသွားလာ
အပ်သောဋ္ဌာနဟူသည်။ ။ဒသဣတ္ထိယော။ မာတုရက္ခိတာ။ပိ
တုရက္ခိတာ။ မာတာပိတုရက္ခိတာ။ ဘာတုရက္ခိတာ။ ဘဂိနိ
ရက္ခိတာ။ ဉာတိရက္ခိတာ။ ဂေါတ္တရက္ခိတာ။ ဓမ္မရက္ခိတာ။
သာရက္ခာ။သပရိဒဏ္ဍာ။ ။ဒသဘရိယာယော။ဓနက္ကီတာ။ဆန္ဒ
ဝါသိနီ။ဘောဂဝါသိနီ။ပဋဝါသိနီ။ဩဒပတ္တကိနီ။ဩဘဋစုမ္ဗဋာ၊
ဒါသီစဘရိယာစ။ ကမ္မကာရီစဘရိယာစ။ ဓဇာဟဋာ။ မုဟုတ္တိ
ကာ။ ။ဣတ္ထိယော။ မိန်းမတို့သည်။မာတုရက္ခိတာ။ အမိစောင့်
သောမိန်းမငယ်။ပိတုရက္ခိတာ။ အဘစောင့်သောမိန်းမငယ်။မာ
တာပိတုရက္ခိတာ။ အမိအဘစောင့်သောမိန်းမငယ်။ဘာတုရက္ခိ
တာ။ အကိုစောင့်သော မိန်းမငယ်။ ဘဂိနီရက္ခိတာ။ အစ်မညီမ
စောင့်သောမိန်းမငယ်။ဉာတိရက္ခိတာ။အဆွေအမျိုးစောင့်သော
မိန်းမငယ်။ ဂေါတ္တရက္ခိတာ။ အနွယ်စောင့်သောမိန်းမငယ်။ဓမ္မ
ရက္ခိတာ။ သတင်းသုံးဘော်စောင့်သောမိန်းငယ်။ သာရက္ခာ။ ခင်

စောင့် အရှောက်ရှိသောမိန်းမငှင်း။ သပရိဒဏ္ဍာ။ ဥစ္စာဒဏ်ထား
သောမိန်းမငှင်း။ ဇာတိ။ ဤသို့။ ဒသ။ ဆယ်ပါးတို့တည်း။ ။ဘရိ
ယာယော။ မယားတို့သည်။ ဓနက္ကီတာ။ ငွေဖြင့်ဝယ်အပ်သောမ
ယားငှင်း။ ဆန္ဒဝါသိနီ။ အလိုတူသဖြင့်။ ပေါင်းဖေါ်အပ်သောမ
ယားငှင်း။ဘောဂဝါသိနီ။ဆုံကျပွေ့စသောအိမ်၏။ အခေါ်အဦး
ကိုရ၍ပေါင်းသင်းအပ်သောမယားငှင်း။ ပဋဝါသိနီ။ ထမိန်အဝတ်
ကိုရ၍။ပေါင်းသင်းအပ်သောမယားငှင်း။ဩဒပတ္တကိနီ။တပေါင်း
တည်းရေခွက်နှိုက်လက်ကိုချ၍။ ဤရေကဲ့သို့။ မကွဲမပြားဖြစ်ကြ
ကုန်လောဟုဆို၍ သိမ်းဆည်းအပ်သော မယားငှင်း။ ဩဘဋစုမ္ဗ
ဋာ။ဦးခေါင်းမှခေါင်းရုကိုချ၍။ အိမ်နှိုက်နေထိုင်ပေါင်းသင်းအပ်
သောမယားငှင်း။ဒါသီစဘရိယာစ။ ကျွန်လည်းဖြစ်မယားလည်း
ဖြစ်သောမယားငှင်း။ကမ္မကာရီစဘရိယာ။ အမှုပြုလုပ်ရာနှစ်သက်
၍ပေါင်းသင်းအပ်သောမယားငှင်း။ဓဇာဟဋာ။ စစ်တမ်းခွန်သွင့်
ရာမှဆောင်ယူခဲ့၍ပေါင်းသင်းအပ်သောမယားငှင်း။မုဟုတ္တိကာ။
တခဏမျှပြည့်တန်းဆာမကဲ့သို့ပေါင်းသင်းအပ်သောမယားငှင်း။
ဇာတိ။သို့။ဒသ။ဆယ်ပါးတို့တည်း။ ။ငှင်း။ ။ဟူသောဝိနည်းပါ
ဠိတော်အရ။ မာတုရက္ခိတာစသောတကျိပ်။ ဓနက္ကီတာစသောတ
ကျိပ်၊ပေါင်းနှစ်ကျိပ်သောမိန်းမတို့ပင်တည်း။ မာတုရက္ခိတမှာ
ယောကျ်ားတပါးတို့နှင့်။ သွားလာလွန်ကျူးခြင်းမရှိစေရန်။ အမိ
သည်စောင့်အပ်သောမိန်းမ။ ။ပိတုရက္ခိတာမှာ။ ဤနည်းအတူ။
အဘသည်စောင့်အပ်သောမိန်းမ။ ။မာတာပိတုရက္ခိတမှာ။မိ
ဘနှစ်ပါးစုံစောင့်အပ်သောမိန်းမ။ ။ဘာတုရက္ခိတမှာ။ မောင်
ကြီးမောင်ငယ်စောင့်အပ်သောမိန်းမ။ ။ဘဂိနိရက္ခိတမှာ။အစ်မ
ညီမ စောင့်အပ်သောမိန်းမ။ ။ဉာတိရက္ခိတမှာ။ အဆွေအ
မျိုး၊စောင့်အပ်သောမိန်းမ။ ဂေါတ္တရက္ခိတမှာ။ အနွယ်စောင့်အပ်
သောမိန်းမ။ ။ဓမ္မရက္ခိတမှာ။သီတင်းသုံးဘော်တို့သည်။စောင့်
အပ်သောမိန်းမ။ ။သာရက္ခမှာ။ အစောင့်အရှောက်ထား အပ်
သောမိန်းမ။ကြောင်းလမ်းပြောဆိုအသျှင်ရှိစားရှိသောမိန်းမဟူ

လို။ ၊သပရိဒဏ္ဍာမှာ၊ ဤမိန်းမကို သွားလာသည် ရှိသော်။ ဤမည်သော ဥစ္စာဒဏ် ပေးစေဟူ၍။ မင်းတို့သည်၊ ဒဏ် ထားအပ်သောမိန်းမ။ ။နေက္က ိတမှာ၊ ဥစ္စာဖြင့်ဝယ်အပ်သောမိန်း၁။ ။ဆန္ဒဝါသိနီမှာ။ အလိုတူသဖြင့်။ ပေါင်းသင်းအပ်သောမိန်းမ။ ။ဘောဂဝါသိနီမှာ။ ဆုံကျည်ပွေ့ စသော၊ အိမ်၏အဆောက်အဦးဥစ္စာကိုရ၍။ပေါင်းသင်းအပ်သောမိန်းမ။ ။ပဋဝါသိနီမှာ။ ထဘီဘာက်စသောအဝတ်ကိုရ၍။ မယား၏အဖြစ်သို့ရောက်သောမိန်းမ။ ။ဩဒပတ္တကိနီမှာ၊ နှစ်ဦးသော သူတို့၏။ တပေါင်းတည်းရေခွက်နှိက်လက်ကိုချ၍။ ဤရေကဲ့သို့၊ နှိုးနှောမခြား။ မကွဲပြားဘဲ၊ဖြစ်ကြကုန်လောဟုဆို၍။ သိမ်းဆည်းယူအပ်သောမိန်းမ။ ။ဩဘဋစုမ္ဗဋာမှာ။ထင်းခွေမိန်းမစသည်တို့တွင် တယောက်ယောက်သော မိန်းမအား။ဦးခေါင်းမှ၊ခေါင်းချကိုချစေ၍။အိမ်၌နေထိုင်ပေါင်းအပ်သောမိန်းမ။ ။ဒါသိစဘရိယာစမှာ၊ မိမိ၏ကျွန်လည်းဖြစ်၊မယားလည်းဖြစ်သောမိန်းမ။ ။ကမ္မကာရိစဘရိ ယမှာ။ အိမ်၌နိုက်အခစားအမှုပြုလုပ်ရာ၊ နှစ်သက်၍။ ပေါင်းသင်းအပ်သောမိန်းမ။ ။ဓဇာဟဋာမှာ။စစ်တမ်းခွန်လွှင့်ရာ။ သူ့ဘပါးတို့၏၊တိုင်းနိုင်ငံမြို့ရွာ၊ နိဂုမ်းဇနပုဒ်ကို၊လုယက်ဖျက်ဆီးဆောင်ယူခဲ့၍။ပေါင်းအပ်သောမိန်းမ။ ။မုဟုတ္တိကမှာ။တခဏမျှ။ပြည့်တန်းဆာမများကဲ့သို့။ပေါင်းသင်းအပ်သောမိန်းမ၊ ။ဤနှစ်ကျိပ်သောမိန်းမတို့တွင်၊ ရှေးဖြစ်သောဆယ်ကျိပ်သော မိန်းမတို့၌။ နောက်ဆုံးသာရက္ခသပရိဒဏ္ဍာ မိန်းမနှစ်ယောက်တို့အားသာလျှင် ယောက်ျားတပါးတို့နှင့်သွားလာလွန်ကြူးရာ။မိမိတို့၏အတွေ့ကို အစိုးရသောအာဏာရှိသောကြောင့်။ ။ဋ္ဌမာသုဒသသုပဉ္စ ိမာနံ ဝိဒ္ဓမေဝပုရိသန္တရံဂန္တုံနမိစ္ဆာစာရောဟောတိ၊ ။ဟူသောပိနည်းအဋ္ဌကထာ။ ။ဋ္ဌမာသုဒသသု။ဤတကျိပ်သောမိန်းမတို့တွင်။ ပဉ္စိမာနံ၊နောက်နိုက်ဖြစ်ကုန်သော။ ပုရိသန္တရံ။ယောက်ျားတပါးသို့။ ဂန္တုံ။ သွားလာကုန်သော။ ဒွိန္နမေဝ။ နှစ်ယောက်သောမိန်းမတို့အားသာလျှင်။မိစ္ဆာစာရောသည်။ဟောတိ။၏။ ။

ငှင်း။ပဗ္ဗတိမာနံပ္ပိန္နန္တိ သာရေကွသပရိဒဏ္ဍါနံ။ မိန္တာစရောဟောတိ တာသာသာမိကာဘာဝတော။ ။ဟူသောသာရတ္တဒီပနိဋီကာ။ ။ ပဗ္ဗတိမာနံပ္ပိန္နန္တိ။ ဟူသည်ကား။သာရကွသပရိဒဏ္ဍာနံ။ အစောင့် အရှောက်ရှိသောမိန်းမ။ ဒဏ်ထားသော မိန်းမတို့အား။ မိန္တာစ ရော။သည်။ဟောတိ။၏။ကသ္မာ။ အဘယ်ကြောင့်နည်းဟူမူကား။ တာသံ။ထိုမိန်းမတို့အား။သာမိကာဘာဝတော။ အရှင်ပိုင်သောသူ ရှိသည်၏အဖြစ်ကြောင့်တည်း။ ။ငှင်း၊ ။ပဗ္ဗတိမာနံပ္ပိန္နန္တိသာ ရေကွသပရိဒဏ္ဍာနံ၊ မိန္တာစရောဟောတိတိတာသုဂတပုရိသာနံ ဝိယ တာသံပိမိန္တာစရော ဟောတိ။ သသာမိက ဘာဝတော။ ပဗ္ဗတိမာနံပ္ပိန္နန္တိ။ ။ဟူသည်ကား။ သာရေကွသပရိဒဏ္ဍာနံ။ တို့အား။ မိန္တာစရော။ မိန္တာစရသည်၊ ဟောတိ။ ၏။ဉာတိ။သို့။ တာသု။ ထိုမိန်းမ တို့နှိက်။ ဂတပုရိ သာနံဝိယ။ သွားလာ သော ယောကျ်ားတို့ကဲ့သို့။ တာသံပိ။ထိုမိန်းမတို့အားလည်း။ မိန္တာစ ရော။သည်။ ဟောတိ။၏။ ကသ္မာ။ ဟူမူကား။ သသာမိကဘာဝ တော။ အရှင်ရှိသည်၏ အဖြစ်ကြောင့်တည်း။ ။ငှင်း။ ။ဟူ သောဝိမတိဝိနောဒနိဋီကာတို့နှင့်အညီ။ မိန္တာစရ။ ကမ္ဗယာမြော် ၏၊ ။မာတုရက္ခိတာအစ၊ ဓမ္မရက္ခိတအဆုံး။ ၁၀ယောက်သော မိန်းမတို့အား။ မိမိတို့၏ အတွေ့ကို၊ အစိုးရသောသူ မရှိသော ကြောင့်။ ။နတ္ထိတရာသံ။ ။ဟူသောဝိနည်းအဋ္ဌကထာ။ ။န တ္ထိတရာသန္တိဉာတရာသံ မာတုရက္ခိတာဒီနံ အဇ္ဈန္နံပုရိသန္တရဂမ နေနတ္ထိမိန္တာစာရော။ တာသံအသာမိကာဘာဝတော။ ။နတ္ထိတ ရာသန္တိ၊ ဟူသည်ကား။ဉာတရာသံ၊သာရေကွ၊ သပရိဒဏ္ဍာမှတပါး ကုန်သော၊မာတုရက္ခိတာဒီနံ။မာတုရက္ခိတအစရှိကုန်သော၊ အ ဇ္ဈန္နံ၊၁၀ယောက်ကုန်သောမိန်းမတို့အား။ပုရိသန္တရဂမနေ။ယော် ကျားတပါးသွားလာခြင်း၌၊မိန္တာစာရော။သည်။နတ္ထိ။မရှိ။ကသ္မာ။ ကား၊တာသံ။ထိုမိန်းမတို့အား။အသာမိကာဘာဝတော၊ အရှင်မရှိ သည်၏အဖြစ်ကြောင့်တည်း၊ ။ငှင်း။ ။ဟူသောသာရတ္တဒီပ နိဋီကာ။ ။နတ္ထိတရာသန္တိမာတုရက္ခိတာဒီနံ၊အဇ္ဈန္နံ မိန္တာစာရော

နတ္ထိ။ အသာမိကတ္တာ။ ။နတ္ထိတရာသန္တိ။ ဟူသည်ကား။ မာတု
ရက္ခိတာဒီနံ။ ကုန်သော။ အဂ္ဂုန္နံ။ တို့အား။ မိတ္တာစာရော။ သည်။ နတ္ထိ။
မရှိ။ ကသ္မာ။ ကား။ အသာမိကတ္တာ။ တည်း။ ။ငင်း။ ။ဟူသော
ဝိမတိဝိနောဒနီ။ ဋီကါတို့နှင့်အညီ။ မိတ္တာစာရကမ္မပထမထိုက်။ ။ဤ
အရာ၌။ မိတ္တာစာရ ပြုကျင့်ကြသော၊ မိန်းမ၏အဖြစ်ဖြင့်တူလျက်၊
မှေးမှစ်သောက်သောမိန်းတို့အါ။ ကံမထိုက်။ နောက်နှစ်ယောံသော
မိန်းမတို့အားသာကံထိုက်လေသနည်း။ ။ယသ္မာ။ သာမိကသာသန္တ
ကံဖဿံ ထေနေတွာပရေသံအတ္ထိရတိ ဥပ္ပါဒေန္တိ။ တသ္မာမိတ္တာ
ဟာရော။ နစမာဘာ၊ ဒသောတာသိံဖဿနံ့ သချာတိ။ မာတာဒယော
ဟိ၊ အတ္တနော ဖဿာနုဘာဝန္တံ တာရက္ခန္တိ။ ကေဝလံအနာစာရံ
နိသေဓေန္တာ ပုရိသန္တရေ ဂမနံ တာသံ ဝါရေန္တိ။ ။ယိသ္မာ ။၏။
ယာ။ အကြင်မိန်းမသည်။ သာမိကသာ၊ လင်၏၊ သန္တကံ။ ဥစ္စာဖြစ်
သော။ ဖဿံ။ အတွေ့ကို။ ထေနေတွာ။ ခိုး၍၊ ပရေသံ။ တပါးသော
သောကျားတို့၏။ အတ္တိရတိ။ မွေ့လျော်ခြင်းကို။ ဥပ္ပါဒေန္တိ။ ဖြစ်စေ
ကုန်၏။ တာသံ။ တို့အား။ မိတ္တာစာရော။ သည်။ ဟောတိ။ ၏။ မာတာ
ဒယော။ အမိအစရှိသည်တို့သည်။ တာသံ။ ထိုမိန်းမတို့၏။ ဖဿာ။
တို့ကို။ နစ္ဆရာသရာ။ အပိုးလည်း။ ရကုန်၊ ဇာတိ၊ ကသ္မာ။ ထိုကြောင့်
တည်း။ ယိသ္မာ။ ၏၊ မာတာဒယော။ တို့သည်။ အတ္တနော။ မိမိ၏။
ဖဿာနုဘာဝန္တံ။ အတွေ့ကိုခံစားခြင်းငှာ၊ တာ။ ထိုမိန်းမတို့ကို။
နရက္ခန္တိ။ မစောင့်ရှောက်ကုန်၊ ကေဝလံ။ သက်သက်၊ အနာစာရံ။
လွန်ကြူးခြင်းကို။ နိသေဓေန္တာ။ မြစ်လျက်။ ပုရိသန္တရေ ဂမနံ။ ကို။
တာသံ။ တို့အား၊ ဝါရေန္တိ။ မြစ်ကုန်၏။ ။ငင်း။ ။ဟူသောသာ
ရတ္ထဒီပနီဋီကာ။ မိန့်မှာချက်အရ။ သာရက္ခသပရိဒဏ္ဍာ။ မိန်းမနှစ်
ယောက်တို့မှာ။ အပိုးပိုင်သော။ သာမိကရှိလျက်။ ထိုသူ၏သန္တက။
ဖဿကိုခိုး၍ လင်မှတပါး။ အခြားသောသူတို့အား။ မွေ့လျော်စေ
ဘိ။ ပေးကမ်းခိုသောကြောင့်။ ကံထိုက်လေ၏။ ။မာတုရက္ခိတာ
အစရှိသော။ ရှစ်ယောံသောမိန်းမတို့မှာကား၊ မိမိတို့၏အတွေ့ကို။
နေ့ညမလပ်။ မပြတ်စောင့်ရှောက်အပ်သော။ မိဘစသည်တို့သည်။ အဲ

စိုးမရကုန်။ယောက်ျားတပါး၊သွားလာဖျက်ဆီး။ဘိစီးနှိုင်စက်မည်
ကို။စောင့်ရှောက်သိမ်းပကား။ဖြစ်တားရုံသာဖြစ်သောကြောင့်။ ကံမ
ထိုက်လေ။ ။ခနက္ကတ်တစသော။ တကျိပ်သောမိန်းမတို့အား။သ
သာမိက ဖြစ်သောကြောင့်။မိစ္ဆာစာရ။ကမ္မပထထိုက်၏။ ။ဤ
ကား။မိန်းမတို့၏။ကံထိုက်မထိုက်ကိုပြဆိုရာဒ ဖြစ်တည်း။ ။
ယောက်ျားတို့အားကား။ အနာဝသေသ။ ဤနှစ်ကျိပ်သောမိန်းမ
တို့၌။သွားလာလွန်ကြူးခဲ့သော်။ ။ပုရိသာနံပန ဝီသတိယာ ဝိဇ
တာသု မိစ္ဆာစာရော ဟောတိ။ဟူသောအဋ္ဌကထာ။ ။ပန။အထူး
ကား။ပုရိသာနံ ယောက်ျားတို့အား။ ဝီသတိယာ၊ နှစ်ဆယ်သော။
ဝိတာသုပိ ထိုမိန်းမတို့၌လည်း မိစ္ဆာစာရော။သည်။ ဟောတိ။၏။
ငင်း။ ။မာတာဒီဟိ ယာတာ ပုရိသေန သဒ္ဓိံ သံဝါသံ နကပ္ပေတိ၊တ
ထာရက္ခိတတ္တာ ပရေသံ ရက္ခိတ ဂေါပိတံ ဖဿံ ထေနေတွာ ဖုဿ
ဘာဝတော။ ။မာတာဒီဟိ။တို့သည်။ပုရိသေန။နှင့်။သဒ္ဓိံ။တကွ။
သံဝါသံ။ပေါင်းဘော်ခြင်းသို့။နကပ္ပေတိယာတာ။ မပြုသကဲ့သို့။တ
ထာ။ထိုအတူ။ ရက္ခိတတ္တာ။ စောင့်ရှောက် အပ်သည်၏ အဖြစ်
ကြောင့်။ပရေသံ။သူတပါးတို့၏။ ရက္ခိတဂေါပိတံ။စောင့်ရှောက်
အပ်သော။ဖဿံ။ ကို။ထေနေတွာ။ခိုး၍။ဖုဿဘာဝတော။တွေ့ထိ
သည်၏အဖြစ်ကြောင့်တည်း။ ။ငင်း။ ။ဟူသောသာရတ္ထဒီပနီ
ဋီကာ။ ။ပုရိသာနံပန ပရေဟိဝါ တေ အတ္တနော အသန္တကေ ဌာ
နေ ပဝိဋ္ဌတ္တာ မိစ္ဆာစာရော ဟောတိ ဝေဒိတဗ္ဗော။ ။ပုရိသာနံ။တို့အား။ပရေ
ဟိဝါ။တပါးသောသူတို့သည်လည်း။အတ္တနော။၏။ အသန္တကေ။
ဥစ္စာမဟုတ်သော။ ဌာနေ၊ အရပ်၌။ ပဝိဋ္ဌတ္တာ။ ဝင်သည်၏ အဖြစ်
ကြောင့်။မိစ္ဆာစာရော။သည်။ ဟောတိ။၏။ဣတိ။သို့။ဝေဒိတဗ္ဗော။
၏။ ။ငင်း။ ။ဟူသောဝိမတိဝိနောဒနီဋီကာတို့နှင့်အညီ။ မိဘ
စသောသူတပါးတို့။ မခြားမလပ်။ စောင့်ထိန်းအပ်သော။ဖဿကို
ပင်။ကြည့်ရှုင်မနေသောလောဘစေ့ဖြင့်။စော၍ကိုယ်တွင်။ဖြစ်စေတင်
ဘိ။ခိုးတွေ့ထိသောကြောင့်။အဘိ စာရ။ကမ္မပထ ထိုက်၏။ ။
အလောင်းတော်မြတ်။မဟောသဓဇာတ်နှင့်၊ တက္ကသိလာ။ဒိသာ

ပါမောက္ခဆရာကြီးသည်။ အင်္ဂဝါသိက။ ဖေဒ္ဒအသီး။ တပည့်
ကြီးဖြစ်သော။ ဗိဂ်ုလ္လရလုင်အား။ ရူပကာယ။ လှပတင့်တယ်။ ရူ
ဘွယ်ဘနန်းရှိသောသွီးကို။ ထိမ်းမြားပေးအပ်။ လက်ထပ်လိုက်၍။
မိမိနေရာ။ မိမိလာပြည်သို့၊ ခေါ်ဆောင်ခဲ့ရာ။ သိရိစကာလကဏ္ဍာ
စ။ နသမေနွှကုဒါစနံ၊ ။ဟူသောဒေသနာအရ။ ဘုန်းအမြုတေ။
အသရေရှိသောသူ၊ မရှိသောသူ၊ နှစ်ဦးတို့သည်။ တခါတခါ။ ဇလ
ရမျ။ တကွပေါင်းသင်း။ ဆက်ဆံခြင်းငှါ။ အလျှင်းအခွင့် မသင့်မျှ
နိုင်ကြသော ကြောင့်။ မိမိလာပြည်၏အနီး၊ သဖန်းပင်ကြီး နိုက်။
တက္ကသိုလ်ဆရာကြီး၏သွီး။ ဘုန်းကြီးသောမိမိမယားကို။ ခွန့်ထား
ခဲ့ရာ။ မိမိလာနဂရ။ ဗိုင်သိုးနင်း။ ဝိဒေဟာရေဇာမင်းသည်။ ရိုးတွင်းထိ
မှု မေတ္တာမျှ၍။ နန်းမဒေဝီ၊ မဟောသိမိဘုရား၊ သိမ်းယူထား၏၊ ထို
သို့သားရာ မင်းကြီးမှာမူ။ မိဿာစာရ။ မဆိုရပြီလော၊ ။အဘက်
မကျဘုန်းမျှသော။ ဗိဂ်ုလ္လရလုင်သည်။ မခင်မချစ်ခွန့်ဖြစ်ခဲ့ပြီးဖြစ်
၍။ အသာမိကခေါ်ဆိုရသောကြောင့်။ မိမိလာသေဋ္ဌနင်း ပြည့်ရှင်
မင်းအား။ မိဿာစာရ။ မဆိုရပြီ။ ။ဤနည်းကိုထောက်၍၊ မာတု
ရက္ခိတ။ မိန်းမချားကို။ ခိုးယူထွက်သွားရာ မိဘစသောသူတို့က၊
အာလယသပြတ်။ မခွန့်အပ်သမျှ။ ကာလပတ်လုံး။ ခိုးသောသူအား
မိဿာစာရဖြစ်၏။ အာလယသပြတ်။ ခွန့်အပ်ပြီးမှ။ ထိုကစ၍။ မိဿာစာရ
မဖြစ်ရပြီ၊ ။ဤကာမေသုမိဿာစာရနိုက်၊ ပသောဂအားဖြင့်။ သာ
ဟတ္ထိကတပါးသာ၊ အဋ္ဌကထာတို့၌လာ၏၊ အာဏတ္တိကပယောဂ
ကိုမပြမဆို။ ထိုသို့ပင်မပြမဆိုသော်လည်း။ တပါးသော်သူကို။ ထို
ကာမေသုမိဿာစာရ။ သေဝနအရာ၌။ စေခိုင်းသောသူအား၊ ကမ္မပ
ထမဖြစ်သော်လည်း။ ဝိနည်းအဋ္ဌကထာ။ အဒိန္နာဒါန၊ အဝဟာရအ
ရာနိုက်။ ဆရာဖြစ်သောခမာန်းသည်။ တပည့်တို့အား။ အဝဟာရ။
အာဏတ္တနိုက်။ အကုသိုလ်ဖြာန္။ နိယောဇနကြောင့်။ ထုလ္လစ္စယတ်၊
အာပတ်ဖြစ်ဘိသကဲ့သို့။ အကပ္ပိယ။ သမာဒါနဖြစ်သောကြောင့်၊
အကုသိုလ်အဖြစ်မှာကား။ မလွတ်သင့်ချေ။ ။အင်္ဂါအားဖြင့်ကား
တသသစဏ္ဍာရောသန္တာရာ။ အဂမနိယဝတ္ထု၊ ဘသ္မိသေဝနစိတ္တံ။

သေဝနပယောဂေါ။မဂ္ဂေနမဂ္ဂပဋိပတ္တိအဓိဝါသနံ၊ ။တသ္မာ။ထို
မိစ္ဆာစာရ၏သမ္ဘာရ။ အင်္ဂါတို့သည်။အဂမနီယဝတ္ထု။ မသွား
လာအပ်သောဝတ္ထု၎င်း။ တသ္မိံ။၌။သေဝနစိတ္တံ။မှီဝဲလိုသောစိတ်
၎င်း။သေဝနပယောဂေါ။မှီဝဲလိုသောပယောဂ၎င်း၊မဂ္ဂေနမဂ္ဂပဋိ
ပတ္တိအဓိဝါသနံ၊မဂ်တပါးဖြင့်မဂ်တပါး သို့သွင်းခြင်းနှင့်သာယာ
ခြင်း၎င်း။ဣတိ၊သို့။စတ္တာရော၊လေးပါးတို့တည်း။

၎င်း၊ဟုအဋ္ဌသာလိနီအဋ္ဌကထာနှင့် ပြအပ်သောမသွားလာ
အပ်သောဝတ္ထု၏အဖြစ်၊ထိုဝတ္ထုနှင့်မှီဝဲလိုသောစိတ်ရှိသည်၏
အဖြစ်၊မှီဝဲခြင်းတည်းဟူသောလုလ္လ၏အဖြစ်၊မဂ်တပါးဖြင့်မဂ်တ
ပါးကိုကျင့်ခြင်းနှင့် သာယာသည်၏အဖြစ်တည်းဟူသော လေး
ပါးတို့တည်း၊ ။ဤအရာနှင့်၊စတ္တာရောသမ္ဘာရာ၊ဟူ၍အဋ္ဌကထာ
မိန့်မှာသောကြောင့်၊အနိုင်အထက်နှိပ်စက်၍ လွှမ်းမိုး၍၊ မာတုဂါမ
အား၊လွန်ကျူးရာနှင့် မဂ္ဂေနမဂ္ဂပဋိပတ္တိအဓိဝါသနံ၊ ရှိလျှင်က
လည်း။ ရှေးနှင့်ဖြစ်သော။သေဝနာဘိသန္ဓိ၊ ပယောဂလုလ္လမရှိ
သောကြောင့်၊အဘိဘုယျ၊ဆိုမိန့်အား။ မိစ္ဆာစာရမဖြစ်ဟု၊ဆရာ
တို့ဆိုကြောင်းနှင့်၊စတ္တာရောသမ္ဘာရာတိဝုတ္တတ္တာ အဘိဘဝိတွာ
ဝိတိက္ကမနေသတိပိမဂ္ဂေနမဂ္ဂပဋိပတ္တိအဓိဝါသနေ မှုရှိရာ၌သေဝ
နာဘိသန္ဓိပယောဂါ ဘာဝတော မိစ္ဆာစာရော နဟောတိ အဘိ
ဘုယျမာနဿာတိဝဒန္တိ၊ ။ဟုအနုဋီကာနှင့်လာ၏၊ ။စတ္တာရော
သမ္ဘာရာတိ၊ ဟူ၍၊ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်
ကြောင့်၊ အဘိဘဝိတွာ၊ နှိပ်စက်၍ ဝိတိက္ကမနေ၊ လွန်ကျူးခြင်း
သည်၊သတိပိ၊ရှိသော်လည်း၊ မဂ္ဂေနမဂ္ဂပဋိပတ္တိအဓိဝါသနေ၊မဂ်
တပါးဖြင့်မဂ်တပါးကို ကျင့်ခြင်းနှင့်သာယာခြင်းနှင့်၊ မှုရှိရာ၌
သေဝနာဘိသန္ဓိပယောဂါဘာဝတော ရှေး၌ဖြစ်သောမှီဝဲခြင်းအ
လိုပယောဂမရှိသည်၏အဖြစ်ကြောင့် အဘိဘုယျမာနဿ၊အနှိပ်
အစက်ခံရသောမိန်းမအား၊ မိစ္ဆာစာရော၊သည်၊နဟောတိ၊မဖြစ်၊
ဣတိ၊သို့ ဝဒန္တိ၊ဘုန်း၏ ။၎င်း ထိုသို့ဆရာတို့ဆိုကြသော
ကြောင့်၊သေဝနစိတ္တံ၊ရှိလျှင်ကမူ သေဝနပယောဂသည်၊ ပမာဏ

မဟုတ်သောကြောင့်၎င်း။ ယောက်ျားအားသာ။သေဝနပယောဂ။
ယေဘုယျအားဖြင့်ရှိသောကြောင့်၎င်း။ ယောက်ျား၏အစွမ်းဖြင့်
သာ။စတ္တာရောသမ္ဘာရာဟူသောစကားကို။ဥက္ကဋ္ဌနယအား ဖြင့်။အ
ဋ္ဌကထာဆရာ။ ဆိုတော်မူအပ်၏။ ။ထိုကြောင့်အနုဋီကာ၌ပင်။
သေဝန စိတ္တေသတိပယောဂါဘာဝေါနပမာဏံ။ ဇာတ္တိယာသေဝန
ပယောဂဿယေဘုယျေန အဘာဝတော။ပုရိသဿေဝဟိယေဘု
ယျေနသေဝန ပယောဂေါ ဟောတီတိဇာတ္တိယာ ပုရေတရံသေဝန
စိတ္တံ ဥပဋ္ဌပေတွာနိပ္ပန္နာသံပိမိဿာစတဿော နယိယာ အာပတ္တိ။ ။
တဿ ပုရိသဿ ဝသေန ဥက္ကံသတော စတ္တာရော သမ္ဘာရာတိ
ဝုတ္တာတိဒဋ္ဌဗ္ဗံ။ ။ဟုမိန့်အပ်၏။ ။သေဝနစိတ္တေ။ မှီဝဲလိုသော
စိတ်သည်။သတိ။ရှိသော်။ပယောဂါဘာဝေါ။သေဝနပယောဂမရှိ
သောအဖြစ်သည်။နပမာဏံ။ ပမာဏမဟုတ်။ကသ္မာ။ကား။ဇာတ္တိ
ယာ။၌။သေဝနပယောဂဿ မှီဝဲလိုသောပယောဂ၏။ယေဘုယျေန
များသောအားဖြင့်။အဘာဝတော။ကြောင့်တည်း။ ။ဟိသစ္စံ။၏။
ပုရိသဿေဝ။အားသာလျှင်။ယေဘုယျေနသေဝနပယောဂေါ။သည်။ဟော
တိ။၏။ဇာတိတသ္မာ။ ကြောင့်။ဇာတ္တိယာ။အား။ ပုရေတရံ။ရှေးဦးစွာ။
သေဝနစိတ္တံ။မှီဝဲလိုသောစိတ်ကို။ဥပဋ္ဌပေတွာ။ဖြစ်စေ၍။နိပ္ပန္နာသု
ပိ။အိပ်သော်လည်း။ မိဿာစတဿော။ သည်။နယိယာ။ရာ။ ဇာတိ။သို့
အာပတ္တိ။ရောက်၏။တဿ။ကြောင့်။ ပုရိသဿ။၏။ဝသေန။ဖြင့်။
ဥက္ကံသတော။လွန်သောအဘို့အားဖြင့်။စတ္တာရောသမ္ဘာရာတိ။ဟူ၍။
ဝုတ္တာ။၏။ဇာတိ။သို့။ဒဋ္ဌဗ္ဗံ။မှတ်အပ်၏။ ။၎င်း။ ။ညည့်ရိက်
အခါ။မိမိ၏မိန်းမ။နှင့်ညမလပ်။မပြတ်အိပ်သေါနေရာနိုက်။အဂမနီ
ယ။တပါးသော့မိန်းမအိပ်နေရာ။ ထိုအဂမနီယ။ မိန်းမကိုပင်။ဖော
ဋ္ဌဗ္ဗကာမစိုးပိုင်ရသော။မိမိ၏မိန်းမမှတ်ယင်ကြ၍။ သေဝနအမှု။ပြု
မိလေရာ။မိဿာစရ၊ကမ္ဘပထ။ထိုက်မထိုက်။အဘယ်သို့နည်း။ ။
တသ္မိံ သေဝနစိတ္တံ။ဟုဘဟူသောသဒ္ဒ။အထူးမရှိ။ပြဆိုသည်ဖြစ်
သောကြောင့်။ ဤအဂမနီယနိုက်။ မှီဝဲလိုသောစိတ်မရှိ။ဂမနီယ၌
သာ၊သေဝနစိတ်ရှိ၍ဟူလို။ ။သေဝနစိတ္တံ။ သမ္ဘာရကင်းသော်

လည်း။အဂမနီယဝတ္ထု။ သေဝနပယောဂ။ မဂ္ဂေနမဂ္ဂပဋိပတ္တိအဓိဝါသနသမ္ဘာရသုံးဖြာ၊အင်္ဂါတို့နှင့်ပြင်။ ။ဥက္ကံ သတောဂတ္တာရောသမ္ဘာရာတိရတ္တာတိဒဠှမ္ဗ။ ။ဟူသောအနုဋီကာကိုထော၍။ ။မိစ္ဆာစာရကမ္မပထအခွင့်။သင့်အံ့သို့ထင်၏။သို့သော်လည်း။အဋ္ဌကထာဋီကာတို့၌။သချာမိမိ။ မလာရှိသောကြောင့်။ စိစိစင်းစား၍။ယူကြပါလေ။ ။ဥဘတောဗျဉ္ဇန။ပုရိသသည်။တပါးသောယောကျ်ားနှိုက်။အားကြီးဗလဝ။ရာဂတည်းဟူသောအကြောင်းကြောင့်။ ပုရိသဘာဝ၊ မွေ့ကွယ်ပျောက်မိန်းမအဖြစ်သို့ရောက်သော်ထိုမိန်းမနှိုက်။သေဝနအမှု။ မှီဝဲခြင်းပြုက။ ကာမေသုမိစ္ဆာစာရ။ဝိနိစ္ဆယ။အဘယ်သို့ဖြစ်သင့်ပါသနည်း။ ဤနှိုက်လည်းကျမ်းဂန်တို့နှိုက်။တိုက်ရိုက်မလာ။ထိုသို့မလာသော်လည်း။ဥဘတောဗျဉ္ဇန။ထိုမိန်းမသည်။မာတုရက္ခိတာ။စသည့်အသွယ်သွယ်။ နှစ်ဆယ်သောမိန်းမတို့တွင်။မပါဝင်၍။ ယခင်ပြဆိုအပ်ခဲ့ပြီးသော။ အဂမနီယ။သမ္ဘာရမဟုတ်သောကြောင့်၎င်း။ ဣတ္ထိဘာဝမွေ့ရုပ်ကင်း။သို့ဖြစ်ခြင်းကြောင့်၎င်း။ယင်းကမ္မပထမှ။ အပြဖြစ်အံ့ထင်သည်။ ။ဤသုံးပါးတို့သည်။များသောအားဖြင့်။ကာယဒွါရမှဖြစ်သော။ မကောင်းသောအကျင့်။ ဖျက်ဆီးအပ်သောအကျင့်ဖြစ်သောကြောင့်။ ကာယဒုစရိုက်မည်ကုန်၏။ ။မုသာဝါဒမှာ။မဟုတ်မမှန်သောဝတ္ထုကို။ ဟုတ်မှန်သောအားဖြင့်။ သူတပါးကို။သိစေခြင်းငှါ။ အလိုရှိသောသူ၏။ ထိုသို့သောအခြင်းအရာအားဖြင့်။ကာယဝိညတ်။ ဝစီဝိညတ်ကို။ ဖြစ်စေကြောင်းဖြစ်သောစေတနာ။ အတထံဝတ္ထုံတထတောပရံ ဝိညာပေတုကာမဿ တထာဝိညတ္တိသမုဋ္ဌာပိကာစေတနာမုသာဝါဒေါ၊အဋ္ဌသာလိနီ။ ။အတထံ။မဟုတ်မမှန်သောဝတ္ထုံ။ဝတ္ထုကို။တထတော။ဟုတ်မှန်သောအားဖြင့်၊ပရံ။ သူတပါးကို။ဝိညာပေတုကာမဿ၊သိစေခြင်းငှါအလိုရှိသောသူ၏။တထာ၊ဝိညတ္တိသမုဋ္ဌာပိကာ။ ထိုသို့သောအခြင်းအရာအားဖြင့်၊ ကာယဝိညတ်ဝစီဝိညတ်ကိုဖြစ်စေတတ်သော၊စေတနာ။သည်။မုသာဝါဒေါ။မည်၏။ ။၎င်း။ ။ထိုမုသာဝါဒသည်၊ အကြောင်းအမှတ်မရှိသောအ

ကျိုးကိုဖျက်ဆီး၏။ထိုအကျိုး၏။နည်းသောကြောင့်။အဖြစ်နည်း၏။
ထိုအကျိုး၏ကြီးသောကြောင့်အဖြစ်ကြီး၏။ ။သောယမတ္တံဘဥ္စ
တိ။ တဿအပ္ပတာယအပ္ပသာဝဇ္ဇော။ မဟန္တတာယ မဟာသာ
ဝဇ္ဇော။ ။ငှင်း၊ ။သော။ထိုမုသာဝါဒသည်၊ ယမတ္ထံ။အကြင်အ
ကျိုးကို။ ဘဥ္စတိ။ဖျက်ဆီး၏။ တဿ။ ထိုအကျိုး၏။ အပ္ပတာယ။
နည်းသည်၏အဖြစ်ကြောင့်။အပ္ပသာဝဇ္ဇော၊ နည်းသောအပြစ်ရှိ၏။
မဟန္တတာယ၊ များသည်၏အဖြစ်ကြောင့်။မဟာသာဝဇ္ဇော။၏။ငှင်း
တနည်း။မိမိ၏ဥစ္စာကို။ပေးခြင်း၌အလိုမရှိ၍။မရှိ။ဤသို့စသည့်ဖြင့်
ဖြစ်သော၊မုသာဝါဒသည်၊ အပြစ်နည်း၏။မဟုတ်မမှန်။သက်သေပြု
လုပ်၍။ အကျိုးတရား၊ ပျက်ပြားစေခြင်း၌။ ဖြစ်သော မုသာဝါဒ
သည်။အပြစ်ကြီး၏။ ။အပိစဂဟဋ္ဌာနံအတ္တနောသန္တကံအဒါတု
ကာမတာယနတ္ထီတိအာဒိနယပဝတ္တောအပ္ပသာဝဇ္ဇော။သက္ခိနာ
ဟုတွာအတ္ထဘဥ္စနတ္ထံ။ဝုတ္တောမဟာသာဝဇ္ဇော။ ။ငှင်း။ ။အ
ပိစ။စင်စစ်သော်ကား။ဂဟဋ္ဌာနံ။လူတို့အား။ အတ္တနော။မိမိ၏။သန္တ
ကံ။ဥစ္စာကို။အဒါတုကာမတာယ။ပေးခြင်း၌အလိုမရှိသောအဖြစ်
ဖြင့်။နတ္ထိ။မရှိ။ဣတိအာဒိနယပဝတ္တော၊ ဤသို့အစရှိသောနည်းဖြင့်။
ဖြစ်သောမုသာဝါဒသည်။အပ္ပသာဝဇ္ဇော။၏၊သက္ခိနာ။မဟုတ်မ
မှန်သောသက်သေသည်။ဟုတွာ။ဖြစ်၍။ အတ္ထဘဥ္စနတ္ထံ။အကျိုး
ပျက်စီးခြင်း၌။ဝုတ္တော။ဆိုအပ်သောမုသာဝါဒသည်။ မဟာသာ
ဝဇ္ဇော။ကြီးသောအပြစ်ရှိ၏။ ။ငှင်း။ ။ဧဿပနသာမဏေရေနအဝိ
ဘဥ္စနဥပဿာယံပူရဿိသထာတိ။စသည်ဖြင့်။ဝိနည်းအဋ္ဌကထာ
နိုက်။အရှင်ဘုရား။တပည့်တော်၏ဥပဇ္ဈါယ်ဆရာကိုမြင်ပါကုန်၏
လောဟုသာမဏေကမေးရာ။ရယ်ဘွယ်သမှု။ပြက်ရယ်ပြုလိုသော
ကြောင့်။ရဟန်းက။သင်၏ဥပဇ္ဈာယ်ဆရာသည်။ထင်းလှည်းကိုက
၍။သွားသည်ဖြစ်လတံ့ဟူ၍ငှင်း။ ။တောနိုက်ဆူညံ။မြေခွေး
၏အသံကိုကြား၍။ သာမဏေက။ အရှင်ဘုရား။ ဤအသံကားအ
ဘယ်သူ၏ အသံပါနည်းဟုမေးရာ။ ရဟန်းက။ ဤအသံကားအ
ခြားမဟုတ်။ လှည်းယာန်ရထား။စီး၍သွားသော။ သင့်အမိ၏ဤ .

ညွှန်ပြောင်းနိုက် နစ်သောလှည်းဘီးကို၊ ကျဉ်းကုန်းသို့ပင်။ ထုတ်တင်ကြကုန်သော။ သူတို့၏အသံတည်းဟူ၍ငှင်း။ ။ပုရောဏက ထာနိုက်။ တယောက်သောရဟန်းသည်။ တခုသောရွာနိုက်၊ အနည်းငယ်မျှ။ ဆီကိုရ၍။ ကျောင်းသို့တဖန်။ ပြန်လာသည်ရှိသော်။ သာမဏေ။ သင်သည်။ ယနေ့အဘယ် မည်သော အရပ်သို့လှည့်လည်ကြက်စား။သွားလာသနည်း။ဆွမ်းခံရွာကြီး၊ ဆီအတိပြီး၏တကားဟူ၍ငှင်း။ချင်းတောင်းဗျတ်ခွက်နိုက်။ ထည့်လျက်ထားသောတခုသောမုန့်ပိုင်းကိုရ၍၊ ယနေ့၌အခါ၊ ငါတို့ရွာ၌၊ ချင်းတောင်းဗျတ်ခွက်တို့ဖြင့်။ မုန့်တို့ကိုပြည့်စေကုန်၏ဟူ၍ငှင်း။ ။ပြောဆိုခြင်းမရှိသောဝါဒသည်အပြစ်နည်း၏၊ မမြင်မကြားဘဲလျက်။ မြင်၏ကြား၏စသည်ဖြင့်။ ပြောဆိုခြင်းမရှိသောဝါဒသည်။ အပြစ်ကြီး၏ဟုလာ၏။ ။၌မရှိသောဝါဒသည်။ပယောဂအားဖြင့်။ ။ဧကောပသောဂေါသာဟတ္ထိကောင။ ။ဟုအဋ္ဌသာလိနီအဋ္ဌကထာနိုက်ပြအပ်သော။ သာဟတ္ထိကပယောဂ။ ထပါးသာတည်း။ ။ထိုသာဟတ္ထိကမရှိသောဝါဒသည်။ အဘယ်သို့သော အခြင်းအရာအားဖြင့်။ အဘယ်သို့သောအခါနိုက်ဖြစ်သနည်း။ ။မှုက်စိမှိတ်ခြင်း။ လည်ညိမ့်ခြင်းအစရှိသော၊ကိုယ်ဖြင့်ငှင်း။ ကိုယ်နှင့်စပ်သောတစုံ တခုသောဝတ္ထုဟုဆိုအပ်သော။ ကာသပဋိဗဒ္ဓဖြင့်ငှင်း။ နှုတ်ဖြင့်ငှင်း။ သူတပါးအား။ချွတ်ယွင်းသောစကားကို။ဆိုခြင်းတည်းဟူသောအမှုနိုက်ဖြစ်၏။ ။သောဏကာယေနဝါကာယပဋိဗဒ္ဓေနဝါဝါစာယဝါပရဝိသံဝါဒကကြိယာကရဏေဒဋ္ဌဗ္ဗော၊ ။အဋ္ဌသာလိနီ။ ။သောစ။ ထိုသာဟတ္ထိကမရှိသောဝါဒသည်လည်း။ကာယေနဝါ ငှင်း ကာယပဋိဗဒ္ဓေနဝါ ကိုယ်နှင့်စပ်သောဝတ္ထုဖြင့်ငှင်း။ ဝါစာယဝါ။ နှုတ်ဖြင့်ငှင်း။ပရဝိသံဝါဒကကြိယကရဏေ။သူတပါးတို့အား။ချွတ်ယွင်းခြင်းကို။ ဆိုခြင်းတည်းဟူသောအမှုအရာကိုပြုခြင်းဟူ၍။ဒဋ္ဌဗ္ဗော။၏။ ။ငှင်း။ ။ဝိနည်းအဋ္ဌကထာ၌ကား။ တိသမုဋ္ဌာနံကာယစိတ္တတော ဝါစာစိတ္တတော ကာယဝါစာစိတ္တတောစသမုဋ္ဌါတိ။ ဟုဖွင့်၏အတူတူပင်။ ။ကာယိက ဝါစာသိကထုတ်ပြမြွက်ကြား။တ

ပါးပါးကို၊ပိုင်းခြား၍မသိသော်၊ရသာဝါဒမဖြစ်။ ၊အလွန်နု့်လေး
သတိဝေးသောကြောင့်၊တွေးတောပြီးခါ၊ ကာလကြာမှ၊ သိခဲ့သော်
လည်းရသာဝါဒဖြစ်၏၊ထို့ကြောင့်အဋ္ဌသာလိနီအဋ္ဌကထာနှိုက်။
တာယာစေ ကိုယာယပရောတမတ္တံ ဇာနာတိ၊အယံကြိုယာသရဋ္ဌာပိ
ကာစေဘနာက္ခဏောယောဝရသာဝါဒကမ္မုနာဗဇ္ဈတိ။ ။ဟုမိန့်
တော်မူ၏။ ။တာသကြိသဒယ။ ထိုအမူအရာဖြင့်၊ပရော၊တပါး
သောသူသည်၊တမတ္တံ၊ထိုအကြောင်းကို၊ ဝေဇာနာတိ၊အကယ်
၍သိသည်ဖြစ်အံ့၊ကရိယာသရဋ္ဌာပိကာ၊ပြောကြားခြင်းအမူအရာ
ကိုဖြစ်စေတတ်သော၊ အယံ၊ ဤသူသည်၊ စေတနက္ခဏောယောဝ၊
ပြောကြားဆဲခဏနှိုက်သာလျှင်၊ ရသာဝါဒကမ္မုနာ၊ရသာဝါဒကံ
ဖြင့်၊ဗဇ္ဈတိ၊ဖွဲ့၏။ ။ငင်း။ ။ကာယကာယပဋိဗဒ္ဓဝါစာတို့ဖြင့်။
သူတပါးအား၊ ချွတ်ယွင်းသော စကားကိုဆိုရာ၊ သာဟတ္ထိကပ
ယောဂဖြစ်သကဲ့သို့၊ ထို့အတူဤမည်သောသူအား ပြောဆိုလေ
ဟုစေခိုင်းသော်ငင်း၊ ကမ္ပည်းရေး၍ ရှေ့နှိုက်ချွန်ထားသော်ငင်း၊
ဤသို့သောအနက်သဘောကို၊ ဤသို့မှတ်အပ်၏ဟု၊နံရံစသည်တို့
နှိုက် ရေးသား ထားသော်ငင်း၊ ပရိသံဝါဒက၊ ဖြစ်သင့် သော
ကြောင့်၊ အာဏတ္တိက၊နိဿဂ္ဂိယ၊ ထာဝရပယောဂတို့သည် သင့်
ကုန်၏၊ထိုသို့အခွင့်၊သင့်ပင်သင့်သော်လည်း၊ အဋ္ဌကထာတို့နှိုက်
မလာသောကြောင့်၊ ရှုးစမ်းဆင်ခြင်၍၊ယူအပ်ကြောင်းနှင့်။ ။
ယသ္မာပန ယထာကာယကာယ ပဋိဗဒ္ဓဝါစာယ ပရံဝိသံဝါဒေတိ။
တထာဣမဿဘဏာမိတိအာဏာပေန္တောပိ ပဏ္ဏံ လိခိတွာ ပုရ
တော နိဿဇ္ဇေန္တောပိ အယမ ထ္တောဝေ ဒဋ္ဌဗ္ဗောတိ ကုဋ္ဋာဒိသုလိ
ခိတွာထပေန္တောပိ။ ဧသ္မာဝွေအာဏတ္တိကနိဿဂ္ဂိယထာဝရာပိ
ပယောဂါယုဇ္ဇန္တိ။ အဋ္ဌကထာသုပန အနာဂတတ္တာ ဝိမံသိတွာဂ
ဟေတဗ္ဗာ။ ။ဟုအဋ္ဌသာလိနီအဋ္ဌကထာ၌လာ၏။ ။ပန၊အ
ထူးကိုဆိုဦးအံ့။ ။ယသ္မာ၊အကြင်ကြောင့်၊ ကာယကာယပဋိဗဒ္ဓ
ဝါစာယ၊ကိုယ်-ကိုယ်နှင့်စပ်သောစကားတို့ဖြင့်၊ ပရံ၊ကို၊ဝိသံဝါ
ဒေတိ သထာ၊ ချွတ်ယွင်းစေသကဲ့သို့၊တထာ၊တျ၊ ဣမဿ၊ဤသူ

အား။ဘာဏာမိ။ဆိုအံ့။ဉာတိ။ ဤသို့။အာဏာပေနွာပိ။ နေ့ခိုင်းသော်ငှင်း။ပဉ္စ။ ကမ္ဗည်းကို။လိခိတွာ။ ရေး၍ နိဿဇ္ဇနွာပိ။ စွန့်ပြစ်ထားသော်ငှင်း။ ဒူယာမွေဘာ။ ဤသို့သောအနက်ကို။ ဧဝံ။သို့ဒဠှမွော။မှတ်အပ်၏။ ဉာတိ။သို့။ကုဋ္ဌဒိသု။နံရံစသည်တို့နှိုက်။ လိခိတွာ။ရေး၍။ ထပေနွာပိ။ထားသော် ငှင်း။ တသ္မာ။ထိုသို့ပရုဝိဿံဝါဒကပြစ်သင့်သောကြောင့်။ဧတ္တ။ဤ အရာ၌။ အာဏတ္တိကနိဿဂ္ဂိယသာဝရပ်။ အာဏတ္တိကနိဿဂ္ဂိယ ထာဝရဖြစ်ကုန်သော။ ပဲသောဂါ၊ပယော ဂတို့သည်။ယုဇ္ဇန္တိ။သင့်ကုန်၏ ပန။ထိုသို့ပင်သင့်ကုန်သော် လည်း။ အဋ္ဌကထာသု။ အဋ္ဌကထာတို့နှိုက်။ အနာဂတတ္တာ။ မလာသည်အဖြစ်ကြောင့်။ ဝိမံသိတွာ။ရှုစမ်း၍။ ဂဟေ တဗ္ဗာ၊ယူအပ်ကုန်၏။ ။ဤလောကနှိုက်။တစုံတယောက်သော သူသည်။တပါးသောသူအား၊ ဝိသံဝါဒနမတက်။သက်သက်စင် ကြယ်သောစိတ်ဖြင့်၊ငါလာခဲ့အံ့။ ဤအမှုကိုပြုအံ့။ ဤမည်သောအ ရပ်သို့သွားအံ့စသည်ဖြင့် ပဋိညာဉ်စကား။ပြောကြားပြီးလျှင်။ နောင် မလာမပြုမသွားဘဲ။ဖေါက်ပြားချွတ်ရှင်းခဲ့သော်။မုသာဝါဒ။ကမ္မပ ထဖြစ်မည်လော။ ။ပုဗ္ဗေဝသဿပဟောတိမုသာမယာဘနိဿန္တိ ဘဏန္တဿပဟောတိမုသာဘဏာမိတိ၊ ဘဏိတဿပဟောတိမု သာမယာဘဏိတန္တိ။ ။ဟူသောဝိနည်းပါဠိတော်နှင့်အညီ။ပုဗ္ဗ ဘာဂ။ ရှေးကာလကငါသည် မဟုတ်မမှန်။ ဖေါက်ပြန်ချွတ်ရှင်း သောစကားကိုဆိုအံ့။ဆိုဆဲခဏနှိုက် လည်း။ငါသည်မဟုတ်မမှန် သောစကားကိုဆို၏။ဆိုပြီးကာလ၌လည်း။ ငါသည်မဟုတ်မမှန် သောစကားကိုဆိုပြီဟု။ မနသိကာရ။စိတ်ရှိမှသာ။ မုသာဝါဒဖြစ် ရသောကြောင့်။ ဝိသံဝါဒနမတက်။ သက်သက် စင်ကြယ်သော စိတ်ဖြင့်။ငါလာအံ့။ စသည်ဝန်ခံပြီးနောက်။ မလာမရောက်သော် လည်း။ မုသာဝါဒ ကမ္မပထမဖြစ်လေ။ ရဟန်းတို့မှာကား။ ထား သောပဋိညာဉ်။ဖေါက်ပြန်ခဲ့၍၊ဝိနယပညတ်။ဒုက္ကဋ်မျှသာဖြစ်၏။ ။ ပဋ္ဌာဝုဓ။ အမည်ရှိသောဘုရားလောင်းကို။ဘီလူးက စားမည်ဟု ဘမ်းရာ၊ ဘုရားလောင်းကလည်း။ ငါ၏ဝမ်းနှိုက်။ ကြီးစွာသော

လက်နက်ရှိ၏။ အကယ်၍ကား။ငါ့ကိုစားအံ့။ ထိုလက်နက်သည်။
သင်၏ခါးတွင်။ ပေါက်ထွင်း၍ သေရလတံ့ ဟု ဆို၏။ ထိုသို့ဆို
ရာ။ မုသာဝါဒ။ မဖြစ်ရပြီလော။ ပညာသတ္ထံ။ ဟုအဘိ ဓမ္မာပါ
ဠိတော်နှိက်။ ပညာကိုပင်လက်နက်၊ဟောသျှက်ရှိသောကြောင့်။
ဘုရားလောင်းသည်လည်း။ ထိုပညာကိုပင်။ ရှေးရှု ညွှတ်တွား။
ပြောကြား သော စကား ဖြစ်၍။ အဟုတ်ကေန်။ အမှန် ဖြစ် သော
ကြောင့်။မုသာဝါဒမဖြစ်လေ။ ။ထိုမုသာဝါဒ၏အင်္ဂါတို့သည်
ကား။ ။ဘသသစတ္တာရောသင်္ဂြာခုပေါ်ပ္ပိ။ အတထံဝတ္ထု။ဝိ
သံ ဝါဒနစိတ္တံ။ တဇ္ဇော ဝါယာမော။ ပရဿတဒတ္ထဝိဇာနနံ။ ။
တသ။ ထိုမုသာဝါဒ၏။ သင်္ဂြာရာ။ တို့သည်။ အတထံဝတ္ထု။မ
ဟုတ်မမှန်သောဝတ္ထုလည်း။ဝိသံဝါဒနစိတ္တံ။ချွတ်ယွင်းကြောင်းကို
ဆိုကြောင်းဖြစ်သောစိတ်လည်း။တဇ္ဇောဝါယာမော။ ထိုအားလျော်
သောလုံ့လလည်း။ ပရဿ။တပါးသောသူ၏ တဒတ္ထဝိဇာနနံ။ ထိုအ
နက်ကိုသိခြင်းလည်း။ဣတိ သို့။ စတ္တာရော။လေးပါးတို့တည်း။ ။
၎င်း။ ။ဟူ၍အဋ္ဌသာလိနီအဋ္ဌကထာနှိက်ပြအပ်သော။မဟုတ်
မမှန်သောဝတ္ထု။ ချွတ်ယွင်းခြင်းကိုဆိုကြောင်းဖြစ်သော စိတ်ရှိ
သည့်၏အဖြစ်။ထိုအားလျော်သောလုံ့လ။တပါးသောသူ၏။ထိုအ
နက်ကိုသိခြင်းတည်းဟူသော။ဤလေးပါးတို့တည်း။ ။ပိသုဏဝါ
စာမှာ သူနှစ်ယောက်တို့၏။ ကွဲပြားခြင်း၌၎င်း။မိမိအားချစ်ခြင်း
၌။အလိုရှိသည်၏အဖြစ်ဖြင့်၎င်း။ ကာယဝစီ။ နှစ်လီသောပယော
ဂကိုဖြစ်စေတတ်သော။မဖြူမစင်။ အလွန်ပင် ညစ်ညူးသောစိတ်
ရှိသောသူ၏စေတနာ။ ။သံကိလိဋ္ဌစိတ္တဿပရေသံဝါဘေဒါ
ယအတ္တနော်ပိယကမျတာယဝါကာယ ဝစီပယောဂ သမုဋ္ဌာပိကာ
စေတနာပိသုဏာဝါစာ။ ။အဋ္ဌသာလိနီ။ ။သံကိလိဋ္ဌစိတ္တဿ၊
ညစ်ညူးသော စိတ်ရှိသောသူ၏။ ပရေသံ။ တပါးသောသူတို့၏။
ဘေဒါယဝါ။ ကွဲပြားခြင်း၌၎င်း။ အတ္တနော။မိမိအား။ ပိယကမျ
တာယဝါ။ချစ်ခြင်း၌အလိုရှိသောအဖြစ်ဖြင့်၎င်း။ ကာယ ဝစီပ
ယောဂသမုဋ္ဌာပိကာ။ ကာယဝစီ။ နှစ်လီသောပယောဂကိုဖြစ်စေ

တတ်သော။စေတနာ။သည်။ပိသုဏာဝါစာ။မည်၏။ ။၎င်း။ ။
ပေသုညံ နာမ ဣဓဟာ ကာရေဟိ ပေသုညံ ဟောတိ။ ပိယကမျှ
သဿပါတေဒါဓိပ္ပာယဿဝါ။ ။ဝိနည်းပါဠိတော်။ ။ပေ
သုညံ နာမ။ မည်သည်ကား။ဣဓဟာကာရေဟိ။ နှစ်ပါးသောအကြောင်း
အရာတို့ဖြင့်။ပေသုညံ။ချောပြစ်ခြင်းသည်။ဟောတိ၏။ ပိယကမျှ
သဿဝါ။မိမိအားချစ်ခြင်းငှါအလိုရှိသောအဖြစ်၏၎င်း။ဘေဒါဓိပ္ပါ
ယဿဝါ။ ကွဲပြားခြင်းငှါအလိုရှိသောသူ၏ ၎င်း။ဇူတိ။ သို့။ဣဓဟာ
ကာရေဟိ။။ဖြင့်။ ။၎င်း။ ။ပိယကမျှသဿဝါတိဣဝံ ဟာံ
တဿပိယောဘဝိဿာမီတိ အတ္တနောပိယဘာဝပတ္ထယမာနဿ
ဝါ။ဘေဒါဓိပ္ပါယဿဝါတိဧဝံမယံဧတေနသဒ္ဓိံဘိန္နာဧဿတိဣပ
ရဿပရေနဘေဒံ အာကင်္ခတဿဝါ။ ။၎င်းအဖွင့်အဋ္ဌကထာ။ ။
ပိယကမျှသဿဝါတိ။ဟူသည်ကား။ ဧဝံ။ဤသို့ပြုသည်ရှိသော်။အဟံ။ငါ
ကို။ဧတဿ။ထိုသူသည်။ပိယော။ချစ်အပ်သည်။ဘဝိဿာ
မိ။ဖြစ်သတံ့။ဇူတိ။သို့။အတ္တနော။ အား။ပိယဘာဝပတ္ထယမာနဿ
ဝါ။ ချစ်သောအဖြစ်ကိုတောင့်တသော သူအား၎င်း။ ဘေဒါဓိပ္ပါ
ယဿဝါတိ။ဟူသည်ကား။ဧဝံ။သော်။အယံ။ ဤသူသည်။ဧတေ
န။နှင့်။သဒ္ဓိံ။ကွ။ ဘိန္နော ဘဝိဿတိ။ကွဲလတံ့။ဇူတိ။ သို့။ပရဿ။တပါး
သော သူအား။ ပရေန။ နှင့်။ဘေဒံ။ ကွဲပြားခြင်းကို။ အာကင်္ခန္တဿ
ဝါ။အလိုရှိသောသူအား၎င်း။ ။၎င်း။ ။ပရဘေဒ။အတ္တပိယက
မျှ။သံကိလိဋ္ဌစိတ်ဖြင့်။ ကာယဝစီ။နှစ်ထီသော ပယောဂ။ ဖြစ်စေ
ကာမျှနိုက်။ကမ္မပထထိုက်အံ့လော။ ။ဤသို့ဖြစ်စေကာမျှနိုက်။
ကမ္မပထ မထိုက်သေး။ သူနှစ်ယောက်တို့၏။ မုန်းထားအချက်။ ကွဲ
ပျက်မှသာ။ အပါသဂမနိယ။ ကမ္မပထထိုက်၏။ ။ပရေနပနအ
ဘိန္နေကမ္မပထဘေဒေါနတ္ထိ။ဘိန္နေဧဝဟောတိ။ ။အဋ္ဌသာလိနီ။ ။
ပန။အထူးကား။ပရေ။တပါးသောသူသည်။အဘိန္နေ။မကွဲသည်ရှိ
သော်။ကမ္မပထဘေဒေါ။ကမ္မပထဘေဒသည်။နတ္ထိ။မရှိ၊ဘိန္နေဧဝ
ကွဲပြားသော်သာလျှင်။ ဟောဒိတိ။ဖြစ်၏။ ။သာပိဒွိသုဘိန္နေသု
ယောဝကမ္မပထော။ ။အဘိဓမ္မတ္ထဝိဘာဝနီဋီကာ။ ။ရုံးရင်းဟော

ရမ်း။ကြွမ်းတမ်းအုံ့ခွဲ။ ဆဲရေးတိုင်းထွာသောသူ တယောက်ကိုငှ်း၊ ဆဲရေးတိုင်းထွါ။ထိုအရာကို။ကောင်းစွာသည်းခံသောသူတယောက် ကိုငှင်းမြင်၍။သည်းခံသောလူ။သူ၏အပါးသို့ကပ်၍၊ ဆဲရေးသော သူကား။အလွန်တရာ။များစွာလွန်မင်း။ အရှက်ကင်း၏။ဤသို့ခမ နှ။သဘာဝရှိသောသင်ကို။ ဆိုအပ်၏ဆဲရေးအပ်၏ဟု။ မှတ်ထင် ဘိ၏။ဤသို့ဘေဒါဒိပ္ပာယ၊အတ္တပိယ။ကမျမဘက်။ သက်သက်မ ကောင်းမှုကို။ကဲ့ရဲ့လိုသည်၏အဖြစ်ကြောင့်ဆိုသောသူအား။ပိသုံ ဏဝါစာမဖြစ်လေ။ ။အာနာပတ္တိနပိယကမျဿ နဘေဒါဒိပ္ပာ ယဿ။ ။ဝိနည်းပါဠိတော်။ ။နပိယကချဿနဘေဒါဓိပ္ပာ ယဿာတိကော်အက္ကောသန္တံ ကေဠခမန္တံ ဓိသွာ အပေဟာနိလ္လဇ္ဇော ဤဓိသမ္ဘိနာမဘာဝန္တံ ပုနဝတ္တဗ္ဗံ မညိသာတိတိဝေံကေဝလံ။ ပါပ ဂရဟိတာယာဘာန္တံ ဿအနာပတ္တိ။ငှင်းအဖွင့်အဋ္ဌကထာ။ ။နပိ ယကမျဿနဘေဒါဓိပ္ပာယဿာတိ။ဟူသည်ကား။ကော်။တယော သော။ အက္ကောသန္တံ ဆဲရေးသောသူကိုငှင်း။ကော်။သော။ခမန္တံ သည်းခံသောသူကိုငှင်း။ဓိသွာ။၍။အပေဟာနိလ္လဇ္ဇော။ဖြွမ်။အရှက် မရှိစွတကား။ ဤဓိသမ္ဘိနာမ။ ဤသို့သဘော ရှိသည်လည်း ဖြစ် သော။ဘာဝန္တံ။သင်ကို။ပုန။တဖန်။ဝတ္တဗ္ဗံ။ ဆိုအပ်၏ဟု။မညိသာ တိ။မှတ်ထင်လတံ့။ဇာတိဝေံ။သို့။ကေဝလံ။ သက်သက်။ပါပဂရ ဟိတာယ။မကောင်းမှုကိုကဲ့ရဲ့လိုသည်၏အဖြစ်ကြောင့်။ ဘာဏန္တ ဿ။ဆိုသောရဟန်းအား။အာနာပတ္တိ။မသင့်။ ။ငှင်းအနက်။ ။ ထိုပိသုဏဝါစာသည်၊အကြင်သူအား။ကွဲပြားအောင်ပြုလုပ်။အား ထုတ်၏။ ထိုသူ၏နည်းသောဂုဏ်ရှိသောကြောင့်။ အပြစ်နည်း၏။ ကြီးသောဂုဏ်ရှိသောကြောင့်အပြစ်ကြီး၏။ ။သာယဿဘေဒံ ကရောတိ။တဿအပ္ပဂုဏတာယအပ္ပသာဝဇ္ဇော။ မဟာဂုဏတာ ယမဟာသာဝဇ္ဇော။ ။အဋ္ဌသာလိနီအဋ္ဌကထာ။ ။သာ။ထိုပိ သုဏဝါစာသည်။ယဿ။အား။ဘေဒံ။ကွဲပြားခြင်းကို။ကရောတိ။ ပြု၏။တဿ။၏။အပ္ပဂုဏတာယ။နည်းသောဂုဏ်ရှိသည်၏ အဖြစ် ကြောင့်။အပ္ပသာဝဇ္ဇော။၏။ မဟာဂုဏတာယ။ကြောင့်။မဟာသာ

ဝဏ္ဏော။ကြီးသောအပြစ်ရှိ၏။ ။၄င်း။ ။ဤပိသုဏာဝါစာနှင့်။
ပယောဂမလာ။လာသော်လည်း။ ကာယဝစီပယောဂသမုဋ္ဌာပိ
ကာ။ ဟူသောအဋ္ဌကထာကိုထောက်၍၊ သာဟတ္ထိက။ပယောဂ
ပင်။ ။အင်္ဂါအားဖြင့်ကား။ ။တဿစတ္တာရောသမ္ဘာရာ။ဘိန္ဒိ
တဗ္ဗောပရော။ ဇာတိဇာမေနာနာဘာဝ ဝိဿဇ္ဇိ တိ ဘေဒပုရေက္ခာရတာ
ဝါ။ဇာတိအဟံ ပိယောဘဝိဿာမိဝိဿာသိကောတိပိယကမျတာ
ဝါ။တဇ္ဇောဝါယာမော။တဿတဒတ္ထဝိဇာနနံ။ ။တဿ။ထိုပိသု
ဏာဝါစာ၏။သမ္ဘာရာ။တို့သည်။ဘိန္ဒိတဗ္ဗော။ခွဲအပ်သော။ပရော။
တပါးသောသူကို။ဇာတိ၊ဤသို့ဆိုသည်ရှိသော်။ဇာမော။တို့သည်။နာ
နာ။အသီးအသီး။ဘဝိဿန္တိ။ကုန်လတံ့။ဇာတိ။သို့။ဘေဒပုရေက္ခာ
ရတာဝါ။ ကွဲပြားခြင်းကိုရှေးရှုသောအဖြစ်၄င်း။ ဇာတိ။သော်။ အ
ဟံ။ငါသည်။ပိယော။ချစ်အပ်သည်။ဝိဿာသိကော။ အကျွမ်းဝင်
သည်။ဘဝိဿာမိ။ ဖြစ်လတံ့။ဇာတိ။သို့။ပိယကမျတာဝါ။ ချစ်ခြင်း
ဌာအလိုရှိသောအဖြစ်ဖြင့်၄င်း။တဇ္ဇောဝါယာမော။ထိုအားလျော်
သောလုလ္လ၄င်း။တဿ။ထိုပြောကြားအပ်သောသူ၏။တဒတ္ထဝိဇာ
နနံ။ထိုအနက်ကိုသိခြင်း၄င်း။ဇာတိ။သို့ စတ္တာရော။တို့တည်း။ ။
၄င်း။ ။ဟုအဋ္ဌသာလိနီအဋ္ဌကထာနှင့် ပြုအပ်သော။ဤသို့ငါဆို
သည်ရှိသော်။ဤသူတို့သည်။ အသီးအခြားကွဲပြားကုန်လတံ့ဟု။
ကွဲပြားခြင်းကို။ ရှေးရှုသည် ၏အဖြစ်။ ဤသို့ပြောဆိုရသော် ငါ
သည်ချစ်အပ်သည်။ နှုံးသက်လွန်မင်း။ အကျွမ်းဝင်သည်ဖြစ်လ
တံ့ဟု ချစ်ခြင်းဌာ အလိုရှိသည်၏အဖြစ်။ ထိုအားလျော်သော
လုလ္လပြောအပ်သောသူ၏။ ထိုအနက်ကိုသိခြင်း။ ဤသို့အားဖြင့်
လေးပါးတို့တည်း။ ။ဖရုသဝါစာမှာ။ရုံးရင်းပေါ့ရမ်း။ ကြမ်း
ထမ်းသောစကားကို။ ပြောဆိုကြောင်းဖြစ်သောစေတနာ။ ။ပ
ရဿမမ္မစ္ဆေဒကကာယဝစီပယောဂသမုဋ္ဌာပိကာစေတနာ ဖရုသ
စေတနာဖရုသဝါစာ။ ။အဋ္ဌသာလိနီ။ ။ပရဿ။တပါးသော
သူ၏။ မမ္မစ္ဆေဒကကာယဝစီပယောဂသမုဋ္ဌာပိကာ။စိတ်၏ကြင်
နာခြင်းကိုဖြတ်တတ်သောကာယပယောဂဝစီပယောဂကိုဖြစ်စေ

တတ်သော။ ဧကန္တဖရုသစေတနာ။ စင်စစ်ကြမ်းထမ်းသောစေတ
နာသည် ဖရုသဝါစာ။ ဖရုသဝါစာမည်၏။ ။၎င်းအနက်။ ။ဤမမ္မ
စ္ဆေဒက။ ဟူသောအဋ္ဌကထာနှိုက်။ မမ္မဟူသည်။ ရုဠှီအားဖြင့်။
ကြမ်းထမ်းသောအမာပင်။ ထိုအမာနှင့်တူသည်၏ အဖြစ်ကြောင့်။
ဇာတိစသော။ ဆယ်ပါးသော အက္ကောသဝတ္ထုသည်။ ဥပစာရအား
ဖြင့်။ မမ္မမည်၏။ ကြမ်းထမ်းသောအမာသည်၊ တစုံတခုသောဝတ္ထု
တို့နှိုက်။ ထိခိုက်သည်ရှိသော်။ စိတ်သည်အဓိမတ္တဒုက္ခပတ္တ ဖြစ်သ
ကဲ့သို့။ ထိုအတူ အက္ကောသဝတ္ထုတို့သည်။ ဖရုသဝါစာနှင့်ထိခိုက်
ကုန်သည်ရှိသော်။ စိတ်သည်။ အဓိမတ္တဒုက္ခပတ္တဖြစ်၏ဟူလို။ ။
ဤနှိုက်ဖရုသဝါစာသည်။ တေနခေါ ပန သမယေန ဆဗ္ဗဂ္ဂိယာဘိက္ခူ
ပေသလေဟိ ဘိက္ခူဟိ သဒ္ဓိံ ဘဏ္ဍန္တာ ပေသလေ ဘိက္ခူ ဩမ
သန္တိ ဇာတိယာပိ။ နာမေနပိ။ ဂေါတ္တေနပိ၊ ကမ္မေနပိ။ သိပ္ပေနပိ။ အာ
ဗာဓေနပိ။ လိင်္ဂေနပိ။ ကိလေသေနပိ။ အာပတ္တိယာပိ၊ ဟီနေနာပိ။ ဂေါ
တ္တေနပိ၊ အက္ကောသေန။ ခုံသေန္တိ။ ဝမ္ဘေန္တိ။ ။ဟူသောဝိနည်းပါ
ဠိတော်။ ။တေနခေါ ပန သမယေန။ နှိုက်။ ဆဗ္ဗဂ္ဂိယာ။ ဆဗ္ဗဂ္ဂီဖြစ်
ကုန်သော။ ဘိက္ခူ။ တို့သည်။ ပေသလေဟိ။ သီလကိုချစ်ကုန်သော။
ဘိက္ခူဟိ။ တို့နှင့်။ သဒ္ဓိံ။ ကွ။ ဘဏ္ဍန္တာ။ ငြင်းခုံကြသည်ရှိသော်။
ပေသလေ။ ကုန်သော။ ဘိက္ခူ။ ရဟန်းတို့ကို။ ဇာတိယာ။ ဇာတ်အား
ဖြင့်လည်း။ ဩမသန္တိ။ ဆဲရေးကုန်၏။ နာမေနပိ။ အမည်အားဖြင့်
၎င်း။ ဂေါတ္တေနပိ။ အနွယ်အားဖြင့်၎င်း။ ကမ္မေနပိ။ အမှုအားဖြင့်၎င်း
သိပ္ပေနပိ။ အတတ်အားဖြင့်၎င်း။ အာဗာဓေနပိ။ အနာအားဖြင့်၎င်း။
လိင်္ဂေနပိ။ အသွင်အားဖြင့်၎င်း။ ကိလေသေနပိ။ ကိလေသာအားဖြင့်
၎င်း။ အာပတ္တိယာပိ။ အာပတ်အားဖြင့်၎င်း။ ဟီနေန။ ယုတ်သော။
အက္ကောသေနပိ။ ဆဲရေးခြင်းဖြင့်လည်း။ ခုံသေန္တိ။ ဆဲရေးကုန်၏။
ဝမ္ဘေန္တိ။ နှိပ်စက်ကုန်၏။ ။၎င်း။ ။ဩမသန္တီတိ ဩဝိဇ္ဈန္တိ။
ခုံသေန္တိ အက္ကောသန္တိ။ ဝမ္ဘေန္တီတိ ပံသေန္တိ။ ။ဟူသော
၎င်းအဋ္ဌကထာတို့နှင့်အညီ။ ဇာတိနာမ၊ စသောအက္ကောသဝတ္ထု
တို့ဖြင့်။ နှုတ်လှန်ထိုး၍ဆဲရေးပျက်စီးကြောင်းစေတနာကြောင့်ဖြစ်

သော။ကြမ်းထမ်းသောစကားပင်။ ဖရုသဝါစာကိုပြောဆိုရာ။ အဋ္ဌ
သာလိနီအဋ္ဌကထာနှိက်။ဖရုသစေတနာပေ။ သာမညသာ။ မဆိုပါ
ဘဲ။ကေန္တဖရုသစေတနာဟူ၍။ ကေန္တသဒ္ဒါနှင့်။ အထူးပိုသေသ
မ ၍ဆိုသော ကြောင့်။ ကြမ်းထမ်းသော စိတ်ကို။ ပဓာနပြု၍ ဖြစ်
သောဖရုသစေတနာကိုသာအလိုရှိအပ်၏ဟု။သိစေခြင်းငှါဆိုအပ်
၏။ထို့ကြောင့်မမ္မစ္ဆေဒက။ပယောဂပင်ဖြစ်လျှင်ကစား။စိတ်စေတ
နာ။လွန်စွာနူးညံ့မူ။ ဖရုသဝါစာမဖြစ်။ ။ဝေ မမ္မစ္ဆေဒကောပိ
ပယောဂေါပိ စိတ္တသဏှတာယ ဖရုသဝါစာ နဟောတိ။ ။အဋ္ဌသာ
လိနီ။ ။ဝေ ။သို့။မမ္မစ္ဆေဒကောပိ။ စိတ်၏ကြင်နာခြင်းကိုဖြတ်
တတ်သည်လည်းဖြစ်သော။ ပယောဂေါ။သည်။ စိတ္တသဏှတာယ။
စိတ်နူးညံ့သည်၏အဖြစ်ကြောင့်။ဖရုသဝါစာ။ သည်။ နဟောတိ။
မဖြစ်။ ။ငင်း။ ။နဟိ စိတ္တသဏှတာယ ဖရုသဝါစာ နဟောတိ။
အဘိဓမ္မတ္ထဝိဘာဝနီဋီကာ။ ။ဟိ သစ္စံ ။မှန်၏။ စိတ္တသဏှတာယ။
စိတ်နူးညံ့ သည်၏အဖြစ်ကြောင့်။ဖရုသဝါစာ။ ဖရုသဝါစာသည်
နဟောတိ။မဖြစ်။ ။ငင်းအနက်။ ။ငင်းအဋ္ဌကထာဋီကာတို့
အရ။၌လောကနှိုက်။မိဘတို့သည်။ ဟိတေသိတာ။ ကာရုညဝေ ရား
ဖြင့်။ သားသမီး တို့အား။ မြက်တားဆုံးမ။ ဩဝါဒနှိုက်။ သောတမ
စိုက်။မလိုက်မနာရှိခဲ့သော်။ သင်ပေါက်မသား။ နင်တို့အားကို များ
ပြားသောခိုးသူ။ လူဆိုးခားပါ။ဟူဟူသမျှတို့သည်။ နိုင်ဆက်ဝန်း
ဝိုင်း။ အပိုင်းပိုင်းအ ဖြတ်ဖြက်။ဖြတ်ပါစေသတ်ပါစေ။ ကျေးကိုက်
ဆင်ဆိုး။ထိုး၍သေပါစေစေသည့်ဖြင့်။ ဘုန်းထွေ ရေရွတ်။ပြောဆိုကြ
ကုန်၏။ထိုသို့ဆိုသော်လည်း။အဋ္ဌမိဋ္ဌ အာဟာစ္စတိဋ္ဌတဲ။ ။ဟူသော
ခဋ္ဌကအဋ္ဌကထာ ဖွင့်မှ ချက်အရ။ သားသမီးတို့အား။ချစ်ခင်ခြင်း
သည်။ရိုးတွင်းချင်ဆီထိ။ အားကြီး ဘဲ ရကား။ ထိုသားသမီးတို့၏
အသက်နှိုက်။ ကြာဘဲ့ကိုမျှကျေခြင်းငှာအလိုမရှိ၍။ မိဘတို့၏
စိတ်သည်။ သိမ်မွေ့နူးညံ့ သောကြောင့်။ ပြောဆို ခွက်ကြား။
စကားပင်ကြမ်းသော်လည်း။ ဖရုသဝါစာမဖြစ်။ ။ထိုပုံအမြွက်
သက်သေ့သတ္တုကြားတယောက်သောသူငယ်သည်။ အမိဖြစ်တား

စကားကိုမလိုက်ဘဲ။တောအရပ်သို့။လှည့်ပတ်သွားခဲ့သော်။ ထိုအခါအမိသည်။ကြမ်းထမ်းစွာလှ။ဘောကျွဲမသည်။ ထ၍နင့်ကိုလိုက်ပါစေဟူ၍။ ကြမ်းဆဲလိုက်၏။သူငယ်အား။ တောရပ်ဌာနရောက်လတ်သောကာလနှိက်။ ကျွဲမကြီးသည်။ မနီးမကွာ။လျှင်စွာခဏ။ အမိဆိုတိုင်းဘလေ၏။ ထိုအခါ သူငယ်သည်။ ထုတ်ဘော်မြွက်ကြား။အကြင်စကားကို။ငါ၏အမိသည်ဆို၏။ ထိုစကားအတိုင်းမဖြစ်စေသတည်း။ အမိစိတ္တ။ ကြံသမျှသာ။ ဖြစ်စေသတည်းဟု။သစ္စာပြု၏။ထိုအခါကျွဲမကြီးသည်။တည်ရာဌာနနှိက်သာ။ ကြိုးတို့ဖြင့်ဖွဲ့ချည်သခဲ့သို့တည်နေ၏။ဤငတ္ထုနှိက်။ စိတ်ကြံသမျှအတိုင်းဟူသည် အမိစိတ်မှာ ကျွဲမလိုက်စေလိုသောအချင်းအရာမရှိ။နှုံးည့်သည်ဟူလို။သာသနာနှိက်လည်း။ ဆရာဥပဇ္ဈယ်ဖြစ်သောရဟန်းတို့သည်။တခုံတခါ။ပြောဆိုသုံးမ။သြဝါဒနှိက် မတည်သောဒုဇ္ဇနဖြစ်သော တပည့်တို့ကို။ ဤသူတို့ကား။ ရှက်ကြောက်မရှိ။ကျင့်ကြံဘိ၏။ဤသူတို့ကိုနှင်ထုတ်ကြကုန်လောဟုဆိုကုန်၏။ထိုသို့ပင်ဆိုသော်လည်း။ တပည့်တို့၏ပရိယတ်မဂ်ဖိုလ်နှင့်။ ပြည့်စုံစေလို၍ဆိုသောကြောင့်။စိတ်နှုံးည့်ရကား။ဖရုသဝါစာမဖြစ်။ ။ထိုသို့မဖြစ်ကြောင်းကိုလည်း။ ။အနာပတ္တိအဇ္ဈပုရက္ခာရဿဓမ္မပုရက္ခာရဿ။အနုသာသနီပုရက္ခာရဿ။ ။ဟူသောပါစိတ်ပါဠိတော်။သြမသဝါဒသိက္ခာပုဒ်အနာပတ္တိဝါရ။ ။အနုသိဋ္ဌိယံဌတွာဇာဒါနိပိစဏ္ဍာလောသိ။ ပါပံမာအကာသိ။ မာတမောသိ။မာတမပရာယနော့အပဟောသိ အ ဒိနာနယေန ကထေန္တော အနုသာသနီပုရက္ခာရော နာမ ဟောတိ ဝေဒိတဗ္ဗော။ ။ဟူသောငင်းအဖွင့်အဋ္ဌကထာ။ ။အနုသိဋ္ဌိယံ။ဆုံးမသောအရာနှိက်။ ဌတွာ။တည်၍။ဇာဒါနိပိ။ယခုအခါနှိက်လည်း။ စဏ္ဍာလော။ဒွန်းစဏ္ဍားသည်။အသိ။ဖြစ်၏။ပါပံ၊ မကောင်းမှုကို။မာအကာသိ။မပြုလင့်။ တမော။ရိက်သည်။မာအကာသိ။ ဖြစ်လင့်။တမပရာယနော။အရိုက်နှိက်လည်းလျောင်းရာရှိသည်။မာအပဟောသိ။မဖြစ်စေလင့်။ဇာတိအာဒိနာ။ဤသို့အစရှိသော။ နယေန။ နည်းဖြင့်။ကထေန္တော၊ ဆိုသောရဟန်း

သည်။ အနုသာသနီ ပုရေကြွာရောနာမ။ ဆုံးမခြင်းကို ရှေးရှုသည့်
မည်၏။ဣတိ။သို့။ဝေဒိတဗ္ဗော။၏။ ။၎င်း ါ၊ အနက်၊ ။အသ
ရိယာပဏ္ဍာယာ ဂေဒါပိနီဿိတကေ ကေ၉၀ ဒေန္တိ။ ။စသောအဋ္ဌ
သာလိနီအဋ္ဌကထာကိုထောက်၍သိအပ်၏။ အသိတိမဟာသာဝ
က။ဆဋ္ဌာဘိညာ။ငန်သန္တိဒါပဏ္ဍ။ ဝိဏ်သာ။ တေဒင်ဖြစ်သော။
အရှင်ဗိလိန္ဒဝစ္ဆမထေရ်သည်။ တရံတခါ၊ဒါယကာတို့အား၊ ခွေးမ
သား။ဝက်မသား။ စသောအားဖြင့်၊ရုံ့ရင်းပေါ့မှေ။ ကြမ်းထမ်း
သောစကားကို။ ဝါသနာသတ္တိ အသ၊ နှ၍၊ ဆုံးမိပြောမိ၏။ထိုသို့
ဆိုရာနိုက်။ ဖရုသဝါစာဖြစ်မဖြစ်ကို။ ဝိစာ် ဘွယ်မရှိပြီ၊ ။စိတ်နူး
ညံ့သောကြောင့်။ဖရုသဝါစာမဖြစ်သကဲ့သို့။ထို့ အတူစကားနူး
ညံ့ရာနိုက်လည်း။ ဖရုသ ါ၊ ာမဖြစ်ဟုမှတ်ရအံ့လော။ ။ထုတ်
ဘော်မြွက်ကြား။ စကား မှာမူ။နူးညံ့သ ညံပင်။ ဖြစ်လျှင်ကစား၊
ယုံမှားဘွယ်မရှိ။စိတ်ကြမ်းထမ်းသောကြောင့်။ ဖရုသဝါစာဖြစ်၏။
ယထာစပိတ္တသဏ္ဌာနာယ။ဖရုသဝါစာနဟောတိ၊ ဧဝံဝ နသဏ္ဌာ
တာယအဖရုသဝါစာ၊ နဟောတိ။နဟိမာရာပေတုကာမဿ။ ဏှမ်
သုခံသယာပေဟာတိဂစနံ။အဖရုသဝါစာဟောတိ ဝိတ္တဖရုသတာ
ယပနေသာဖရုသဝါစာဝ။ ။အဋ္ဌသာလိနီ၊ ။စ။ဆက်ဦး အံ့၊
စိတ္တသဏ္ဌာဘါယ။စိတ်နူးည သည်၏အဖြစ်ကြောင့်။ဖရုသဝါစာ၊
သည်။ နဟောတိယာသာ၊ မဖြစ်သကဲ့သို့၊ ဧဝံ တထာ၊ တူ။ဝစန
သဏ္ဌာတါယ။စကား၊နူးညံ့ သည်၏အဖြစ်ကြောင့်၊အဖရုသဝါစာ၊
ဖရုသဝါသာမဟုတ်သည်၊နဟောတိ။မဖြစ်၊ဟိသစ္စံ၊၏။မာရေပေတု
ကာမဿ။သတ်ခြင်ငှာအလိုရှိသောသူအား၊ဏှမ်၊၍သုကို။ သုခံ၊
ချမ်းသာစွာ။သယာပေထ။ အိပ်စေကုန်လော့ ဣတိ၊သို့၊ ဝစနံ၊ဆို
ခြင်းသည်၊အဖရုသဝါစာ၊သည် နဟောတိ။မဖြစ်။ ဝိတ္တဖရုသတာ
ယ၊စိတ်ကြမ်းသည်၏အဖြစ်ကြောင့်၊သော၊၍စကားသည်၊ဖရုသ
ဝါစာဝ၊သည်သာလျှင်တည်း။ ။၎င်း၊ ။၍အဋ္ဌကထာ၌။ နဟိ
မာရာပေတုကာမဿ၊စသည်ဖြင့်ပြအပ်သောစကားနိုက်၊ ဖရုသ
ဝါစာဖြစ်ခဲ့သော်။သေစေလိုသောမရဏာဓိပ္ပာယ၊အတ္တသာဓက၊

အာဏာဥတ္တိကအရာဖြစ်၍။ ပါဏာတိပါတ။ ဖရုသဝါစာ။ နှစ်ဖြာသော ကမ္မပထ၊ ရောနှောကြပြီလော၊ ။ ကမ္မပထ။ ဟူသမျှတို့သည်။ တပါးနှင့်တပါး။ သီးခြားအသကာ။ မရောကြဖြစ်သောကြောင့်။ စင်စစ်မှုချ။ ဤဌာနနှိုက်။ ဖရုသဝါစာဖြစ်ကြောင်းကို။ သာမညအားဖြင့် သာပြ၍။ ကမ္မပထ။ ဖရုသဝါစာကို မပြ။ သို့ဖြစ်၍။ မရဏာဓိပ္ပာယ။ မရှိသောသူ၏။ ရုံ့ရင်းကြမ်းတမ်းသော စကားနှိုက်။ အဥ္စသာခကာ။ အာဘာဖြစ်အံ့။ ပါဏာတိပါတ။ ဗျာပါဒဖြစ်၏ဟုမှတ်အပ်၏။ ထို့ကြောင့် အနုဋီကာဆရာသည်။ ။ဒုဋ္ဌစိတ္တဿမရဏာဓိပ္ပာယဿ။ ဖရုသ။ ကာသဝစီပယောဂ သမုဋ္ဌာပိကာ။ ဖရုသစေတနာ ဖရုသဝါစာ။ မရဏာဓိပ္ပာယေပန သတိအတ္ထသိဒ္ဓိ တဒဘာဝေသုပါဏာတိပါတဗျာပါဒါဝ ဟောန္တိ။ ။(ဟုဖွင့်ဆိုတော်မူအပ်၏။) ဒုဋ္ဌစိတ္တဿ။ ဖျက်ဆီးအပ်သော စိတ်ရှိသူ၏ ငင်း။ မရဏာဓိပ္ပာယဿ သေခြင်းငှာ အလိုရှိသောသူ၏ငင်း။ ဖရုသကာယ သဝစီပယောဂ သမုဋ္ဌာပိကာ။ ကြမ်းတမ်းသော ကာယပယောဂ ဝစီပယောဂကိုဖြစ်စေတတ်သော။ ဖရုသစေတနာသည်။ ဖရုသဝါစာ။ မည်၏။ မရဏာဓိပ္ပာယေ၊ သေခြင်းငှာ အလိုရှိသည့်၊ သတိ။ ရှိသော်။ အတ္ထသိဒ္ဓိတဒဘာဝေသု။ အကျိုးပြီးခြင်း၏မရှိသောအဖြစ်တို့နှိုက်။ ပါဏာတိပါတဗျာပါဒါဝ။ ပါဏာတိပါတဗျာပါဒတို့သည်သာလျှင်။ ဟောန္တိ။ ဟုန္တိ၏။ ။ငင်း။ ။ဟုဖွင့်ဆိုတော်မူအပ်၏ ဤဖရုသဝါစာ၏။ မျက်မှောက်ချက်ကွယ် နှစ်သွယ်နှစ်ဝ။ နှစ်ဌာနတွင်။ အဘယ်နှိုက်ပြောမှ ကမ္မပထဖြစ်သနည်း။ ။ယံပန္ဒိဿဖရုသဝါစာပဝတ္တတိ။ တဿသမ္မုခါဝေသိဒ္ဓံဟောတိ။ ။ယံ။ အကြင်သူကို ပဒိဿ။ စွဲ၍။ ဖရုသဝါစာ။ ကြမ်းတမ်းသောစကားကို။ ပဝတ္တတိ။ ဖြစ်စေအပ်၏။ တဿ။ ၏။ သမ္မုခါဝေ။ မျက်မှောက်နှိုက်သာလျှင်။ သိဒ္ဓံ။ အစင်းသို့။ ဟောတိ။ ရောက်၏။ ။ငင်းအနက်။ ။ဟုအနုဋီကာဆရာမိန့်သောကြောင့်။ အကြင်သူကိုစွဲ၍။ ကြမ်းတမ်းသောစကားကိုဖြစ်စေအပ်၏။ ထိုသူ၏မျက်မှောက်နှိုက်။ ပြောဆိုမှသာ။ ကမ္မပထဖြစ်၏။ မျက်ကွယ်နှိုက်ပြောက။ အဟောသိကာ။ ကမ္မပထမထိုက်

ဟု။မှတ်ရအံ့လော။ ။ပနံမုခေဝိဖရုသဝါစာ ယောတိတိဝဒန္တိ။ ။
ဟူ ၄င်းရိုကာနှိက်ပင်။ ဝါကျတရပ်။တဖန်ထပ်၍။ မျက်ကွယ်နိုက်
ပြောသော်လည်း။ အပေါသိကမဖြစ်။ စင်စစ်ကံထိုက်၏။ဟု။ဆ
ရာတို့ဝါဒကိုပြ၏။ ။ထိုဖရုသဝါစာသည်။အကြင်သူကိုရည်၍ဖြစ်
စေအပ်၏။ထိုသူ၏နည်းသော ဂုဏ်ရှိသောကြောင့်။ နည်းသောအ
ပြစ်ရှိ၏။ ကြီးသောဂုဏ်ရှိသောသူကိုဖြစ်စေရာနိုက်။ကြီးသောအ
ပြစ်ရှိ၏။ ။ဘသအပ္ပဂုဏတာယ အပ္ပသာဝဇ္ဇော။ မဟာဂုဏ
တာယမဟာသာဝဇ္ဇော။ ။အဋ္ဌသာလိနီ။ ။တဿ။ထိုသူ၏။
အပ္ပဂုဏဘာဝေန။နည်းသောဂုဏ်ရှိသည်၏အဖြစ်ကြောင့်။အပ္ပသာ
ဝဇ္ဇော။နည်းသောအပြစ်ရှိ၏။ မဟာဂုဏတာယ။ကြောင့်။ မဟာ
သာဝဇ္ဇော။၏။၄င်းအနက်။ ။ပယောဂမှာကား။ ကာယဝစီပ
ယောဂသမုဋ္ဌာပိကာ။ ။ဟုအဋ္ဌကထာဆရာဖွင့်သောကြောင့်။
သာဟတ္ထိကပယောဂတပါးပင်။ ။အင်္ဂါအားဖြင့်ကား။ ။
တဿ ဘယော သမ္ဘာရာ။ အက္ကောသိတဗ္ဗောပရော။ ကုပ္ပိတစိတ္တံ။
အက္ကောသနာ။ ။တဿ။ ထိုဖရုသဝါစာ၏။ သမ္ဘာရာ။တို့သည်။
အက္ကောသိတဗ္ဗော။ ဆဲရေးအပ်သော။ ပရော။ တပါးသောသူ၄င်း။
ကုပိတစိတ္တံ။အမျက်ထွက်သောစိတ်၄င်း။ အက္ကောသနာ။ ဆဲရေး
ခြင်း၄င်း။ ဣတိ။သို့။ တယော။တို့တည်း။ ။၄င်းအနက်။ ။ဟုအဋ္ဌ
ကထာနိုက်ပြအပ်သော။ဆဲရေးအပ်သော တပါးသောသူ။အမျက်
ထွက်သော စိတ်ရှိသည့်၏အဖြစ်။ ဆဲရေးခြင်းတည်းဟူသောသုံး
ပါးတို့ဘည်း။ ။သမ္ဖပ္ပလာပမှာ။ သီတာ မင်းသမီးကို။ဒသဂီရိဘီ
လုးဆောင်ခြင်း။ဘာရတ ညီနောင်စစ်ထိုးခြင်းအစရှိသော။ အကျိုး
မရှိသောစကားကို။ ပြောဆိုကြောင်းဖြစ်သော စေတနာ။ ။အ
နတ္ထဝိညာပိက ကာယဝစီပယောဂ သမုဋ္ဌာပိကာအကုသလစေတ
နာသမ္ဖပ္ပလာပေါ။ ။အဋ္ဌသာလိနီ။ ။အနတ္တဝိညာပိကကာယ
ဝစီပယောဂ သမုဋ္ဌာပိကာ။ အကျိုးမရှိသောစကားကို ပြောဆို
ကြောင်းဖြစ်သော။ ကာယပယောဂ ဝစီပယောဂကို ဖြစ်စေတတ်
သော။အကုသလစေတနာ။သည်။သမ္ဖပ္ပလာပေါ။မည်၏။ ။၄င်း။ ။

ထိုသမ္ဗုဒ္ဓလာပသည်။ မှိုဲခြင်းနည်းသည်၏အဖြစ်ကြောင့်။ အဖြစ်
နည်း၏။မှိုဲခြင်းများသည်၏အဖြစ်ကြောင့်။အဖြစ်ကြီး၏။ ။သော
အာသေဝနမန္ဒတာယ အပ္ပသာဝဇ္ဇော။ အာသေဝနမဟန္တတာယ
မဟာသာဝဇ္ဇော။ ။ဋင်း။ သော။ထိုသမ္ဗုဒ္ဓလာပသည်။ အာ
သေဝနမန္ဒတာယ။ မှိုဲခြင်းနည်းသည်၏ အဖြစ်ကြောင့်။ အပ္ပသာ
ဝဇ္ဇော။နည်းသောအပြစ်ရှိ၏။ အာသေဝနမဟန္တတာယ၊ မှိုဲခြင်း
များသည်၏အဖြစ်ကြောင့်။မဟာသာဝဇ္ဇော။၏။ ။ငင်း။ ။ဤ
သို့ပြဆိုအပ်ပြီးသောစကားကို။ ဆိုကာမြောကာမျှဖြင့်ပင်။ သမ္ဗုဒ္ဓ
လာပ၊ကမ္မပထထိုက်လေသလော။ ။ပြောဆိုသော စကားကို
သူတပါးတို့မယူမယုံကြည်သော်။ မထိုက်သေး။ နှစ်သက်ကြည်
ဖြူ။ထိုစကားကိုယူမှသာ။ ကမ္မပထထိုက်၏။ ။ပရေနတံက
ထံအဂဏှန္တေကမ္မပထဘောဒေါနတ္ထိ။ ။ပရေန သမ္ဗုဒ္ဓလာပေဂ
ဟိတေယေဝဟောတိ။ ။အဋ္ဌသာလိနီအဋ္ဌကထာ။ ။ပနအ
ထူးကား။ပရေ။ တပါးသောသူသည်။ တံကထံ။ထိုဖြိန်ဖျင်းသော
စကားကို။အဂဏှန္တေ။မယူသည်ရှိသော်။ကမ္မပထဘောဒေါ။သည်
နတ္ထိ။မရှိ။ပရေန။ သည်။ သမ္ဗုဒ္ဓလာပေ။တို့ကို။ဂဟိတေ။ယူသည်ရှိ
သော်။ဟောတိ။၏။ ။ငင်း။ ။ဤသမ္ဗုဒ္ဓလာပနိုက်။ပယောဂ
မှာကား။ ကာယဝစီပယောဂ သမုဋ္ဌာပိကာ။ဟူ၍ အဋ္ဌကထာဖွင့်
သောကြောင့်။ သာဟတ္ထိကပယောဂတပါးတည်းသာ။ ထိုသို့သာ
ဟတ္ထိကပယောဂတပါးသာ။ အဋ္ဌကထာဆရာပြသော်လည်း။ဤ
အနုဂ္ဂဖြစ်သောစကားကို။ဤမည်သော သူတို့အားပြောကြားလေ
ဟု။စေခိုင်းသော်ငင်း။တပါးသောသူတို့၏ရှေ့နိုက်ရေး၍။ဖြစ်ထား
သော်ငင်း၊နံရံစသည်တို့နိုက် ရေးထားသော်ငင်း။ အာဏတ္တိက။
နိသဂ္ဂိယ။ထာဝရပယောဂတို့သည်လည်းသင့်ကုန်၏။ ယင်းသို့အ
ခွင့်။သင့်ပင်သင့်သော်လည်း။အဋ္ဌကထာဋီကာတို့နိုက်။ဖွင့်ပေါ်။
မလာရှိသောကြောင့်။ ဗုဒ္ဓစမ်းဆင်ခြင်၍ယူအပ်၏။ ။အင်္ဂါတို့
သည်ကား။ ။တသဒ္ဒေသဗ္ဗာရာ၊ ဘာရတယုဒ္ဓ သီတာဟ
ရဏာဒိနိရတ္ထက ကထာ ပုရက္ခာရတာ။ တထာရူပီကထာ ကထ

နဋ္ဌ။ ။တဿ။ ထိုသမ္ပပ္ပလာပ၏။ သမ္ဘာရာ။တို့သည်။ဘာရတ
ယုဒ္ဓသီတာ့ဟရဏာဒိ နိရတ္ထကကထာ ပုရေက္ခာရတာစ။ ဘာရတ
ညီနောင်စစ်ထိုးခြင်း။ သီတာမင်းသမီးကို။ ဒသဂိရိဘီလူးဆောင်
ခြင်းအစရှိသော။ အကျိုးမရှိသော စကားလျှင်ရှေ့ရှုသော အဖြစ်
၎င်း။တထာရူပိကထာကထနဉ္စ။ ထိုသို့သဘောရှိသောစကားကို
ဆိုခြင်း၎င်း။ဣတိ။ သို့။ဒွေ နှစ်ပါးတို့တည်း။ ။၎င်း။ဟုအဋ္ဌသာ
လိနီနှိုက်ပြအပ်သော။ ဘာရတညီနောင် စစ်ထိုးခြင်း။ သီတာမင်း
သမီးကိုဒသဂိရိဘီလူးဆောင်ခြင်းအစရှိသော အကျိုးမရှိသောစ
ကားလျှင်။ရှေ့ရှုသောအဖြစ်။ ထိုသို့သဘောရှိသောစကားကိုဆို
ခြင်းတည်းဟူသောနှစ်ပါးတို့တည်း။ ။ဤအင်္ဂါတို့ကိုပြရာ။အဋ္ဌ
ကထာဋီကာပေတို့နှိုက်။များသောအားဖြင့်။ဘာရတယုဒ္ဓဟူ၍သာ
ရှိကြကုန်၏။ ရှေးကာလပြုံကားချပ်တို့နှိုက်။ နှစ်တိုင်းသောမင်း
တို့၏၊ စစ်ထိုးဟန်နှင့် ရေးသားသည်ကို တွေ့ဘူး၏။ ၎င်းတို့ကို
ယောက်လျှင်။ ဗာရဋ္ဌဟူ၍လည်းသင့်ရန်ရှိ၏။ သီတာဟရဏာဒိ၌။
ပါရှိသောအာဒိသဒ္ဒ။ အာဒိဝန်၏အရကို။ အကြောင်းအဋ္ဌုပ္ပတ်။
ဇာတ်ထွက်မရှိ။ မိမိ၏စိတ်တွင်။ ထင်မြင်သမျှ။ လိမ္မာဖြစ်သော
ပြဇာတ်ဟောဇာတ်ပြောဇာတ်တို့ကိုယူလေ။ ။သီလက္ခန္ဓဋီကာ
နှိုက်ကား။ရာမမင်းသည်။သီတာမင်းသမီးကို။ တဖန်ဆောင်ခြင်း
ကို့ပြ၏။ ။အကြောင်းအဋ္ဌုပ္ပတ်။ဇာတ်ထွက်စကား။အဦးထား
၍။နောက်ဖျားကာလ။ ဟာသအလျောက်၊ ဆောက်ဆစိတ်တွင်။
ထင်မြင်သမျှ။ပြောဆိုကြမှု။သမ္ပပ္ပလာပဖြစ်မည်လော။ ။အဦး
စကားနှိုက်။အကြောင်းအားလျော်စွာဖြစ်၍။ စိစစ်ဘွယ်မရှိ။ထိုမှ
နောက်ဖျား။စကားမှာမှု။သမ္ပပ္ပလာပဖြစ်၏။ ။ဤလေးပါးတို့သည်
များသောအားဖြင့်။ ဝစီဒွါရမှဖြစ်သော။ မကောင်းသောအကျင့်။
ဖျက်ဆီးအပ်သောအကျင့်ဖြစ်သောကြောင့်။ဝစီဒုစရိုက်မည်ကုန်
၏။အဘိဇ္ဈာမှာ။သူတပါးတို့၏ဥစ္စာ။ ဘဏ္ဍာပစ္စည်းကို။ ငါ၏ဥစ္စာ
ဘဏ္ဍာဖြစ်မှုကောင်းလေစွဟု။ ရှေးရှုရည်သန်။ကြံစည်ကြောင်း
ဖြစ်သောလောဘ။ ။သာအဟောဝတ ဣဒံမမဿာတိဧဝံပရ

ဘဏ္ဍာဘိဇ္ဈာယနလက္ခဏာ။ ။အဋ္ဌသာလိနီ၊ ။သာ။ ထိုအ
ဘိဇ္ဈာသည်၊ ဣဒံသန္တကံ။ ဤဥစ္စာသည်၊ မမ။ ငါ၏။ သန္တကံ။ ဥစ္စာ
သည်။ အဿ။ ဖြစ်မှုကား။ အဟောဝတ။ ကောင်းလေစွ။ ဣတိဧဝံ။
သို့။ ပရဘဏ္ဍာဘိဇ္ဈာယနလက္ခဏာ၊ သူတပါးတို့၏ဘဏ္ဍာကိုရှေး
ရှုကြံခြင်း လက္ခဏာရှိ၏။ ။၎င်း။ ။အဟောဝတဣဒံ မမ
သိယာတိဧဝံ ပရဘဏ္ဍာဘိဇ္ဈာယနံ။ အဘိဇ္ဈာ။ ။အဘိဓမ္မတ္ထဝိ
ဘာဝနီဋီကာ။ ။ဣဒံ ။ဤဥစ္စာသည်။ မမ။ ငါ၏။ သန္တကံ၊ သည်။
သိယာ။ ဖြစ်မှုကား။ အဟောဝတ။ စွ။ ဣတိဧဝံ။ သို့။ ပရဘဏ္ဍာ
ဘိဇ္ဈာယနံ။ သူတပါးဘဏ္ဍာကို ရှေးရှုကြံခြင်းသည်။ အဘိဇ္ဈာ။
မည်၏။ ။၎င်း။ ။ဤအဘိဇ္ဈာနှိက်၊ သူတပါးတို့၏ဘဏ္ဍာ။
ဥစ္စာ၌ အရပ်နှိက်။ သိုချင်။ နှစ်သက်။ တပ်မက်လောဘ။ ဖြစ်ခါ
မျှ၌။ ကမ္မပထမမြောက်၊ ဤဥစ္စာသည် ငါ၏ဥစ္စာဖြစ်ပါမူကား။ ကောင်း
လေစွဟု။ မိမိသို့ညွတ်စေမှသာ။ အကုသလကမ္မပထမြောက်၏။
ပရဘဏ္ဍဝတ္ထုကေဟိလောဘေ ဥပ္ပန္နေပိ နတာဝကမ္မပထဘေဒေါ
ဟောတိ။ ယာဝအဟောဝတဣဒံ မမဿာတိအတ္တနော ပရိဏာမေ
တိ။ ။အဋ္ဌသာလိနီ။ ။ဟိသစ္စံ ။မှန်၏။ ပရဘဏ္ဍဝတ္ထုကေ။ သူ
တပါးဘဏ္ဍာဝတ္ထုနှိက်။ လောဘေ။ လောဘသည်။ ဥပ္ပန္နေပိ။ ဖြစ်
သော်သည်း။ ကမ္မပထဘေဒေါ။ သည်၊ နတာဝဟောတိ။ မဖြစ်သေး
ယာဝ။ အကြင်မျှလောက်။ ဣဒံ။ ဤဥစ္စာသည်။ မမ။ ငါ၏။ သန္တကံ။
ဥစ္စာသည်။ အဿ။ ဖြစ်မှုကား။ အဟောဝတ။ ကောင်းလေစွ။ ဣတိ။
သို့။ အတ္တနော၊ မိမိသို့ ပရိဏာမေတိ။ ညွတ်စေ၏။ တာဝ။ လောက်
ကမ္မပထဘေဒေါ။ သည်။ ဟောတိ။ ၏။ ။၎င်းအနက်။ ။သာပ
ရဘဏ္ဍဿအတ္တနောနာမနေနေဝကမ္မပထော ဟောတိ။ ။အဘိ
ဓမ္မတ္ထဝိဘာဝနီဋီကာ။ ။သာ။ ထိုအဘိဇ္ဈာသည်။ ပရဘဏ္ဍဿ။
သူတပါးဘဏ္ဍာ၏။ အတ္တနော။ သို့။ နာမနေနေဝ၊ ညွတ်သဖြင့်သာ
လျှင်။ ကမ္မပထော။ ကမ္မပထသည်။ ဟောတိ။ ၏။ ။၎င်း။ ။ထိုအ
ဘိဇ္ဈာနှိက်။ ။တံပဟိနေပရသန္တကေ။ အပ္ပသာဝဇ္ဇံ။ တသ္မာဝတ္ထု
ငကီဘာဘာသ။ ဝတ္ထုသမဒ္ဓာသတိဂုဏာဓိကာနံ သန္တကေဝတ္ထု

သို့မဟာသာဝန္တ ။ တံတံဂုဏာဝင်ကံဥပါဒါယတတောတတောဟိ
နသာသန္တကေ ဝဿုသို့ အပ္ပသာဝန္တ ။ ။ဟုအဓိန္နဒါန်။ကမ္မပ
ထနိုက်။ ပြဆိုခဲ့ပြီးသောနည်းအတိုင်း။ ယုတ်ညံ့သော သူတပါး
၏ဥစ္စာကို။ ရေးရှုကြံစည်ခြင်းနိုက်။ နည်းသောအပြစ်။ မွန်မြတ်
သောသူတပါး၏ဥစ္စာကို။ရေးရှုကြံခြင်းနိုက်။ပစ္စည်းဝတ္ထု မွန်မြတ်
သောကြောင့်။ကြီးသောအပြစ်ပစ္စည်းဝတ္ထု တူမျှကြသော်သီလစ
သောဂုဏ်ကြီးကုန်သောသူတို့၏ဥစ္စာကို။ရေးရှုကြံစည်ခြင်းနိုက်။
ကြီးသောအပြစ်။ ဂုဏ်နည်းကုန်သောသူတို့၏ ဥစ္စာကို။ ရေးရှုကြံ
စည်ခြင်းနိုက်။နည်းသောအပြစ်ရှိ၏။ ။ဤအနက်ကိုညွှန်ပြလို
သောကြောင့်။အဓိန္နဒါနံဝိယအပ္ပသာဝဇ္ဇာမဟာသာဝဇ္ဇာစ။ ။ဟု
အဋ္ဌကထာဆရာမိန့်တော်မူ၏။ ။ဤလောကနိုက်အချို့သောသူ
တို့သည်။ ဘာ ေဝးမြတ်။ ရေးအတိတ်ကာ။နိမိတ်ဟောင်းကာ။ အ
ကြောင်းခံလျက်။ မေတ္တာဆက်ကြောင့်။ ပစ္စုပ္ပန်တွ။ဘဝဤအခါ။
တွေ့မြင်ခါမျှနိုက်။တဦးနှင့်တဦး။ အထူးချစ်ခင်။ကြည်ရွှင်မနော။
လောဘဓောဖြင့်။ ဤသူသည်။ ငါ၏ သန္တက။ ခင်ပွန်းမ ဖြစ်မူ။
ကောင်းလေစွပ။ ရေးရှုရှုလုံးသွင်း-ညှတ်ခြင်းဖြစ်ခဲ့သော်။ အဘိ
ဇ္ဈာခမ္မ။ကမ္မပထဖြစ်မည်လော။ ။ဤအဘိဇ္ဈာကိုဖွင့်ရာ။အဋ္ဌကထာ
နိုက်။ ပရဘဏ္ဍာဘိမုခီဟုဘ္ဗာဟူ၍၄င်း။ ပရဘဏ္ဍဝတ္ထုကေဟိ
လောဘောဟူ၍၄င်း။ဟိနေပရသန္တကေဟူ၍၄င်း။ ဂုဏာဓိကာနံသန္တ
ကေဟူ၍၄င်း။ ဟိနသာသန္တကေဟူ၍၄င်း။သူတပါးတို့၏ဘဏ္ဍာ
သန္တကသာလာရှိသောကြောင့်။လူတို့မှာမူ။ပရဘဏ္ဍာ။ပရသန္တက။
မဆိုရမဆိုထိုက်၍။အဘိဇ္ဈာခမ္မကမ္မပထ။ မဆိုသင့်။ အကုသိုလ်
ခမ္မ။လောဘချည်သာဆိုသင့်၏။ ။အကယ်၍မာတုရက္ခိတာစသော
တကျိပ်သော မိန်းမတို့မှာ။ အခိစသည်ကို ထောက်၍။ ပရဘဏ္ဍာ
ပရသန္တက။ ဓနက္ကီတာစသောဘကျိပ်သော မိန်းမတို့မှာလည်း။
လင်ကိုထောက်သဖြင့် ပရဘဏ္ဍာ။ပရသန္တကဖြစ်၍။ အဘိဇ္ဈာဖြစ်
သင့်၏ဟုဆိုညားအံ့။ယောကျ်ားတို့မှာ။ ဤကဲ့သို့မာတုရက္ခိတာစ
သည်မရှိ၍။ပရဘဏ္ဍာပရသန္တက။မဟုတ်သောကြောင့်။ အဘိဇ္ဈာ

မဖြစ်ရာ။ ။ထို့ကြောင့်။မိန်းမတို့နှိက်သာ။ယောကျ်ားတို့အား
အဘိဇ္ဈာဖြစ်၏။ယောကျ်ားတို့နှိက်။ မိန်းမတို့အား အဘိဇ္ဈာမဖြစ်
ဟုအနက်ရောက်၏။ အဘိဇ္ဈာဆိုသော တရားသည်လည်း။မိန်းမ
ယောကျ်ားနှစ်ပါးလုံးနှိက် ပင်ဖြစ်သင့်ဖြစ်ထိုက်၏။ ထိုသို့ဖြစ်
ထိုက်သောကြောင့်။ ဆိုအပ်ပြီးသား။ ရှေးစကားသည်။အနုနာမိကာ။
ယုတ္တိခရပင်ဖြစ်သည်။ ။သို့ဖြစ်သင့်သော်လည်း။အဘိဇ္ဈာမ
နောကမ္မ၏။ ကာယဒွါရနှိက်ဖြစ်ခြင်းကိုပြရာ။၌အဋ္ဌသာလိနီအဋ္ဌ
ကထာနှိက်ပင်။ ။ယာဒါပန အဘိဇ္ဈာ။ သဟာဂတေနစေဘသာ
ကါယင်္ဂ စောပေန္တောဟတ္ထဂါဟာဒီနိကရောတိ။ဟူ၍လက်ကိုကိုင်
ဆွဲခြင်းစသည် လာသောကြောင့်ငှင်း။ ။ငှင်း၏အာရမ္မဏ၊ ပြဆို
သောဌာနသည်လည်း။ ။သမ္မုဋ္ဌလာသပေါဒိဋ္ဌသုံတမုတ ဝိညာတဝ
သေနသတ္တဝါရမ္မဏော်ဝါသင်္ခါရရမ္မဏောဝါ။ တထာအဘိဇ္ဈာဟု
အဘိဇ္ဈာဓမ္မ။ အာရမ္မဏ၏ သတ္တဟူ၍လာသောကြောင့်ငှင်း။ ပရ
ဘဏ္ဍပရသန္တက ဟူသောအဋ္ဌကထာဆာရာ။ မိန့်မှာမြွက်ကြား။
ရှေးစကားတို့ကို။ဥာလက္ခဏနယ။ ယူရ သူသင့်သည်ဖြစ်၍လူတို့၌
လည်းအဘိဇ္ဈာဓမ္မ။ ကမ္မပထဖြစ်ထိုက်၏။ ။ထိုသို့ဖြစ်သော်။မ
ဟောသဓာတ်၌။ ဘုရားလောင်းမဟောသဓာသည်။ အမရာနှင့်။
ရှေးဦးမတွေ့။တွေ့ကြသောကာလဝယ်။ ။သစေအပရိဂ္ဂဟာ။ဆု
မာသမေပါဒ ပရိစာရိကာယဘာဝိတုံဝဋ္ဋတိတိစိန္တေသိ။ ။ဟုအ
ကယ်၍သိမ်းဆည်းပိုင်ကား။လင်ယောကျ်ားမရှိသည်ရှိသော်။ဤ
မိန်းမသည်။ငါ၏ခြေရင်းဝတ်စင်းခယ။ အလုပ်အကျွေးမဖြစ်ခြင်း
ဌာသင့်လျော်၏ဟုကြံစည်၏။ထိုသို့ကြံစည်ခြင်းသည်၊ အဘိဇ္ဈာ
ဓမ္မကမ္မပထဟု။မဆိုသင့်ပြီလော။ ။ငါ၏သန္တက။ဖြစ်လေကမူ။
ကောင်းလေစွဟု။ ရှေးရှုမည္တတ်။သစေအပရိဂ္ဂဟာစသဖြင့်။သံသ
ယပရိကပ္ပနှင့်။ကြံဆသေါ်အရာဖြစ်၍။ စင်စစ်မချ။ကမ္မပထမဆိုရ
ပြီ၊ ။ဤအဘိဇ္ဈာနှိက်။ ။အင်္ဂါတို့ကား။ ။တဿနေ့သမ္ဘာ
ရာ။ပရဘဏ္ဍံအတ္တနောပရိဏာမနဉ္စ။ ။တဿ။ ထိုအဘိဇ္ဈာ၏။
သမ္ဘာရာ။အင်္ဂါတို့သည်။ပရဘဏ္ဍဉ္စ။ သူ့တပါးဘဏ္ဍာငှင်း။အတ္တ

နေ့။ မိမိသို့။ ပရိနာမန္တ။ ညွတ်စေခြင်း ၎င်း။ ဉာတိ၊ သို့။ ဒွေ့။ နှစ်ပါးတို့
တည်း။ ။၎င်း။ ။ဟူအဋ္ဌသာလိနီနက်ပြအပ်သော။ သူတပါး
ဘဏ္ဍာ၏အဖြစ်၊ မိမိသို့ညွတ်သည်၏ အဖြစ်တည်းဟူသော နှစ်ပါး
တို့တည်း။ ။ဗျာပါဒမှာ။ ဤသတ္တဝါသည်။ လျှင်စွာထင်လျှား။
ပျက်စီးညှားမှုကောင်းလေစွဟု။ သူတပါးတို့၏စီးပွါးချမ်းသာကို။
ပျက်ဆီး ကြောင်းဖြစ်သောဒေါသ။ ။အဟောဝတာယံ။ သတ္တော
ဝိ၊ သေသာတိဧဝံမနောပဒေါသော ဗျာပါဒေါ။ ။အဘိဓမ္မတ္ထဝိ
ဘာဝနီဋီကာ။ ။အယံသတ္တော။ ဤသတ္တဝါသည်။ ဝိနသေယျ။
ပျက်စီးမှုကား။ အဟောဝတ။ ကောင်းလေစွ။ ဣတိဧဝံ ။ သို့။ မနောပ
ဒေါသော။ မနောပဒေါသသည်။ ဗျာပါဒေါ။ မည်၏။ ။၎င်း။ ။
ဤဗျာပါဒနှက်။ တပါးသောသတ္တဝါလျှင်။ အကြောင်းရင်းရှိသော
အချက်ဒေါသ။ ဖြစ်ခါမျှနှင့်။ ကမ္မပထမဖြစ်သေး။ ဤသတ္တဝါသည်
လျှင်စွာထင်လျှား ပျက်စီးညှားမှု။ ကောင်းလေစွဟု မနောပဒေါသ
ကြံမှသာလျှင်။ အကုသလ။ ကမ္မပထမြောက်၏။ ။ပရသတ္တဝတ္ထု
ကောဟိကောဓော ဥပ္ပန္နေပိ နတာဝ ကမ္မပထဘေဒေါဟောတိ။ ယာဝ
အဟောဝတာယံ ဥစ္ဆိဇ္ဇေယျ ဝိနသေယျာတိ တဿဝိနာသံ။ စိန္တေ
သိ။ ။အဋ္ဌသာလိနီ။ ။ပရသတ္တဝတ္ထုကော။ တပါးသောသတ္တဝါ
လျှင်။ အကြောင်းရှိသော၊ ကောဓေ။ အမျက်သည်။ ဥပ္ပန္နေပိ။ ဖြစ်သော်
လည်း။ ကမ္မပထဘေဒေါ။ သည်။ နတာဝ ဟောတိ။ မဖြစ်သေး။ ယာ
ဝ။ အကြင်မျှလောက်။ အယံ။ ဤသူသည်။ ဥစ္ဆိဇ္ဇေယျ။ ပြတ်မှုကား။
ဝိနသေယျ။ ပျက်စီးမှုကား။ အဟောဝတ။ စွ။ ဉာတိ။ ဤသို့။ တဿ။ ထို
သူ၏။ ဝိနာသံ။ ပျက်စီးခြင်းကို။ စိန္တေသိ။ ကြံ၏။ တာဝ။ လောက်။
ကမ္မပထဘေဒေါ။ သည်။ ဟောတိ။ ၏။ ၎င်းအနက်။ တစုံတခုသော
အမှုအခင်းကို။ အကြောင်းရင်းခံ၍။ ပူပန်စိတ်ပန်း။ မချမ်းမြေ့သော
ကြောင့်။ ငါသည်လျှင်စွာချက်ခြင်းသေကျေပျက်စီးခြင်းသို့ ရောက်
မှုကောင်းလေစွဟု။ နှုတ်ဟမမြွက်။ သက်သက် စိတ်တွင်။ ပူပင်
သောကာ၊ မနောပဒေါသဖြစ်ခဲ့သော်။ ဗျာပါဒဟုခေါ်ဆိုရမည်လော။
ဝံသာပရဝိနာသာယ မနောပဒေါသလက္ခဏော။ ။ဟူသော ဗျာပါ

ဗျာပါဒ၏လက္ခဏာ။ ။ပရသတ္တဝိနာသကေဟိကောဓေ။ ။စသည်ဖြင့်ဗျာပါဒ၏သဘာဝ။ တဿ။ ဒွေသမ္ဘာရာ။ ပရသတ္တော စ။ ဟူသောဗျာပါဒ၏အင်္ဂါကိုပြရာ။ အဘိဇ္ဈာကထာနှင့်။ ပရဟူ၍သာ။ တိုက်ရိုက်သော၍။ စေတနာစကားနှင့်။ ယုံမှားဘွယ်မရှိသင့်ပြီ။ ။ထိုဗျာပါဒ၏။ အပ္ပသာဝဇ္ဇမဟာသာဝဇ္ဇကို။ ဖရုသဝါစာနှင့် အတူမှတ်လေ။ ။အင်္ဂါအားဖြင့်ကား။ ။တဿ ဒွေ သမ္ဘာရာ။ ပရသတ္တော စ။ တဿ ဝိနာသစိန္တာ။ ။တဿ။ ထိုဗျာပါဒ၏။ သမ္ဘာရာ။ အင်္ဂါတို့သည်။ ပရသတ္တော စ။ တပါးသောသတ္တဝါလည်း။ တဿ။ ထို။ ဝိနာသစိန္တာ။ ပျက်စီးခြင်းကိုကြံခြင်းလည်း။ ဣတိ။ သို့။ ဒွေ။ နှစ်ပါးတို့တည်း။ ။၎င်း။ ဟုအဋ္ဌသာလိနီ၌ပြအပ်သော။ တပါးသော သတ္တဝါ၏အဖြစ်။ ထိုသတ္တဝါ၏ပျက်စီးခြင်းကိုကြံသည်၏အဖြစ်တည်းဟူသော နှစ်ပါးတို့တည်း။ ။မိစ္ဆာဒိဋ္ဌိမှာ။ အကျဉ်းအားဖြင့်။ ချွတ်ယွင်းမှန်။ ဖောက်ပြန်မှားသူသောဒိဋ္ဌိ။ ။အကျယ်အားဖြင့်ကား။ သဿတောလောကောတိဝါ ဥစ္ဆေဒကံ လောကောတိ ဂဟေတွာ အသ္သံ လောကောနိစ္စောဓုဝေါ သဗ္ဗကာလိကောတိဂဏှန္တဿ သဿတန္တိ ဂဟဏာကာရပဝတ္တာဒိဋ္ဌိ။ ။သဿတော လောကောတိဒိဋ္ဌိ။ သဿတော လောကော ဟူသော ဒိဋ္ဌိ။ ခန္ဓပဉ္စကံ။ ခန္ဓာငါးပါးအပေါင်းကို။ လောကောတိ။ လောကဟူ၍တည်းဟူ၍။ ဂဟေတွာ။ ယူ၍။ အသ္သံ လောကော။ ဤလောကသည်။ နိစ္စော။ မြဲ၏။ ဓုဝေါ။ မြဲ၏။ သဗ္ဗကာလိကော။ အခြင်းခပ်သိမ်း သောကာလ၌တည်၏။ ဣတိ သို့။ ဂဏှန္တဿ။ ယူသောသူ၏။ သဿတန္တိ။ မြဲ၏ဟူ၍။ ဂဟဏာကာရပဝတ္တာ။ ယူသောအခြင်းအရာဖြင့်ဖြစ်သော။ ဒိဋ္ဌိ။ ဒိဋ္ဌိတည်း။ ၎င်းအနက်။ ။စသောနိယတ်ကပ္ပအဖွင့်အဋ္ဌကထာအရ။ ခန္ဓာပဉ္စကလောကသည်။ မြဲ၏ဟုယူသောအခြင်းအရာအားဖြင့်။ ဖြစ်သောသဿတဒိဋ္ဌိ စရှိသော။ ခြောက်ဆယ့်နှစ်ပါးသောဒိဋ္ဌိ။ ။နတ္ထိဒိန္နန္တိ ဒိန္နံ နာမ အတ္ထိ၊ သက္ကာ ကဿစိ ဒါတုံ ဝိဇာနာတိ။ ဒိန္နဿ ဖလဝိပါကော။ နတ္ထီတိ ဂဏှာတိ။ နတ္ထိဒိန္နန္တိ။ ဟူသည်ကား။ ဒိန္နံ နာမ။ လှူခြင်းမည်သည်။ အတ္ထိ။ ရှိ၏။ ကဿစိ။ တစုံတယောက်သောသူအား။

ဒါတုံ။ပေး‌ခြင်း၌။သက္ကာ။တတ်ကောင်း၏။ ဋ္ဌတိ။သို့။ဝိဇာနာတိ။
သိ၏။ဒိန္နသော။ဟု။ခြင်း၏။ ဖလဝိပါကော။ အကျိုးသည်။နတ္ထိ။မရှိ။
ဋ္ဌတိ။သို့။ဂဏှာတိ။ယူ၏။ ။ငင်း။ ။အစရှိသောငင်းအဖွင့်
အဋ္ဌကထာနှင့်အညီ။လှူဒါန်းအပ်သောအလှူ၏ အကျိုးသည်မရှိ။
ပူဇော်အပ်သော အကျိုးသည်မရှိ။ အာဟုနပါဟု နမင်္ဂလာ၏ အ
ကျိုးသည်မရှိ။ကောင်းစွာပြုအပ်သောကုသလကမ္မ။ မကောင်းစွာ
ပြုအပ်သောအကုသလကမ္မပထတို့၏ အကျိုးသည်မရှိ။ တမလွန်
လောကဌိတည်၍။ဤလောကသည်မရှိ။ဤ လောကနိုက်တည်၍။တ
မလွန်လောကသည်မရှိ။အမိအဘတို့နိုက်ပြုအပ်သောအကြောင်း
ကြောင့်။တစုံတခုသောအကျိုးသည်မရှိ။စုတိကြ ပဋိသန္ဓေနေကြ
သောသတ္တဝါတို့သည်မရှိ။လျှော်သောအကျင့်ကိုကျင့်ကုန်သော။
ဓမ္မိကရဟန်းပု ဏ္ဏားတို့သည် လောကနိုက်မရှိ။ ဤပစ္စုပ္ပန်တမ
လွန်လောက။ နှစ်ဌာနကို။ထူးခြားသောဘိ။ညာဏ်ဖြင့်သိ၍။ ခွဲဝေ
ပိုင်းခြား။ ဟောကြားခြင်းငှာစွမ်းနိုင်သော။ သမ္ဗုဒ္ဓဘုရားမည်
သည် မရှိဟု။ ဖေါက်ပြန်ချွတ်လွဲ။ စွဲလန်းယူသောဒိဋ္ဌိပင်။ ။
ခေါက်ဆဲ့နှစ်ပါး။များပြားလေဘိ။ ဒိဋ္ဌိအပေါင်တို့တွင်။ အဘယ်
မည် သောဒိဋ္ဌိကို။ ဤဒုစ္စရိတ။ ကမ္မပထနိုက် ယူရ မည်နည်း။ ။
ခြောက် ဆဲ့နှစ်ပါး။ ဒိဋ္ဌိများတွင်။ တပါးကိုမျှ။ မယူရလေ။ကမ္မပ
ထပြဆိုသောအခါ ဖြစ်၍။နတ္ထိကအဟေတုကအကိရိယ အပြား။
သုံးပါးသောဒိဋ္ဌိကိုသာယူအပ်၏။ ထိုကြောင့်အဋ္ဌသာလိနီအဋ္ဌက
ထာနိုက်။ ။တတ္ထနတ္ထိကာဟေ တုကအကိရိယဒိဋ္ဌိဟိဝေကမ္မပထ
ဘေဒေါဟောတိ။နအညဒိဋ္ဌိယောဟုဘွင့်ဆိုတော်မူအပ်၏။ ။တတ္ထ
ထိုဒိဋ္ဌိအပေါင်းတို့တွင်။ နတ္ထိကာဟေတု ကအကိရိယ ဒိဋ္ဌိဟိဧဝ။
နတ္ထိကဒိဋ္ဌိအဟေတုက ဒိဋ္ဌိအကိရိယဒိဋ္ဌိတို့သည်သာလျှင်။ ကမ္မ
ပထဘေဒေါ။ ကမ္မပထဘေဒသည်။ ဟောတိ။ဖြစ်၏။ အညဒိဋ္ဌိယော။
ဤသုံးပါးမှတပါးသော ဒိဋ္ဌိတို့သည်။ နဟောန္တိ။မဖြစ်ကုန်။ ။
ငင်း။ ။ထိုသုံးပါးတို့၏အသွားကား။ သဘ္ဘဝ တို့၏စင်ကြယ်ခြင်း
၏အကြောင်းတရားသည်မရှိ။ဟူသောအယူသည်။အဟေတုက။

မပြုအပ်ဟူသောအယူသည်အကိရိယ။ ။လှူအပ်သောအလှူ၏အ
ကျိုးသည်မရှိစသေါအယူသည်။နတ္ထိက။ ။ဤကားအထူးတည်း။
ထိုကြောင့်။ဥပရိပဏ္ဏာသအဋ္ဌကထာနှိက်၊ ။အဟေတုက ဝါဒါ
တိနတ္ထိ ဟေတု နတ္ထိ ပစ္စယော သတ္တာနံ ဝိသုဒ္ဓိယာတိ ဧဝမာဒိဝါဒိ
နော။ အကိရိယဝါဒါတိ ကရောတော နကရိယတိပါပန္တိ ဧဝံကိရိ
ယပဋိက္ခေပဝါဒိနော။နတ္ထိကဝါဒါတိနတ္ထိဒိန္နန္တိ အာဒိဝါဒိနော။ ။
ဟုဖွင့်အပ်၏။ ။အဟေတုကဝါဒါတိ။ဟူသည်ကား။ဝါ။ တို့၏။ဝိ
သုဒ္ဓိယာ၊စင်ကြယ်ခြင်း၏၊ ဟေတု။အကြောင်းသည်။ နတ္ထိ။မရှိ။
ပစ္စယော။ အထောက်အပံ့ သည်။နတ္ထိ။ မရှိ၊ဣတိ ဧဝမာဒိနော။
ဤသို့အစရှိသည်ကို ယူလေ့ရှိ ကုန်၏။ အကိရိယ ဝါဒါတိ။ ဟူ
သည်ကား။ ကရောတော ကရောန္တဿ။ ပြုသောသူသည်။ပါပံ။ မ
ကောင်းမှုကို။နကရိယတိ။မပြုအပ်။ဣတိဧဝံ။ဤသို့။ကိရိယပဋိက္ခေ
ပဝါဒိနော။ပြုအပ်သည်ကိုငြင်းသောအယူရှိကုန်၏။နတ္ထိကဝါဒါတိ
ဟူသည်ကား။ဒိန္နံ။ လှူအပ်သောအကျိုးသည်။နတ္ထိ မရှိ။ ဣတိအာ
ဒိဝါဒိနော။ဤသို့အစရှိသည်ကိုယူလေ့ရှိကုန်၏။ ။ငင်း။ ။ဤသို့
ပြဆိုအပ်ပြီးသော။ဒိန္နသံပန္နဖလဝိပါကောနတ္ထိတိဂဏ္ဌာတိ။ဟူ
သောအဘိဓမ္မာအဋ္ဌကထာ။ ။နတ္ထိကဝါဒါတိ နတ္ထိဒိန္နန္တိ အာဒိ
ဝါဒိနော။ ဟူသော သုတ် အဋ္ဌကထာတို့ကို ထောက်၍။ ဆွမ်း
သင်္ကန်းစသော။ လှူဒါန်းအပ်သော ဒါနသည်။ မဂ်ညာဏ်ဖိုလ်
ညာဏ်နိဗ္ဗာန်တည်းဟူသောအကျိုးကိုမပေးနိုင်။သံသာရာ၌။ဝဋ်
ဆင်းရဲနှိက်။အမြဲရှည်ကြာ။သံသရာကို။ ချဲ့ထွင်တတ်သောတရား
တည်းဟု။မှတ်ယူနှလုံးစွဲသုံးသောဝါဒသည်။မိစ္ဆာဒိဋ္ဌိပရိတ။ ပဿ
နဖြစ်သောကြောင့်။ဤမနောကမ္မ၊ တတိယအရာနှိက်သက်၏။ ။
ဤအယူနှိက်တည် သောသူတို့သည်သင်္ဂမောက္ခ၊ အန္တရာယိက၊
ငါးပါးတို့တွင်။ကိလေသန္တရာယ်ဖြစ်သောကြောင့်။ ဘုရားအရာ
ဘုရားအလောင်းတို့သည်၊မဟာကရုဏာတော်၊နှိုးဆော်ရှေ့သွား
ဘယ်သို့ပင်ဟောကြားသော်လည်း။ လေးပါးသစ္စာ။ သိရာအခွင့်
မဖြစ်လေ၊ ။ထိုကြောင့်အဋ္ဌသာလိနီအဋ္ဌကထာနှိက်။ ။တည်း

ဂဟေတွာဝ မှိတ ပုဂ္ဂလဗုဒ္ဓသတေပိ ဗုဒ္ဓသဟဿမ္ပိ ဗောဓေတုံ နသ
က္ကောတိ။ ။ဟုဖွင့်ဆိုတော်မူအပ်၏၊ ဟိသစ္စံ ။ မှန်၏။တံ။
ထိုအသူကို။ဂဟေတွာ။ယူ၍ မှိတံ။ တည်သော။ပုဂ္ဂလံ။ကို။ ဗုဒ္ဓ
သတမ္ပိ။ ဘုရားအရာသည့်ငှင်း။ဗုဒ္ဓသဟဿမ္ပိ။ ဘုရားအထောင်
သည့်ငှင်း။ ဒေသေန္တာပိ။ဟောကြားသော်လည်း။ ဗောဓေတုံ။
သစ္စာလေးပါးတရားကိုသိခြင်းငှါ။ နသက္ကောတိ။ မစွမ်းနိုင်။ ။
ငှင်း။ ။မိစ္ဆာဒိဋ္ဌိယာဘိက္ခဝေသမန္နာ ဂတာသတ္တာကာယဿဘေ
ဒါပရမ္မရဏာ အပါယံဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပန္နာတိ။ ဟူသော
အင်္ဂုတ္တိုရ်ပါဠိတော်။ ။ဘိက္ခဝေ။ရဟန်းတို့။မိစ္ဆာဒိဋ္ဌိယာ။မိစ္ဆာ
ဒိဋ္ဌိနှင့်။သမန္နာဂတာ။ပြည့်စုံကုန်သော။သတ္တာ။ သတ္တဝါတို့သည်။
ကာယဿ။ကိုယ်ခန္ဓာ၏။ဘေဒါ။ပျက်စီးသည့်မှ။ပရမ္မရဏာ။ သေ
သည်မှနောက်ကာလနှိုက်။အပါယံ။ ချမ်းသာကင်းသော။ဒုဂ္ဂတိံ။
မကောင်းသောသူတို့၏ လားရာဖြစ်သော။ဝိနိပါတံ။ မကောင်းမှုပြု
သောသူတို့၏ပြတ်၍ ကျရာဖြစ်သော။ နိရယံ။ငရဲသို့။ ဥပပန္နာတိ။
ရောက်ကုန်၏၊ ။ငှင်းအနက်။ ။ယာဒသဟိရုက္ခမာသပ္ပမာဏာ
ပိပါသာဏာ သက္ခရာဥဒကေ ပတိတာ ဥပရိ ပလဝမာနာ နဟောန္တိ။
ဧကန္တံ ဟေဋ္ဌာဝပဝိသတိ။ ဧဝမေဝံ အန္တမသော သက္ကာယ ဒိဋ္ဌိပိ
သဂ္ဂံ ဥပနေတုံ သမတ္ထာနာမ နတ္ထိ။ ဧကန္တံ အပါယေသုယေဝ နိ
မုဇ္ဇာပယတိ။ ။ဟိ။ဥပမာအားဖြင့်ထင်စွာပြဦးအံ့။ရုက္ခမာသပ္ပမာ
ဏာပိ။ပဲနောက်စေ့ အတိုင်းအရှည်ရှိသည်လည်းဖြစ်ကုန်သော။ပါ
သာဏသက္ခရာ။ ကျောက်ကျောက်စရစ်တို့သည်။ဥဒကေ။ရေနှိုက်။ပတိ
တာ။ကျကုန်သည်ရှိသော်။ဥပရိ။အထက်၌၊ ပလဝမာနာ။ပေါ်
သည်မည်ကုန်သည်။ နဟောန္တိ။ မရှိကုန်။ ဧကန္တံ။ စင်စစ်။
ဟေဋ္ဌာဝ။အောက်သို့သာ။ပဝိသတိယထာ။ဝင်လေဘိသကဲ့သို့။ဧ
ဝမေဝ။ ဤအတူသာလျှင်။ အန္တမသော။ ယုတ်သေးအမိုင်းအခြား
အားဖြင့်။သက္ကာယဒိဋ္ဌိပိ။ငါ၏ကိုယ်ငါ၏ဥစ္စာဟုယူသောသက္ကာယ
ဒိဋ္ဌိသည်လည်း။သဂ္ဂံ။နတ်ပြည်သို့။ဥပနေတုံ။ ဆောင်ခြင်းငှါ။သ
မတ္ထာနာမ။ စွမ်းနိုင်သည်မည်သည်။နတ္ထိ။မရှိ။ဧကန္တံ။ စင်စစ်၊

အပါယေသုယေဝ။ အပါယ်တို့နိုက် သာလျှင်။ နိမုဇ္ဇာပယာသိ။ ငုပ်
စေချေ၏။ ။ငင်း။ ။ဟူသောငင်း၏ဖွင့် အဋ္ဌကထာ တို့နိုက်
လည်း။ ပဲနောက်ပဲကြီးအတိုင်းအချည်ရှိကုန်သော။ ကျောက်ကျော်
စရစ်ခဲတို့သည်။ ရေသို့ ကျကုန်သကဲ့သို့ ရှိသည်။ အထက်သို့ပေါ်လာ
ခြင်းငှါ သည်မရှိကုန်သကဲ့သို့။ စင်စစ်ရေ၏အတွင်းသို့ ဝင်ကုန်သ
ကဲ့သို့၊ ဤအဘူတဒိဋ္ဌိနှင့် ပြည့်စုံသောသူတို့သည်။ အယုတ်ဆုံးအား
ဖြင့်၊ သက္ကာယဒိဋ္ဌိရှိသောသူ သည်လည်း။ နတ်ရွာသို့ ဆောင်ခြင်းငှါ
စွမ်းနိုင်သောသူမရှိ။ အပါယ်တို့နိုက် သာ နစ်မွန်းကြောပါရကုန်၏
ဟူသကုန်၏။ ။ဤမိစ္ဆာဒိဋ္ဌိအရ။ ကမ္မပထနိုက်။ ချောက်ခဲ့ နှစ်
ပါးသောဒိဋ္ဌိတို့မဟုတ်။ နတ္ထိကာဟေတုက။ အကိရိယသ အပြားသုံး
ပါးသောဒိဋ္ဌိ ကိုသာ ယူအပ်၏။ ထိုသုံးပါးသောကမ္မပထသို့ကျ်သော
ကြောင့်ဟူသို။ နည်းသေးအပြစ်ကြီးသောအပြစ်မှာ။ သမ္ဖလာပ
ကဲ့ သို့မှတ်လေ။ တနည်း။ အနိယတမိစ္ဆာဒိဋ္ဌိသည်။ အပ္ပသာဝဇ္ဇဖြစ်
၏။ နိယတမိစ္ဆာဒိဋ္ဌိသည်။ မဟာသာဝဇ္ဇဖြစ်၏။ ဤမိစ္ဆာဒိဋ္ဌိနိုက်
အင်္ဂါ ၂ ရှိကာ။ ။တဿဒွေ သမ္ဘာရာ ဝတ္ထုနောစ ဂဟိတာကာရ
ဝိပရီတတာ၊ ယထာစတံဂဏှာတိ တထာဘာဝေနတဿ။ ဥပဋ္ဌာနံ။
တဿ၊ ထိုမိစ္ဆာဒိဋ္ဌိ၏။ သမ္ဘာရာ။ တို့သည်။ ဒွေ နှစ်ပါး၊ ယူအပ်သော
ဝတ္ထုနော၏။ ဂဟိတာကာရဝိပရီတတာစ။ ယူအပ်သောအခြင်းအရာမှ
ပေါက်ပြန်သောအဖြစ် ၎င်း၊ ယထာစ။ အကြင်သို့သော အခြင်းအရာ
အား ဖြင့်လည်း။ တံ။ ထိုဝတ္ထုကို၊ ဂဏှာတိ ယူ၏။ တထာဘာဝေန။
ထိုယူသော အဖြစ်ဖြင့်၊ တဿ။ ထိုသူအား။ ဥပဋ္ဌာနံ၊ ထင်ခြင်း ၎င်း။
ဣတိ၊ သို့၊ ဒွေ။ နှစ်ပါးတို့တည်း။ ။ငင်း။ ။ဟု အဋ္ဌသာလိနီနိုက်
ပြုအပ်သော။ ဝတ္ထု၏ ယူအပ်သောအခြင်းအရာအားဖြင့်။ ပေါက်
ပြန်သောအဖြစ်။ အကြင်သို့သောအခြင်းအရာအားဖြင့်ယူ၏။ ထို
သို့သော အခြင်း အရာ၏ အဖြစ်ဖြင့် ထင် သည်၏ အဖြစ် တည်း
ဟူသောနှစ်ပါးတို့တည်း။ ။ဤသုံးပါးတို့သည်။ များသောအား
ဖြင့်။ စိတ်နိုက်သာဖြစ်သော။ မကောင်းသောအကျင့်။ ဖျက်ဆီးအပ်
သောအကျင့်ဖြစ်သောကြောင့်။ မနောဒုစရိုက်မည်ကုန်၏။ ဤသို့ပြ

အပ်ပြီးသော၊ဆယ်ပါးသောဒုစရိုက်တရားတို့ကို၊ ကာံဒွါရအပြား
တို့ဖြင့်။ပိုင်းခြား၍သိအပ်ကုန်၏။ ။အဘယ်သို့သိအပ်ကုန်သ
နည်းဟူမူကား။မိမိကိုယ်တိုင်။ သတ္တဝါကိုသတ်။ သူ၏ဥစ္စာကိုခိုး။
မိစ္ဆာစာရကိုကျင့်ကုန်အံ့၊ ကာံသည်ကာယကာံ။ ဒွါရလည်းကာယ
ဒွါရ။ဤသို့ကာယကာံသည်။ကာယဒွါရနှိက်ဖြစ်၏။ ။သဟတ္ထာ
ပဲပါဏ ဟနန္တဿ။ အဒိန္နံ အာဒိယန္တဿ။ မိစ္ဆာစာရံ စရန္တဿ။ကမ္မံ ကာယကမ္မမေဝ ဟောတိ။ ဒွါရမ္ပိကာယဒွါရမေဝ ဟော
တိ။ဧဝံ တာဝအကုသလံ ကာယကမ္မံ ကာယဒွါရေသမုဋ္ဌာတိ။ ။
အဋ္ဌသာလိနီ။ ။ဟိသတ္တံ၊မှန်၏။သဟတ္ထာသဟတ္ထေန။မိမိလက်
ဖြင့်။ဟနန္တဿ၊ သတ်သောသူ၏ငှင်း။ အဒိန္နံ။အငှင်မပေးသော
ဥစ္စာကို။အာဒိယန္တဿ။ ခိုးယူသောသူ၏ငှင်း၊မိစ္ဆာစာရံ။ ဖေါက်
ပြန်သောအကျင့်ကို။စရန္တဿ။ကျင့်သေါသူ၏ငှင်း။ကမ္မံ။သည်။
ကာယကမ္မမေဝ။ကာယကာံသည်သာလျှင်။ဟောတိ။၏။ဒွါရမ္ပိ။ ဒွါ
ရသည်လည်း။ကာယဒွါရ။သည်သာလျှင်။ဟောတိ။၏။ဧဝံယထာ
ဝုတ္တနယေန။ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ တာဝ။
ရှေးဦးစွာ၊အကုသလံ။အကုသိုလ်ဖြစ်သော၊ကာယကမ္မံ၊ ကာယ
ကာံသည်။ကာယဒွါရေ။ နှိက်။ သမုဋ္ဌာတိ။ဖြစ်၏။ ။ငှင်းအနက်။ ။
ဤမည်သောသူကို။ ဖိဝိတိခြွေမှ ချလေလော။ ဤမည်သောသူ၏
ဘဏ္ဍာ။ဥစ္စာကိုခိုးလေလောဟု။စေခိုင်းအံ့။ ကာံသည်ကာယကာံ။ဒွါ
ရကားဝစီဒွါရ။ဤသို့ကာယကာံသည်။ ဝစီဒွါရနှိက်ဖြစ်၏။ ။
ဂန္တွာဇုတ္ထန္နာမံ ဇီဝိတာ ဝေါရောပေဟိ။ဇုတ္ထန္နာမံ ဘဏ္ဍံ အဝဟရာ
တိအာဏာပေန္တဿပနကမ္မံ ကာယကမ္မံ ဟောတိ။ဒွါရံဝစီဒွါရံ
ဧ၀ံ အကုသလံ ကာယကမ္မံ ဝစီဒွါရေသမုဋ္ဌာတိ။ ။ငှင်း။ဂန္တွာ။
သွားလော။ဇုတ္ထန္နာမံ။ဤအမည်ရှိသောသူကို။ဇီဝိတာ။ ဇီဝိတိခြွေမှ
ဝေါရောပေဟိ။ချလေလော။ဇုတ္ထန္နာမံ။ ဤအမည်ရှိသော၊ ဘဏ္ဍာ ။
ကို။အဝဟရ။ ခိုးလေလော။ ဣတိ။သို့။ အာဏာပေန္တဿ။ စေခိုင်း
သောသူ၏။ကမ္မံ။သည်။ကာယကမ္မံ ။ကာယကာံသည်။ ဟောတိ။
၏။ဒွါရံ။ဒွါရသည်။ဝစီဒွါရံ။ဝစီဒွါရသည်။ ဟောတိ။၏။ ဧဝံယ

ထာဝုတ္တနယေန။ဖြင့်။အကုသလ ။သော။ ကာယကမ္မ ။ ကာယကံ
သည်။ဝစီဒွါရေ။ဝစီဒွါရနှိုက်။သမုဋ္ဌာတိ။ဖြစ်၏။ ။၎င်း။ ။
နကာယကမ္မ မနော ဒွါရေ သမုဋ္ဌာတိတိနိဋ္ဌမေတ္ထဂန္တဗ္ဗ ။ ။ကာ
ယကမ္မ ။ကာယကံသည်။မနောဒွါရေ။မနောဒွါရနှိုက်။နသမုဋ္ဌာတိ
မဖြစ်။ဣတိ။သို့။ဧတ္ထ။ ဤအရာနှိုက်။နိဋ္ဌံ ။ဆုံးဖြတ်ခြင်းကို။ ဂန္တဗ္ဗံ ။
သိအပ်၏။ ။၎င်းအနက်။ ။ဟူသောအဋ္ဌကထာအရ။ မနော
ဒွါရဖြစ်သော ကာယကံကားမရှိလေ။ ။လက်ဖေါက် ပြန်ခြင်း
ဖြင့်။မုသာဝါဒစသည်ကိုဆိုသောသူ၏ကံသည်။ဝစီကံ။ဒွါရကား
ကာယဒွါရ။ဤသို့ဝစီကံသည်။ကာယဒွါရနှိုက်ဖြစ်၏။ ။ဟတ္ထ
မုဒ္ဒါယ ပန မုသာဝါဒါဒီနိ ကထေန္တဿ ကမ္မံ ဝစီကမ္မံ ။ဒွါရံ ပန ကာ
ယဒွါရံ ဟောတိ။ ဧဝံ အကုသလံ ။ဝစီကမ္မံ ကာယဒွါရေ သမုဋ္ဌာ
တိ။ ။အဋ္ဌသာလိနီ။ ။ပန။ အဘိုတပါး။ ဟတ္ထမုဒ္ဒါယ။ လက်
ဖေါက်ပြန်သဖြင့်။မုသာဝါဒါဒီနိ။ မုသာဝါဒအစရှိသည်တို့ကို က
ထေန္တဿ။ ဆိုသောသူ၏။ ကမ္မံ ။ကံသည်။ ဝစီကမ္မံ ။ဝစီကံတည်း။
ဒွါရံ ပန။ဒွါရသည်ကား။ကာယဒွါရံ။ကာယဒွါရသည်။ ဟောတိ။
၏ ဧဝံ ယထာဝုတ္တနယေန။ဖြင့်။အကုသလံ။ အကုသိုလ်ဖြစ်သော။
ဝစီကမ္မံ။ဝစီကံသည်သည်း။ ကာယဒွါရေ။ ကာယဒွါရ၌သမုဋ္ဌာ
တိ။၏။၎င်း။နှုတ်မြွက်ခြင်းကိုပြု၍။မုသာဝါဒစ သည်ကို ဆိုသောသူ
၏ကံသည်။ ဝစီကံ ဒွါရလည်း ဝစီဒွါရ။ဤသို့ဝစီကံသည်။ ဝစီဒွါ
ရ၌ဖြစ်၏ ဝစီဘေဒံ ပန ကတွာ မုသာဝါဒါဒီနိ ကထေန္တဿ ကမ္မံ ဝ
စီကမ္မံ ဒွါရံပိ ဝစီဒွါရမေဝ။ ဧဝံ အကုသလံ ဝစီကမ္မံ ဝစီဒွါရေ သမု
ဋ္ဌာတိ။၎င်း။ ။ပန။အဘို့ တပါး။ဝစီဘေဒံ။နှုတ်မြွက်ခြင်းကို။ကတွာ။
၍။မုသာဝါဒါဒီနိ။တို့ကို။ကထေန္တဿ။၏။ကမ္မံပိ။ကံသည်လည်း။ဝ
စီကမ္မံ။ဝစီကံတည်း။ဒွါရံပိ။ဒွါရသည်လည်း။ ဝစီဒွါရမေဝ။ သည်
သာလျှင်တည်း။ဧဝံ ယထာဝုတ္တနယေန။ဖြင့်။အကုသလံ ။ သော။ဝ
စီကမ္မံ။သည်။ဝစီဒွါရေ။ဝစီဒွါရနှိုက်။သမုဋ္ဌာတိ။၏။ ။၎င်း
အနက်။ ။ဧဝံ အကုသလံ ဝစီကမ္မံ န မနောဒွါရေ သမုဋ္ဌာတီတိ
နိဋ္ဌမေတ္ထ ဂန္တဗ္ဗံ ။ ။ဟူသောအဋ္ဌကထာအရ။ မနောဒွါရနှိုက်

ဖြစ်သော။ ဝစီကံမည်သည်မရှိလေ။ အကြင်အခါနှိ့က်။အဘိဇ္ဈာ
နှင့်တကွဖြစ်သောစိတ်ဖြင့်။ ကိုယ်အင်္ဂါကိုလှုတ်ရှားစေ၍။ လက်
ကိုဆွဲငင်သုံးသပ်ခြင်းစသည်ကိုပြု၏။ ဗျာပါဒနှင့်တကွဖြစ်သော
စိတ်ဖြင့်၊ဒုတ်ကိုသုံးသပ်ခြင်းစသည်ပြု၏မိစ္ဆာဒိဋ္ဌိနှင့်တကွဖြစ်သေါ
စိတ်ဖြင့်။ ပိဿနိုးနတ်စသည်တို့သည်မြတ်ကုန်၏ဟု နှလုံးသွင်း၍
ထိုနတ်စသည်တို့အား။ရှိခိုးခြင်းလက်အုပ်ချီခြင်း စသည်တို့ကိုပြု
၏။ ထိုအခါနှိုက်ကံသည်။ မနောကံ။ဒွါရသည်။ ကာယဒွါရ။ ဤ
သို့မနောကံသည်ကာယဒွါရ၌ဖြစ်၏။ ။ယဒါပနအဘိဇ္ဈာသဟဂ
တေနစေတသာကာယင်္ဂံစောပေန္တောဟတ္ထဂါဟာဒိနိကရောတိ။ ဗျာ
ပါဒသဟဂတေန၊စေတသာဒဏ္ဍပရာမာသာဒိနိ။ မိစ္ဆာဒိဋ္ဌိသဟဂ
တေနစေတသာခန္ဓသိဝါဒယောသေဋ္ဌာတိတေသံအဘိဝါဒနအဉ္ဇ
လိကမ္မဘုဇပိဋ္ဌိက ပရိဘဏ္ဍာဒိနိကရောတိ။ တဒါကမ္မံမနောကမ္မံ
ဟောတိ။ဒွါရံပနကာယဒွါရံ။ဝံအကုသလံ မနောကမ္မကာယဒွါ
ရေသမုဋ္ဌာတိ။ ။အဥ္စသလ်နို။ ။ယဒါ၌။ အဘိဇ္ဈာသဟဂတေ
န။အဘိဇ္ဈာနှင့်တကွသော။ စေတသာ။စိတ်ဖြင့်။ကာယင်္ဂံ။ ကိုယ်
အင်္ဂါကို။စောပေန္တော။လှုတ်စေလျှက်။ဟတ္ထဂါဟာဒိနိ။လက်ကို
ကိုင်ခြင်းအစရှိသည်တို့ကို။ကရောတိ။ပြု၏။ဗျာပါဒသဟဂတေန။
ဗျာပါဒနှင့်တကွဖြစ်သော။စေတသာ။ဖြင့်။ဒဏ္ဍပရာမာသါဒိနိ။ဒုတ်
ကိုသုံးသပ်ခြင်းအစရှိသည်တို့ကို။ ကရောတိ။၏။မိစ္ဆာဒိဋ္ဌိသဟဂ
တေန။မိစ္ဆာဒိဋ္ဌိနှင့်တကွဖြစ်သော။စေတသာ။ဖြင့်။ခန္ဓသိဝါဒယော
ပိဿနိုးနတ်အစရှိသည်တို့သည်။သေဋ္ဌာမြတ်ကုန်၏။ ဣတိမနသိ
ကတွါ။ဤသို့နှစ်လုံးသွင်း၍။တေသံ။ထိုပိဿနိုးနတ်အစရှိသည်တို့
အား။အဘိဝါဒန အဉ္ဇလိကမ္မဘုဇပိဋ္ဌိကပရိဘဏ္ဍာဒိနိ။ ရှိခိုးခြင်း
လက်အုပ်ချီခြင်းပိဿနိုးနတ်တို့အား။ နေရာခင်းခြင်းမြေလိမ်းကျံ
ခြင်း။အစရှိသည်တို့ကို။ကရောတိ။၏။တဒါ။၌။ကမ္မံ။သည်။ မနော
ကမ္မံ။မနောကံသည်။ဟောတိ။၏။ဒွါရံပန။ဒွါရသည်ကား။ကာယ
ဒွါရံ။ဒွါရကာယဒွါရတည်း။ဧဝံ။ဖြင့်။အကုသလံ သော။မနောကမ္မံ။
သည်။ကာယဒွါရေ။နှိုက်။သမုဋ္ဌာတိ။ဖြစ်။ ။ငှင်း။အကြင်အခါ၌။

အဘိဇ္ဈာနှင့်တကွဖြစ်သောစိတ်ဖြင့်။ နှုတ်ကိုဖွက်၍။ တပါးသောသူ
၏ဘဏ္ဍာ။ ဥစ္စာပစ္စည်းကို။ ငါ့ဥစ္စာဖြစ်မူကောင်းလေစွဟု။ သူတ
ပါး၏ပစ္စည်းဥစ္စါ။ ဘဏ္ဍာကိုရှေးရှုကြံ၏။ ဗျာပါဒနှင့် တကွဖြစ်သော
စိတ်ဖြင့်။ ဤသတ္တဝါတို့ကို။ သတ်မူလည်းသတ်ကုန်။ ဖွဲ့မူလည်းဖွဲ့
ကုန်။ ဖြတ်မူလည်းဖြတ်ကုန်သတည်းဟုဆို၏ မိစ္ဆာဒိဋ္ဌိနှင့်တကွဖြစ်
သောစိတ်ဖြင့်။ လှူသော်လည်းအကျိုးမရှိစသည်ဖြင့်ဆို၏။ ထိုအ
ခါနိုက်ကံသည်၊ မနောကံ ဒွါရသည်။ ဝစီဒွါရ။ ဤသို့မနောကံ
သည်၊ ဝစီဒွါရနိုက်ဖြစ်၏။ ။ယဒါပန အဘိဇ္ဈာသဟဂတေနစေ
တသာ ဝါစင်္ စောပေတွာ အဟောဝတာယံ ပရေသံ မမံသာ
တိ ပရဝိတ္တူပကရဏ အဘိဇ္ဈာယတိ။ ဗျာပါဒသဟဂတေနစေတ
သာ ဣမေသတ္တာ ဟညန္တုဝါ ဗဇ္ဈန္တုဝါ ဥစ္ဆိဇ္ဇန္တုဝါ မာဝါအဟေ
သုန္တိ ဝဒတိ။ မိစ္ဆာဒိဋ္ဌိသဟဂတေနစေတသာ။ နတ္ထိဒိန္နံ နတ္ထိယိဋ္ဌန္တိ
အာဒိနာ ဝဒတိ။ တဒါကမ္မံ မနောကမ္မံ ဟောတိ။ ဒွါရံပန ဝစီဒွါရံ။ ဧ
ဝံ အကုသလံ မနောကမ္မံ ဝစီဒွါရေ သမုဋ္ဌာတိ။ ။၄င်း။ ယဒါ။ နိုက်၊
အဘိဇ္ဈာသဟဂတေန။ အဘိဇ္ဈာနှင့်တကွ ဖြစ်သော။ စေတသာ။
စိတ်ဖြင့်။ ဝါစင်္။ နှုတ်အင်္ဂါကို။ စောပေတွာ။ လှုပ်စေလျက်။ အ
ယံ။ ဤဥစ္စါသည်။ ပရေသံ။ တပါးသောသူ၏။ သန္တကံ။ ဥစ္စာတည်း။ တံ။
ထိုဥစ္စါသည်။ မမ။ ငါ၏။ သန္တကံ။ ဥစ္စာ သည်။ အဿ ဘဝေယျ။ ဖြစ်မူ
ကား။ အဟော ဝတ။ ကောင်းလေစွ။ ဣတိ။ သို့။ ပရဝိတ္တူပကရဏံ။
တပါးသောသူ၏ဥစ္စာဘဏ္ဍာကို။ အဘိဇ္ဈာယတိ။ ရှေးရှုကြံ၏။ ဗျာ
ပါဒသဟဂတေန။ သော စေတသာ။ ဖြင့်။ ဣမေ သတ္တာ။ ဤသတ္တဝါ
တို့သည်။ ဟညန္တုဝါ။ သတ်မူလည်းသတ်ကုန်။ ဗဇ္ဈန္တုဝါ။ ဖွဲ့မူ
လည်း ဖွဲ့ကုန်။ ဥစ္ဆိဇ္ဇန္တုဝါ ဖြတ်မူလည်းဖြတ်ကုန်။ မာဝါအဟေ
သုံ။ မဖြတ်မူသည်းမဖြတ်ကုန်ရာ။ ဣတိ။ သို့။ ဝဒတိ။ ဆို၏။ မိစ္ဆာဒိဋ္ဌိ
သဟဂတေန။ သော။ စေတသာ။ ဖြင့်။ ဒိန္နံ။ လှူအပ်သော အကျိုး
သည်။ နတ္ထိ။ မရှိ။ ယိဋ္ဌံ။ ပူဇော်အပ်သောအကျိုးသည်။ နတ္ထိ။ မရှိ။ ဣ
တိအာဒိနာ။ ဤသို့အစရှိသည်တို့ကို။ ဝဒတိ။ ဆို၏။ တဒါ။ နိုက်။ ကမ္မံ။
သည်။ ဟောတိ။ ၏။ ဒွါရံပန။ သည်ကား။ ဝစီဒွါရံ။ တည်း။ ဧဝံ။ ဖြင့်။

အကုသလံ။သော။မနောကမ္မံ။သည်။ဝစီဒွါရေ။နှိုက်။ သမုဋ္ဌာတိ။
ဖြစ်၏။ငှင်း။ ။အကြင်အခါနှိုက်။ ကိုယ်အင်္ဂါနှုတ်အင်္ဂါတို့ကို။
မလှုပ် မပြွက်မူ၍၊ဆိတ်ငြိမ်ရာ အရပ်နှိုက်နေ၍။ အဘိဇ္ဈာဗျာပါဒ
မိစ္ဆာဒိဋ္ဌိနှင့်တကွဖြစ်သောစိတ်တို့ကိုဖြစ်စေ၏။ ထိုအခါနှိုက်။ ကံ
သည်မနောကံ။ဒွါရလည်းမနောဒွါရ။ ဤသို့မနောကံသည်၊မနော
ဒွါရနှိုက်ဖြစ်၏။ ။ယဒါ၊နကာယင်္ဂံ ဝါစင်္ဂါနိအစောပေတွာရ
ဟောနိသိန္နောအဘိဇ္ဈာဗျာပါဒမိစ္ဆာဒိဋ္ဌိသဟဂတာနိ စိတ္တာနိဥပ္ပါ
ဒေတိ။တဒါကမ္မံမနောကမ္မံ၊ဒွါရမ္ပိမနောဒွါရမေဝ။ ဧဝံအကုသလံ
မနောကမ္မံမနောဒွါရေသမုဋ္ဌာတိ။ ။ငှင်း။ ။ယဒါ။နှိုက်။ ကာ
ယင်္ဂံဝါစင်္ဂါနိ။ကိုယ်အင်္ဂါနှုတ်အင်္ဂါတို့ကို။ အစောပေတွာ။ မလှုပ်
စေမူ၍။ရဟော၊ဆိတ်ကွယ်ရာအရပ်နှိုက်။နိသိန္နော။ နေလျက်။အ
ဘိဇ္ဈာဗျာပါဒမိစ္ဆာဒိဋ္ဌိသဟဂတာနိ။အဘိဇ္ဈာဗျာပါဒမိစ္ဆာဒိဋ္ဌိနှင့်တ
ကွဖြစ်ကုန်သော။စိတ္တာနိ။တို့ကို။ဥပ္ပါဒေတိ။ဖြစ်စေ၏။ တဒါ။နှိုက်။
ကမ္မံ။သည်။မနောကမ္မံ။မနောကံတည်း။ဒွါရမ္ပိ။သည်လည်း။မနော
ဒွါရမေဝ။သည်သာလျှင်တည်း။ဧဝံယထာဝုတ္တနယေန၊ဖြင့်။အကု
သလံ။သော။ မနောကမ္မံ။သည်။မနောဒွါရေ၊မနောဒွါရနှိုက်။သ
မုဋ္ဌာတိ။၏။ ။ငှင်းအနက်။ ။ဤဆယ်ပါးသော အကုသလ
ကမ္မပထတရားတို့ကို။ဓမ္မကောဋ္ဌာသ။အာရမ္မဏဝေဒနာမူလတည်း
ဟူသော။ငါးပါးသောအပြားတို့ဖြင့်။ ပိုင်းခြား၍သိအပ်ကုန်၏။အ
ဘယ်သို့သိအပ်ကုန်သနည်းဟူမူ။ဓမ္မအားဖြင့်။ ပါဏာတိပါတ၊အ
ဒိန္နာဒါန၊မိစ္ဆာစာရ၊ မုသာဝါဒ၊ပိသုဏာဝါစာ၊ဖရုသဝါစာ၊ သမ္ဖပ္ပ
လာပ၊ဤခုနစ်ပါးတို့သည်၊ စေတနာသာတည်း။ အဘိဇ္ဈာဗျာပါဒ
မိစ္ဆာဒိဋ္ဌိ။ဤသုံးပါးတို့သည်။ လောဘဒေါသဒိဋ္ဌိတို့သာတည်း။ ။
ကောဋ္ဌာသအားဖြင့်။ပါဏာတိပါတစသော၊ခုနစ်ပါး။ မိစ္ဆာဒိဋ္ဌိ။ဤ
ရှစ်ပါးတို့သည်။ ကမ္မပထတို့သာ။ မူလမဟုတ်။အဘိဇ္ဈာဗျာပါဒ။
ဤနှစ်ပါးတို့သည်။ကမ္မပထလည်းဟုတ်၊ မူလလည်းဟုတ်ကုန်၏။
အာရမ္မဏအားဖြင့်။ပါဏာတိပါတသည်။ သတ်အပ်သောသူ၏ဇီဝိ
တိန္ဒြေလျှင်အာရုံရှိသောကြောင့်။ သင်္ခါရတရားကိုအာရုံပြု၏။ အ

ဝိန္ဒါနံ့သည်။သဗ္ဗဝါသဒ္ဒါ ရ။နှစ်ဝသောအခါရုံကိုအာရုံပြု၍။ဝိန္ဒာ
စာရသည်။အတွေ့တည်းဟူသောဖောဋ္ဌဗ္ဗ၏အစွမ်းဖြင့်။ သဒ္ဒါ ရ
ကိုအာရုံပြု၍။သဗ္ဗဝါကိုအာရုံပြု၍ဟူ၍လည်း။ အချို့သောဆရာ
တို့ဆိုကုန်၏။ ရသာဝါဒမိသုဏာဝါစာတို့သည်။ သဗ္ဗဝါသဒ္ဒါ ရ။
နှစ်ဌာနကိုအာရုံပြုကုန်၏။ ဖရုသဝါစာသည်။ သဗ္ဗငါကိုအာရုံပြု
၏။သမ္ဖပ္ပလာပသည်။သဗ္ဗဝါသဒ္ဒါ ရနှစ်ဝကိုအာရုံပြု၍။အဘိဇ္ဈာ
လည်းထိုနည်းအတူပင်။ ဗျာပါဒသည်။သဗ္ဗဝါကိုအာရုံပြု၍။ မိ
စ္ဆာဒိဋ္ဌိသည်။ တေဘူမကာ။ ဓမ္မ၏အစွမ်းဖြင့်။ သဒ္ဒါ ရကိုအာရုံပြု၍။
ဝေဒနာအားဖြင့်။ ပါဏာတိပါတသည်။ ဒုက္ခတည်းဟူသောဝေဒ
နာရှိ၏။သူ့၏အသက်ကို။ရက်စက်ကြမ်းကြုတ်။ သတ်ပုတ်ညှဉ်း
ဆဲခြင်းကြောင့်။ထိုသတ်သောပုဂ္ဂိုလ်အား။ဒုက္ခဝေဒနာရှိသည်ဟူ
လို။ ။မြို့တိုင်းခရိုင်။နိုင်ငံပိုင်သ အစိုးရသောလူတို့၏ သေဌ္ဌနင်း။
ပြည့်ရှင် မင်းတို့သည်။ ယုတ်မာ ဆိုးသွမ်း။ ကြမ်းထမ်းသမှု။ ခိုး
တိုက်ပြုသော သူခိုးတို့ကို။ လက်ပူးလက်ကြပ်။ဘမ်းမိလတ်သော်။
သောမနဿပိတိ။ ရွှင်ဘိလျက်။ မိမိ၏ထံပါး။ ခစားနေထိုင်ရှိကြ
သောမင်းချင်းတို့အား။ ဤသူဘို့ကို သတ်လေဟု။ စေခိုင်းလေသော်
အာဏာပက။ပုဂ္ဂလသဏ္ဌာန်နိုက်။ ရွှင်သန်သောစိတ်ရှိ၍။ သောမ
ဏီ၊ ၊ဟူသောဝိနည်းပါဠိတော်ပါဏာတိပါတာဝေရမဏီ
သိက္ခာပဒံသမာဒိယာမိ၊ပ၊ ဇာတရူပရဇတပဋိဂ္ဂဟဏာ ဝေရမဏီ
သိက္ခာပဒံသမာဒိယာမိ၊ ၊ဟူသောခုဒ္ဒကပါဌပါဠိတော်တို့ကို
ထောက်၍၊ဆယ်ပါးသီလကိုသိလေ၊ဤကားဆယ်ပါးသီလ၊ ၊ဥ
ပေါသထသီလဝသေနပန ဥပါသကာနံ သတ္တမပဋ္ဌမစေကံအင်္ဂံ က
တွာသဗ္ဗပဌမဝဏ္ဏနာနိ၊ဟူသောခုဒ္ဒကပါဌအဋ္ဌကထာ၊ ၊အဋ္ဌာတိ
နစ္စာဒိမာလာဒိဝေရမဏီကေကတွာသဗ္ဗပဌမဝဏ္ဏနာနိအဋ္ဌ၊ ၊ဟူ
သောမဟာဋီကာ တို့နှင့်အညီ၊ ဆယ်ပါးသီလတွင်၊ နှစ်ပါးခြော

ဖြစ်သောနစ္စဂီတ၊ ရှစ်ခုမြေးဖြစ်သော၊ မာလာဂန္ဓတို့ကို၊ တပေါင်း
တည်းပြုပြီးလျှင်၊ အဆုံးဖြစ်သော ဥတ္တရူပသိက္ခါပုဒ်ကိုကြည့်၍၊ ရှစ်
ပါးဖြစ်၏၊ ဤကား ရှစ်ပါးသီလ တည်း။ ။ဧတ္တ စ အာဒီတော ဒွေ စ
တုဒ္ဒပဉ္စမာ နိစ္စဥပါသကာနံ သာမဏေရာနဉ္စ သာဓာရဏာ နိစ္စသီ
လဝသေန။ ။ဟူသော ဒွကပါဌ်အဋ္ဌကထာ၌၊ ဆိုအပ်ပြီးသော သီ
လတို့တွင်၊ အစနှိုက်ဖြစ်သော ပါဏာတိပါတ၊ အဒိန္နာဒါန၊ နှစ်ပါး၊
လေးချဖြစ်သော မုသာဝါဒ၊ ငါးချမြောက်ဖြစ်သော သုရာမေရယ၊
ဤလေးပါးတို့သာ၊ နိစ္စသီလ၏ အစွမ်းအားဖြင့်လာ၏၊ ငါးပါးဟူ၍
မလာ၊ အဗြဟ္မစရိယနှင့်၊ ကာမေသုမိစ္ဆာစာရ၊ လဲလှည့်ထည့်ခြင်း
လည်းမလာသောကြောင့် လေးပါးသာဖြစ်၏၊ ဆိုသို့အဋ္ဌကထာ
နှိုက်၊ သေချာသရုပ်မခွဲမထုတ်သော်လည်း။ ။အဘိဓမ္မာဝိဘင်္ဂပါ
ဠိနှိုက်။ ။ပါဏာတိပါတာဝေရမဏီသိက္ခာပဒံ၊ အဒိန္နာဒါနာဝေရ
မဏီသိက္ခာပဒံ။ ကာမေသုမိစ္ဆာစာရာဝေရမဏီသိက္ခာပဒံ။ မု
သာဝါဒါဝေရမဏီသိက္ခာပဒံ၊ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာဝေ
ရမဏီသိက္ခာပဒံ။ ။ဟုသရုပ်ထုတ်တော်၊ ဟောတော်မူအပ်
သောကြောင့်၊ ငါးပါးဟူ၍သာအပ်၏၊ ဤကား ငါးပါးသီလ။ ။ဤ
သို့ဆိုအပ်ပြီးသော၊ ပါဠိအဋ္ဌကထာဋီကာကျမ်းဂန်တို့နှိုက်၊ ငါး
ပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့ကိုသာလျှင်၊ သရုပ်သ
မာဒါန်၊ အာကာရအားဖြင့်တကွလာ၏။ ။သီလံသမာဒိယိတွာ ဥပေါ
သထကမ္မံကတွာ။ ။ဟူသော ပဋ္ဌာန်းပါဠိတော်၊ ။သီလံသမာ
ဒိယိတွာတိ ပဉ္စဂါဒိဝသေန နိစ္စသီလံ ဂဏှိတွာ၊ ဥပေါသထကမ္မံ
ကတွာတိ ပါဏံ န ဟာနေ အဒိန္နံ မာဒိယေတိ ဧဝံဝုတ္တံ ဥပေါသထဒိ
ဝသေသု အဋ္ဌင်္ဂ ဥပေါသထကမ္မံကတွာ။ ။ဟူသော ငှင်းအဖွင့်
အဋ္ဌကထာတို့နှိုက်၊ ငါးပါးသီလ၊ အာဇီဝဋ္ဌမက၏ အရယူအပ်သော
ဆယ်ပါးသီလ၊ အဋ္ဌင်္ဂဥပေါသထ သီလဟူ၍ ငှင်း။ ။မဟာဇန
ကဇာတ်နှိုက်။ ။ဝေလံ ဒိသွာ လောကေတွာ လောကောဒကေ
နမုခံဝိက္ခာလေတွာ ဥပေါသထိကော ဟောတိ။ ။ဟုမဟာဇနက
မင်းသားသည်၊ အချိန်ကာလသမယကိုကြည့်၍၊ ဆားငံရေဖြင့်ခံ

တွင်းကို ဆေးလျှော်ပြီးလျှင်။အဋ္ဌင်္ဂဥပုဒ်ကို စောင့်သုံးသည်ဟူ၍
၎င်း။ ။သဗ္ဗေဥပေါသထိကာဟောန္တိ။ ။ဟူသောမေဏ္ဍကအဋ္ဌ
ကထာနိုက်။ အနှံ့သင်္ဂဇ်သူဌေး၏အိမ်၌ရှိသော။ အလုံးစုံသော
သူတို့သည်။အဋ္ဌင်္ဂဥပုသ်ကိုစောင့်ထိန်း၏ဟူ၍၎င်း။ ။သီလာနိ
ရက္ခိတွာအ●မာသံဥပေါသထကမ္မံကတွာ သငေ့ရိသောသဂ္ဂပုရံ
ရေသိ။ ။ဟူသောစမ္မေယျဇာတ်နိုက်။ ဘုရားအလောင်းစမ္မေ
ယျနဂါးမင်းသည်။လခွဲပတ်လုံး။အဋ္ဌင်္ဂဥပုသ်ကို စောင့်သုံး၏ဟူ၍
၎င်း။ ။ဘူရိဒတ်ဇာတ်နိုက်။ ။ယာဝဇီဝံသီလာနိရက္ခိတွာဥ
ပေါသထကမ္မံကတွာအာယုပရိယောသာနေသဂ္ဂံပုရံပူရေသိ။
ဟူဘူရိဒတ်နဂါးမင်းသည်။အသက်ထက်ဆုံး။၄ပါးသောအင်္ဂါ
ရှိသော။ဥပုသ်ကိုစောင့်သုံး၏ဟူ၍၎င်း။ ။အလောင်းတော်မြတ်
သသဇာတ်နိုက်။ ။သီလံသမာဒိယိတွာ။ ဥပေါသထကမ္မံဟော
ထ။ ။ဟုယုန်မင်းသည်။၄ပါးသီလကိုစောင့်ပြီး၍။ မြေခွေးမျောက်
မျောက်တို့အားသည်။ အဋ္ဌင်္ဂဥပုသ်နိုက် တိုက်တွန်း၏ဟူ၍၎င်း။
ဇာမေပိ ပရိသုဒ္ဓါနိ ကတွာပဉ္စသီလာ နိရက္ခိံသု။ ဟူသောတိက
နိပါတ်။ ဂရုဓမ္မ ဇာတ်နိုက်။ မင်းနှင့် တကွ။ ခုနှစ်ဦးသော သူတို့
သည်။ ငါးပါး သီလကို စောင့်ရှောက် ကြကုန်၏ ဟူ၍၎င်း။ ။
၎င်းနိပါတ်။ သုပတ္တဇာတ်နိုက်။ ။သဝဋ္ဋဗောဓိသတ္တောသဿ
ဩဝါဒေ ဌတွာ သဗ္ဗသတ္တာနံ အဘယံဒတွာ ပဉ္စသီလာနိ ရက္ခ
တိ။ ။ဟုဗာရာဏသီမင်းကြီးသည်။ ဘုရားလောင်းကျီးမင်း၏။
ဩဝါဒနိုက်တည်၍။အလုံးစုံသောကျီ အပေါင်းတို့အား။အဘယ
ဒါနပေးပြီးလျှင်။ငါးပါးသီလကိုစောင့်ထိန်း၏ဟူ၍၎င်း။ ။မနု
သာဝဥပေါသထံအဓိဋ္ဌာယသီလာနိသမာဒိယိတွာနိုင္ဂိ။ ။ဟူ
သောတိကနိပါတ်။ဗကဇာတ်နိုက်။စိတ်ဖြင့်သာလျှင်။ဥပေါသထ။
အဋ္ဌင်္ဂသီလကိုဆောက်တည်၏ဟူ၍၎င်း။ ။သဗ္ဗေဓမ္မာနုဂ္ဂဟံဇာမ
သို့ ဌာနေလောကိယာနိ ပဉ္စသီလာနိ ဒသသီလာနိတိဏ္ဏံသုစရိ
တာနိ သဗ္ဗေဓမ္မာနာမ။ ။ဟူသောစတုက္ကနိပါတ်။ သီလဝိမံသန
ဇာတ်နိုက်။ ငါးပါးသီလ။ဆယ်ပါးသီလ။ သုစရိုက်တရားသုံးပါး

တို့သည်၊ သမ္ဘာခမ္မမည်၏ ဟူ၍ငှင်း။ ။ဒါနံဒေဟိသီလံရက္ခာဟိ
ဥပေါသထ ကမ္မံ ကရောဟိ။ ။ဟူသောငှင်းနိပါတ် ဗြဟ္မဒ္ဒ
ဇာတ်နှိက်၊ ဘုရားလောင်းရသေ့သည်၊ ဗြဟ္မဒတ်မင်းကြီးအား၊
အလှူကိုလှူလော့။ ငါးပါးသီလ၊ ဆယ်ပါးသီလ၊ ဥပေါသထအဋ္ဌင်္ဂ
သီလတို့ကို၊ စောင့်ရှောက်သောဟူ၍ငှင်း။ ။သီလံရက္ခဟိ ဥ
ပေါသထကမ္မံ ကရောဟိ၊ ။ဟူသောစတုက္ကနိပါတ်၊ အမ္ဗဇာတ်
နှိက်၊ သိကြားမင်းကသည်၊ ရသေ့အား၊ ညင်သည်၊ ငါးပါးသီလ
ဆယ်ပါးသီလကို၊ စောင့်ရှောက် ထိမ်းသိမ်း၏လော ဟူ၍ငှင်း။
ဗောဓိသတ္တာ သေဋ္ဌိဟုတွာ ဒါနံအဒါသိ၊ သီလံရက္ခတိ၊ ဥပေါသ
ထကမ္မံ ကရောတိ။ ။ဟူသောဆက္ကနိပါတ်၊ သိရိ ကဏ္ဏိက
ဇာတ်နှိက်၊ ဘုရားလောင်းသူဌေးသည်၊ အလှူကိုလှူ၏၊ ငါးပါးသီ
လ၊ ဆယ်ပါးသီလ၊ အဋ္ဌင်္ဂသီလတို့ကို ဆောက်တည်၏ဟူ၍ငှင်း။
ဒါနံဒေတိ သီလံ ရက္ခတိ ဥပေါသထကမ္မံ ကရောတိ။ ။ဟူသော
ဆက္ကနိပါတ်၊ ပဉ္စုပေါသထိကဇာတ်နှိက်၊ ဗာရာဏသီမင်းကြီး
အား၊ ဒါနကိုလှူလော၊ ငါးပါးဆယ်ပါးရှစ်ပါးသီလတို့ကို၊ ကျင့်သုံး
ဆောက်တည်လော၊ ဟု၊ ပစ္စေကဗုဒ္ဓါကဟောတော်မူ၏ဟူ၍ငှင်း။
တေပိစတ္တာရောပဏ္ဍိတာ သမဂ္ဂါသမောဒမာနာနိစ္စသီလံ ဥပေါ
သထသီလဥပုရေတွာ ယထာရေဟံပုညာနိကတွာ၊ ယထာကမ္မံ ဂ
တာ။ ။ဟူသောစရိယာပိဋကတ်အဋ္ဌကထာနှိက်၊ လေးယောက်
သောပညာရှိတို့သည်၊ နိစ္စသီလ၊ ဥပေါသထ သီလတို့ကို၊ ဖြည့်
ကျင့်စောင့်ရှောက် ကြကုန်၏ဟူ၍ငှင်း။ သမာဒါန၊ အာကာရသ
ရုပ်နှင့်တကွ၊ သီလတို့ကိုမထုတ်မပြသာမညအားဖြင့်လာ၏။ ထို
သို့သာမညဝိသေသ၊ ပြခဲ့သောသီလဟူသည်လည်း၊ ရှေးပဝေသ
ဏီစဉ်ဆက်၊ မပျက်ကျင့်သုံး ဆောက်တည် ကြသော၊ ပဉ္စင်၊ အ
ဋ္ဌင် ဒသင်၊ သီလတို့ချည်းပင်၊ ဤမှတပါး၊ အခြားသောသီလဟူ၍
မသာ။ ။မဂ္ဂဗြဟ္မစရိယသသ အာဒိဘာဝဘူတန္တိ အာဒိ ဗြဟ္မစရိ
ယကံ၊ အာဇီဝဋ္ဌမကသီလသောတံ အဓိဝစနံ။ ဟူသောဝိသုဒ္ဓိမဂ်
နှိက်၊ အာဒိဗြဟ္မစရိယ၊ သီလ၏အရကိုပြရာ၊ အာဇီဝဋ္ဌမကသီလ

ဟုသော၍။အာဇီဝဋ္ဌမကသီလလည်းရှိ၏။ ။မဂ္ဂဗြဟ္မစရိယသည်၊
မဂ်တည်းဟူသော မြတ်သောအကျင့်၏။ အာဒိဘာဝဘူတံ၊ အစ
ဖြစ်၍ဖြစ်သည်တည်း။ ဣတိတသ္မာ။ထိုကြောင့်။ အာဒိဗြဟ္မစရိယ
ကံ၊မည်၏။ ဝေါ၊ဤအာဒိဗြဟ္မ စရိယကံဟူသော အမည်သည်၊
အါဇီဝဋ္ဌမကသီလသည်၊အာဇီဝဋ္ဌမကသီလ၏၊အဓိဝစနံ၊အမည်
တည်း။ ။ပဉ္စင်အင်္ဂဒသင်။သီလတို့ကဲ့သို့။ ဧင်းအာဇီဝဋ္ဌမက
သီလကိုလည်း။လူတို့ကဲ့သို့သုံးဆောက်တည်အပ်သည်မဟုတ်ပါ
သော။တည့်မဂ္ဂသည်အာဒိဘာဝဘူတံ၊ပုဗ္ဗဘာဂေယောဝ ပရိသော
ဓေတဗ္ဗံတော၊ ။ဟူသော၏အဋ္ဌကထာ၊ဟိသစ္စံ၊မှန်၏၊ တံ၊ထို
အာဇီဝဋ္ဌမကသီလသည်။မဂ္ဂသည်၊မဂ်၏။အာဒိဘာဝဘူတံ၊အစ
ဖြစ်၍ဖြစ်၏၊ကသ္မာ၊အဘယ်ကြောင့်နည်းဟူမူကား။ ပုဗ္ဗဘာဂေ
ယောဝ၊ မဂ်၏ရှေ့အဘို့နှိုက်သာလျှင်၊ ပရိသောဓေ တဗ္ဗံတော၊
သုတ်သင်အပ်သည်၏ အဖြစ်ကြောင့်တည်း။ ။အာဒိဘာဝဘူ
တန္တိ အာဒိမှိ ဘာဝေတဗ္ဗတံ နိပ္ဖါဒေတဗ္ဗတံ ပတ္တံ အာဒိဘာဝဘူ
တံ။ ။အာဒိဘာဝဘူတန္တိ။ဟူသည်ကား။ အာဒိမှိ၊အစနှိုက်၊ဘာ
ဝေတဗ္ဗတံ၊ပွါးအပ်သည်၏ အဖြစ်သို့၊နိပ္ဖါဒေတဗ္ဗတံ၊ ပြီးစေအပ်
သည်၏အဖြစ်သို့၊ပတ္တံ၊ ရောက်၏။အာဒိဘာဝဘူတံ၊၏။ ။ဟူ
သောဋင်း အဖွင့်မဟာဋီကာတို့နှိုက်၊ မဂ္ဂကာလ၊ ရှေးမဆွနှိုက်
သာလျှင်။ကာယကမ္မ၊ဝစီကမ္မ၊ အာဇီဝတို့ကို၊သုတ်သင်စေအပ်၊
ဖြူစင်စေအပ် သောကြောင့်။ အာဇီဝဋ္ဌမက၊ သီလသည်၊ အာဒိ
ဗြဟ္မစရိယမည်၏ဟု။ဒဋ္ဌဗ္ဗံ၊ဟောတု၊နှစ်ခုသောဝါကျဖြင့်။ နောက်ပြ
သည့်စကားကိုထောက်၍။ အာဇီဝဋ္ဌမကသီလဟူသည်။ မဂ်၏
ပုဗ္ဗဘာဂ၊ ကာလနှိုက်သာဖြစ်သောကြောင့်ဋင်း။ ပဉ္စင်သီလ၊စ
သည်တို့ကဲ့သို့။ သမာဒါနအာကာရနှင့်တကွ။ မပြုမလာမရှိသော
ကြောင့်ဋင်း၊ယခုကာလ။ ဆောက်တည်ရမည်မှာ၊ နပဉ္စတ္တံ ပည
ပေတိ၊ဟူဘိသကဲ့သို့၊အလွန်ခဲယဉ်းအံ့သည်သာ။ ။ကာဘမာစာ
ဝသောသမ္မာဝါစာ၊ မုသာဝါဒါဝေရမဏီ၊ ပိသုဏာဝါစာဝေရမ
ဏီ၊ဖရုသဝါစာဝေရမဏီ၊သမ္ဖပ္ပလာပါဝေရမဏီ၊အယံဝုစ္စတိ၊ဝ

သောသမ္မာဝါစာ။ကတမောစာဝုသောသမ္မာကမ္မန္တော။ပါဏာတိ
ပါတာဝေရမဏီအဒိန္နာဒါနာဝေရမဏီ။ကာမေသုမိစ္ဆာစာရာဝေ
ရမဏီ။အယံဝုစ္စတာဝုသောသမ္မာကမ္မန္တော။ကတမောစာဝုသော
သမ္မာအာဇီဝေါ။ဣဓာဝုသောအရိယသာဝကော မိစ္ဆာဇီဝံပဟာ
ယသမ္မာအာဇီဝေနဇီဝိတံကပ္ပေတိ။ အယံဝုစ္စတာဝုသော သမ္မာ
အာဇီဝေါ။ ။ဟူသောဥပရိပဏ္ဏာသပါဠိတော်နှင့်၊ မုသာဝါ
ဒါဝေရမဏီအစရှိသည်ဖြင့်။သမာဒါန။အာကာရ။လာသည်ပင်မ
ဟုတ်ပါလောဟု၊ စောဒနာခွဲအံ့။ ။ဤပါဠိတော်စကားသည်။
ဆောက်တည်ပုံအခြင်းအရာကို။ပြဆိုသောစကားမဟုတ်။ချစင်
စစ်သော်ကား၊ သာဝတ္ထိပြည်ဇေတဝန်ကျောင်းနှင့်၊ တဦးသော
ရဟန်းသည်၊တရားစစ်သူကြီးဖြစ်သော၊အရှင်သာရိပုတ္တရာအထံ
သို့ကပ်၍၊သမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမ္မာအာဇီဝတို့ဟူသည်၊အ
ဘယ်သို့သောတရားပါနည်း။အဘယ်သို့သဘောရှိပါသနည်းဟု၊
မေးလျှောက် အပ်သည်ဖြစ်၍၊ သမ္မာဝါစာသည်၊ မုသာဝါဒမှ
ကြဉ်ခြင်း သဘောရှိ၏။ အစရှိသည်ဖြင့်၊ အရှင်သာရိပုတ္တရာ မ
ထေရ်သည်၊ဖြေဆိုတော်မူအပ်သော၊ ပုစ္ဆာဝိသဇ္ဇနစကားတော်
မှုဖြစ်၏။ ဆောက်တည်သောအခြင်းအရာကို၊ ပြဆိုသောစကား
မဟုတ်ဟုသိအပ်၏။ ။အာဝုသော၊ငါ့ရှင်တို့။သမ္မာဝါစာ၊သမ္မာ
ဝါစာသည်၊ကတမာစ၊ အဘယ်နည်းဟူမူကား။ မုသာဝါဒါ။မ
ဟုတ်မမှန်သောစကားကိုဆိုခြင်းမှ။ ဝေရမဏီ၊ကြဉ်ခြင်း၊ ပိသု
ဏာဝါစာ၊အချစ်ပျက်အောင်ပြောဆိုခြင်းမှ၊ဝေရမဏီ၊ခြင်း၊ဖရုသ
ဝါစာ၊ကြမ်းထမ်းသောစကားကိုဆိုခြင်းမှ၊ဝေရမဏီ၊ခြင်း၊သမ္ဖ
ပ္ပလာပါ၊ဖြိန်ဖျင်းသောစကားကိုဆိုခြင်းမှ၊ဝေရမဏီ၊ကြဉ်ခြင်း၊
အာဝုသော၊တို့၊အယံ၊ဤမုသာဝါဒအစရှိသည်မှ ကြဉ်ခြင်းကို၊
သမ္မာဝါစာ၊ဟူ၍၊ ဝုစ္စတိ၊ဆိုအပ်၏။ အာဝုသော၊တို့။ သမ္မာကမ္မ
န္တော၊သည်၊ ကတမောစ၊ဟူမူကား။ ပါဏာတိပါတာ၊ သူ၏အ
သက်ကိုသတ်ခြင်းမှ၊ ဝေရမဏီ၊ ကြဉ်ခြင်း။အဒိန္နာဒါနာ၊အရှင်မ
ပေးသောဥစ္စာကိုခိုးယူခြင်းမှ၊ဝေရမဏီ၊ခြင်း၊ကာမေသုမိစ္ဆာစာ

ချာ၊မသွားလာအပ်သောဌာနတို့နှိက်၊ပောက်ပြန်စွားကျင့်ခြင်းမှ၊ဝေရမဏီ၊ခြင်း။ အာဂုသော၊တို့၊အယံ၊ဤပါဏာတိပါတ အစရှိသည်မှကြဉ်ခြင်းကို၊သမ္မာကမ္မန္တော၊ဟူ၍၊ဂုဏ္ဍတိ၊၏၊အာဂုသောတို့၊သမ္မာအာဇိဝေါ၊သမ္မာအာဇီဝသည်၊ကတမော၊ကား၊အာဂုသော၊တို့၊ဣဓ၊ဤလောကနှိက်၊အရိယသာဝကော၊ အရိယာသာဝကသည်၊မိစ္ဆာဇီဝံ၊ ယုတ်မာသောအသက်မွေးခြင်းကို၊ ပဟာယ၊ပယ်၍၊သမ္မာအာဇီဝေန၊ ကောင်းသောအသက်မွေးခြင်းဖြင့်၊ဇီဝိတံ၊ကို၊ကပ္ပေတိ၊ပြု၏၊အာဂုသော၊တို့၊အယံ၊ဤကောင်းသောအသက်မွေးခြင်းကို၊သမ္မာအာဇီဝေါ၊သမ္မာအာဇီဝဟူ၍၊ဂုဏ္ဍတိ၊၏၊ ၊သို့ဖြစ်၍၊အသီးသီးအပြာပြာ၊များစွာကုံကား၊ အာဂမဒင္ဂျ ဖြစ်သော၊ပါဠိအဋ္ဌကထာဋီကာကျမ်းကြီးကျမ်းနိုင်စကားများကိုထောက်ထား၍၄င်း၊ ရှေးရှေးကာလ၊ နေလပမာ၊သာသနာဝယ်၊လွန်စွာထင်ရှားလျက်၊သုံးပါးပိဋကတ်၊ပရိယတ်နှိက်၊ ကမ်းခပ်ပါရဂူ၊ဖြစ်တော်မူကြသော၊ ပရံပရ၊အာစရိယအဆက်ဆက်၊ မပျက်မပြားဘဲ၊ဝံသာနုဝံသ၊ကုလပဝေဏီ၊အစဉ်အလာ၊ကောင်းစွာသုံးမ၊ဩဝါဒများကိုထောက်ထား၍၄င်း၊ဆိုခဲ့ပြီးသော၊ ပဋ္ဌက်အဋ္ဌက်၊ဒသက်၊ သီသတ္တိကိုသာ၊ ပညာရှေ့သွား၊ မျှော်စင်းစား၍၊မှတ်သားယုံကြည်သင့်တော့သည်၊ ဤမှ တပါး၊ အသစ်သောစကားများနှိက်၊မှတ်သားယုံကြည်ဘွယ်မရှိသင့်ပြီ၊ ၊ဤအရာဝယ်၊ပညာဉာဏ်ရှိ၊ ကံဝိပုဂ္ဂိုလ်၊ ထိုထိုဒေသများ၊ အမျိုးသားတို့၊ထင်ရှားသိရာ၊လေါကူပမာအားဖြင့်ကား၊ထီးသုံးနန်းသုံး၊စိုးတုန်းအခါနှိက်၊ လွန်စွာတတ်မြောက်၊ နှစ်ယောက်မရှိ၊ စတုဒိသာ၊ကြေညာထင်ရှားသောဆိုင်းဆရာကြီးတယောက်ကို၊မြို့ကြီးပြည်ကြီး၊ထီးနန်းနှင့်ဝေး၊အရင်အကြေးကင်းသော၊တောချေးတောတောင်တော၊ အရပ်နှိက်၊နွားနောက်ထွန်နောက်၊ အလျှောက်ဘာသာ၊လယ်ယာ စိုက်ပျိုးလျက်၊ အမျိုးမျိုးသော အဝတ်ကြမ်း အစာကြမ်းတို့ဖြင့်၊ပင်ပန်းညိုညင်စွာ၊အသက်မွေးကြ သော၊ တောရပ်တောင်ဖျား၊ တောသားလူအပေါင်း တို့သည်၊ တနေ့သောအခါ၊

များစွာစည်းဝေးကြပြီးလျှင်။မင်းနေပြည်တော်နှိုက်။ အကျော်အစောရှိသော။ရှေ့တော်နှိုက်တီး။ဆိုင်းဆရာကြီးကို။ အတိုးအသပြ၍။များစွာပေးကမ်း၍။ငှါးရမ်းပြီးလျှင်။ငါတို့နေရာ။ရပ်ရွာနှိုက်တီးရမူ။ကောင်းလေစွဟု။တိုင်ပင်ပြီးနောက်။ငှါးရမ်းအလျှင်။ခေါ်ငင်၍လာရာ၊ဆိုင်းဆရာကြီးလည်း။တပည့်လက်သား။အများတို့နှင့်တကွ။ထိုမြို့နယ်သို့။ခဏချက်ခြင်း။ရုံဆင်းလာရောက်၏၊ ထိုသည့်ကာလ။ချက်ဗိုနှင့်နား။ စကားလည်းရိုင်း။ရှိုင်းရှည်ပမာဏ။ မသိကြသော။ ရွာသူရွာသား။ အများသောသူတို့သည်လည်း။ ဆရာကြီး၏ တီးသံကို။ နားခံလိုလား၍။မစားနိုင်မသောက်နိုင်။တပြုံတည်းလာရောက်ကြကုန်သတည်း။ ထိုအခါဆရာကြီးလည်း။ပရိသတ်အများတို့။နားထောင်စေလိုသော။မေတ္တာစေ့ရှေ့သွား။သဘောထားဖြင့်။ယိုးဒယားစိုးတုံး။အလုံးစုံသဗ္ဗ။တတ်သမျှကို။ မလွှန်မယှက်။အားထုတ်၍။ တီးလေ၏။ထိုအခါ၊ ရပ်သူရွာသား။ အများသောလူတို့သည်။အတိုးတန်ဖိုးကျော်။ ကရင်လက်သို့ရောက်၏။ဆိုဘိသောစကားကဲ့သို့၊ နားနှိုက်မဝင်။အပြစ်ဘင်၍။ဟင်အလကား။ဟင်အလကားဟု။ အများပင်ပြောဆိုကြကုန်၏။ ဆရာကြီးလည်းအနှံ့အကြွေ့။ အမော့အယဉ်၊ ယခင်ငါတီးသောအသံသည်။ပရိသတ်အများနား၌မဝင်သည်ကိုသိရကား။တီးမှုတ်မျိုးအတတ်နှိုက်။မမှတ်တတ်။မသိတတ်။နားမလည်သေး။ ဝင်းရေကွကြောင့်၊ ဝင်စပါစ်။ လိုက်စဖြစ်သော။ ဝါးလက်ခုပ်တီး။ နောက်တိုင်ကြီးတယောက်ကို။ ဆိုင်းဆရာကြီးက။ ပရိသတ်သဘင်။ပွဲဖြင်သို့သွားပြီးလျှင်။အဝတ်အသစ်ကောင်းမွန်စွာလဲလှယ်၊ ကွမ်းအစ်ဆေးလိပ်ကိုင်ရှေ့နောက်လိုက်ပါလျက်။ဝင်လာခဲ့ဟုစေခိုင်းလိုက်၏။ဝါးလက်ခုပ်တီး၊ နောက်တိုင်ကြီးလည်း။ဆရာဆိုတိုင်းနောက်လိုက်နောက်ပါနှင့်တကွ။ ဆိုင်းဆရာကြီး လာပြီဟယ်ကြရှားကြဆို၍ဝင်လာရာ။များစွာသောပရိသတ်တို့သည်လည်း။ဝမ်းမြောက်ဝမ်းသာ။ယခုမှဆရာလာသည်။သခုမှဆရာလာသည်ဟု။များစွာပြောဆိုကြကုန်၏။ဆိုင်းနားသို့ရောက်ကာလ။ရှေးတီးရင်း.

ဆရာကြီးသည်။ ပိုင်းမှထွက်ခဲ့၍။ ဆရာအရောင်ဟာန်ဆောင်ဖန်
ဆင်းလာသော။ ဝါးလက်ချပ်တီး။ နောက်ထိုင်ကြီးကို။ ပိုင်းတွင်း
သို့ဝင်စေ၏။ ထိုအခါနောက်ထိုင်ကြီးသည်။ အချည်အရပ်။ ဘယ်
ဇုံဟုမမှတ်တတ်ဘဲ။ အရပ်ရပ်အဝဝရှိသမျှ ဇုံတို့ကိုအကုန်တီး
ခေါက်၍။ အကြမ်းဆိုင်းပြိုး၏။ ဤသို့တီးရာ။ ရွာသူရွာ သားအ
ပေါင်းတို့သည်။ ကောင်းပေ့ကောင်းပေ့ဟု။ နှစ်သက်ဝမ်းမြောက်
ညီခံသက်နာခံခြင်းသို့ရောက်ကြကုန်သတည်း။ ။ဤသို့ပြရာ။
ဥပမာကို။ ကောင်းစွာမိမိရှုပမေယျဖြင့်။ နှိုင်းနှော၍သိကြပါလေ။ ။
ဘာဝနာ၌မှာ။ သမထ ဝိပဿနာ။ ဘာဝနာ နှစ်ပါးကို။ ပွါး များ
ကြောင်းဖြစ်သော။ အပ္ပနာသို့ မရောက်သော။ ဂေါတြဘုအဆုံးရှိ
သောစေတနာ။ ။စတ္တာလီသာယ ကမ္မဋ္ဌာနေသု ခန္ဓာဒီသု စ ဘူမိသု
ပရိကမ္မသမ္မသန ဝသပ္ပဝတ္တာ အပ္ပနံ အပတ္တာ ဂေါတြဘု ပရိယော
သာန စေတနာ ဘာဝနာနာမ။ ။အဘိဓမ္မတ္ထဝိဘာဝနီဋီကာ။ ။
စတ္တာလီသာယ။ လေးဆယ်သော။ ကမ္မဋ္ဌာနေသု စ၊ ကမ္မဋ္ဌာန်းတို့
နှင့်ငင်း။ ခန္ဓာဒီသု။ ခန္ဓာအစရှိကုန်သော။ ဘူမိသုစ။ ဘုံတို့နှင့်
ငင်း။ ပရိကမ္မသမ္မသနဝသပ္ပဝတ္တာ။ ပရိကံကိုသုံးသပ်သည်၏အ
စွမ်းဖြင့်ဖြစ်သော။ အပ္ပနံ၊ အပ္ပနာသို့။ အပတ္တာ။ မရောက်သော။ ဂေါ
တြဘုပရိယောသာန စေတနာ။ ဂေါတြဘုအဆုံးရှိသော စေတနာ
သည်။ ဘာဝနာနာမ။ ဘာဝနာမည်၏။ ။ထိုသမထဝိပဿနာ၊ ဘာ
ဝနာနှစ်ပါးတို့တွင်။ သမထဘာဝနာ၌။ ကသိုဏ်းဆယ်ပါး။ အသု
ဘဆယ်ပါး။ နုဿတိဆယ်ပါး။ ဗြဟ္မဝိဟာရလေးပါး။ အာရုပ္ပလေး
ပါး။ သညာတပါး၊ ဝဝတ္ထာန်တပါး အားဖြင့်၊ လေးဆယ်အပြားရှိ
၏။ ။တတြိမာနိ စတ္တာလီသ ကမ္မဋ္ဌာနာနိ။ ဒသကသိဏာ ဒသအသု
ဘာ၊ ဒသ အနုဿတိယော။ စတ္တာရော ဗြဟ္မဝိဟာရာ။ စတ္တာရော
အာရုပ္ပါ။ ဧကာသညာ။ ဧကံ ဝဝတ္ထာနန္တိ။ ။ဝိသုဒ္ဓိမဂ်။ ။ဘာ'တွဲ။ ထို
သမထဘာဝနာ၌။ ဣမာနိ ကမ္မဋ္ဌာနာနိ။ တို့သည်၊ ဒသ။ ဆယ်ပါးကုန်
သော။ ကသိဏာ။ ကသိုဏ်းတို့ ငင်း။ ဒသ။ ကုန်သော။ အသုဘာ။ တို့
သည် ငင်း။ ဒသ။ ကုန်သော။ အနုဿတိယော။ တို့ငင်း။ စတ္တာရော။

လေးပါးကုန်သော၊ဖြဟ္မဝိဟာရာ၊တို့ငှင်း၊စတ္တာရော။ ကုန်သော။
အရုပ္ပါ။တို့ငှင်း၊ကော။တပါးသော။ သညာ၊သညာဈင်း။ကော၊တ
ခုသော။ ဝဝတ္တာနံ၊ ဝဝတ္တာန်ငှင်း။ ဣတိ။သို့၊စတ္တာလီသ။ လေး
ဆယ်တို့တည်း။ ။ထိုလေးဆယ်တို့တွင်။ ကာယဂတာသတိ၊
အာနာပါနာသတိမှကြွင်းသော၊ရှစ်ပါးသောအနုဿတိ။ သညာဝ
ဝတ္တာန်။ ဤဆယ်ပါးသော ကမ္မဋ္ဌာန်းတို့သည်။ ပရမတ္ထသဘော
ဖြစ်၍၊များသောအပြားရှိသောကြောင့်ငှင်း။ နက်နဲသောသဘော
ရှိသောကြောင့်ငှင်း၊ ဈာန်ကို မဖြစ်စေနိုင်။ ဥပစာရမျှကိုသာ ဖြစ်
စေနိုင်၏။ ကြွင်းသောသုံးဆယ်သောကမ္မဋ္ဌာန်းတို့သည်၊ ဈာန်ကို
ဖြစ်စေနိုင်ကုန်၏။ ။ဌပေတွာကာယဂတာသတိဉ္စ အာနာပါနာသ
တိဉ္စအဝသေသာအဋ္ဌအနုဿတိယော အာဟာရေ ပဋိကူလသညာ
စတုဓာတုဝဝတ္တာနန္တိ။ ဣမာနေဝဟေတ္ထဒသကမ္မဋ္ဌာနာနိ ဥပစာရ
ဝဟာနိသေသာနိအပ္ပနာဝဟာနိ။ ။ငှင်း။ ။ဟိသစ္စံ။မှန်၏။
ထွေ။ဤလေးဆယ်သောကမ္မဋ္ဌာန်းတို့တွင်၊ ကာယဂတာသတိဉ္စ။
ကာယဂတာသတိကိုငှင်း။ အာနာပါနာသတိဉ္စ။ကိုငှင်း။ ဌပေ
တွာ။ထား၍။ အဝသေသာ။ ကြွင်းကုန်သော။ အဋ္ဌ။ ရှစ်ပါးကုန်
သော၊အနုဿတိယော၊ အနုဿတိတို့ငှင်း။ အာဟာရေ။ မျိုအပ်
သောအာဟာရ၌ကိုး၊ပဋိကူလသညာ။ စက်ဆုပ်ဖွယ်ရှိဘိဟု၍
ဟူသောအမှတ်ငှင်း။စတုဓာတုဝဝတ္တာနံ။ ဓာတ်လေးပါးကိုပိုင်း
ခြားခြင်းငှင်း။ဣတိ၊သို့။ ဣမာနေဝဒသကမ္မဋ္ဌာနာနိ။ ဤဆယ်ပါး
သောကမ္မဋ္ဌာန်းတို့သည်သာလျှင်။ဥပစာရဝဟာနိ ဥပစာရကိုသာ
ဆောင်နိုင်ကုန်၏။ဝါ။ဈာန်ကိုမဖြစ်စေနိုင်ကုန်။ သေသာနိ ကြွင်း
သောကမ္မဋ္ဌာန်းတို့သည်၊အပ္ပနာဝဟာနိ၊အပ္ပနာကိုဆောင်နိုင်ကုန်
၏၊ဝါ။ဈာန်ကိုဖြစ်စေနိုင်ကုန်၏။ ။ဗုဒ္ဓဂုဏာဒိနံပရမတ္ထဘာဝ
တောအနေကဝိဓတ္တာကေဿပိ ဂမ္ဘီရဘာဝတောစဗုဒ္ဓါနုဿ
တိအာဒိသုဒသသုကမ္မဋ္ဌာနေသုအပ္ပနာဝသေန သမာဓိဿပတိဋ္ဌာ
တုမသက္ကုဏေယျတ္တာအပ္ပနာဘာဝံ အပတွာသမာဓိဥပစာရဘာ
ဝေနပတိဋ္ဌာတိ၊ ။အတိဓမ္မတ္ထဝိဘာဝနီဋီကာ။ ။ဗုဒ္ဓဂုဏာဒိနံ။

ဘုရားဂုဏ်အစရှိသည်တို့၏။ပရမတ္ထဘာဝတော။ ဖြစ်သည်၏
အဖြစ်ကြောင့်ငှင်း။အနေကဝိဓတ္တာစ။ များသောအပြားရှိသည်၏
အဖြစ်ကြောင့်ငှင်း။ကောသာဝိ။တရသောတရား၏လည်း။ ဂမ္ဘိရ
ဘာဝတောစ။နက်နဲသည်၏အဖြစ်ကြောင့်ငှင်း။ ဗုဒ္ဓါနုဿတိအာဒိ
သု။ ဗုဒ္ဓါနုဿတိအစရှိကုန်သော။ ဒသသု။ ကုန်သော။ ကမ္မဋ္ဌာန
သု။တို့နှိက်။အပ္ပနာစသေန။ အပ္ပနာ၏အစွမ်းဖြင့်။ သမာဓိဿ။သ
မာဓိ၏။ပတိဋ္ဌာတုံ။တည်ခြင်းငှာ။ အသက္ကုဏေယျတ္တာ။မတတ်
ကောင်းသည်၏အဖြစ်ကြောင့်။အပ္ပနာဘာဝံ။ အပ္ပနာ၏အဖြစ်သို့။
အပတွာ။၍။ သမာဓိ။သည်။ ဥပစာရဘာဝေန။ ဥပစာရ၏အဖြစ်
ဖြင့်။ပတိဋ္ဌာတိ။တည်၏။ ။ထိုလေးဆယ်သောကမ္မဋ္ဌာန်းတို့၌။
အသီးသီးပွါးများပုံကို။ အကုန် ထုတ်ပေါ်ပြဆိုက။ ဝိတ္ထာရဖြစ်
မည်စိုး၍။ ကသိုဏ်းဆယ်ပါးစသည်တို့တွင်။ တပါးစီသာပြဆို
အံ့။ ။ခွက်ဝအတိုင်း အရှည်သော်ငှင်း။ စကောအတိုင်းအရှည်
သော်ငှင်း။ ကောက်နယ်ဘလင်း အတိုင်းအရှည်သော်ငှင်း။ အ
ရုဏ်အဆင်းရှိသောမြေကို။ မရွေ့ ရှားစကောင်းသောမြေ၌။ ဝန်း
ဝန်းပြုလုပ်၍ငှင်း။ ရွေ့ရှားစကောင်းသော။ လေးတိုင်စိုက်၍။ထို
တိုင်နှိက်ပုဆိုးကြင်းသားရေသင်ဖြူးတို့တွင်။ တပါးပါးကိုဖွဲ့ချီ၍။
အရုဏ်အဆင်းရှိသောမြေကို။လိမ်းကျံ၍ပြုပြီးလျှင်။ထိုကသိုဏ်း
ဝန်းနှိက်။ ပထဝီပထဝီဟု။အဖန်တလဲလဲစီးဖြန်းအပ်၏။ ။ဤ
ကားပွါးများပုံ။ ။လေဖြင့်ပြည့်သောသားရေအိတ်ကဲ့သို့။ သေ
သည်မှ အထက်နှိက်။ အစဉ်အတိုင်း ကောင်းစွာ တက်သောသူ
ကောင်း၏ အဖြစ်ဖြင့်။ ဖူးဖူးရောင်သော။ စက်ဆုပ်ရွံ ရှာဘွယ်ရှိ
သောသူသေကောင်နှိက်။ဥဒ္ဓုမာတကံ။ဥဒ္ဓုမာတကံဟု။ အဖန်တ
လဲလဲစီးဖြန်းအပ်၏။ ဤကားအသုဘပွါးများပုံ။ ။သောဘဂဝါ
ဣတိပိအရဟံ။သောဘဂဝါဣတိပိသမ္မာသမ္ဗုဒ္ဓေါ။သောဘဂဝါဣ
တိပိဝိဇ္ဇာစရဏသမ္ပန္နော။သောဘဂဝါဣတိပိသုဂတော။သောဘဂ
ဝါဣတိပိလောကဝိဒူ။ သောဘဂဝါဣတိပိအနုတ္တရော။ ပုရိသဓမ္မ
သာရထိ။သောဘဂဝါဣတိပိသတ္ထာဒေဝမနုဿာနံ။ သောဘဂဝ

ဇာတိပိ ဗုဒ္ဓေါ၊ သော ဘဂဝါ ဇာတိပိ ဘဂဝါ။ ဟူ၍အဖန်ဖန် စီးဖြန်း
အပ်၏။ ။ဤသို့ဘုရား ဂုဏ်ကိုအဖန်ဖန် အောင်းမေ့ပွါးများ
သောသူသည်။ဘုရားနှိုက်ရိုသေခြင်း တုပ်ဝပ်ခြင်းရှိသည်ဖြစ်၏။
သဒ္ဓါသတိ ပညာ ကောင်းမှု ဖြန့်ပြောများ ပြားသည်၏ အဖြစ်ကို
လည်းရ၏။ နှစ်သက် ဝမ်းမြောက် ခြင်းများ သည် လည်း ဖြစ်၏။
ကြောက် မက်ဘွယ်သော အာရုံကိုလည်းသည် ခံနိုင်၏။ ရဲရင့်၏။
စိတ်၏ဆင်းရဲခြင်းကိုလည်း ။ သည်းခံခြင်းငှါစွမ်းနိုင်၏။ မြတ်စွာ
ဘုရားနှင့်အတူတကွ နေထိုင်ရခြင်းအမှတ်သညာကိုလည်းရ၏။
ဘုရားဂုဏ်တော်ကို အဖန်တလဲလဲ အောင်းမေ့ခြင်းဖြင့်။ ကိန်း
သောသူ၏ကိုယ်သည်လည်း။ စေတီအိမ်ကဲ့သို့။ ပူဇော်ခြင်း
ငှါထိုက်၏။ဣမဉ္စပနဗုဒ္ဓါနုဿတိံ အနုယုတ္တော ဘိက္ခုသတ္ထရိသ
ဂါရဝေါဟောတိသပ္ပတိဿော။သဒ္ဓါဝေပုလ္လတ္တံ သတိဝေပုလ္လတ္တံ
ပညာဝေပုလ္လတ္တံ ပုညဝေပုလ္လတ္တဉ္စ အဓိဂစ္ဆတိ၊ ပီတိပါမောဇ္ဇ
ဗဟုလော ဟောတိ။ ဘယဘေရဝ သဟော ဒုက္ခာဓိ ဝါသန သမ
တ္ထော။သတ္ထာရာသံဝါသသညံ ပဋိလဘတိ၊ဗုဒ္ဓဂုဏာနုဿတိယာ
အဇ္ဈာ ဝုတ္ထဉ္စဿ သရီရမ္ပိ စေတိယ ဃရမိဝ ပူဇာရဟံ ဟောတိ။
ဝိသုဒ္ဓိမဂ်။ ။ဣမဉ္စဗုဒ္ဓါနုဿတိံ ။ဤဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို။
အနုယုတ္တော။ ယှဉ်သော။ ဘိက္ခု။သည်။သတ္ထရိ။ မြတ်စွာဘုရား
၌။သဂါရဝေါ။ရိုသေခြင်းရှိသည်။ဟောတိ။၏။သပ္ပတိဿော။တုပ်
ဝပ်ခြင်းရှိသည် ဟောတိ။၏။သဒ္ဓါဝေပုလ္လတ္တံ။ သဒ္ဓါပြန့်ပြော
သည်၏အဖြစ်ကိုငှင်း။သတိဝေပုလ္လတ္တံ။ငှင်း။ ပညာဝေပုလ္လ
တ္တံ၊ ကိုငှင်း။ ပုညဝေပုလ္လ တ္တဉ္စ။ ကောင်းမှု ပြန့်ပြော သည်၏
အဖြစ်ကိုငှင်း။ အဓိဂစ္ဆတိ။ ရ၏။ ပီတိပါမောဇ္ဇ ဗဟုလော။ နှစ်
သက်ဝမ်း မြောက် ခြင်းများသည်။ ဟောတိ။ ၏။ ဘယဘေရဝ
သဟော။ ကြောက် မက် ဘွယ် သော အာရုံကို သည်းခံ နိုင်၏။
ဒုက္ခာဓိဝါသနသမတ္ထော၊ ဆင်းရဲကို သည်းခံခြင်းငှါ စွမ်းနိုင်၏။
သတ္ထာရာ၊ မြတ်စွာဘုရားနှင့်။သံဝါသသညံ။ အတူတကွနေရ၏
ဟူသောအမှတ်ကို။ပဋိလဘတိ။ရ၏။ ဗုဒ္ဓဂုဏာနုဿတိယာ။ မြတ်

ဋ္ဌာဘုရားဂုဏ်ကို အဘာန်တလဲလဲ အောက်မေ့ခြင်းဖြင့်။ အဏ္ဍာ ဝုတ္ထ္ဓ။ နေ့သည်လည်းဖြစ်သော၊ အဿ။ ထိုသူ၏။ သရိရေမွို၊ ကိုယ် သည်လည်း။ စေတိယစာရမိဝ။ စေတီအိမ်ကဲ့သို့။ ပူဇာရေဟံ။ ပူ ဇော်ခြင်းငှါထိုက်သည်။ ဟောတိ။ ဖြစ်၏။ ။ဤကားအနုဿတိ ပွါးများပုံ။ ။သဗ္ဗေသတ္တာ။ အဝေရာ ဟောန္တု။ အဗျာပဇ္ဇာ ဟောန္တု။ အနီဃာဟောန္တု။ သုခီအတ္တာနံပရိဟရန္တု။ ၄ ။ သဗ္ဗေပါဏာအဝေရာဟောန္တု။လ။ ပရိဟရန္တု။ ၄ ။ သဗ္ဗေဘူ တာအဝေရာဟောန္တု။ လ။ ပရိဟရန္တု။ ၄ ။သဗ္ဗေပုဂ္ဂလာ။ အ ဝေရာဟောန္တု။ လ။ ပရိဟရန္တု။ ၄ ။သဗ္ဗေ အတ္တဘာဝပရိယာ ပန္နာ။ အဝေရာဟောန္တု။ လ။ ပရိဟရန္တု။ ၄ ။ဤကား အနော ဓိသော ဖရဏာ၅။ နှစ်ဆယ်။ ။သဗ္ဗာဣတ္ထိယော။ အဝေရာဟောန္တု။ အဗျာပဇ္ဇာ ဟောန္တု။ အနီဃာ ဟောန္တု။ သုခီအတ္တာနံ ပရိဟ ရန္တု။ ၄ ။သဗ္ဗေပုရိသာ။ အဝေရာဟောန္တု။လ။ပရိဟရန္တု။ ၄ ။ သဗ္ဗေအရိယာ။ အဝေရာဟောန္တု။ လ။ပရိဟရန္တု။ ၄ ။သဗ္ဗေ အနရိယာ။ အဝေရာဟောန္တု။လ။ပရိဟရန္တု။ ၄ ။သဗ္ဗေဒေဝါ။ အဝေရာဟောန္တု။ လ။ပရိဟရန္တု။ ၄ ။သဗ္ဗေမနုဿာ။ အဝေ ရာဟောန္တု။လ။ပရိဟရန္တု။ ၄ ။သဗ္ဗေဝိနိပါတိကာ။ အဝေရာ ဟောန္တု။အဗျာပဇ္ဇာဟောန္တု။အနီဃာဟောန္တု။သုခီအတ္တာနံပရိ ဟရန္တု။ ၄ ။ဤကားဩဓိသော ဖရဏာ၅။ နှစ်ဆယ်ရှစ်ပါး။ ။ သဗ္ဗေပုရတ္ထိမာယဒိသာယသတ္တာ။ အဝေရာဟောန္တု။လ။ပရိဟ ရန္တု။ ၄ ။သဗ္ဗေပစ္ဆိမာယဒိသာယသတ္တာ။အဝေရာဟောန္တု။ လ။ပရိဟရန္တု။ ၄ ။သဗ္ဗေဥတ္တရာယဒိသာယသတ္တာ။ အဝေရာ ဟောန္တု။ လ။ ပရိဟရန္တု။ ၄ ။သဗ္ဗေ ဒက္ခိဏာယ ဒိသာယ သတ္တာ။ အဝေရာဟောန္တု။လ။ ပရိဟရန္တု။ ၄ ။သဗ္ဗေပုရတ္ထိ မာယအနုဒိသာယသတ္တာ။ အဝေရာဟောန္တု။လ။ပရိဟရန္တု။ ၄ ။ သဗ္ဗေပစ္ဆိမာယအနုဒိသါယသတ္တာ။အဝေရာဟောန္တု။လ။ပရိဟ ရန္တု။ ၄ ။သဗ္ဗေဥတ္တရာယအနုဒိသာယသတ္တာ။အဝေရာဟောန္တု။ လ။ပရိဟရန္တု။ ၄ ။သဗ္ဗေဒက္ခိဏာယအနုဒိသာယသတ္တာ။အဝေ

ရာဟောန္တိ။လ။ ပရိဟာရန္တိ။ ၄ ။သဗ္ဗေဟောဒ္ဓိမာယ ဒ္ဒိသာယ သတ္တာ။အဝေရာဟောန္တိ။လ။ပရိဟာရန္တိ။ ၄ ။သဗ္ဗေဥပရိမာ ယဒ္ဒိသာယသတ္တာ။ အဝေရာဟောန္တိ။ လ။ ပရိဟာရန္တိ။ ၄ ။ သဗ္ဗေပုရတ္တိမာယဒိသာယ။ပါဏာ။ သဗ္ဗေပုရတ္တိမာယဒိသာယဘူတာ။သဗ္ဗေပုရတ္တိမာယဒိသာယပုဂ္ဂလာ။ သဗ္ဗေပုရတ္တိမာယဒိသာယအတ္တဘာဝပရိယာပန္နာ။အဝေရာဟောန္တိ။လ။ပရိဟာရန္တိ။၄။ ဤကားအနောဓိသဒိသာဖရဏာ၌။နှစ်ရာ ။သဗ္ဗာပုရတ္တိမာယဒိသာယဣတ္ထိယော။ပ။သဗ္ဗေပုရတ္တိမာယဒိသာယပုရိသာ။ပ။ ။ သဗ္ဗေပုရတ္တိမာယဒိသာယအရိယာ။ပ။ ။သဗ္ဗေပုရတ္တိမာယဒိသာယအနရိယာ။ပ။ ။သဗ္ဗေပုရတ္တိမာယဒိသာယဒေဝါ။ပ။ ။သဗ္ဗေပုရတ္တိမာယဒိသာယမနုဿာ။ပ။ ။သဗ္ဗေပုရတ္တိမာယဒိသာယဝိနိပါတိကာ။ အဝေရာဟောန္တိ။ အဗျာပဇ္ဈာဟောန္တိ။ အနီဃာဟောန္တိ။သုခီအတ္တာနံပရိဟာရန္တိ။ ။ဤကားဩဓိသဒိသာဖရဏာ၌။နှစ်ရာရှစ်ဆယ်၊ ။ဤသို့လျှင်။အနောဓိသဖရဏာ၌။နှစ်ဆယ်။ ဩဓိသဖရဏာ၌။နှစ်ဆယ်ရှစ်။အနောဓိသဒိသာဖရဏာ၌။နှစ်ရာ။ ဩဓိသဒိသာဖရဏာ၌။နှစ်ရာရှစ်ဆယ်အားဖြင့်။မေတ္တာငါးရာနှစ်ဆယ်ရှစ်ပါးဖြစ်၏။ ။ဤကားဖြပ်ဝိဟာရပွါးများပုံ။ ။သတ္တဝါတို့၌။ ရုပ်ရှိခြင်းတည်းဟူသော အကြောင်းကြောင့်။ ဒုတ်ဖြင့်ရိုက်ခြင်း။ ဓားဖြင့်ခုတ်ခြင်း။လှံဖြင့်ထိုးခြင်း။ လက်ခြေဒူးတို့ဖြင့်။ ပုတ်ခတ်ခြင်း။တိုက်ခြင်း။ စက္ခုရောဂသောတရောဂစသောများစွာသောအနာတို့ ဖြစ်ခြင်းရှိကုန်၏။ မရှိကုန်သည်ရှိသော်။ မဖြစ်ကုန်ဟု။ကာရဇရုပ်၌အပြစ်ကိုမြင်၍။ထိုရုပ်ကိုလွန်ခြင်းငှါ။အါကာသသည်ကြွင်းအပ်သောကသိုဏ်းကိုးပါးတို့တွင်။တပါးပါးဖြင့်ခွါ၍ရအပ်သော။ ကောင်းကင်ပညတ်ကို။ အာကာသော အာကာသောဟု။အဘန်တလဲလဲစီးဖြန်းအပ်၏။ ။ဤကား အာရုပ္ပပွါးများပုံ။ ။စားအပ်ခဲအပ်သောက်အပ်လျက်အပ်သောအာဟာရ၌။ဂမနပရိယေသန။ ပရိဘောဂအာသယ။နိဓာန။အပရိပက္က။ပရိပက္က။ ဖလ။ နိဿန္ဒ။ သမ္မက္ခနတည်းဟူသော။ ဆယ်ပါးသော ဒေ

ခြင်းအရာတို့ဖြင့်။စက်ဆုပ်ရွံရှာဘွယ်ဟု။အဘန်တလဲလဲစီးဖြန်း
အပ်၏။ •။ဤကားသညာပွားများပုံ။ ။ဤငါ၏ကိုယ်၌။ကြမ်း
ထမ်းခြင်းလက္ခဏာရှိသော။ ပထဝီဓာတ်။ယိုစီးခြင်းလက္ခဏာရှိ
သောအာပေါဓာတ်။ ပူလောင်ခြင်းလက္ခဏာရှိသော။ တေဇော
ဓာတ်။ခိုင်မာခြင်းလက္ခဏာရှိသော ဝါယောဓာတ်သည် ရှိ၏ဟု။
အဘန်တလဲလဲစီးဖြန်းအပ်၏။ ။ဤကား ဓာတုဝဝတ္ထာန်ပွါး
များပုံ။ဤသည်လျှင်။လေးဆယ်သောသမထကမ္မဋ္ဌာန်း၌။ပွားများ
ရာသောအမြွက်တည်း။ ။စက္ခုံအနိစ္စံ ဒုက္ခံ အနတ္တာ။ သောတံ။
ဃာနံ။ဇိဝှာ။ ကာယော။မနော။ရူပေ။ သဒ္ဒေ။ဂန္ဓေ။ ရသေ။ဖောဋ္ဌဗ္ဗေ။
ဓမ္မေ။အနိစ္စာ။ဒုက္ခာ။အနတ္တာ။စက္ခုဝိညာဏံ၊ အနိစ္စံဒုက္ခံ အနတ္တာ။
သောတဝိညာဏံ။ဃာနဝိညာဏံ။ဇိဝှါဝိညာဏံ။ကာယဝိညာဏံ၊
မနောဝိညာဏံ။အနိစ္စံ ဒုက္ခံ အနတ္တာ။စက္ခုသမ္ဖဿံ။အနိစ္စံ။ဒုက္ခံ
အနတ္တာ။သောတသမ္ဖဿံ။ဃာနသမ္ဖဿံ။ဇိဝှါသမ္ဖဿံ။ ကာ
ယသမ္ဖဿံ။မနောသမ္ဖဿံ။အနိစ္စံဒုက္ခံ အနတ္တာ။စက္ခုသမ္ဖဿဇာ
ဝေဒနံ။ပ။မနောသမ္ဖဿဇာ ဝေဒနံ။အနိစ္စံ ဒုက္ခံ အနတ္တာဟု။အဘန်
တလဲလဲစီးဖြန်းအပ်၏။ ။ဤကားဝိပဿနာဘာဝနာ၌။ပွါးများ
ရာသောအမြွက်တည်း။ ။အပြစ်မရှိသောအတတ်ကို။ပို့ချသော
စေတနာသည်လည်း။ ဘာဝနာ၌ရေတွက်လေ။ နိရဝဇ္ဇဝိဇ္ဇာဒိပရိ
ယာပုဏနစေတနာပိဋ္ဌေဝသမောဓာနံဂစ္ဆတိ။ ။၄င်း။ ။
အပစာယနမှာ။သီလသမာဓိစသော။ ဂုဏ်အားဖြင့်ကြီးသောသူ။
အရွယ်အားဖြင့်ကြီးသောသူတို့အား။ တစုံတခုသော လာဘ်၌။
တပ်ခြင်းကင်းသောအလိုဖြင့်။ခရီးဦးကြိုဆိုခြင်း။နေရာခင်းခြင်း၊
ရှိခိုးခြင်းစသော။များစွာမြတ်နိုးခြင်းကို။ ပြုကြောင်းဖြစ်သောစေ
တနာ။ ။ဝယာသာဂုဏေဟိစ ဇေဋ္ဌာနံစီဝရာဒီသု ပစ္စာသာရဟိ
တေနအသံကိလိဋ္ဌအဇ္ဈာသယေန ပစ္စုဋ္ဌာနအာသနာဘိနီဟာရာဒိ
ဝိဓိနာဗဟုမာနကရဏစေတနာအပစာယနံနာမ။ ။အဘိဓမ္မတ္ထ
ဝိဘာဝနိဋီကာ။ ။ဝယာသာစ။အရွယ်အားဖြင့်၄င်း။ ဂုဏေဟိစ
ဂုဏ်တို့ဖြင့်၄င်း။ ဇေဋ္ဌာနံ။ကြီးကုန်သောသူတို့အား။ စီဝရာဒိသု။

သက်နိုးအစရှိသောလာဘ်တို့၌။ ပဏ္ဍာသာရဟိတေန။ တောင့်တ
ခြင်းကင်းသော။အသံကိလိဋ္ဌ-အဇ္ဈာသယေန။ညစ်ညူးခြင်းကင်း
သောအလိုဖြင့် ပစ္စုဂ္ဂမနာသနာဘိနီဟာရာဒိဝိဓိနာ။ ခရီးဦးကြို
ဆိုခြင်း-နေရာကိုရှေးရှုဆောင်ခြင်းအစရှိသော အစီအရင်ဖြင့်။
ဗဟုမာနကရဏစေတနာ။များစွာမြတ်နိုးခြင်းကို ပြုကြောင်းဖြစ်
သောစေတနာသည်။ အပစာယနံနာမ။ အပစာယနမည်၏။ ။
ဇာတိဝုဍ္ဎ။ခတ္တိယစသောသူတို့အား၊ များပြားသမှု၊ ရိုသေခြင်းပြု
သော်လည်း။ ပုညကိရိယ၊ အပစာယနမည်ဖြစ်၊ ဇာတိဝယောဂုဏ
ဝုဍ္ဎေသု ဇာတိဝုဍ္ဎဿ ဗဟုမာနကရဏံ အပစာယနံနာမနဟော
တိ။ ။မဏိသာရမဉ္ဇူ။ ။ဇာတိဝယောဂုဏဝုဍ္ဎေသု။ ဇာတ်
အားဖြင့်ကြီးသောသူ။အရွယ်အားဖြင့်ကြီးသောသူ။ဂုဏ်အားဖြင့်
ကြီးသောသူတို့တွင်။ ဇာတိဝုဍ္ဎဿ။ ဇာတ်အားဖြင့်ကြီးသောသူ
အား။ဗဟုမာနကရဏံ။ များစွာမြတ်နိုးခြင်းကိုပြုခြင်းသည်။ အပ
စာယနံနာမ။ မည်သည်။ နဟောတိ။မဖြစ်။ ။ဝေယျာဝစ္စမှာ။
ဝယဝုဍ္ဎိဂုဏဝုဍ္ဎိဖြစ်သောသူ၊ မကျန်းမမာရှိသောသူတို့၏ အမှု
ကြီးငယ်တို့ကို အားထုတ်ပြုလုပ်ကြောင်းဖြစ်သောစေတနာ။ ။
တေသမေဝဂိလာနဉ္စယထာဝုတ္တအဇ္ဈာသယေနတံတံကိစ္စကရဏ
စေတနာဝေယျာဝစ္စံနာမ။ ။ဋီကာ။ ။တေသမေဝ။ ထိုကြီး
သောသူအစရှိသည်တို့အားငှင်း။ ဂိလာနဉ္စ။ နာသောသူတို့အား
ငှင်း။ယထာဝုတ္တအဇ္ဈာသယေန။ အကြင်အကြင်ဆိုအပ်ပြီးသော
အလိုဖြင့်။တံတံကိစ္စကရဏစေတနာ။ ထိုထိုကိစ္စကို ပြုကြောင်း
ဖြစ်သောစေတနာသည်။ဝေယျာဝစ္စံနာမ။မည်၏။ ။ပတ္တိဒါနမှာ။
မိမိပြုလုပ်အားထုတ်အပ်သော။ ကုသိုလ်အရ။ကောင်းမှုအဘို့ကို။
သူတပါးတို့အား။အမျှပေးဝေကြောင်းဖြစ်သောစေတနာ။ ။ဒါ
နံဒတွာဂန္ဓာဒီဟိပူဇံကတွာ အသုကဿနာမဟောတုတိဝါသဗ္ဗ
သတ္တာနံဟောတုတိဝါပတ္တိံဒဒတောပတ္တာနုပ္ပဒါနံဝေဒိတဗ္ဗံ။ ။
အဋ္ဌသာလိနီ။ ။ဒါနံ။အလှူကို။ဒတွာ။လှူ၍။ဂန္ဓာဒီဟိ။နံ့သာပန်း
အစရှိသည်တို့ဖြင့်။ ပူဇံ။ပူဇော်ခြင်းကို။ကတွာ။၍။ အသုကဿ

နာမ၊ဤအမည်ရှိသောသူအား။ ဟောတု။ဖြစ်စေ။ဆူတိဝါ။ ဤသို့
ငှင်း၊သဗ္ဗသတ္တာနံ၊ အလုံးစုံသောသတ္တဝါတို့အား။ ဟောတု။စေ၊
ဆူတိဝါ၊ငှင်း။ပဏ္ဍိ။ ကုသိုလ်အဘို့ကို။ဒဒတော။ ပေးဝေသောသူ
အား။ပဏ္ဍာနုပ္ပဒါနံ၊ ကို။ဝေဒိတဗ္ဗံ။၏။ ။မိမိပြုလုပ်အားထုတ်
အပ်သော။ကုသလဘာဂကိုပေးမှု။ပုံညကွဲယမဆိုရပြီလော။ ။
ပုညကွဲယ။ မဆိုရမဆိုသင့်။ဥပမာဖြင့်ထောက်ချင့်သော်၊ တခွက်
သောမီးကိုထွန်းပြီး၍၊ထိုထွန်းပြီးသောပဋ္ဌမမီးမှ။အထောင်အရာ။
မှုးစွာသောမီးတို့ကို။ညှိ၍တဖန်ထွန်းခဲ့ပြန်သော်လည်း။ပဋ္ဌမမီး
ကုန်၏ဟူ၍မဆိုအင်။ရှေးမီးနှင့်တကွ။နောက်ထွန်းသောမီးရောင်
အပေါင်း။တပေါင်းတည်းဖြစ်၍၊အရောင်အလင်း၊ကြီးကျယ်ခြင်း
ရှိဘိ့သကဲ့သို့။ ထိုနည်းတူစွာ၊ သတ္တဝါတို့။ပြုပြုသမျှ။ ကုသလ၏
ဘာဂကို၊ ပေးသော်လည်း၊ မကုန်မယုတ်ဘဲ၊ များစွာအားကြီး။
ကြီးပွါးခြင်းသာဖြစ်တော့သည်။ ။ပဏ္ဍာနုမောဒနမှာ။သူတပါး
ပြုလုပ်၊အားထုတ်အပ်သော၊ကုသိုလ်အရ။ကောင်းမှုအဘို့ကို။အ
မျှပေးသည်ဖြစ်စေ၊မပေးသည်ဖြစ်စေ၊မနွှေရကင်း။ ဝမ်းမြောက်
ခြင်း၏အကြောင်းဖြစ်သောစေတနာ၊ပရေဟိဒိန္နသာပိအဒိန္နသ
ပိဝါပုညသမနွှေရမလပိနိသာဒေ့န စိတ္တေန အဗ္ဘာနုမောဒနစေ
တနာပဏ္ဍာနုမောဒနာနာမ၊ ။ဋီကာ၊ ။ပရေဟိ၊တပါးသော
သူတို့သည်၊ဒိန္နသာပိဝါ။ပေးသော်ငှင်း။ အဒိန္နသာပိဝါ။မပေး
သော်ငှင်း၊ပုညသ၊ကောင်းမှုကို။ မနွှေရမလပိနိသာဒေ့န၊မနွှေ
ရကင်းသော၊စိတ္တေန၊ ဖြင့်။အဗ္ဘာနုမောဒနစေတနာ၊ ဝမ်းမြောက်
ကြောင်းဖြစ်သော စေတနာသည်။ ပဏ္ဍာနုမောဒနာနာမ၊ မည်၏၊
ပရေဟိဒိန္နာယပဏ္ဍိယာဝါအဒ္ဒာယဝါပုညကြိယာယသာရသာရ
တိဒအနုမောဒနဝသေန အဗ္ဘာနုမောဒနံ ဝေဒိတဗ္ဗံ။ ။အဋ္ဌသာ
လိနီ၊ ။ပရေဟိ၊တို့သည်။ဒိန္နာယ။ပေးဝေသော။ ပဏ္ဍိယာဝါ။အ
ဘို့ကိုငှင်း၊အဒ္ဒာယ။တပါးသော။ပုညကြိယာယဝါ၊ကောင်းမှုပြု
ခြင်းကိုငှင်း၊ သာဓုသာဓုတိ။ သာဓုသာဓုဟူ၍။ အနုမောဒနဝ
သေန၊ ဝမ်းမြောက်သည်၏အစွမ်းဖြင့်၊ အဗ္ဘာနုမောဒနံ၊ကို။ဝေဒိ

တဗ္ဗံ ။ ၏။ ။ဓမ္မသဝနမှာ။ ဤသို့တရားတော်ကိုနာ၍၊ ထိုတရား
နှုတ်ဟောတော်မူအပ်သောနည်းဖြင့်၊ ကျင့်သောငါသည်၊ လော
ကီ၊လောကုတ္တရာဂုဏ်အထူးကိုရသောအဘို့ရှိအံ့၊ များသောအ
ကြားအမြင် ရှိသည်ဖြစ်၍လည်း၊ သူတပါးတို့အား၊ တရားဟော
ခြင်းဖြင့်ချီးမြှောက်အံ့၊ ဤသို့မိမိအားလည်းကောင်း၊ သူတပါးတို့
အား လည်းကောင်း၊ အစီးအပွါး ပြန့်နှံ့သည်၏ အစွမ်းဖြင့် ဖြစ်
သော၊ဖြူစင်သောအလိုဖြင့်၊ တရားတော်ကိုနာကြောင်းဖြစ်သော
စေတနာ၊ ။ဧဝမိဒံ ဓမ္မံသုတွာ တတ္ထဝုတ္တနယေန ပဋိပဇ္ဇန္တော
လောကိယလောကုတ္တရ ဂုဏဝိသေသဿ ဘာဂီ ဘဝိဿာမိ။ ဗ
ဟုဿုတော ဝါ ဟုတွာ ပရေသံ ဓမ္မဒေသနာဒီဟိ အနုဂ္ဂဏှိဿာမိ
တိ ဧဝံ အတ္တနော ပရေသံ ဝါ ဟိတဖရဏဝသပ္ပဝတ္တေန အသံကိလိ
ဋ္ဌအဇ္ဈာသယေန ဟိတူပဒေသသဝနစေတနာ ဓမ္မသဝနံ နာမ။ ။ဋီ
ကာ။ ။ဧဝံ။ဤသို့နာသည်ရှိသော်၊ဣမံ ဓမ္မံ၊ဤတရားကို၊သုတွာ၊
ကြား၍၊တတ္ထ၊ထိုဟောသောတရား၌၊ဝုတ္တနယေန၊ဆိုအပ်ပြီးသော
နည်းဖြင့်၊ပဋိပဇ္ဇန္တော၊ကျင့်သည်ရှိသော်၊ လောကိယလောကုတ္တ
ရဂုဏဝိသေသဿ၊လောကီလောကုတ္တရာဂုဏ်အထူး၏၊ဘာဂီ၊
အဘို့ရှိသည်၊ဘဝိဿာမိ၊ဖြစ်အံ့၊ဗဟုဿုတော ဝါ၊ များသောအ
ကြားအမြင်ရှိသည်လည်း၊ ဟုတွာ၊၍၊ ပရေသံ၊သူတပါးတို့အား၊
ဓမ္မဒေသနာဒီဟိ၊ တရားဟောခြင်းအစရှိသည်တို့ဖြင့်၊ အနုဂ္ဂဏှိ
ဿာမိ၊ချီးမြှောက်အံ့၊ဣတိဧဝံ၊ဤသို့၊ အတ္တနောဝါ၊မိမိ၏၎င်း၊ပ
ရေသံဝါ၊တို့၏၎င်း၊ ဟိတဖရဏဝသပ္ပဝတ္တေန၊အစီးအပွါးနှံ့
ပြန့်နှံ့ သည်၏အစွမ်းဖြင့်ဖြစ်သော၊ အသံကိလိဋ္ဌအဇ္ဈာသယေန၊
ညစ်ညူးခြင်းမရှိသောအလိုဖြင့်၊ ဟိတူပဒေသသဝနစေတနာ၊အ
စီးအပွါးကိုရည်ညွှန်းသဖြင့် နာကြောင်းဖြစ်သော စေတနာသည်၊
ဓမ္မသဝနံ နာမ၊မည်၏။ ။ဧကောသုဏန္တော ဇုတိပံသဒ္ဒေါတိ
ဓာနိသံသန္တိ သုဏာတိ။တံနမဟာဖလံ။ဧကော ဧဝံမေ မဟာဖလံဘ
ဝိဿတီတိ ဟိတဖရဏေန မုဒုစိတ္တေန ဓမ္မံသုဏာတိ။ ဣဒံသဝနမ
ယံပုညကြိယာဝတ္ထုနာမ၊ ။ဟုံငါ့ကိုသဒ္ဓါနှင့်ပြည့်စုံသောသူဟူ၍

သိကြကုန်လတံ့ဟုနာအံ့။ အကျိုးနည်း၏။ ဤသို့နာသော်အကျိုး
ကြီးသည်ဖြစ်လတံ့ဟု။ အစီးအပွါးနှက်ပြန့်နှံ့ နူးညံ့သောစိတ်
ဖြင့်နာအံ့။ပညာကြီးယဖြစ်၏ဟုအဗ္ဘသာဋ္ဌနိနှက်လာ၏။ ။ဧကော။
တသောက်သောသူသည်။သုဏာန္တော။နာသည်ရှိသော်။ ဓာတိ။သို။
မံ။ငါ့ကို။သဒ္ဒေါတိ။သဒ္ဒါယုံကြည်သောသူဟူ၍။ ဇာနိဿန္တိ။သိ
ကြကုန်လတံ့။ဣတိမနသိကတွါ။ဤသို့နှလုံးသွင်း၍။သုဏာတိ။နာ
၏။တံ၊ထိုသို့နာခြင်းသည်။မဟာဖလံ။အကျိုးကြီးသည်။နဟောတိ။မ
ဖြစ်။ဧကော။သည်။ဧဝံ။ဤသို့နာသည်ရှိသော်။ မေ။ငါ့အား။မဟာဖ
လံ။များသောအကျိုးရှိသည်။ ဘဝိဿတိ။ဖြစ်လတံ့။ ဣတိမနသိ
ကတွာ။၍။ ဟိတဖရဏေန။အစီးအပွါးနှက်နှံ့သော။ မုဒုစိတ္တေန။
နူးညံ့သောစိတ်ဖြင့်။ ဓမ္မံ။ကို။သုဏာတိ။ အံ့။ဣဒံ။ ဤသို့နာခြင်း
သည်။သဝနမယံ။သော။ပညာကြီးသဝဏ္ဏနာမ။မည်၏။ ။အဖြစ်
မရှိသောအတတ်ဟူသမျှကို။ မှတ်ယူနာကြောင်းဖြစ်သော စေတ
နာကိုလည်း။ဤဓမ္မသဝနနှက်ရေတွက်လေ၊ ။နိရဝဇ္ဇဝိဇ္ဇာဒိသဝ
နစေတနာပိဧတ္ထေဝသင်္ဂယှတိ။ ။ဋီကာ။ ။နိရဝဇ္ဇဝိဇ္ဇာဒိသဝ
န စေတနာပိ၊ အပြစ် မရှိသော အတတ် အစရှိသည်ကို နာယူ
ကြောင်းဖြစ်သော စေတနာကိုလည်း။ဧတ္ထေဝ။ ဤဓမ္မသဝနနှက်
သာလျှင်။သင်္ဂယှတိ။ရေတွက်အပ်၏။ ။ဓမ္မဒေသနာမှာ။လာဘ
သက္ကာသ။စသည်မရှိ။ယောနိသောမနသိကာရ၊ ဓမ္မရှေ့သွား။သူ
တပါးတို့အား။တရားဟောကြောင်းဖြစ်သောစေတနာ၊ ။လာ
ဘသက္ကာရာဒိ နိရပေက္ခတာယ ယောနိသောမနသိကာရေတော
ဟိတူပဒေသစေတနာဓမ္မဒေသနာနာမ။ ။ဋီကာ။ ။လာဘ
သက္ကာရာဒိနိရပေက္ခတာယ။လာဘ်ပူဇော်သကာ အစရှိသည်တို့
နှက်ကင်းသည်၏ အဖြစ်ကြောင့်။ယောနိသော။ အသင့်အားဖြင့်။
မနသိကာရေတော။နှလုံးသွင်းသောသူ၏။ ဟိတူပဒေသစေတနာ၊
အစီးအပွါးကိုရည်ညွှန်း၍ဟောကြောင်းဖြစ်သောစေတနာသည်။
ဓမ္မဒေသနာနာမ။မည်၏။ ။အဗ္ဘသာလ်နိနှက်ကား။ ။ဧကောဧ
ဝံမေဓမ္မကထိကောတိ ဇာနိဿန္တိ ဣစ္ဆာယ ဌတွာ လာဘဂရု

ကောဟုတ္တာဒေသေတိ။တံနမဟာမှလံ ဧကောအတ္တနောပဂုဏံဓမ္မံ
အပဗ္ဗာသိသ မာနေနဝိမုတ္တာယတနသိသေနပန ပရေသံဒေသေ
တိ။ ဇာဒံဒေသနာမယံပုညကြိယဝတ္ထုနာမ။ ။ဟုတယောက်
သောသူသည်။ဤသို့ ဟောသည်ရှိသော်။ငါ ကို ဓမ္မကထိကဟူ၍
သိကြကုန်လတံ့ဟု အလိုနှိုက် တည်၍လာဘ်နှိုက် အလေးပြု၍
ဟောအံ့။ အကျိုးနည်း၏။ လာဘ်နှိုက်မငဲ့။ နိဗ္ဗာန်ကိုတောင့်တ၍
ဟောမှုပုညကြိယဖြစ်၏ဟုလာ၏။ဧကော။သည်။ဧဝံ။ ဤသို့ဟော
သည်ရှိသော်။မံ။ငါ့ကို။ဓမ္မကထိကောဣတိ။ ဓမ္မကထိကဟူ၍။ဇာ
နိဿန္တိ။သိကြကုန်လတံ့။ဣတိ။သို့။ ဣစ္ဆာယ။အလိုနှိုက်။ဌတွာ။
တည်၍။လာဘဂရုကော။လာဘ်နှိုက်အလေးပြုသည်။ ဟုတွာ။၍။
ဒေသေတိ။ဟော၏။တံ။ ထိုသို့ဟောခြင်းသည်။ မဟာမှလံ။သည်။
နဟောတိ။မဖြစ်။ဧကော။သည်။အတ္တနော။မိမိ၏။ပဂုဏံ။လေ့လာ
အပ်သော။ဓမ္မံ။တရားကို။အပဗ္ဗာသိသမာနော။လာဘ်ကိုမတောင့်
တသည်ဖြစ်၍။ဝိမုတ္တာယတနသိသေန။နိဗ္ဗာန်ကိုတောင့်တသဖြင့်၊
ပရေသံ၊သူတပါးတို့အား။ ဒေသေတိ။၏။ဇာဒံ။ သည်။ဒေသနာမ
ယံ။ဒေသနာမယဖြစ်သော။ပုညကြိယဝတ္ထုနာမ။မည်၏။ ။သမ္မာ
ဒိဋ္ဌိမှာ။ဖွန့်ကြဲပေးကမ်း။ လှူဒါန်းအပ်သောဒါန၏။ အကျိုးသည်ရှိ
၏စသည်ဖြင့်။ကောင်းစွာညာဏ်တွင်။ အမြင်၏အစွမ်းဖြင့်။အယူ
စင်စင်။ဖြောင့်စွာပြုခြင်း။အတ္ထိဒိန္နန္တိ အာဒိနယပ္ပဝတ္တာသမ္မာဒဿန
ဝသေနဒိဋ္ဌိဿဥဇုကရဏာဒိဋ္ဌိဇုကမ္မံနာမ။ ။ဋီကာ၊ ။ဒိန္နံ။လှူ
အပ်သောအကျိုးသည်၊ အတ္ထိ။ရှိ၏။ ဣတိအာဒိနယပ္ပဝတ္တ သမ္မာ
ဒဿနဝသေန။ ဤသို့အစရှိသောနည်းဖြင့်ဖြစ်သော ကောင်းစွာ
မြင်ခြင်း၏အစွမ်းဖြင့်၊ ဒိဋ္ဌိယာ။အယူကို။ဥဇုကရဏံ။ ဖြောင့်မတ်
စွာပြုခြင်းသည်။ဒိဋ္ဌိဇုကမ္မံနာမ။မည်၏။ ။အတ္ထိဒိန္နံစသည်ဖြင့်။
သမ္မာဒိဋ္ဌိဧ။သွားရှိမှ။ပုညကြိယဖြစ်ခဲ့သော်။ ညာဏဝိပ္ပယုတ်စိတ်
၏။ဒိဋ္ဌိဇုကမ္မ။ပုညကြိယအဖြစ်ကို။စင်စစ်မရမှတ်ယူရမည်လော။
ဧ။အဘို့နောက်အဘို့နှိုက်ဖြစ်သောစေတနာတို့၏။ ထိုထိုပုည။
ကြိယတို့နှိုက်သာ ရေတွက်အပ်သောကြောင့်။ ညာဏဝိပ္ပယုတ်

စိတ်၏။ဒိဋ္ဌိဇုကမ္မ။ပုညကြိယာ၏အဖြစ်ကို။စင်စစ်ရအပ်၏။ဉာဏ်
ကို ရှေ့သွားပြုသောကာလနှိက်။ ဉာဏသမ္ပယုတ်စိတ်သည်သာ
ဖြစ်၏။ထိုသို့ဖြစ်သောဲလည်း။ ရှေ့နောက်အတိုနှိက်ကား။ဉာဏ
ဝိပ္ပယုတ်သည်လည်းဖြစ်၏။ ထိုသို့ဖြစ်သောကြောင့်။ ဉာဏဝိပ္ပ
ယုတ်စိတ်၏လည်း။ဒိဋ္ဌိဇုကမ္မ၏အဖြစ်သည်။ဖြစ်နိုင်၏ဟူလို။ ။
ဤဆယ်ပါးသောတရားအပေါင်းတို့သည်။သတ္တဝါတို့ကို ဖြူစင်
စေတတ်။ သတ္တဝါတို့သည်ပြုအပ်သောကြောင့်။ ပုညကြိယမည်
ကုန်၏။ ထိုဆယ်ပါးတို့တွင်။ ပတ္တိဒါန။ပတ္တာနုမောဒန။ ဤနှစ်ပါး
တို့ကို။ဣဿာမစ္ဆေရ။ ပဋိပက္ခအဖြစ်ဖြင့်တူသောကြောင့်။ ဒါန၌
ရေတွက်အပ်၏။ ။အပစာယန။ဝေယျာဝစ္စ။ ဤပုညကြိယာနှစ်
ပါးတို့ကို။ စာရိတ္တသီလဖြစ်သောကြောင့်။ သီလ၌ ရေတွက်အပ်
၏။ ။ဒေသနာ။သဝန။ဒိဋ္ဌိဇုကမ္မ။ဤပုညကြိယာသုံးပါးတို့ကို။ကု
သိုလ်တရားပွားများစေတတ်သောကြောင့်။ ဘာဝနာ၌ ရေတွက်
အပ်၏။ ထိုကြောင့်သုံးပါးလည်းဖြစ်၏။ ။ဤပုညကြိယဋ္ဌာန၌။
ကောင်းမှုကိုအားထုတ်ခြင်းမည်သည်ကို။ သယံကာရ။ပရံကာ
ရ။သာဟတ္ထိက။အာဏတ္တိက။ သမ္ပဇာနကတ။ အသမ္ပဇာနကတ
တည်းဟူသော။ ခြောက်ပါးသောအပြားတို့ဖြင့်။မှတ်အပ်၏။ ထို
ခြောက်ပါးတို့တွင်။ မိမိ၏သဘောအားဖြင့်ပြုအပ်သော ကုသိုလ်
သည်။သယံကာရမည်၏။ ။သူတပါး ပြုသည်ကိုမြင်၍ ပြုအပ်
သောကုသိုလ်သည်။ပရံကာရမည်၏။မိမိ၏လက်ဖြင့်ပြုအပ်သော
ကုသိုလ်သည်။သာဟတ္ထိကမည်၏။ ။သူတပါးကိုစေခိုင်း၍ ပြု
စေအပ်သောကုသိုလ်သည်။အာဏတ္တိကမည်၏။ ။ကံကို၎င်း
ကံ၏အကျိုးကို၎င်း ယုံကြည်၍ပြုအပ်သောကုသိုလ်သည်။ သမ္ပ
ဇာနကတမည်၏။ ။ကံကံ၏ အကျိုးကိုမသိဘဲ ပြုအပ်သော
ကုသိုလ်သည်။ အသမ္ပဇာနကတမည်၏။ ။ထိုခြောက်ပါးတို့
တွင်။သယံကာရ။ပရံကာရ။သာဟတ္ထိက။ အာဏတ္တိကအားဖြင့်ပြု
ရာ။ကုသိုလ်စိတ်ရှစ်ပါးတို့တွင်။တပါးပါးနှင့်ပြု၏။ သမ္ပဇာနကတ
အားဖြင့်ပြုရာ။ဉာဏသမ္ပယုတ်စိတ်လေးပါးတို့တွင် တပါးပါးနှင့်

ပြု၏။ အသမ္ဘာဝနကတအားဖြင့်ပြုရာ၊ ညာဏဝိပ္ပယုတ်စိတ်လေးပါးတို့တွင် တပါးပါးနှင့်ပြု၏။ ။ဤကားပုညကြိယာဆယ်ပါး၏သရုပ်။ထုတ်ဆိုအပ်သော အကျဉ်းအမြွက်တည်း။ ။ပါရမီဆယ်ပါး။ ။ဒါနံသီလဥ္စနိက္ခမံ။ပညာဝီရိယေနပဥ္စမံ။ ခန္တီသစ္စမဓိဋ္ဌာနံ။ မေတ္တုပေက္ခာစဒသဣမာ။ ။သုတ္တန္တအဋ္ဌကထာ။ ။ဒါနဥ္စ။ဒါနပါရမီငှင်း။သီလဥ္စ။သီလပါရမီငှင်း။နိက္ခမဥ္စ။ နိက္ခမပါရမီငှင်း။ပညာစ။ပညာပါရမီငှင်း။ ပဥ္စမံ့ငါးခုမြောက်သော။ဝီရိယေန။ဝီရိယပါရမီနှင့်။ သဟ။တကွ။ ခန္တီသစ္စမဓိဋ္ဌာနဥ္စ။ခန္တီပါရမီ၊သစ္စာပါရမီ။အဓိဋ္ဌာန်ပါရမီငှင်း။ မေတ္တုပေက္ခာစ။ မေတ္တာပါရမီ။ ဥပေက္ခာပါရမီငှင်း။ဣတိ။ဤသို့။ ဣမာဒသ။ ဤဆယ်ပါးတို့တည်း။ ။ဒါနပါရမီမှာ။သင်္ခပုဏ္ဏား။ဓနဥ္စရမင်း။မဟာသုဒဿနမင်း။ နိမိမင်း။ သိဝိမင်း။ ဝေဿန္တရာမင်းစသော သူတို့ကဲ့သို့။ အထူးထူးသောဥစ္စာ။ရတနာတို့ကိုပေးလှူခြင်း။ ။သီလပါရမီမှာ။ ငါးပါးရှစ်ပါးဆယ်ပါးသီလတို့ကို။ ကျင့်သုံး ဆောက်တည်ကြောင်းဖြစ်သောစေတနာ။ ။နိက္ခမပါရမီမှာ။ သောမနဿမင်းသား။ ဟတ္ထိပါလသတို့သား။စသည်တို့ကဲ့သို့။ စည်းစိမ်ဥစ္စာဘဏ္ဍာကျေးကျွန်တို့ကို။စွန့်၍တောထွက်ခြင်း။ ။ပညာပါရမီမှာ။ မဟောသဓအစရှိသောဘဝ၌ကဲ့သို့။ဥပါယ်တမည်ဖြင့်။ ကြံစည်အားထုတ်လျက်။သူတပါးတို့၏ဆင်းရဲညှိုးငြင်။ပူပင်သောဒုက္ခမှလွတ်စေခြင်း။ ။ဝီရိယပါရမီမှာ။မဟာဇနကမင်းစသည်တို့ကဲ့သို့။မလျော့မယုတ်။လုံ့လအားထုတ်ခြင်း။ ။ခန္တီပါရမီမှာ။ ခန္တီဝါဒရသေ့စသည်တို့ကဲ့သို့။ သူအများတို့။ နှစ်ပါးကိုယ်နှုတ်။ ပြုလုပ်နိုင့်ထက်။နှိပ်စက်ပြောဆိုသော်လည်း။စိတ်၌အမျက်မထွက်မရှိ။ သည်းခံခြင်း။ ။သစ္စပါရမီမှာ။ မဟာသုတသောမမင်း။ ရာဇသေဌ်နှင်း။ အလောင်းမင်းကဲ့သို့။မယွင်းမချွတ်။ ဖြောင့်မတ်သောစကားကိုဆိုခြင်း။ ။အဓိဋ္ဌာန်ပါရမီမှာ။ တေမိမင်းသား။ ဘုရားအလောင်းတော်ကဲ့သို့။ မိမိအသက်ကို။ ငဲ့ကွက် မညှာ။ ကောင်းစွာအကျင့်ကိုဆောက်တည်ခြင်း။ ။မေတ္တာပါရမီမှာ။

အသုံးရုံသောသူတို့အား။ မုန်းထားအမျက်။ မထွက်မရှိ။ ဗလဝ သဒ္ဒါ။ မေတ္တာကိုပွားများခြင်း။ ။ဥပေက္ခာပါရမီမှာ။ ဆင်းရဲ ချမ်းသာ။လူများစွာတို့။လာ၍ပင်ပြုသော်လည်း။ဒေါမနဿ သော မနဿ။မကျမဖြစ်။ ဝင်စစ်တမူ။လျစ်လျူရှုခြင်း။ ။ဤဆယ်ပါး တို့သည်။ မြတ်သောဘုရားလောင်းစသော သူတော်ကောင်းတို့ ၏။ ဖြည့်ကျင့်ကြောင်း ဖြစ်သောကြောင့်။ ပါရမီမည်ကုန်၏။ ။ ဤကား ပါရမီဆယ်ပါးအကျဉ်းချုပ်။ထုတ်ဆိုအပ်သောအကျဉ်းအမြွက် တည်း။ ။ပါရမီအပြားသုံးဆယ်။ ။သာမညဘေဒတော တော။ဒသဝိဓာဝိဘာဂတော။တိဓာဟုတွာနုပဋ္ဋကံ။ သမတိံသ ဝိဓာသမံ။ ။ဒသပါရမိယော။ ဒသဥပပါရမိယော။ဒသပရမတ္ထ ပါရမိယောတိ တိသမတိံသ ပါရမိယော။ ။သီလကမ္မဋ္ဌာနိကာ သစ်။ ။သာမညဘေဒတော။သာမညအပြားအားဖြင့်။တော။ထို ပါရမီတို့သည်။ဒသဝိဓာ။ဆယ်ပါးအပြားရှိကုန်၏။ဝိဘာဂတော။ အသီးအသီးဝေဘန်သောအားဖြင့်။ သမံ။အမျှ။ တိဓာ။သုံးပါးအ ပြားရှိသည်။ဟုတွာန။ဖြစ်၍။ ပဋ္ဋကံ။ အသီးအသီး။ သမတိံသဝိ ဓာ။အမျှသုံးဆယ်အပြားရှိကုန်၏။ ။ဟိသစ္စံ။မှန်၏။ဒသပါရမိ ယော။၎င်း။ ဒသဥပပါရမိယော။၎င်း။ ဒသပရမတ္ထပါရမိယော။ တို့၎င်း။ဣတိ။သို့။သမတိံသပါရမိယော။အမျှသုံးဆယ်သောပါရ မီတို့သည်။ဟောဒ္ဓါ။ကုန်၏။ ။ဒါနပါရမီမှာ။သားမယားဥစ္စာစ သည်ကိုစွန့်ခြင်း။ ဒါနဥပပါရမီမှာ။မိမိ၏ခြေလက်နားနှာစသော ကိုယ်အင်္ဂါကိုစွန့်ခြင်း။ ။ဒါနပရမတ္ထပါရမီမှာ။ မိမိ၏အသက် ကိုစွန့်ခြင်း။ ။သီလပါရမီမှာ။ သား မယား ဥစ္စာစသောအ ကြောင်းကြောင့်။ သီလကိုမလွန်ကြူးခြင်း။ ။သီလဥပပါရမီ မှာ။ မိမိ၏ကိုယ်အင်္ဂါတည်းဟူသောအကြောင်းကြောင့်။ သီလ ကို မလွန်ကြူးခြင်း။ ။သီလပရမတ္ထပါရမီမှာ။ မိမိအသက် တည်းဟူသော အကြောင်းကြောင့်။ သီလကို မလွန်ကြူးခြင်း။ နိက္ခမပါရမီမှာ။ သားမယားဥစ္စာစသောစဉ်းတို့၌။ တပ်ခြင်းကို ဖြတ်၍တောထွက်ခြင်း။ ။နိက္ခမဥပပါရမီမှာ။မိမိ၏ကိုယ်အင်္ဂါ

တို့၌တပ်ခြင်းကိုစွန့်၍တောထွက်ခြင်း။ ။နိက္ခမပရမတ္ထပါရမီမှာ။မိမိအသက်၌တပ်ခြင်းကိုဖြတ်၍တောထွက်ခြင်း။ ။ပညာပါရမီမှာ။သားမယားစသည်တို့၌၊တပ်ခြင်းကိုပယ်၍၊ သတ္တဝါတို့၏စီးပွားရှိမရှိကို။ဆုံးဖြတ်ခြင်းကိုပြုခြင်း။ ။ပညာဥပပါရမီမှာ။မိမိ၏ကိုယ်အင်္ဂါတို့၌၊တပ်ခြင်းကိုပယ်၍သတ္တဝါတို့၏စီး ပွားရှိမရှိကို။ ဆုံးဖြတ်ခြင်းကိုပြုခြင်း။ ။ပညာပရမတ္ထပါရမီမှာ။ မိမိ၏အသက်၌။တပ်ခြင်းကိုပယ်၍။ သတ္တဝါတို့၏ စီးပွား ရှိမရှိကို ဆုံးဖြတ်ခြင်းကိုပြုခြင်း။ ။ဝီရိယပါရမီမှာ၊ သားမယား ဥစ္စာစသည်ကိုစွန့်ခြင်း၌ အားထုတ်လုံ့လပြုခြင်း။ ။ဝီရိယဥပပါရမီမှာ။မိမိ၏အင်္ဂါကြီးငယ်ကိုစွန့်ခြင်း၌၊အားထုတ်လုံ့လပြုခြင်း။ ။ဝီရိယပရမတ္ထပါရမီမှာ။မိမိအသက်ကိုစွန့်ခြင်း၌။ အားထုတ်လုံ့လပြုခြင်း။ ။ခန္တီပါရမီမှာ။သားမယားဥစ္စာစသည်တို့၏အန္တရာယ်ကိုပြုကုန်သောသူတို့အားသည်းခံခြင်း။ ။ခန္တီဥပပါရမီမှာ။ မိမိကိုယ်အင်္ဂါ၏ အန္တရာယ်ကို ပြုကုန်သော သူတို့အား သည်းခံခြင်း။ ။ခန္တီပရမတ္ထပါရမီမှာ။ မိမိအသက်၏အန္တရာယ်ကိုပြုကုန်သောသူတို့အား။သည်းခံခြင်း၊ ။သစ္စာပါရမီမှာ။ သားမယား ဥစ္စာ ဟူသော အကြောင်းကြောင့်၊ မှန်သော စကားကိုဆိုခြင်း။ ။သစ္စာဥပပါရမီမှာ။ မိမိ၏ ကိုယ်အင်္ဂါတည်းဟူသောအကြောင်းကြောင့်။ မှန်သော စကားကိုဆိုခြင်း။ ။သစ္စာပရမတ္ထပါရမီမှာ။ မိမိ၏ အသက်တည်းဟူသော အကြောင်းကြောင့်၊မှန်သောစကားကိုဆိုခြင်း။ ။အဓိဋ္ဌာနပါရမီမှာ။သားမယားဥစ္စာစသည်တို့ပျက်စီးသွားသော်လည်း။မတုန်မလှုပ်သောအားဖြင့်ဆောက်တည်ခြင်း။ ။အဓိဋ္ဌာနဥပပါရမီမှာ။မိမိကိုယ်အင်္ဂါ၏ ပျက်စီးသွား သော်လည်း၊ မတုန်မလှုပ်သော အားဖြင့်ဆောက်တည်ခြင်း။ ။အဓိဋ္ဌာနပရမတ္ထပါရမီမှာ။မိမိ၏အသက်ပျက်စီးသွားသော်လည်း။ မတုန်မလှုပ်သောအားဖြင့် ဆောက်တည်ခြင်း။ ။မေတ္တာပါရမီမှာ။သားမယားဥစ္စာစသည်တို့ကို။နှိပ်စက်ဖျက်ဆီးတတ်သောသူတို့၌။မေတ္တာကိုမစွန့်ခြင်း။ ။မေတ္တာ

ဥပပါရမိမှာ၊မိမိ၏ကိုယ်အင်္ဂါကို။နှိပ်စက်ဖျက်ဆီးတတ်သောသူ
တို့၌မေတ္တာကိုမစွန့်ခြင်း။ မေတ္တာပရမတ္ထပါရမီမှာ။မိမိ၏အသက်
ကိုနှိပ်စက်ဖျက်ဆီးတတ်သောသူတို့၌မေတ္တာကိုမစွန့်ခြင်း။ ။ဥ
ပေက္ခာပါရမီမှာ။ သားမယားဥစ္စာစသည်တို့၌လျစ်လျူရှုခြင်း။ ။
ဥပေက္ခာဥပပါရမီမှာ၊မိမိ၏ကိုယ်လက်နားနှာခေါင်းအင်္ဂါတို့၌နှက်
လျစ်လျူရှုခြင်း။ ။ဥပေက္ခာပရမတ္ထပါရမီမှာ၊မိမိ၏အသက်နှက်
လျစ်လျူရှုခြင်း။ ။ဤကားပါရမီအပြားသုံးဆယ်၏သရုပ်၊ထုတ်
ဆိုအင်သော အကျဉ်းအမြွက်တည်း။ ။ဗောဓိပက္ခိယတရား
သုံးဆယ့်ခုနှစ်ပါး။ ။စတ္တာရောသတိပဋ္ဌာနာ။ စတ္တာရောသမ္မပ္ပ
ဓါနာ။စတ္တာရောဣဒ္ဓိပါဒါ။ပဉ္စိန္ဒြိယာနိ။ ပဉ္စဗလာနိ။ သတ္တဗောဇ္ဈ
င်္ဂါ၊အဋ္ဌမဂ္ဂင်္ဂါနိတိ။ ။အဘိဓမ္မာအဋ္ဌကထာ။ ။စတ္တာရော၊
လေးပါးကုန်သော၊သတိပဋ္ဌာနာ၊သတိပဋ္ဌာန်တို့ငင်း။ စတ္တာရော၊
ကုန်သော၊သမ္မပ္ပဓာနာ၊သမ္မပ္ပဓာန်တို့ငင်း၊စတ္တာရော၊ ကုန်သော၊
ဣဒ္ဓိပါဒါ၊ဣဒ္ဓိပါဒ်တို့ငင်း၊ပဉ္စ။ငါးပါးကုန်သော။ဣန္ဒြိယာနိ၊ ဣန္ဒြေ
တို့ငင်း၊ပဉ္စ။ကုန်သော၊ ဗလာနိ၊ဗိုလ်တို့ငင်း၊သတ္တ၊ ခုစ်ပါးကုန်
သော၊ဗောဇ္ဈင်္ဂါ။ဗောဇ္ဈင်တို့ငင်း။အဋ္ဌ၊ရှစ်ပါးကုန်သော၊မဂ္ဂင်္ဂါနိ၊
မဂ္ဂင်တို့ငင်း။ဣတိ၊သို့။သတ္တတိံသ၊ သုံးဆယ်ခုနစ်ပါးကုန်သော။
ဗောဓိပက္ခိယာ။တရားတို့သည်။ဟောအပ်ကုန်၏။ ။သတိပဋ္ဌာန်
လေးပါး။ ။ကာယာနုပဿနာမှာ။ စက်ဆုပ်အပ်သော။ ကေ
သာလောမာ။စသည်အပြား။ တရားအစုတို့၏ဖြစ်ရာ၊ ရူပကာယ
ကို၊သမထဝိပဿနာ။ဘာဝနာနှစ်ရပ်တို့ဖြင့်၊အဘန်ဘန်ရှုခြင်း။ ။
ဤကားကာယာနုပဿနာဋ္ဌာန်၌။ ရူပကာယကို။သမထဘာဝနာ
အားဖြင့်။ရှုအပ်သောအခြင်းအရာကို။အမြွက်အားဖြင့်ပြအံ့။ ။
ခြေဘဝါးအပြင်မှစ၍အထက်၌၊ဆံပျားမှစ၍အောက်၌။ အရေအ
ဆုံးရှိသော။တလံအတွင်းအရှည်ရှိသောဤကိုယ်၌၊ခပ်သိမ်းသော
အခြင်းအရာအားဖြင့်။ ရှုးစမ်း ဆင်ခြင်သည်ရှိသော်။ တစုံတခု
သောပုလဲ။ပတ္တမြား။ကျောက်မျက်ရွဲ၊ အကျော်။ မာလာကျိုကြို၊
ပရုတ်။အခိုးမှုစသောအနည်းငယ်မျှ။ စင်ကြယ်သည်အဖြစ်ကိုမ

မြင်၊စင်စစ်သော်ကား။ အလွန်မကောင်းသောအနံ့၌။ စက်ဆုပ်ဖွယ်မတင့်တယ်သည်ကိုပြတတ်သော။ ဆံအမွေးအစရှိသော အပြားရှိသော၊စက်ဆုပ်ရွံဘွယ်။ မစင်ကြွယ်သည်ကိုသာမြင်ရ၏။ ထိုသို့မြင်အင်သော။ ဆံအမွေး အစရှိသည်တို့ကို။ ဤသို့ရှုအပ်၏။ ။တစပဉ္စကဦ။ကေသာ။လောမာ။နခါ။ဒန္တာ။တစောဟု အနုလောမအားဖြင့်ဆိုပြီး၍။ တဖန်။ တစော။ဒန္တာ။နခါ။လောမာ။ကေသာ။ဟုဆိုအပ်၏။တစပဉ္စက။ ။ထိုနောက်။မံသံ။နှာရု။အဋ္ဌိ အဋ္ဌိမိဉ္ဇံ။ ဝက္ကံ။ဟုအနုလောမအားဖြင့်ဆိုပြီး၍။ တဖန်။ ဝက္ကံ။ အဋ္ဌိမိဉ္ဇံ။ အဋ္ဌိ၊နှာရု၊မံသံ၊ တစော၊ ဒန္တာ။နခါ။လောမာ၊ကေသာ၊ ဟုပဋိလောမအားဖြင့်ဆိုအပ်၏။ဝက္ကပဉ္စက၊ ။ထိုနောက်၊ဟဒယံ၊ယကနံ၊ကိလောမကံ၊ပိဟကံ၊ပပ္ဖာသံဟု အနုလောမအားဖြင့်ဆိုပြီး၍၊တဖန်၊ပပ္ဖာသံ၊ပိဟကံ၊ကိလောမကံ၊ ယကနံ၊ဟဒယံ၊ ဝက္ကံ၊အဋ္ဌိမိဉ္ဇံ။ အဋ္ဌိ၊နှာရု၊မံသံ။ တစော၊ဒန္တာ၊နခါ၊လောမာ၊ကေသာဟု၊ပဋိလောမအားဖြင့်ဆိုအပ်၏၊ပပ္ဖာသပဉ္စက။ ။ထိုနောက်။ အန္တံ၊အန္တဂုဏံ၊ဥဒရိယံ၊ကရီသံ။ မတ္ထလုင်္ဂံဟုအနုလောမအားဖြင့်ဆိုပြီး၍၊တဖန်၊မတ္ထလုင်္ဂံ၊ကရီသံ၊ဥဒရိယံ၊အန္တဂုဏံ၊အန္တံ။ ပပ္ဖာသံ၊ပိဟကံ၊ကိလောမကံ။ ယကနံ။ ဟဒယံ၊ ဝက္ကံ၊အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊နှာရု၊မံသံ၊တစော၊ဒန္တာ၊နခါ၊လောမာ၊ကေသာဟုပဋိလောမအားဖြင့်ဆိုအပ်၏၊မတ္ထလုင်္ဂပဉ္စက။ ။ထိုနောက်၊ ပိတ္တံ၊သေမှံ၊ပုဗ္ဗော၊လောဟိတံ၊သေဒေါ၊မေဒေါဟုအနုလောမအားဖြင့်ဆိုပြီး၍၊တဖန်၊ မေဒေါ၊ သေဒေါ၊လောဟိတံ၊ပုဗ္ဗော၊သေမှံ၊ပိတ္တံ၊ မတ္ထလုင်္ဂံ၊ကရီသံ၊ဥဒရိယံ၊အန္တဂုဏံ၊အန္တံ၊ပပ္ဖာသံ၊ပိဟကံ၊ ကိလောမကံ၊ယကနံ၊ဟဒယံ၊ဝက္ကံ၊အဋ္ဌိမိဉ္ဇံ၊အဋ္ဌိ၊နှာရု၊မံသံ၊တစော၊ဒန္တာ၊နခါ၊လောမာ၊ ကေသာဟု ပဋိလောမအားဖြင့် ဆိုအပ်၏၊ မေဒဆက္က။ ။ထိုနောက်၊အဿု၊ဝသာ၊ခေဠော၊သိင်္ဃာဏိကာ၊လသိကာ၊ မုတ္တံဟု အနုလောမအားဖြင့်ဆိုပြီး၍၊ တဖန်၊ မုတ္တံ၊ လသိကာ၊ သိင်္ဃာဏိကာ၊ ခေဠော၊ ဝသာ၊ အဿု၊မေဒေါ၊သေဒေါ၊လောဟိတံ၊ပုဗ္ဗော သေမှံ၊ပိတ္တံ၊မတ္ထလုင်္ဂံ၊ကရီသံ၊ဥဒရိယံ

အန္တဂုဏံ၊အန္တံ။ပဗ္ဗာသံ။ဝိပါကံ။ကိလေသမကံ။သကန်။ ဟာဒယံ။ဝဏ္ဏံ၊အင်္ဂမိဒ္ဓံ။အဂ္ဂိ။နှာရု။မံသံ။တစော။ဒန္တာ။နခါ။ လောမာ။ ကေသာဟု ပဒိုလောမအားဖြင့်ဆိုအပ်၏။ရတ္တ-ဆတ္တ။ ။ဤကမ္မဋ္ဌာန်းတို့ကို။ အဘယ်ချကာလဘုင်အောင်။ ပွါးများ သရဏ္ဍာယ်အပ်သနည်း။ ။ဧဝံကာလသတံကာလသဟဿံကာလသတသဟဿမ္ပိ ငါစာသမဏ္ဍာယေသာ ကာတဗ္ဗော။ ဟုဝိသုဒ္ဓိမဂ်၌လာသောကြောင့်။ကာလအရာ။ကာလအထောင်။ကါလအသိန်းပတ်လုံး။နှုတ်ဖြင့်သရဏ္ဍာယ်ခြင်းကိုပြုအပ်၏။ ။ဧဝံ။ဤသို့။ကာလသတံပိ။ကာလအရာပတ်လုံးငြိး။ကာလသဟဿံပိ။ကါလအထောင်ပတ်လုံးငြိး။ကါလသတသဟဿမ္ပိ၊ ကာလအသိန်းပတ်လုံးငြိး။ ဝါစာယ။နှုင်ဖြင့်။သဏ္ဍာယော။သရဏ္ဍာယ်ခြင်းကို။ကာတဗ္ဗော။ပြုအပ်၏။ ။ထိုသို့ပြုခဲ့သော်။အဘယ်သို့အကျိုးဖြစ်သနည်း။ ။ဝစသာသဏ္ဍာယေနဟိကမ္မဋ္ဌာနတန္တိပဂုဏာဟောတိ။ နဇ္ဇုတောဝိတောဝိဓွံ ဝိဓာဝတိ။ကောဋ္ဌာသပါကဋာဟောန္တိ။ လက္ခဏပဋိဝေဓဿ ပစ္စယောဟောတိ။ ။ဟုငင်းအဋ္ဌကထာ၌လာသောကြောင့်။ ကမ္မဋ္ဌာန်းအစဉ်၌နှုတ်တက်ခြင်း။ ထိုမှဤမှ စိတ်မပြန့်လွင့်ခြင်း။ ဆံအစရှိသောအဘို့တို့ထင်ရှားခြင်း။လက္ခဏာကိုထိုးထွင်း၍သိခြင်း၏အကြောင်းဖြစ်၏။ ။ဟိသစ္စံ။မှန်၏။ဝစသာ။ဖြင့်။သဏ္ဍာယေန။ သရဏ္ဍာယ်ခြင်းကြောင့်။ကမ္မဋ္ဌာနတန္တိ။ ကမ္မဋ္ဌာန်းအစဉ်သည်။ ပဂုဏာ။လေ့လာသည်။ဟောတိ။၏။ဇုတောဝိတော။ထိုမှဤမှ။စိတ္တံ။စိတ်သည်။နဝိဓာဝတိ။မပြေး။ကောဋ္ဌာသာ။ဆံအစရှိသော အဘို့အစုတို့သည်။ပါကဋာ။ထင်ရှားကုန်သည်။ဟောန္တိ။ကုန်၏။လက္ခဏပဋိဝေဓဿ။ လက္ခဏာကိုထိုးထွင်း၍သိခြင်း၏။ပစ္စယော။ အကြောင်းသည်။ ဟောတိ။၏။ ။ဤကားသဇ္ဈာယဘာဝနာ။ ။

ဝိပဿနာဘာဝနာအားဖြင့်ဤသို့ရှုအပ်၏။ ။ကေသာ။အနိစ္စာ။ဒုက္ခာအနတ္တာ။ ။လောမာ။အနိစ္စာ။ဒုက္ခာ။အနတ္တာ။ ။နခါ။ အနိစ္စာ။ဒုက္ခာအနတ္တာ။ ။ဒန္တာ။အနိစ္စာ။ဒုက္ခာ။အနတ္တာ။ ။တစော။ အနိစ္စော။ ဒုက္ခော။ အနတ္တော။ ။မံသံ။အနိစ္စံ။ဒုက္ခံ။အ

နတ္တံ။ ။ပ။ ဗုတ္တံ။ အနိစ္စံ။ ဒုက္ခံ။ အနတ္တာ။ ဤကား ဝိပဿနာဘာ ဝနာ။ ။ဝေဒနာနုပဿနာမှာ။ ဒုက္ခံ ခြင်္ခဒေါမနဿ ခြင်္ခတည်းဟူ သော။ ဒုက္ခ။ ဒုက္ခ။ သုခ ခြင်္ခသောမနဿ ခြင်္ခတည်းဟူသော ဝိပရိ နာမဒုက္ခ၊ ဥပေက္ခာ ခြင်္ခတည်းဟူသော သင်္ခါရဒုက္ခ၊ ဝေဒနာခပ်သိမ်း ကို၊ ဒုက္ခအားဖြင့်။ အဘန်တလဲလဲ ရှုခြင်း။ ။စိတ္တာနုပဿနာမှာ။ သမ္ဘာသောဂဘုမ္မိအာရမ္မဏအဓိပတိကမ္မ။ ဝိပါက၊ ကိရိယ၊ အသင်္ခါ ရိကအားဖြင့်ပြားသော စိတ်တို့ကို။ အနိစ္စအားဖြင့်။ အဘန်ဘန်ရှု ခြင်း။ ။ဤစိတ္တာနုပဿနာ၌။ စိတ္တ၏အရ သာမည ပင်ဖြစ်သော် လည်း။ ခမ္မသမောဓာန မဟုတ်။ အနိစ္စအားဖြင့်။ သုံးသပ်သော အရာ ဖြစ်သောကြောင့်။ လောကုတ္တရာကိုချန်လှပ်၍၊ လောကီသစိတ်ကို သာ ယူအပ်၏။ ။ဇာဒိပန ယသ္မာ သမ္မသနံ။ နဝ သမောဓာနံ။ ကသ္မာ ဇာဓဝကေပဒေပိ လောကုတ္တရံ နလဗ္ဘတိ။ ။သမောအ၌က ထာ။ ။ဇာဒိပန။ ဤစိတ္တာနုပဿနာသည်ကား။ ယသ္မာ။ အကြင့် ကြောင့်။ သမ္မသနံ၊ သုံးသပ်ခြင်းသည်။ ဟောတိ။ ၏။ ဓမ္မသမောဓာနံ၊ တရားအပေါင်းသည်။ န။ မဟုတ်။ တသ္မာ။ ကြောင့်။ ဇာဓ၊ ဤစိတ္တာ နုပဿနာအရာ၌၊ ကေပဒေပိ၊ တခုသောပုဒ်၌လည်း။ လောကုတ္တရံ၊ လောကုတ္တရာစိတ်ကို၊ နလဗ္ဘတိ။ မရအပ်။ ။ဓမ္မာနုပဿနာမှာ။ လက္ခဏာအားဖြင့်ပြားသော။ သညာသင်္ခါရတရားတို့ကို၊ အနတ္တ အားဖြင့်။ အဘန်ဘန်ရှုခြင်း။ ။ဤဓမ္မာနုပဿနာ၌၊ ကာယာနု ပဿနာဖြင့်၊ ရူပက္ခန္ဓာကို၊ ဝေဒနာနုပဿနာဖြင့်။ ဝေဒနက္ခန္ဓာကို။ စိတ္တာနုပဿနာဖြင့်၊ ဝိညာဏက္ခန္ဓာကိုယူရသောကြောင့်။ ဓမ္မ၏အ ရ။ သညာက္ခန္ဓာ။ သင်္ခါရက္ခန္ဓာတို့ကိုသာယူအပ်၏။ ။ဤလေးပါး တို့သည်။ ယောဂီပုဂ္ဂိုလ်သတ္တာန်၌။ အသုဘအနိစ္စဒုက္ခအနတ္တအား ဖြင့်ဝင်၍ဖြစ်တတ်သောကြောင့်။ သတိပဋ္ဌာန်မည်ကုန်၏။ ။ သမ္မပ္ပဓာန်လေးပါး။ ။ဥပ္ပန္နာနံပါပကာနံ ပဟာနာယဝါယမော မှာ။ ဖြစ်ကုန်လေပြီး။ အသိုးသိုးသော အကုသိုလ်တို့ကိုပယ်ခြင်း ငှါ။ လုလ္လပြုလုပ်။ အားထုတ်ခြင်း။ ။အနုပ္ပန္နာနံပါပကာနံ အနုပ္ပါ ဒါယဝါယမောမှာ။ မဖြစ်ကုန်သေးသော။ ပါပညစ်ကြူ။ မကောင်းမှု

အကုသိုလ်တရားတို့ကို။တဘန်အသစ်။မဖြစ်စေခြင်းငှါ။ လုလ္လပြု
လုပ်။အားထုတ်ခြင်း။ ။အနုပ္ပန္နာနံကုသလာနဉ္ပါဒါယ ဝါယာမော
မှာ။တရံတခါ။ မဖြစ်ကုန်သား။ ကုသိုလ်တရားတို့ကို။ ဖြစ်စေ
ခြင်းငှါ။လုလ္လပြုလုပ်အားထုတ်ခြင်း။ ။ဤအရာ၌မဖြစ်ကုန်သေး
သောကုသိုလ်တရားတို့ဟူသည်။ သမထဝိပဿနာမဂ်တရားတို့
ပင်။ ။ဝုတ္တဉ္စအနုပ္ပန္နာကုသလာဓမ္မာတိ။ သမထဝိပဿနာစေဝ
မဂ္ဂေါစ။ ။သမ္မောဟဝိနောဒနီအဋ္ဌကထာ။ ။စ။ဆက်ဦးအံ့။ ဝုတ္တံ။ဤအ
ရာ၌။အနုပ္ပန္နာကုသလာဓမ္မာတိ။ဟူသည်ကား။ သမထဝိပဿနာ
စေဝသမထဝိပဿနာသည်၎င်း။ မဂ္ဂေါစ။မဂ်သည်၎င်း။ ဟော
တိ။၏။ ။ဉပ္ပန္နာနံကုသလာနံဘိယျောဘာဝါယဝါယမော မှာ။
ဖြစ်ကုန်ပြီးသား။ ကုသိုလ်တရားတို့ကို။ ပွါးများအောင်။ လုလ္လပြု
လုပ်။အားထုတ်ခြင်း။ဤအရာ၌။ဖြစ်ပြီးသော ကုသိုလ်တရားတို့ဟူ
သည်။သမထဝိပဿနာသာတည်း။ ။ဉပ္ပန္နာကုသလာနာမသမ
ထဝိပဿနာ။ ။သမ္မောဟဝိနောဒနီအဋ္ဌကထာ။ ။ဤစတုတ္ထသမ္မပ္ပ
ဓာန်၌မဂ်ကိုအဘယ်ကြောင့် မယူရသနည်းဟူမူ။ မဂ်သည် တ
ကြိမ်ဖြစ်၍ချုပ်သောကြောင့်။အကျိုးမဲ့ကို ဖြစ်စေခြင်းမည်သည်
မရှိ။ ထိုစကားသည်မှန်၏။ မဂ်သည်ဖိုလ်အားကျေးဇူးပြု၍ ချုပ်
၏။ ။မဂ္ဂေါပနသကိံ ဉပ္ပဇ္ဇိတွာနိရုဇ္ဈမာနောအနတ္ထာယသံဝတ္တ
နကောနာမနတ္ထိ။သောဟိဖလဿပစ္စယံဒတွာဝနိရုဇ္ဈတိ။ ။သ
မ္မောဟဝိနောဒနီအဋ္ဌကထာ။ ။မဂ္ဂေါပန။ မဂ်သည်ကား။ သကိံ။တကြိမ်။
ဉပ္ပဇ္ဇိတွာ။ဖြစ်၍။ နိရုဇ္ဈမာနော။ ချုပ်သည်ရှိသော်။ ဝါ။ချုပ်သော
ကြောင့်။အနတ္ထာယ။အကျိုးမဲ့ကို။သံဝတ္တနကောနာမ။ဖြစ်စေသည်
မည်သည်။နတ္ထိ။မရှိ။ဟိသစ္စံ။မှန်၏။သော။ထိုမဂ်သည်။ ဖလဿ။
ဖိုလ်အား။ပစ္စယံ။အကြောင်းကို။ဒတွာဝ။ပေးပြီး၍သာလျှင်။နိရုဇ္ဈတိ။
၏။ ။ဤလေးပါးတို့သည်။နောက်နောက်သောဓမ္မ။ ကုသလဖြစ်
ကြောင်း။ ကောင်းစွာအားထုတ်ကြောင်း ဖြစ်သောကြောင့်၎င်း။
မြတ်သောလွန်ကဲသောအကျိုးကိုဆောင်တတ်သောကြောင့်၎င်း
ကောင်းသော ချီးမွမ်းအပ်သောကာရဏ။ လုလ္လဖြစ်သောကြောင့်

၄င်း။ သမ္မပ္ပဓာန် မည်ကုန်၏။ ။ဣဒ္ဓိပါဒ လေးပါးတွင်။ ။
ဆန္ဒိဒ္ဓိပ္ပါဒမှာ။ အဓိဋ္ဌာနိဒ္ဓိ ဝိကုပ္ပနိဒ္ဓိအပြား။ ယင်းနှစ်ပါးသို့ရောက်
ကြောင်း။ကောင်းသောဆန္ဒစေတသိက်။ ။ဝီရိယိဒ္ဓိပ္ပါဒမှာ။ ဣဒ္ဓိ
နှစ်ပါးသို့ ရောက်ကြောင်း ဖြစ်သော ဝီရိယ စေတသိက်။ ။
စိတ္တိဒ္ဓိပ္ပါဒမှာ။ဣဒ္ဓိအပြား၊ နှစ်ပါးသို့ရောက်ကြောင်းဖြစ်သောစိတ်။
ဝီမံသိဒ္ဓိပ္ပါဒမှာ။ ဆိုအပ်ပြီးသော။ နှစ်ပါးသော ဣဒ္ဓိသို့ ရောက်
ကြောင်းဖြစ်သော ပညာစေတသိက်။ ။အဘယ်သို့သောအား
ဖြင့်၊ဤလေးပါးတို့ကိုဟောတော်မူအပ်သနည်းဟူမူ။ ဆန္ဒကိုရှေ့
သွား၊အားကြီးပြု၍။လောကုတ္တရာကိုဖြစ်စေသောသူ၊ဝီရိယ၊စိတ္တ။
ဝီမံသကို။ရှေ့သွား၊အားကြီးပြု၍။ လောကုတ္တရာကိုဖြစ်စေသော
သူအားဖြင့်၊ ဤလေးပါးတို့ကိုဟောကြားတော်မူအပ်၏၊ ဤလေး
ပါးတို့သည် ဆယ်ပါးသောဣဒ္ဓိတို့တွင်။ ဘန်ဆင်းအပ်သောသတ
သဟာသစသော၊နိဗ္ဗတ်ချုပ်ကိုပြီးစေကြောင်းဖြစ်သောအဓိဋ္ဌာနိဒ္ဓိ၊
ဘန်ဆင်းအပ်သောသူငယ်အသွင်လူင်အသွင်။ နဂါးအသွင်။ဆင်
အသွင်အစရှိသည်ကို ပြီးစေကြောင်းဖြစ်သော ဝိကုပ္ပနိဒ္ဓိသို့။ရောက်
ကြောင်းဖြစ်သောကြောင့်။ဣဒ္ဓိပါဒမည်ကုန်၏။ ။ဈာနင်္ဂငါးပါး။ ။
သဒ္ဓိန္ဒြေမှာ။ဘုရားအစရှိသည်တို့၌။ သမ္ပယုတ်တရားတို့ကို။ ကြည်
စေတတ်။သဟဇာတ်တရားတို့ကို၊မိမိသို့အစဉ်တစိုက်၊လိုက်စေ
တတ်သည်ဖြစ်၍ အစိုးရတတ်သော သဒ္ဓါစေတသိက်။ ။ဝီရိ
ယိန္ဒြေမှာ။ သမ္ပယုတ်တရားတို့ကို၊ထောက်ပံ့တတ်သောသဘော
ရှိသော၊ သဟဇာတ်တရားတို့ကို၊ မိမိသို့အစဉ်တစိုက်၊လိုက်စေ
သည်ဖြစ်၍၊ အစိုးရတတ်သော ဝီရိယစေတသိက်။ ။သတိန္ဒြေ
မှာ၊ သမ္ပယုတ်တရားတို့ကို၊ အောက်မေ့စေခြင်းသဘောရှိသော၊
သဟဇာတ်တရားတို့ကို၊ မိမိသို့အစဉ်တစိုက်လိုက်စေသည်ဖြစ်
၍၊အစိုးရတတ်သော၊သတိစေတသိက်၊ ။သမာဓိန္ဒြေမှာ။ အာ
ရုံ၌ကောင်းစွာထားတတ်သောသဟဇာတ်တရားတို့ကို။ မိမိသို့အ
စဉ်တစိုက်လိုက်စေသည်ဖြစ်၍။ အစိုးရတတ်သော။ ဧကဂ္ဂတာ
စေတသိက်။ ။ပညိန္ဒြေမှာ၊အပြားအားဖြင့်။အနိစ္စသည်တို့ကို။

ထိုးထွင်း၍သိတတ်သော၊သဟဇာတ်တရားတို့ကို။ မိမိသို့အစဉ်
တစိုက်။ လိုက်စေသည်ဖြစ်၍။ အစိုးရတတ်သော ပညာစေတ
သိက်။ ။ဤငါးပါးတို့သည်၊သဟဇာတဓမ္မအပေါင်းတို့ကို။မိမိ
သို့ပင်။အစဉ်တစိုက်၊လိုက်စေသောအားဖြင့်။ အစိုးရတတ်သော
အနက်သဘောကြောင့်။ဣန္ဒြေမည်ကုန်၏။ ။ဗိုလ်ငါးပါး။ ။
သဒ္ဓါ၊ဗိုလ်မှာ။သဒ္ဓါစေတသိက်။ ။ဝီရိယ ဗိုလ်မှာ၊ဝီရိယစေတ
သိက်။ ။သတိဗိုလ်မှာ၊သတိစေတသိက်။ ။သမာဓိဗိုလ်
မှာ၊ဧကဂ္ဂတာစေတသိက်။ ။ပညာဗိုလ်မှာ။ပညာစေတသိက်။ ။
ဤငါးပါးတို့သည်။ အသဒ္ဓိယကောသဇ္ဇပမာဒဥဒ္ဓစ္စ အဝိဇ္ဇာအဟိ
ရိကအနောတ္တပ္ပဟုဆိုအပ်သော။ ဆန့်ကျင်ဘက်ဖြစ်သောတရား
အပေါင်းတို့ကြောင့်၄င်း။ မတုန်မလှုပ်တတ်သောအနက်ကြောင့်
၄င်း။သမ္ပယုတ်တရားတို့၌။ မြဲမြံခိုင်ခန့်ရည်တန့်သော အနက်သ
ဘောကြောင့်၄င်း၊ဗိုလ်မည်ကုန်၏။ ။ဗောဇ္ဈင်ခုနစ်ပါးတွင်၊
သတိသမ္ဗောဇ္ဈင်မှာ။ သစ္စာလေးပါးတို့ကို သိတတ်သောပုဂ္ဂိုလ်၊
တနည်း၊သစ္စာလေးပါးတို့ကိုသိကြောင်းဖြစ်သောတရားအပေါင်း
၏အကြောင်းဖြစ်သောသတိစေတသိက်၊အကြွင်းမှာနည်းတူ။ ။
ဓမ္မဝိစယမှာ။တရားတို့ကို။ အနိစ္စဒုက္ခအနတ္တဟူ၍။ ဆင်ခြင်တတ်
သောဝိပဿနာပညာ။ ။ဝီရိယ မှာ၊ သဟဇာတ်တရားတို့ကို၊
ထောက်ပံ့ခြင်း၊ အားထုတ်ခြင်းလက္ခဏာရှိသော။ ဝိပဿနာနှင့်
ရှဉ်သောဝီရိယစေတသိက်၊ ။ပီတိမှာ။ကိုယ်စိတ်ကိုနှစ်သက်
စေတတ်၊ ပွါးစေတတ်သော၊ ဝိပဿနာနှင့်ရှဉ်သော ပီတိ စေတ
သိက်။ ။ပဿဒ္ဓိမှာ၊ ကိုယ်စိတ်၏ပူပန်ခြင်းမှ။ ငြိမ်းခြင်းတည်း
ဟူသော။ ဝိပဿနာနှင့်ယှဉ်သော ပဿဒ္ဓိစေတသိက်၊ ။ဤဒွိ
ပဿဒ္ဓိအရ။သာမညပင်ဖြစ်သော်လည်း။ ။ကာယပဿဒ္ဓိ
တိ။စိတ္တပဿဒ္ဓိတိ။အယံဝုစ္စတိပဿဒ္ဓိ။ ။ဟူသောပါဠိတော်
တော်၊ ။ကာယပဿဒ္ဓိတိ ခန္ဓတ္တယသင်္ခါတေနာမကာ
ယော ကိလေသဒရထပဋိပဿဒ္ဓိယာပဿဒ္ဓိတိ။ စိတ္တဝိဇ္ဇာ
ဏက္ခန္ဓော ပိတသေဝပဿဒ္ဓိတိ၊ အယံဝုစ္စတိတို့။ အယံဗောဇ္ဈင်

ထေရ်တို့သည်။ တခုသော သရက်စေ့မှ၊တခုသောအညွန့်သည်။
ထွက်ဘိသကဲ့သို့။ထိုအတူ၊တခုသောစေတနာကံဖြစ်၍၊တခုသော
ပဋိသန္ဓေသာဖြစ်ကြောင်းကို၊ လူတို့၏သိလွယ်ရာ၊ ဥပမာနှင့်ဖြေ
ဆိုတော်မူကြကုန်၏။အပရာပရိယကံမှာ၊တတိယဘာဝေ၊ ကာလမှ
စ၍။အခွင့်ရသောအခါနိုက်၊ရအပ်ခံစားအပ်သော အကျိုးရှိသော။
အလယ်စောငါးချက်စေတနာကံ။ ။ဥဘိန္န် အနန္တရေပနပဉ္စဝန
စေတနာ အပရာပရိယကမ္မံနာမ။အနာဂတေယဒါပနဩကာသံလ
ဘတိ။တဒါဝိပါကံဒေတိ။ ။အင်္ဂုတ္တရအဋ္ဌကထာ။ ။ဥဘိန္နံ။
ပဌမသတ္တမ ဟုဆိုအပ်သောနှစ်ပါးသောဇောတို့၏။ အန္တရေ။အ
လယ်နိုက်။ ပဉ္စဝနစေတနာ၊ ငါးချက်သောဇောစေတနာသည်။
အပရာပရိယကမ္မံနာမ။ မည်၏။ပန။အထူး။ အနာဂတေ။နောင်အ
ခါ၌။ ယဒါ၊အကြင်အခါ၌။ဩကာသံ၊အခွင့်ကို။လဘတိ၊ရ၏။
တဒါ။နိုက်။ဝိပါကံ။ကို။ဒေတိ။၏။ ။ဤအပရာပရိယ ဝေဒနီယ
ကံသည်။သံသရာဝဋ်၊ အခွင့်သာသေးဘဝနိုက်။ ကုသလဝိသယ၌၊
ဇောတိကသုမ္မေးစသောသူ၊ အကုသလဝိသယ၌၊အပ်အမွေးရော
သောပြိတ္တာစသောသူတို့ကဲ့သို့။ ပဋိသန္ဓေပဝတ္တိ၌ငှင်း၊ ကုသလ
ဘာဂနိုက်၊ မင်း၏သင်ပြင်းစသည်။အကုသလဘာဂ၌၊ ယောသ
က၏ အကြိမ်ကြိမ်အပြစ်အစွန်ခံရခြင်းစသည်တို့ကဲ့သို့။ ပဝတ္တိ
သက်သက်၌ငှင်း၊အကျိုးကိုပေး၏။ထိုသို့ပေးရာ။ဤကံသည်။ဥပ

ပဋ္ဌဝေဒနီ သက ကဲ့သို့။တဘဝမဟုတ်။ငါးချက်သောစေတနာဖြစ်သောကြောင့်။ ငါးဘဝနှုက်ပဋိသန္ဓေ၏ အကျိုးကိုပေး၏။ ထိုကြောင့်။ ။သာကော ဘပြည်သား။များစွာသောဒါယကာတို့သည်။ တနေ့သောအခါ။ အထူးထူးအပြားပြား။ များစွာသော စေတနာတို့ဖြင့်။ကံကိုပြုလုပ်။ အားထုတ်ကြမှု။အထူးထူးအပြားပြား များစွာသောပဋိသန္ဓေကိုဖြစ်စေလေသလော။ သို့ဘည်းမဟုတ်။ တခုသောပဋိသန္ဓေကို ဖြစ်စေလေသလောဟု။ နှိုးနှောပုစ္ဆာပြသနာကိုဖြစ်စေ၍။ များစွာအသုံး။ ဆုံးဖြတ် ခြင်းငှါ မစွမ်းနိုင် သောကြောင့်၊ အဘိဓမ္မာဘာဘ်။ မသေင်မြဲတ်တို့သို့၊ ဆည်းကပ် မေးလျှောက်ရာ၊များစွာသောမထေရ်တို့သည်၊ သရက်စေ့အများတို့ကိုစိုက်ပျိုးရာ။အညွန့်များစွာထွက်သကဲ့သို့။ ထိုအတူ။ များစွာသောပဋိသန္ဓေတို့ကိုဖြစ်စေ၏ဟု။ ဥပမာဖြင့်ဒါယကာတို့ကို။ ဖြေဆိုတော်မူကြကုန်၏။ ။အဟောသိကံမှာ။ အကျိုးပေးပြီးပေးဆဲပေးလတံ့ မဟုတ်။ဖြစ်ပြီးသည်သာကံဟူ၍ဆိုအပ်သောကံ။ ။ဤသေးပါးသော ကံတို့တွင်၊ ဒိဋ္ဌဓမ္မ ဝေဒနီယ ကံသည်၊ မျက်မှောက်ကာလ၌သာ၌အကျိုးမပေးခဲ့သော်။ အကျိုးပေးရာ အခွင့်ကာလ၊မရှိသောကြောင့်၄င်း၊ ဥပပဇ္ဇဝေဒနီယကံသည်၊ ရတိ၏အနန္တရဘဝ၌။အကျိုးမပေးမှု။ဤမှတပါးအခြားအကျိုးပေးရာမရှိသောကြောင့် ၄င်း။ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့၏၊ အပရာပရိယဝေဒနီယကံသည်၊ သံသရာ၌ဖြစ်ခြင်း အရင်းပြတ်သောကြောင့်၄င်း၊အဟောသိကံဖြစ်၏။ ။သကသကကာလာတိတံ ပန္န ပုရိမကမ္မ ဒွယံ၊ တတိယမ္ပိစ သံသာရဉ္စ ဝတ္တိယာ ဝေါစ္ဆိန္နာသာအဟောသိကမ္မံနာမ။ ။ငှကာ။ ။ပန္န။အဘို့တပါး။သကသကကာလံအတီတံ။မိမိမိမိတို့ကာလကိုလွန်သော။ပုရိမကမ္မဒွယံ၌။ရှေ့ဖြစ်သောဒိဋ္ဌဓမ္မဥပပဇ္ဇကံနှစ်ခုတို့၏အပေါင်းသည်၄င်း။တတိယမ္ပိ၊ တတိယဖြစ်သော အပရာပရိယ ကံသည်၄င်း၊ သံသာရဉ္စဝတ္တိယာ။သံသရာနိုက်ဖြစ်ခြင်း၏။ ဝေါစ္ဆိန္နာယ။ ပြတ်သည်ရှိသော်။ အဟောသိကမ္မံနာမ။ အဟောသိကံမည်၏။

ဤ-လေးပါးသောကံတို့တွင်။ ဒိဋ္ဌဓမ္မဝေဒနီယကံဟုဆိုအပ်သော။
ပဌမဇောစေတနာသည်။ အားကြီး လွန်ကဲခြင်း ရှိသည်ဖြစ်၍၊
ပစ္စက္ခ၌။ ဘဝမျက်မှောက်၌သာအကျိုးကိုပေး၏။ ဥပပဇ္ဇဝေဒနီ
ယကံဟု ဆိုအပ်သော။သတ္တမဇောစေတနာသည်။ဗုတျနန္တရ။ ဒုတိ
ယဘဝ၌သာအကျိုးကိုပေး၏။ အပရာပရိယကံဟု ဆိုအပ်သော၊
အလယ်ဇောငါးချက် စေတနာသည်။ တတိယ ဘဝမှစ၍၊ အ
နုပ္ပဗ္ဗိန္နံ၊သြကာသကိုရသည်ရှိသော်အကျိုးကိုပေး၏။ ဒိဋ္ဌဓမ္မဝေ
ဒနီယကံသည်။ပစ္စုပ္ပန္နံ။ ကာလကိုလွန်သော်ငှင်း။ဥပပဇ္ဇဝေဒနီယ
ကံသည်၊အနန္တရ၊ဘဝကိုလွန်သော်ငှင်း။အပရာပရိယဝေဒနီယ
ကံသည်။ သံသရာဘဝ။ ဝေါစ္ဆိန္နဖြစ်သော်ငှင်း။ •အဟောသိကံ
မည်၏၊ ။ဤကားပါကကာလကမ္မစတုက္က၏သရုပ်၊ထုတ်ဆိုအပ်
သောအကျည်းအမြွက်တည်း။ ။အပါယ် လေးဘုံ။ ။နိရ
ယောတိရစ္ဆာန ယောနိပေတ္တိဝိသယော အသုရကာယောစေတိ။
အပါယာဘုမ္မိစတုဗ္ဗိဓာဟောတိ။ ။အဘိဓမ္မာအဋ္ဌကထာ။ ။
နိရယောစ။နိရယဘုံ ငှင်း။ တိရစ္ဆာနယောနိစ။ တိရစ္ဆာနယောနိ
ဘုံ ငှင်း၊ ပေတ္တိဝိသယောစ။ ပြိတ္တာဘုံ ငှင်း။အသုရကာယောစ။
အသုရကာယ်ဘုံ ငှင်း။ဣတိ၊သို့။ အပါယာဘုမ္မိ။အပါယ်ဘုံ သည်။
စတုဗ္ဗိဓာ၊လေးပါးအပြားရှိသည်။ဟောတိ။၏။နိရယဘုံမှာ၊ ချမ်း
သာသုခ။ ကင်းကုန်ကြသောကြောင့်၊သဉ္ဇီဝ၊ ကာလသုတ်၊ရော
ရုဝ။မဟာရောရုဝ။တာပန။မဟာတာပန။ သံဃာတ။အဝီစိ၊ဤရှစ်
ဝသောဘုံသည်၊ နိရယဘုံမည်၏။ ။တိရစ္ဆာနယောနိဘုံ-မှာ၊
အောက်အတိုင်းနိုက် သွားလာတတ်ဖြစ်တတ်။ဝါ။ မဂ်ဖိုလ်မှ ဖည်
လာဖြစ်တတ်သောသတ္တဝါတို့၏ခန္ဓာဖြစ်သောကြောင့်။တိရစ္ဆာန
ယောနိဘုံမည်၏။ ။ထိုတိရစ္ဆာန်သတ္တဝါတို့၏ဖြစ်ရာဘုံဌာန
ကား။ အသီးအခြား။တပါးမရှိ၊ ခန္ဓာတို့၏ဖြစ်ရာအထူးပင်။ တ
နည်း။အကြင်တောတောင် အစရှိသည်တို့နိုက်။ အမြဲနိစ္စ။နေကြ
ကုန်၏။ထိုအရပ်ဌာနပင်။တိရစ္ဆာနယောနိဘုံ။ ။ပေတ္တိဝိသယ
ဘုံမှာ။ချမ်းသာသုခ။ မရမရှိ။ကင်းဝေးဘိသောသတ္တဝါ။ ပြိတ္တာ

တို့၏နေရာဌာနဖြစ်သောကြောင့်။ ပေတိဝိသယဘုံမည်၏။ ။အသုရကာယမှာ။အစိုးရခြင်း။မြူးတူးခြင်းစသည်တို့ဖြင့်။ မထွန်းပတတ်သော။ဆင်းရဲညှိုးညှင်ပူပင်သော သတ္တဝါအပေါင်းတို့၏နေရာဌာနဖြစ်သောကြောင့်။အသုရကာယမည်၏။ ။ဤတတိယာစကျတ္တ၊ နှစ်ပွဲ့ဌာနသော ဘုံကိုလည်း။ တိရစ္ဆာန်ယောနိကဲ့သို့ မှတ်လေ၊ထိုအသုရာသည်။ငရဲအသုရာ။နတ်အသုရာဟူ၍။နှစ်မျိုးရှိ၏။ ထိုနှစ်မျိုး တို့တွင်။ ဤနိုက်ဆိုအပ် ပြီးသော အကြောင်း ကြောင့် ငရဲအသုရာတို့ကိုယူ။နတ်အသုရာတို့မှာ၊ တာဝတိံသာနတ်တို့၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့်။ အသုရာမည်၏။ ထိုနတ်အသုရာတို့ကို။တာဝတိံသာနတ်တို့နိုက် ရေတွက်အပ်၏။ ။ဤလေးဘုံတို့သည်။များသောအားဖြင့်။ ကောင်းမှုကုသိုလ်မှ ကင်းသည်ဖြစ်၍၊သတ္တဝါတို့၏ဖြစ်ရာဌာနဖြစ်သောကြောင့်။အပါယဘုမ္မိမည်ကုန်၏။ ။အနည်းငယ်အားဖြင့်။ ဘုရားအလောင်းတော်ဆဒ္ဒါန်ဆင်။ဘူရိဒတ်နဂါး။စမ္ပေယျနဂါး။သင်္ခပါလနဂါး။ယုန်မင်း။အရှင်သာရိပုတ္တရာ- အလောင်းမျောက်။ အရှင်မောဂ္ဂလာန်အလောင်းမြွေခွေး။ အရှင်အာနန္ဒာအလောင်းဖျံ။ အစရှိသောဘဝတို့နိုက်။ ဒါနသီလစသော တရားများဖြစ်၏။ ထို့ကြောင့်။ ဤလေးဘုံတို့သည်ယေဘုယျ နည်းအားဖြင့်သာ။ အပါယဟူသော အမည်နာမကိုရ၏၊ ဤကား အပါယဘုမ္မိ၏သရုပ်။ထုတ်ဆိုအပ်သောအကျဉ်းအဖြွက်တည်း။ ။ကာမသုဂတိခုနစ်ဘုံ။ ။မနုဿာ စာတုမဟာရာဇိကာ တာဝတိံသာ ယာမာ တုသိတာ။ နိမ္မာနရတိ။ပရနိမ္မိတဝသဝတ္တီ စေတိ ကာမသုဂတိဘုမ္မိ သတ္တဝိဓာ ဟောတိ။ ။အဘိဓမ္မာအဋ္ဌကထာ။ ။မနုဿာစ။မနုဿဘုံ၎င်း။စာတုမဟာရာဇိကာစ၊ စာတုမဟာရာဇ်ဘုံ၎င်း။တာဝတိံသာစ၊ တာဝတိံသာဘုံ၎င်း။ယာမာစ။ ယာမာဘုံ၎င်း။ တုသိတာစ။ တုသိတာဘုံ၎င်း။နိမ္မာနရတိစ။နိမ္မာနရတိဘုံ၎င်း။ ပရနိမ္မိတဝသဝတ္တီစ။ပရနိမ္မိတဝသဝတ္တီဘုံ၎င်း။ဣတိ။သို့။ကာမသုဂတိဘုမ္မိ။ကာမသုဂတိဘုံသည်။သတ္တဝိဓာ။ခုနစ်ပါးအပြားရှိသည်။ဟောတိ။၏။မနုဿ

ဘုံမှာ။သတိသုရဘာဝဖြဟ္မစရိယယောဂျတာအစရှိသော ဂုဏ်
တို့ကြောင့်။ ဖြတ်သောစိတ်ရှိကုန်သောလူ။ဝါ။ ကပ်ဦးအခ။မနုအ
မည်ရှိသောမင်း၏ သားဖြစ်ကုန်သော လူတို့၏ နေရာဖြစ်သော
ကြောင့်။မနုဿဘုံမည်၏။ ။ဤနိုက်ဆိုအပ်ပြီးသောဂုဏ်တို့
ကြောင့်။ဇမ္ဗူဒိပ်ကျွန်းသားတို့သည်သာ။ မုချအားဖြင့်မနုဿမည်
ကုန်၏။ ကျွန်းငယ်နှင့်တကွ။ကြွင်းသော သုံးကျွန်းသား တို့သည်
ကား။ ဥပစာရအားဖြင့်။ မနုဿမည်ကုန်၏။ ။စာတုမဟာ
ရာဇိကဘုံမှာ။ဓတရဋ္ဌ။ဝိရုဠှက။ဝိရူပက္ခ။ ဿဝေရဟုဆိုအပ်သော။စ
တုမဟာရာဇ်နတ်မင်းကြီးတို့၏။ နေရာဖြစ်သောကြောင့်။ စတုမ
ဟာရာဇိကဘုံမည်ကုန်၏။ ။တာဝတိံသာဘုံမှာ။ မာဃအ
မည်ရှိသော လုလင်နှင့်တကွ သုံးကျိပ်သုံးယောက်သော နတ်တို့
၏နေရာဖြစ်သောကြောင့်။တာဝတိံသာမည်၏။ ။ဤအလိုကား။
အနန္တ။တနည်း။တပါးသောစကြဝဠာတို့နိုက် ကာမာဝစရနတ်
ပြည်ခြောက်ထပ်ရှိသောကြောင့်။ တာဝတိံသာဟူသောအမည်
ကားရုဠှိတည်း။ ။ယာမာဘုံမှာ။ဆင်းရဲမှကင်းသောနတ်တို့၏
နေရာဖြစ်သောကြောင့်။ယာမာမည်၏။ ။တုသိတာဘုံမှာ။နှစ်
သက်ခြင်းသို့ရောက်တတ်သောနတ်တို့၏နေရာဖြစ်သောကြောင့်။
တုသိတာဘုံမည်၏။နိမ္မာနရတိဘုံမှာ။ဘန်ဆင်းအပ်သောဗိမာန်
နိုက်မွေ့လျော်ခြင်းရှိသောနတ်တို့၏နေရာဖြစ်သောကြောင့်။ နိမ္မာ
နရတိဘုံမည်၏။ ။ပရနိမ္မိတဝသဝတ္တိမှာ။တပါးသော သူတို့
သည်။ဘန်ဆင်းအပ်သော စည်းစိမ်တို့နိုက်။မိမိ၏အလိုသို့လိုက်
စေတတ်သော နတ်တို့၏ နေရာဖြစ်သောကြောင့်။ ပရနိမ္မိတဝသ
ဝတ္တိဘုံမည်၏။ ။ဤခုနစ်ဘုံတို့သည်။ တပါးမကများပြားလှ
သောသတ္တဝါတို့၏တည်ရာဖြစ်သောကြောင့်။ တဏှာဖြင့်ကပ်အပ်
ဖြစ်အပ်ရောက်အပ်သော။ ကာမတဏှာနှင့်တကွဖြစ်သော။သတ္တ
ဝါတို့၏ဖြစ်ရာဖြစ်သောကြောင့်။ကာမသုဂတိဘုံမည်ကုန်၏။ ။
ဤကား- ကာမသုဂတိခုနစ်ဘုံတို့၏သရုပ်ထုတ်ဆိုအပ်သော အ
ကျဉ်းအဖွင့်တည်း။ရူပါဝစရတဆဲ့ခြောက်ဘုံ။ ။ဗြဟ္မပါရိ

သဗ္ဗာဗြဟ္မ ပုရောဟိတာ။ မဟာဗြဟ္မာ စေတိ ပဌမဈာနဘုမ္မိ။ ပရိတ္တာဘာအပ္ပမာဏာဘာအာဘဿရာစေတိ။ဒုတိယဈာနဘုမ္မိ။ပရိတ္တသုဘာအပ္ပမာဏသုဘာသုဘကိဏှာစေတိ တတိယဈာနဘုမ္မိ။ဝေဟပ္ဖလာ အသညသတ္တာသုဒ္ဓါဝါသာစေတိ စတုတ္ထဈာနဘုမ္မိတိရူပါဝစရဘုမ္မိသောဠသဝိဓာဟောတိ။ အဝိဟာအတပ္ပါသုဒဿာသုဒဿီအကနိဋ္ဌာစေတိ။ သုဒ္ဓါဝါသဘုမ္မိ ပဉ္စဝိဓာဟောတိ။ ။အဘိဓမ္မာအမှုကထာ။ ။ဗြဟ္မပါရိသဇ္ဇာစ၊ဗြဟ္မပါရိသဇ္ဇာဘုံ ၎င်း။ ဗြဟ္မပုရောဟိတာစ။ ဗြဟ္မပုရောဟိတာဘုံ ၎င်း။ မဟာဗြဟ္မာစ။မဟာဗြဟ္မာဘုံ ၎င်း။ဣတိ။သို့၊ ပဌမဈာနဘုမ္မိ၊ပဌမဈာန်ဘုံသည်၊တိဝိဓာ၊ သုံးပါးအပြားရှိသည်၊ဟောတိ၊ဖြစ်၏။ ပရိတ္တာဘာစ၊ပရိတ္တာဘာဘုံ ၎င်း။အပ္ပမာဏာဘာစ။ အပ္ပမာဏာဘာဘုံ ၎င်း။အာဘဿရာစ။အာဘဿရာဘုံ ၎င်း။ဣတိ၊သို့။ဒုတိယဈာနဘုမ္မိ၊သည်၊တိဝိဓာ၊သည်၊ဟောတိ၊၏၊ပရိတ္တသုဘာစ၊၎င်း။ သုဘကိဏှာစ၊ ၎င်း။ ဣတိ၊သို့၊တတိယဈာနဘုမ္မိ၊ သည်၊တိဝိဓာ။ သည်၊ဟောတိ၊၏၊ဝေဟပ္ဖလာစ။ ဝေဟပ္ဖိုလ်ဘုံ ၎င်း။အသညသတ္တာစ၊အသညသတ်ဘုံ ၎င်း၊သုဒ္ဓါဝါသာစ၊သုဒ္ဓါဝါသဘုံ ၎င်း၊ ဣတိ၊သို့၊စတုတ္ထဈာနဘုမ္မိ၊ သည်၊တိဝိဓာ၊သုံးပါးအပြားရှိသည်၊ ဟောတိ၊၏၊အဝိဟာစ၊အဝိဟာဘုံ ၎င်း၊အတပ္ပါစ။အတပ္ပါဘုံ ၎င်း။သုဒဿာစ၊ သုဒဿာဘုံ ၎င်း၊ သုဒဿီစ၊ သုဒဿီဘုံ ၎င်း။အကနိဋ္ဌာစ၊အကနိဋ္ဌဘုံ ၎င်း၊ဣတိ။သို့။သုဒ္ဓါဝါသဘုမ္မိ၊သည်။ ပဉ္စဝိဓာ၊ ငါးပါးအပြားရှိသည်၊ဟောတိ၊၏၊ဣတိတသ္မာ၊ထိုသို့သုဒ္ဓါဝါသဘုံငါးပါးပြားသောကြောင့်၊ ရူပါဝစရဘုမ္မိ၊ ရူပါဝစရဘုံသည်၊သောဠသဝိဓာ၊တဆဲ့ခြောက်ပါးအပြားရှိသည်၊ဟောတိ၊ ၏၊ဗြဟ္မပါရိသဇ္ဇာမှာ။ ။ပဌမဈာန်သုံးဘုံ၊မဟာဗြဟ္မာတို့၏အလုပ်အကျွေးအရာနှိက်တည်သည်ဖြစ်၍၊ ထိုဗြဟ္မာတို့၏ပရိသတ်ဖြစ်ကုန်သောဗြဟ္မာ၊ထိုဗြဟ္မာတို့၏နေရာဖြစ်သော ကြောင့်၊ဗြဟ္မပါရိသဇ္ဇာမည်၏။ ။ဗြဟ္မပုရောဟိတမှာ။မဟာဗြဟ္မာတို့၏ပုရောဟိတ်အရာနှိက်တည်သောဗြဟ္မာ၊ထိုဗြဟ္မာတို့၏ နေရာဖြစ်သော၊

ကြောင့်။ဖြဟ္မပုရောဟိတမည်၏။ ။မဟာဗြဟ္မာမှာ၊ ဗြဟ္မပါရိသဇ္ဇာ။ဗြဟ္မပုရောဟိတဗြဟ္မာတို့ထက်။ အာယုဝဏ္ဏ၊ သုခစသော အကျိုးအားဖြင့်။ကြီးမားများမြတ်သောဗြဟ္မာ၊ ထိုဗြဟ္မာတို့၏နေရာဖြစ်သောကြောင့်။ မဟာဗြဟ္မာမည်၏။ ။ဤသုံးဘုံသည်။ ပဌမဈာန်ဝိပါက်၏။ ပဋိသန္ဓေဘဝဂုတိတို့၏ အစွမ်းဖြင့်။ ဖြစ်ရာဖြစ်သောကြောင့်။ပဌမဈာန်သုံးဘုံမည်၏။ ၎င်းသုံးဘုံသည်၊ အထက်အောက်တည်ရွာသည်မဟုတ်၊ တပြင်တည်းအားဖြင့်သာ တည်ကြကုန်၏။အမြင့်အားဖြင့်။ပရိနိဗ္ဗုတဝသဝတ္တိဘုံမှ။ယူ၍နာငါးသန်းငါးသိန်းရှစ်ထောင့်ထက်၌တည်၏။ အထက်အထက်ဘုံတို့၌လည်း။ ဤနည်းအတူ။ ။ဒုတိယဈာန်သုံးဘုံ။ ။ပရိတ္တာဘာဘုံမှာ၊ အထက်အထက်၌ဖြစ်သောဗြဟ္မာတို့အောက်၊ နည်းသော ကိုယ်ရောင်ရှိသောဗြဟ္မာ၊ ထိုဗြဟ္မာတို့၏ နေရာဖြစ်သောကြောင့်၊ ပရိတ္တာဘာမည်၏။အပ္ပမာဏာဘာဘုံမှာ။ အတိုင်းအရှည်မရှိသောကိုယ်ရောင်ရှိသောဗြဟ္မာ။ ထိုဗြဟ္မာတို့၏နေရာဖြစ်သောကြောင့်။ အပ္ပမာဏာဘာမည်၏။ ။အာဘဿရာဘုံမှာ။ ပီတိနှင့်တကွဖြစ်သောဈာန်သည် ဖြစ်စေအပ်သော ခန္ဓာအစဉ်ရှိသည်၏အဖြစ်ကြောင့်။တိမ်တိုက်မှထွက်သော လျှပ်စစ်အရောင်ကဲ့သို့။ထိုမှဤမှထွက်သောကိုယ်ရောင်ရှိသောဗြဟ္မာ၊ ထိုဗြဟ္မာတို့၏နေရာဖြစ်သောကြောင့်။အာဘဿရမည်၏။ ။ဤဒုတိယဈာန်သုံးဘုံ၌ဗြဟ္မာတို့သည်၊ ဒုတိယဈာန်။ ,တတိယဈာန်ဝိပါက်ဖြင့်။ပဋိသန္ဓေဝင်ရ ဝင်ကိစ္စတပ်၍ဖြစ်ကုန်၏။ ။တတိယဈာန်သုံးဘုံ။ ။ပရိတ္တသုဘာဘုံမှာ။အထက်ဖြစ်သောဗြဟ္မာတို့အောက်၊ နည်းသောတခဲနက်မတုံလှုပ်သောကိုယ်ရောင်ရှိသောဗြဟ္မာ၊ ထိုဗြဟ္မာတို့နေရာဖြစ်သောကြောင့်၊ပရိတ္တသုဘာမည်၏၊အပ္ပမာဏသုဘာဘုံမှာ။ အတိုင်းအရှည်မရှိ။ တခဲနက်မတုန်လှုပ်သော ကိုယ်ရောင်ရှိသောဗြဟ္မာ၊ ထိုဗြဟ္မာတို့၏နေရာဖြစ်သောကြောင့်၊ အပ္ပမာဏသုဘာမည်၏။ ။သုဘကိဏှဘုံမှာ။အရောင်အပေါင်းတည်းဟူသော။တခဲနက်မတုန်လှုပ်သော။ပြွမ်းသောကိုယ်ရောင်ရှိသော

ဗြဟ္မာ၊ ထိုဗြဟ္မာတို့၏ နေရာဖြစ်သောကြောင့်။ သုဘကိဏှာမည်၏။ ။ဤတတိယဈာန်သုံးဘုံ၌။ ဗြဟ္မာတို့သည်။ စတုတ္ထဈာန်ဝိပါကဖြင့်။ ပဋိသန္ဓေဝင်ရတိကိစ္စတပ်၍ဖြစ်ကုန်၏။ ။စတုတ္ထဈာန်သုံးဘုံ။ ။ဝေဟပ္ဖလဘုံမှာ။ ဈာန်၏အာနုဘော်ကြောင့်ဖြစ်သော။ပြန့်ပြောသောအကျိုးရှိသောဗြဟ္မာ။ ထိုဗြဟ္မာတို့၏နေရာဖြစ်သောကြောင့်။ ဝေဟပ္ဖလမည်၏။ ။အသညသတ္တဘုံမှာ။သညာ၌တပ်ခြင်းကင်းသောဘာဝနာကြောင့်ဖြစ်သော ရုပ်အစဉ်မျှသာရှိသည်ဖြစ်၍။ကောင်းသောသညာ။ ထိုသညာကိုအရင်းပြုသဖြင့်။ ကြွင်းသောဝေဒနာ သင်္ခါရ ဝိညာဏ်တို့လည်း မရှိသောဗြဟ္မာ။ထိုဗြဟ္မာတို့၏နေရာဖြစ်သောကြောင့်။ အသညသတ္တမည်၏။ ။သုဒ္ဓါဝါသဘုံမှာ။ စင်ကြယ်သော အနာဂါမ်ရဟန္တာပုဂ္ဂိုလ်တို့၏နေရာ။ဝါ။ချစ်ခြင်းမုန်းခြင်းမရှိသည်ဖြစ်၍ စင်ကြယ်သောနေရာရှိသောဗြဟ္မာ။ ထိုဗြဟ္မာတို့၏နေရာဖြစ်သောကြောင့်။ သုဒ္ဓါဝါသမည်၏။ ။ထိုစတုတ္ထသုံးဘုံ အနက်သုဒ္ဓါဝါသဘုံမှပြီးသောငါးဘုံ။ ။အဝိဟာဘုံမှာ။အနည်းငယ်သောကာလ၌။ မိမိ၏တည်ရာကိုမစွန့်တတ်သောဗြဟ္မာ။ထိုဗြဟ္မာတို့၏နေရာဖြစ်သောကြောင့်။အဝိဟာဘုံမည်၏။ ။အာတပ္ပာဘုံမှာ။ တစုံတခုသောအကြောင်းဖြင့်။ မရောင့်ရဲတတ်သောဗြဟ္မာ။ ထိုဗြဟ္မာတို့၏နေရာဖြစ်သောကြောင့်။အာတပ္ပါဘုံမည်၏။ ။သုဒဿာဘုံမှာ။ အလွန်ကောင်းသော အရောင်အဆင်းရှိသည်ဖြစ်၍ ချမ်းသာသဖြင့်ရှုအပ်သောဗြဟ္မာ၊ ထိုဗြဟ္မာတို့၏နေရာဖြစ်သောကြောင့်။ သုဒဿာဘုံမည်၏။ ။သုဒဿီဘုံမှာ။အလွန်စင်ကြယ်သောမျက်စိအမြင် ရှိသည်ဖြစ်၍၊ ချမ်းသာ သဖြင့် ရှုတတ်မြင်တတ် သောဗြဟ္မာ။ထိုဗြဟ္မာတို့၏နေရာဖြစ်သောကြောင့်။ သုဒဿီဘုံမည်၏။ ။အကနိဋ္ဌဘုံမှာ။ ကောင်းမြတ်လွန်ကဲသော သမ္ပတ္တိရှိသည်ဖြစ်၍။ ငယ်သောအဖြစ် မရှိသော ဗြဟ္မာ၊ ထိုဗြဟ္မာတို့၏နေရာ ဖြစ်သောကြောင့်၊ အကနိဋ္ဌဘုံမည်၏။ ။ဤတဆယ်ခြောက်ဘုံတို့သည်။ ရူပဗြဟ္မာ၏ ကြည့်လည်ရာ ကြက်

စားရာဘုံဖြစ်သောကြောင့်။ရူပါဝစရဘုံမည်၏။ ။ဤကားရူပါဝစရဘုံဆယ်ခြောက်ဘုံ၏ သရုပ်ထုတ်ဆိုအပ်သောအကြောင်းအမွက်တည်း။ ။အရူပလေးဘုံ။ ။အာကာသာနဉ္စာယတနဘုံမှ ဝိညာဏဉ္စာယတနဘုံမှ၊ အာကိဉ္စညာ ယတနဘုံမှ။ နေဝသညာနာသညာ ယတနဘုံမှစေတီ အာရုပ္ပဘုံမှစတုမ္ဗိဓာဟောတိ။ အဘိဓမ္မာအဋ္ဌကထာ။ ။အာကာသာနဉ္စာယတနဘုံမှစ။ အာကာသာနဉ္စာယတနဘုံငှင်း။ဝိညာနဉ္စာယတနဘုံမှစ။ ဝိညာနဉ္စာယတနဘုံငှင်း၊ အာကိဉ္စညာယတနဘုံမှစ။ အာကိဉ္စညာယတနဘုံငှင်း၊နေဝသညာနာသညာယတနဘုံမှစ။နေဝသညာနာသညာယတနဘုံငှင်း။ဣတိ။သို့။အာရုပ္ပဘုံမှ၊အရူပဘုံသည်၊စတုမ္ဗိဓာ၊လေးပါးအပြားရှိသည်၊ဟောတိ၊၏။ ။အာကာသာနဉ္စာယတဘုံမှာ၊ အဆုံး မရှိသော၊ ကသိုဏ်းကိုခွါ၍ ရအပ်သော ကောင်းကင်ပညတ်နှိုက်ဖြစ်သော၊ ပဌမာရုပ္ပဝိပါက် ဖြစ်၍ဖြစ်သော နာမက္ခန္ဓာသည်သာ။ ဝါ၊ ထိုခန္ဓာဖြင့်မိုင်းခြားအပ်သောအရပ်။ဝါ။ထိုခန္ဓာ၏ဖြစ်ရာဖြစ်သောအရပ်သည်။ အာကာသာနဉ္စာယတနဘုံမည်၏။ ဝိညာနဉ္စာ ယတနဘုံမှာ၊ အပိုင်းအခြား မရှိသော ပဌမာ ရုပ္ပ ဝိညာဏ်နှိုက်။တနည်း၊ ဒုတိယာဝိညာဏ် သည်ရောက်အပ်သော၊ ပဌမာရုပ္ပ ဝိညာဏ် နှိုက်ဖြစ်သော၊ ဒုတိယာရုပ္ပ ဝိပါက် ဖြစ်၍ဖြစ်သောနာမက္ခန္ဓာသည်သာ။ဝိညာနဉ္စာယတနဘုံမည်၏။ ။ အာကိဉ္စညာယတနဘုံမှာ။ ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းတည်းဟူသော။ နတ္ထိဘာဝပညတ်နှိုက်ဖြစ်သော။ တတိယာရုပ္ပဝိပါက်ဖြစ်၍ဖြစ်သော၊ နာမက္ခန္ဓာသည်သာ။ အာကိဉ္စညာယတနဘုံမည် ၏၊ ။နေဝသညာ နာသညာယတန ဘုံမှာ။ တတိယာရုပ္ပဝိညာဏ်နှိုက်ဖြစ်သော။ စတုတ္ထာရုပ္ပ ဝိပါက်ဖြစ်၍ဖြစ်သော နာမက္ခန္ဓာသည်သာလျှင်။ ဝါ။ ထိုခန္ဓာဖြင့် မိုင်းခြား အပ်သော အရပ်။ ဝါ။ ထိုခန္ဓာ၏ ဖြစ်ရာဖြစ်သော အရပ်သည်၊ နေဝသညာနာသညာ ယတနဘုံမည်၏။ ။ဤလေး ဘုံတို့သည်။ အရူပတရားတို့၏ ကြဉ်လည်ရာဘုံ ဖြစ်သောကြောင့်။ အရူပါဝစရဘုံ

မည်၏။ ။ဤကား အရူပလေးဘုံ၏သရုပ်။ ထုတ်ဆိုအပ်သော
အကျဉ်းအဖွင့်တည်း။ ဤဘုမ္မိဘေဒ။ ကောတိ သတ္တိတွင်။ အပါယ်
လေးဘုံတို့နှိက်။ အကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တိရ
ဏနှင့်ပဋိသန္ဓေနေသော ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တယောက်သာရ၏။
မနုဿဘုံ။ စတုမဟာရာဇ်ဘုံတို့နှိက်။ ကုသလဝိပါက်ဥပေက္ခာ
သဟဂုတ်နှင့်ပဋိသန္ဓေနေသော။ သုဂတိအဟိတ်ပုဂ္ဂိုလ်တယော်။
ဉာဏဝိပ္ပယုတ်လေးခုနှင့်ပဋိသန္ဓေနေသော ဒွိဟိတ်ပုဂ္ဂိုလ်တယော်,
ဉာဏသမ္ပယုတ်လေးခုနှင့် ပဋိသန္ဓေနေသော တိဟိတ်ပုထုဇာန်
ပုဂ္ဂိုလ်တယော်။ ၄င်းဖိတ်နှင့်ပဋိသန္ဓေနေသော။ အရိယာပုဂ္ဂိုလ်ရှစ်
ယော်။ ပေါင်းတကျိပ်တယော်ရ၏။ ။ကာဝတိံသာ။ ယာမာ။
တုသိတာ။ နိမ္မာနရတိ။ ပရနိမ္မိတဝသဝတ္တိ။ ဤနတ်ပြည်ငါးရပ်၌။ ဒွိ
ဟိတ်တိဟိတ်ပုထုဇန်အရိယာရှစ်ယောက်။ ပေါင်းတကျိပ်ရ၏။ ။
ပဌမဈာန်သုံးဘုံ။ ဒုတိယဈာန်သုံးဘုံ။ တတိယဈာန်သုံးဘုံ။ စ
တုတ္ထဈာန်ဘုံနှိက်ဖြစ်သော ဝေဟပ္ဖိုလ်ဘုံ၊ ဤဆယ်ဘုံ၌။ တိ
ဟိတ်ပုထုဇာန်။ အရိယာရှစ်ယောက်။ ပေါင်းကိုးယောက်ရ၏။ ။
အသညသတ်ဘုံနှိက်။ သုဂတ်အဟိတ်ပုဂ္ဂိုလ်တယောက် သာရ
၏။ ။သုဒ္ဓါဝါသငါးဘုံနှိက်။ အနာဂါမိဖလဋ္ဌာန်။ အရဟတ္တမဂ္ဂ
ဋ္ဌာန်။ အရဟတ္တဖလဋ္ဌာန်။ ပေါင်းသုံးယောက်ရ၏။ ။အရူပလေး
ဘုံနှိက်။ တိဟိတ်ပုထုဇာန်။ သောတာပတ္တိမဂ်ကြဉ်သော အရိယာ
ပုဂ္ဂိုလ်ခုနစ်ယောက်။ ပေါင်းရှစ်ယောက်ရ၏။ ဤကား ဘုမ္မိပုဂ္ဂလ
ဘေဒ။ သရူပကို။ ပြဆိုရာအဖွင့်တည်း။ ။သုံးဆယ်တပါး။ ဘုံ
အပြားတို့တွင်။ ကာမတဆယ်တဘုံ၊ အသညသတ်ကြဉ်သော ရူ
ပတဆယ်ငါးဘုံ၊ ဤနှစ်ဆယ်ခြောက်ဘုံတို့သည်။ ရုပ်ဝေဒနာ။
သညာ။ သင်္ခါရ။ ဝိညာဏ်တည်း ဟူသော။ ခန္ဓာအပြား။ ငါးပါးရှိ
သောကြောင့်။ ပဉ္စဝေါကာရဘုံမည်ကုန်၏။ ။အရူပလေးဘုံ
တို့သည်။ ဝေဒနာ။ သညာ။ သင်္ခါရ။ ဝိညာဏ်တည်းဟူသော။ ခန္ဓာ
အပြား။ လေးပါးရှိသောကြောင့်။ စတုဝေါကာရဘုံမည်၏။
အသညသတ္တ။ ဘုံမှာနသည်ကား။ ရုပ်တည်းဟူသော ခန္ဓာတပါး

သာရှိသောကြောင့်၊ကေဝေါကာရဘုံမည်၏။ ။ဤကားဘုံမှိခန္ဓ
စသော၊သရုပ်ကိုပြဆိုရာ အကျဉ်းအမြွက်တည်း။ ။ဤသို့ဆို
အပ်ပြီးသား၊သုံးဆဲ့တဌာန၊ဘုံဘဝနိုက်။ဖြစ်ကြများစွာ၊သတ္တဝါ
တို့၏၊ခန္ဓာငါးပါး။ တရားအရတို့ကို။ လွန်စွာအားကြီး ဘိစီးနှိပ်
စက်။နှစ်သက်ခြင်းတရား၊ မဖြစ်ပွါးရန်ဥပမာအားဖြင့်၊ရှုဆင်ခြင်
ကုန်ရာသည်၊ ။ဖေဏပိဏ္ဍူပမံရူပံ၊ ဝေဒနာပုဗ္ဗုဠူပမာ၊မရိစိ
ကူပမာသညာ၊ သင်္ခါရာကဒလူပမာ။မာယူပမဉ္စဝိညာဏံ၊ ဒေသိ
တာဒိစ္စဗန္ဓုနာ၊ ။အာဘိဓမ္မာအဋ္ဌကထာပါဌ်။ ။ရူပံ၊သိတ၊
ဥဏှာအစရှိသား၊ အကြောင်းများကြောင့်၊ တုန်းခြားမချွတ်၊ဖော်
ပြန်တတ်သောရုပ်တရားသည်၊ဖေဏပိဏ္ဍူပမံ၊ နှစ်သက်စရာ၊ရှာ
ဘွေမရ၊အသာရက ဖြစ်၍၊ဝင်စစ်တမူ၊ရေမြှုပ်နှင့်တူ၏၊ဝေဒနာ
ဆုဌာနီဌ၊အာရမ္မဏများစွာ၊အရသာကို၊ ခါခါမပြတ်၊ခံစားတတ်
သောဝေဒနာသည်၊ပုဗ္ဗုဠူပမာ၊ ကာလမြင့်ကြာရှည်စွာမတည်၊
တခဏတွင်း၊ဖြစ်ခြင်းချုပ်ခြင်းရှိသောကြောင့်၊ ရေပွက်နှင့်တူ၏။
သညာ၊နီလ-ပိတ၊စသည်အာရုံ၊အသုံးစုံကို၊အကုန်မိမိ၊ အမှတ်ပြု
၍သိတတ်သောသညာသည်၊မရိစိကူပမာ၊ အနှစ်သာရ၊ဘာမျှမ
ရှိ၍၊တံလျှပ်နှင့်တူ၏၊သင်္ခါရာ၊သင်္ခတအပြား၊ တရားအပေါင်း
တို့ကို၊ကောင်းစွာပြုပြင်၊ စီရင်တတ်သောသင်္ခါရတို့သည်၊ ကဒ
လူပမာ၊ အသာရက၊အတ္တသဘောကြောင့်၊ ငှက်ပျောတုံးနှင့်တူ
ကုန်၏၊ဝိညာဏံ၊ ခြောက်ဖြာဝမ္ဘ၊ အာရမ္မဏကို၊ ရတတ်သိတတ်
သောဝိညာဏ်သည်၊ မာယူပမံ၊လူအပေါင်းကို၊ ကောင်းစွာပျား
ရောင်းတတ်သော၊ မျက်လှည့်သည်နှင့်တူ၏။ ဣတိ၊သို့၊ အာဒိစ္စ
ဗန္ဓုနာ၊နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည်၊
ဒေသိတံ၊ဟောတော်မူအပ်၏၊ ။ငှင်းအဋ္ဌကထာ၏အနက်၊ ။
ရူပက္ခန္ဓာမှာ၊ ရေမြှုပ်ဆိုင်သည်၊ အနှစ်သာရ၊သဘာဝသည်၊အ
နည်းငယ်မျှမရှိသကဲ့သို့၊ထိုအတူ၊ ရုပ်သည်လည်းနိစ္စသာရ၊ဓူဝ
သာရ၊အတ္တသာရမှကင်းသောကြောင့်၊သာရမရှိလေ၊ထိုအမြှုပ်
ဆိုင်ဖြင့်၊ သပိတ် လုပ်အံ့ ၊ခွက်ပြုလုပ်အံ့ဟု ယူခြင်းဌာ မတတ်

ကောင်း။ ယူသော်လည်းအလိုရှိသောအကျိုးမပြီး။ ပျက်စီးသည် သည်သာဖြစ်သကဲ့သို့၊ ထိုအတူ၊ရုပ်ကိုလည်း။ နိစ္စဟူ၍၎င်း။ သုခ ဟူ၍၎င်း။ ဒါ၏ကိုယ်ဟူ၍၎င်း။ ငါ၏ဥစ္စာဟူ၍၎င်း။ စွဲယူခြင်းငှာ မတတ်ကောင်း။ စိတ်အလိုအား။စွဲယူငြားသော်လည်းစွဲယူတိုင်း မတည်လေ။ အနိစ္စ။ဒုက္ခ။အနတ္တအသဘောသာဖြစ်သောကြောင့်။ရေ မြှုပ်နှင်းနှင့်တူ၏။ ။ရေမြှုပ်ဆိုင်သည်။ အပေါက်အပေါက်ရှိ သည်ဖြစ်၍။ များစွာအစပ်ရှိသောကြောင့်။ များစွာသောရေမြွေ သော သတ္တဝါ တို့၏ နေရာ ဖြစ်သကဲ့သို့။ ထိုအတူ ရုပ်သည် လည်း။အပေါက်အပေါက်ရှိသည်ဖြစ်၍။ တပါးမက မျိုးပြားလှ သော အစပ်ရှိသောကြောင့်။ ရှစ်ဆယ်သော ပိုးများတို့၏နေရာ ဖြစ်၏။ထိုပိုး၏သားဖွါးရာ၊ကျင်ကြီးကျင်ငယ်စွန့်ရာ။မသာရာ သေ ရာဖြစ်၏သိုကြောင့်ရုပ်သည်။ရေမြှုပ်ဆိုင်နှင့်တူ၏။ ။ရေမြှုပ် သည်။ အဦးအစပ မှုမနှိုက်၊ ဆီးသီးခန့်မျှ။ ပမာဏရှိ၍အစဉ်သ ဖြင့်ကြီးပွါးသကဲ့သို့။ ထိုအတူရုပ်သည်လည်း။ ရှေး ။အစပဋိသန္ဓေမ နှိုက်ကလလရေကြည်မျှပမာဏရှိ၍။ အစဉ်သဖြင့်ကြီးပွါး၏။ထို ကြောင့်ရုပ်သည်။ရေမြှုပ်ဆိုင်နှင့်တူ၏။ ။ရေမြှုပ်ဆိုင်သည်။ ပေါ်ထက်ခါမျှကာလနှိုက်လည်း၊ပျက်စီးတတ်၏။ အတန်ငယ်ဒေ သရောက်မှ သော်သည်း။ပျက်စီးတတ်၏။ သမုဒ္ဒရာသို့ထုတ်ခြေ ရောက်၍မူကား။ကေန်မလွတ်မချွတ်ပျက်စီးရာသကဲ့သို့။ ထိုရုပ် သည်လည်း။ ကလလရေကြည် ကာလလည်း။ ပျက်စီး ရာ၏။အ မြှုပ်သားတစ်စသော ကာလနှိုက်သော်လည်း။ ပျက်စီးရာ၏။ အ သက်အလုံး။အဆုံးကာလသော်ကား။ကေန်မလွဲ။ အမြဲပျက်စီးရာ ရာ၏။မရဏမင်းခံတွင်း၀နှိုက်။မှုန့်မှုန့်ညက်ညက်ပျက်စီးရ၏။ထို ကြောင့်ရုပ်သည်။ရေမြှုပ်ဆိုင်နှင့်တူ၏။ ။ဝေဒနက္ခန္ဓာမှာ။ရေ ပွက်သည်။အနှစ်သာရမရှိသကဲ့သို့။ဝေဒနာလည်း။ အနှစ်သာ ရမရှိလေ။ ။ရေပွက်ကိုယူ၍။ ပတိုင်ညောင်စောင်း။ကျောင်း အခင်းပြုခြင်းငှာမတတ်ကောင်း။ယူပင်ယူသော်လည်း။ယူတိုင်းမ တည်။ မရှည်ချက်ခြင်းပျက်စီးခြင်းသို့ရောက်သကဲ့သို့။ ထို့အတူ။

ဝေဒနာကို နိစ္စ ဟူ၍၎င်း။ ဓြုဝ ဟူ၍၎င်း စွဲယူခြင်း၌ မတတ်
ကောင်း။ ။ယူပင် ယူသော်လည်း ယူတိုင်း မတည် မရှည်ချက်
ခြင်း ပျက်စီးခြင်း ရောက်သကဲ့သို့။ နိစ္စသား။ စွဲယူညားသော်
လည်း။ ယူတိုင်းမတည်။ စင်စစ်မူချ။ သဘာဝဖြင့်။ အနိစ္စအဓြု
ဝသာဖြစ်၏။ ထိုကြောင့် ဝေဒနာသည်။ ရေပွက်နှင့်တူ၏။ ။ရေ
ပွက်သည်။ ဖြစ်လည်းဖြစ်၏။ ချုပ်လည်းချုပ်၏။ ရှည်ကြာစွာမ
တည်သကဲ့သို့။ ထိုအတူ။ ဝေဒနာသည်လည်း။ ဖြစ်လည်းဖြစ်၏။
ချုပ်လည်းချုပ်၏။ ကာလရှည်ကြာမတည်လေ။ လက်ဖြစ်တတွက်။
မျက်စိအမှိတ်ကာလ။ ခဏ်နှိုက်ပင်။ ကုဋေတွက်ကိန်း။ တသိန်း
သိန်း။ များစွာဖြစ်၏။ ထိုကြောင့်။ ဝေဒနာသည်။ ရေပွက်နှင့်တူ၏။
သညာက္ခန္ဓာမှာ။ သညာသည်။ အသာရက။ သဘာဝကြောင့်။ တံ
လျှပ်နှင့်တူ၏။ ။တံလျှပ်ကိုယူ၍ ရေသောက်ခြင်း၌၎င်း။ ချိုးခြင်း
၌၎င်း။ အိုးခွက်ကိုပြည့်စေခြင်း၌၎င်း။ မတတ်ကောင်းသကဲ့သို့။
ထိုအတူသညာလည်း။ သုဘ။ သုခ။ နိစ္စဟူ၍။ ယူခြင်း၌ မတတ်
ကောင်း။ ထိုကြောင့်တံလျှပ်နှင့်တူ၏။ ။တံလျှပ်သည်။ ပြည့်
သောအိုင်။ ပြည့်သောမြစ်ကဲ့သို့။ ထင်၏ဟု။ လူအပေါင်းကိုဆိုစေ
တတ်သကဲ့သို့။ သညာသည်လည်း။ ဤကားအညိုတည်း။ ဤကား။ သု
ဘ။ သုခ။ နိစ္စတည်းဟုဆိုစေ၏။ ထိုကြောင့်သညာသည်။ တံလျှပ်
နှင့်တူ၏။ ။သင်္ခါရက္ခန္ဓာမှာ။ သင်္ခါရသည်။ နှစ်သက်စရာ။ ရှာ
ဖွေမရ။ အသာရက။ သဘာဝကြောင့်။ ငှက်ပျောတုံးနှင့်တူ၏။ ။
ငှက်ပျောတုံးမှ။ တစုံတခုကိုယူ၍။ အချင်စသည်တို့၏အလို့ငှာ။
ဆောင်ခြင်း၌မတတ်ကောင်း။ ဆောင်အပ်သော်သော်လည်း။ အ
လိုရှိသမျှ။ ကိစ္စမဖြစ်သကဲ့သို့။ ထိုအတူ။ သင်္ခါရတို့ကိုလည်း။ နိစ္စ
သည်တို့၏အစွမ်းဖြင့်ယူခြင်း၌မတတ်ကောင်း။ နိစ္စသား။ စွဲယူ
ညားသော်လည်း။ ဝိပ္ပလ္လာသ။ ယူသမျှမဖြစ်။ စင်စစ်အားဖြင့်။ တ
ရားသဘာဝ။ အနိစ္စစသည် သာဖြစ်၏။ ထိုကြောင့်သင်္ခါရ တရား
တို့သည်။ ငှက်ပျောတုံးနှင့်တူ၏။ ။ဝိညာဏက္ခန္ဓာမှာ။ အသာရ
က။ သဘာဝကြောင့်။ ဝိညာဏ်သည်။ မျက်လှည့်သည်နှင့်တူ၏။ ။

မျက်လှည့်သည်သည်၊ တစုံတခုသော ဝတ္ထုကို၊ ဤကားရွှေ ဤကားငွေ ဤကားပုလဲ စသည်ဖြင့်။ လူအပေါင်းကို လှည့်ပတ်ဘိသကဲ့သို့။ ထိုအတူ။ ဝိညာဏ်သည်လည်း၊ ထိုတခုသောစိတ်ဖြင့်သာ လာသကဲ့သို့ သွားသကဲ့သို့ ရပ်သကဲ့သို့ ထိုင်သကဲ့သို့ပြု၍၊ လူအပေါင်းကို ယုံစေသင်စေမှတ်စေ၏၊ လာသောစိတ်လည်းတပါး၊ သွားသော စိတ်လည်းတပါး။ ရပ်သော ထိုင်သောစိတ်လည်းတပါးပင်တည်း၊ ထိုကြောင့်ဝိညာဏ်သည်။ မျက်လှည့်သည်နှင့်တူ၏။ ။ဤသို့ဥပမာအားဖြင့်၊ ထင်ရှားပိုင်းခြား။ ဟောကြားတော်မူအပ်သော။ ခန္ဓာငါးပါး။ တရားအစုတို့ကို၊ မဟာဘူတ်အားကြီး။ ဘိဘီး တွန့်တန့်ကြောင်းရှင်းခံ၍၊ ငါ၏ကိုယ်ငါ၏ဥစ္စာဟု။ သက္ကာယဒိဋ္ဌိအားဖြင့်၎င်း။ နိစ္စ။ သုခ။ အတ္တ။ သုဘ အားဖြင့်၎င်း။ နှစ်သိမ့်ရွှင်မွေ့။ အောင်းမေ့ကြကုန်သောသူတို့အား၊ မသင့်မတင့်နှလုံးသွင်းခြင်း တည်းဟူသော၊ အယောနိသောမနသိကာယဖြစ်၍၊ ။အယောနိသောဘိက္ခဝေမနသိကရောတော အနုပ္ပန္နာစေဝ အာသဝါ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ အာသဝါ ပဝဍ္ဎန္တိ၊ ။ဟူသောဒေသနာတော်နှင့်အညီ၊ မဖြစ်သေးသော အကုသိုလ်တရားတို့သည်ဖြစ်ခြင်း။ ဖြစ်ပြီးသော အကုသိုလ်တရားတို့သည်၊ ပွါးများတိုးတက်ခြင်း ဖြစ်သောကြောင့်။ ကာလရှည်ကြာ။ သံသရာနိုက်။ များစွာဒုက္ခဖြစ်ရခြင်း၏အကြောင်းသာဖြစ်၏။ ထိုသို့ဒုက္ခမဖြစ်ရအောင်၊ သဥ္ဇုရိသ အပေါင်း။ သူတော်ကောင်း တို့သည်၊ အသင့် အတင့်။ ထောက်ချင့်မရှင်း၊ နှလုံးသွင်း၍၊ ခန္ဓာငါးပါး၊ တရား အစုတို့ကို။ ပဉ္စက္ခန္ဓာအနိစ္စာဒုက္ခာအနတ္တာဟူ၍၊ အပေါင်းအားဖြင့်၎င်း၊ ရူပံအနိစ္စံဒုက္ခံအနတ္တာ၊ ဝေဒနာအနိစ္စာဒုက္ခာ အနတ္တာ၊ သညာအနိစ္စာဒုက္ခာ အနတ္တာ၊ သင်္ခါရာအနိစ္စာ ဒုက္ခာအနတ္တာ ဝိညာဏံအနိစ္စံ ဒုက္ခံ အနတ္တာ ဟူ၍ဝေဘန်ခွဲခြား။ အစိတ်အားဖြင့်၎င်း၊ ဖန်ဖန်မလပ်၊ မပြတ်နှလုံးသွင်းကြကုန်ရာ၏။ ။အနိစ္စမှာ ဖြစ်ပြီး၍မရှိသောသဘောကြောင့်၊ အနိစ္စ၊ တနည်း။ ဖြစ်ခြင်းပျက်ခြင်းရှိသော သဘောကြောင့်၎င်း၊ ဖေါက်ပြန် တတ်သောကြောင့်၎င်း၊

အခိုက်အတန့်သာရှိသောကြောင့်၎င်း၊ နိစ္စ၏ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်၎င်း။အနိစ္စ၊ ။ဒုက္ခမှာ။မပြတ်နှိပ်စက်တတ်သောသဘောကြောင့်ဒုက္ခ။ တနည်း။ မပြတ်နှိပ်စက်တတ်သောသဘောကြောင့်၎င်း၊ဆင်းရဲညှိုးညှင်စွာ။သည်းခံအပ်သောကြောင့်၎င်း၊ဒုက္ခ၊ အနတ္တမှာ။ အလိုသို့မလိုက်တတ်သောကြောင့်။ အနတ္တ။တနည်း။ ဥပါဒ်ဘဲဖြစ်သော ခန္ဓာငါးပါး တရားအပေါင်းတို့သည်၊ ဋ္ဌီသို့မရောက်နိုင်ပါစေသတည်း။ဋ္ဌီသို့ရောက်သောခန္ဓာငါးပါး တရားအရတို့သည်။ ဘင်သို့မရောက်ပါစေသတည်း။ ဟူသော အလိုသို့လိုက်ခြင်းမရှိ။ထိုသို့သောအလိုမှဆိတ်သောကြောင့်၎င်း။ အလိုအတိုင်းမပြုတတ် သောကြောင့်၎င်း။ အတ္တ၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၎င်း။အနတ္တ။ ။ထိုသုံးပါးတို့တွင်။အနိစ္စဒုက္ခလက္ခဏာတို့သည်၊ထင်ရှားကုန်၏။ထင်လွယ်ကုန်၏၊မိမိ၏လက်မှ၎င်း။ ခွက်စသည်တို့မှ၎င်း။တစုံတခု။ ဝတ္ထုပစ္စည်းတို့ကျသဖြင့်ကွဲပြိုပျက်စီးခဲ့သော်၊အဟောအနိစ္စ။ ဩော်မမြဲစွတကားဟု။ သတ္တဝါအများတို့သည်၊နှုတ်မြွက်ပြောဆိုကြကုန်၏၊ထိုကြောင့် အနိစ္စတရားသည်၊ထင်ရှား၏။အတ္တဘာဝ၊မိမိ၏ကာယနှိုက်။အိုင်းအနာစသည်တို့သည်။ ပေါက်ရောက် ကုန်သော်၎င်း။ ငုပ်ဆူးငြောင့်စသည်တို့သည်၊ထိုးခပ်ရူးရောက်သော်၎င်း၊အဟောဒုက္ခ။ဩော်ဆင်းရဲစွတကားဟု။ သတ္တဝါအများတို့သည်။ နှုတ်မြွက်ပြောဆိုကြကုန်၏။ ထိုကြောင့်ဒုက္ခတရားသည်ထင်ရှား၏။ ။တတိယယာန။အနတ္တလက္ခဏာမှာကား။မထင်မရှား။ထူးခြားလွန်ကဲ။ သိနိုင်ခဲထင်နိုင်ခဲ၏။ အနိစ္စလက္ခဏာ။ ဒုက္ခလက္ခဏာ နှစ်ပါးတို့မှာ။ ဗုဒ္ဓုပ္ပါဒ်၊ကာလနှိုက်ဖြစ်စေ။အနုပ္ပါဒ်၊ကာလနှိုက်ဖြစ်စေ၊ထင်နိုင်သိနိုင်ကုန်၏။ ။အနတ္တလက္ခဏာမှာကား။ဗုဒ္ဓုပ္ပါဒ်၊ ကာလကိုကြည့်၍။မထင်နိုင်လေ။ ဗုဒ္ဓုပ္ပါဒ်။ကာလ နှိုက်သာ ထင်မြင်နိုင်၏။ သာသနာပ၊ကာလအခါနှိုက်။ မဟိဒ္ဓိကမဟာနုဘာဝဖြစ်သော၊ရသေ့ပရိုက်စသောသူတို့သည်၊ အနိစ္စဒုက္ခဟူ၍သာ။ ဟောခြင်းငှါတတ်နိုင်ကုန်၏၊ အနတ္တဟူ၍ ဟောခြင်းငှါမတတ်နိုင်လေ။ဤ

အနုတ္တ လက္ခဏာသည်။ အမှတ်မရှိသောသူတို့၏ အရာမဟုတ်။
သဗ္ဗညု မြတ် စွာဘုရားတို့၏ အရာသာဖြစ်၏။ ထိုကြောင့်အနတ္တ
လက္ခဏာသည်။ အလွန်ပင်ထင်ရှားနိုင်ခဲ၏။ ။ထိုသုံးပါးတို့
တွင်။ဖြစ်ခြင်း ပျက်ခြင်းကို နှလုံး မသွင်း။ ထိုးထွင်း၍ မသိခြင်း
ကြောင့်။ခပ်သိမ်းသော သူ တို့သည်။အနိစ္စလက္ခဏာကို မထင်မြင်
ကြလေ။အဖန်ဖန်အထပ်ထပ်။မပြတ်နိုင်စက်သည်ကို နှလုံးမသွင်း
ထိုးထွင်း၍မသိကြခြင်းကြောင့်။ခပ်သိမ်းသောသတ္တဝါတို့သည်။
ဒုက္ခလက္ခဏာကိုမသင်မြင်ကြလေ။အထူးထူးအပြားပြား။များစွာ
သောဓာတ်တို့ကို။ ခွဲခြမ်းဝေဘန်၍နှလုံးမသွင်း။ ထိုးထွင်း၍မသိ
ကြခြင်းကြောင့်။ အနတ္တလက္ခဏာကိုမသင်မြင်ကြလေ။ ။ထို
ကြောင့်။ခန္ဓာငါးပါးတရားအရတို့ကို။ အနိစ္စဒုက္ခအနတ္တ ဝမ္မလယ်း
ဟောင်းအကြောင်းရင်းဖြစ်သော။ ဖြစ်ခြင်းပျက်ခြင်းကိုငင်း။ခါခါ
မလပ်။မပြတ်နိုင်စက်သည်ကိုငင်း။ အထူးထူးအပြားပြား။ များ
စွာသောဓာတ်တို့ကို။ ခွဲခြမ်းဝေဘန်ခြင်းကိုငင်း။ ဆင်ခြင်ပြုလုပ်။
အားထုတ်သင့်တော့သည်။ ဤသို့ဆိုအပ်ခဲ့ပြီးသော။ ထိုသုံးဆယ်
တစ်နိုက်။ဖြစ်ဖြစ်သချင် ဘောသူများစွာ။သတ္တဝါအပေါင်းတို့၏။
ခန္ဓာငါးပါး။ တရားအရတို့သည်။ အနိစ္စဒုက္ခအနတ္တ သဘော။မ
ကင်းမလွတ်သောကြောင့်။ ဆိုအပ်လတန့်သော။ သေခြင်းလေး
ပါးတို့တွင်။ တပါးပါးသောသေခြင်းဖြင့်။ မကင်းမလွတ်မချွတ်ဧ
ကန်။အမှန်သေကြပျက်စီးရ၏။ အာယုက္ခယေန။ ကမ္မက္ခယေန။
ဥဘယက္ခယေန ဥပစ္ဆေဒကကမ္မုနာစေတိစတုဓာမရဏူပ္ပတ္တိနာ
မ ။အဘိဓမ္မာအဋ္ဌကထာ။ ။အာယုက္ခယေနစ။ အသက်၏
ကုန်ခြင်းကြောင့်ငင်း။ကမ္မက္ခယေနစ။ ကံ၏ကုန်ခြင်းကြောင့်ငင်း။
ဥဘယက္ခယေနစ။ အသက်ကံနှစ်ပါးတို့၏ အချကုန်ခြင်းကြောင့်
ငင်း။ဥပစ္ဆေဒကကမ္မုနာစ။ကပ်၍ဖြတ်တတ်သောကံကြောင့်ငင်း
ဣတိ။သို့။သတ္တာနံ၊ သတ္တဝါတို့၏။ မရဏံ။သေခြင်းသည်။ ဟော
တိ။၏။ ဣတိ။သို့ စတုဓာ။လေးပါးအပြားရှိသော။ မရဏုပ္ပတ္တိနာ
မ။မရဏုပ္ပတ္တိမည်သည်ကို။ဝေဒိတဗ္ဗာ။၏။သိအပ်၏။ ။ဝိသုဒ္ဓိ

မဂ်နိုက်ကား။ ။ပုညက္ခယအာယုက္ခယအကာလမရဏဟူ၍
သာ၏။အကာလမရဏဟူသည်။ဥပစ္ဆေဒကပင်ဖြစ်သောကြောင့်
ဘူကြ၏။ ဤနိုက်မရဏဟူသည်။ တခုသောဘဝနိုက်အကျုံးဝင်
သောဇီဝိတိန္ဒြေ၏ ပြတ်ကြွေခြင်းပင်။ ထိုမရဏသည်။ ပဟာနဿ
ဥဂ္ဂိုလ်တို့၏ ဝဋ္ဋဒုက္ခမှအကြွင်းမရှိ ပြတ်ခြင်းတည်းဟူသော။ သ
မုစ္ဆေဒမရဏ။သင်္ခါရတရားတို့၏ခဏဘင်တည်းဟူသော။ ခဏိ
ကမရဏ။သစ်ပင်သည်သေ၏။သံသေ၏။ ဒါးသေ၏။ စသည်တို့
နိုက်။သမ္မုတိမရဏဟူ၍လည်းရှိ၏။ဤမှရဏတို့ကိုအလိုမရှိအပ်။
ဤနိုက်အလိုရှိအပ်သောမရဏတို့ကား။ ဆိုလတန့်သောလေးပါး
တို့တည်း။ ။သေခြင်းလေးပါး။ ။အာယုက္ခယမှာ။ ပဋိ
သန္ဓေအကျိုးကိုပေးသော ကံသည်ရှိသား သော်လည်း။ ထိုထိုမ
နုဿဂတိစသည်တို့နိုက်။ အသင်္ချေယျ။ သယ်နှစ်တို့ဖြင့်ပိုင်းခြား
အပ်သော။အသက်၏ ကုန်ခြင်းကြောင့်သေခြင်းတည်း။ ။သ
တိပိကမ္မာနုဘာဝေ တံတံဂတိသုယထာပရိစ္ဆိန္နဿ အာယုနော ပ
ရိက္ခယေန မရဏံ အာယုက္ခယမရဏံ။ ။ဋီကာ။ ။ကမ္မာနုဘာ
ဝေ။ ပဋိသန္ဓေအကျိုးကိုပေးပေသောကံ၏အာနုဘော်သည်။ သ
တိပိ။ရှိသည်ဖြစ်သော်လည်း။တံတံဂတိသု။ ထိုထိုမနုဿဂတိအစ
ရှိသည်တို့နိုက်။ ပရိစ္ဆိန္နဿ။ပိုင်းခြားအပ်သော။ အာယုနော။အ
သက်၏။ပရိက္ခယေန။ ကုန်ခြင်းကြောင့်။မရဏံ။ သေခြင်းသည်။
အာယုက္ခယမရဏံ။အာယုက္ခယမရဏမည်၏။ ။ကမ္မက္ခယ။
ထိုထိုဂတိနိုက်။တရာ။ တထောင်စသည်ဖြင့်။ ပိုင်းခြားအပ်သော
အသက်ကြွင်းရှိသော်ငြား။ဂတိ။ကာလ။ပယောဂ။ဥပဓိတည်းဟူ
သောအကြောင်း၏ ညီညွတ်ခြင်းရှိသော်ငြား။ ထိုထိုဖြစ်ရာဘဝ
ကိုပြီးစေတတ်သောကံ၏ ပြီးပြီးသောအကျိုးရှိသောကြောင့်။ က
လလကာလ။ အဗ္ဗုဒကာလ။ပေသိကာလမှစ၍။ ငယ်စဉ်ကာလ
မှ။သေရခြင်းတည်း။ ။သတိပိတဿတဿပရိစ္ဆိန္နာယုသေသေ
ဂတိကာလာဒိပစ္စယသာမဂ္ဂိယဉ္စ။ တံတံဘဝသာဓကဿကမ္မု
နော ပရိနိဋ္ဌိတဝိပါကတ္တာ မရဏံ ကမ္မက္ခယမရဏံ။ ။ဋီကာ။ ။

တဍ္ဍတဍ္ဍ။ ထိုထိုဂတိဘုံနှိုက်။ ပရိဗ္ဗတ္တန္တိ ယုသေသေဝ၊ ပိုင်းခြား
အပ်သောအသက်ကြွင်းသည်၎င်း။ ဂတိကာလာဒိပစ္စယ သာမဂ္ဂိ
ယဥ္စ၊ ဂတိကာလအစရှိသောအကြောင်း၏ ညီညွတ်ခြင်းသည်၎င်း၊
သတိပိ။ ရှိသည်ဖြစ်သော်လည်း။ တံတံဘာဝသာဝေကဿ။ ထိုထိုဘ
ဝကိုဖြီးစေတတ်သော။ ကမ္မုနော၊ ကံ၏။ ပရိနိဋ္ဌိတပါကတ္တာ၊ ဖြီး
ဖြီးသောအကျိုးရှိသည်၏အဖြစ်ကြောင့်။ မရဏံ။ သေခြင်းသည်။
ကမ္မက္ခယမရဏံ။ မည်၏။ ။ဥဘယက္ခယမှာ။ အသက်ကံနှစ်ပါး
တို့၏။ အညီအညွတ်ကုန်ခြင်းကြောင့်။ မန္ဓာတ်မင်းစသည်တို့ကဲ့သို့။
သေခြင်းတည်း။ ။အာယုကမ္မာနံ သမကမေဝ ပရိက္ခီဏတ္တာ မရဏံ၊
ဥဘယက္ခယမရဏံ၊ ။ဣကာ၊ ။အာယုကမ္မာနံ၊ အသက်ကံတို့၏၊ သ
မကမေဝ၊ အညီသာလျှင်။ ပရိက္ခီဏတ္တာ၊ ကုန်သည်၏အဖြစ်ကြောင့်။
မရဏံ သေခြင်းသည်။ ဥဘယက္ခယမရဏံ၊ ဥဘယက္ခယမရဏမည်
၏၊ ။ဥပစ္ဆေဒက။ မရဏမှာ။ အသက်နှင့်ကံ။ နှစ်တန်နှစ်ပါး။ ရှိသော်
ညားသည်း။ ရှေးဖြစ်သောဘဝနှိုက်ဖြီးသော၊ ကင်၍ဖြတ်ခဲ့သတ်ခဲ့
ဘူးသောကံ၏အစွမ်းကြောင့်။ ဘေးလက်နက်ကိုဆောင်ခြင်းအစရှိ
သောသုလ္လပဒေသာဂတိ့ဖြင့်။ ဖြတ်သော ခန္ဓာအစဉ်ရှိကုန်သောသူ
တို့၏၎င်း၊ ဂုဏ်အားဖြင့်ကြီးသော ဘုရားအစရှိသည့်တို့နှိုက် ပြု
အပ်သော၊ အမှတ်မရှိသောလုလ္လဖြင့်အားထုတ်အပ်သော၊ ဥပစ္ဆေ
ဒကကံသည်ဖြစ်အပ်သောအစွမ်းသတ္တိ ရှိသောကံ၏။ ထိုထိုအတ္တ
ဘောကိုဖြပ်စေခြင်းတည်စေခြင်းနှိုက်။ မတတ်နိုင်သည်၏ အဖြစ်
ကြောင့်၊ အရှင်မောဂ္ဂလာန်၏အလောင်းဖြစ်သော၊ ဒုသိမာရမင်း၊
ခန္တိပါဒရသေ့ကိုပြစ်မှားသော၊ ဒေဝဒတ်၏အလောင်းဖြစ်သော။
ကလာဗုမင်း စသည်တို့ကဲ့သို့၊ ထိုခဏနှိုက်သာလျှင်။ တည်ရာမှ
ရွေ့စေခြင်း၏အစွမ်းဖြင့်။ ဖြစ်သောသေခြင်းတည်း။ ။သတိပိ
တသ္မိံ ဒုဝေပုရိမဘဝသိဒ္ဓဿကဿပိ ဥပစ္ဆေဒကကမ္မုနာ ဗလေ
န သတ္တာ ဟာရဏာဒိဟိ ဥပက္ကမေဟိ ဥပစ္ဆိန္နမာနသန္တာနာနံ၊ ဂုဏမ
ပါန္တေသု ဝါ ကတေန ကေနစိ ဥပက္ကမေန အာယုဟိတ ဥပစ္ဆေဒက
ကမ္မုနာ ပနိဗာဟိတသာမတ္ထိယဿကဿမ္ဗကာတံ အတ္တဘာဝ

ပါတ္တနေအသမတ္တဘာဝတော ဒုသိမာရကလာဗုရာဇာ နိဒ္ဒိယ
တိက်ောယေဝဇ္ဈာနာစာဝနဝေသန ပဝတ္တမရေဏံ ဥပစ္ဆေဒကမရ
ဏံနာမ။ ငိုကာ။ ။ဒုပိဝေ။နှစ်ပါးအပြားရှိသော။တသို့ ။ထိုအ
သက်ကံသည်။သတိပိ။ ရှိသော်လည်း။ ပုရိမဘာဝသိဒ္ဓသာ။ ရှေး
နှိက်ဖြစ်သောဘဝနှိက်ပြီးသော။ကာသပိ။တစုံတခုသော။ဥပစ္ဆေ
ဒကကမ္မုနော။ ဥပစ္ဆေဒကကံ၏။ဗလေန။အစွမ်းကြောင့်။ သတ္တာ
ဟာရနာဒိဟိ။ခါးလက်နှက်ကိုဆောင်ခြင်းအစရှိကုန်သော။ ဥပက္က
မေဟိ။လုလ္လတို့ဖြင့်။ဥပစ္ဆိ ဇ္ဇမာနသန္တာနာနံ။ပျက်သောခန္ဓာအစဉ်
ရှိကုန်သောသူတို့၏ငင်း။ငါ၊တနည်းသော်ကား။ဂုဏမဟန္တေသုံ။
ဂုဏ်ကြီးသောသူတို့နှိက်။ကတေန။ပြုအပ်သော။ဂြောနပိ၊ တစုံတ
ခုသော။ဥပက္ကမေန။ လုလ္လဖြင့်။အာယုဟိတဥပစ္ဆေဒက ကမ္မုနာ။
အားထုတ်အပ်သောဥပစ္ဆေဒကကံသည်။ပုဗ္ဗဟိတသာမတ္တိယ
သာ။တားမြစ်အပ်သေါအစွမ်းသတ္တိရှိသော်။ကမ္မသာ။ကံ၏။တံတံ
အတ္တဘာဝပါတ္တနေ၊ ထိုထိုအတ္တဘောကိုဖြစ်စေခြင်းနှိက်။အသ
မတ္တဘာဝတော။မစွမ်းနိုင်သည်၏အဖြစ်ကြောင့်။ဒုသိမာရကလာ
ဗုရာဇာဒိနံ့ဝိယ။ ဒုသိမာရမင်းကလာဗုမင်းစသည်တို့ကဲ့သို့။တင်
ကောယေဝ။ ထိုခဏ၌သာလျှင်။ဈာနာ။ တည်ရာမှ။စာဝနဝေသန။
ရွေ့စေသည်၏အစွမ်းဖြင့်။ပဝတ္တမရဏံ။ဖြစ်သောသေခြင်းသည်
ဥပစ္ဆေဒကမရဏံ။မည်၏။ ။ဤလေးပါးသောသေခြင်းတို့တွင်
ဥပစ္ဆေဒကမရဏသည်။ ငရဲသားပြောက်ကျွန်းသား အချို့သော
နတ်တို့အားမဖြစ်။ အချို့သောနတ်တို့အားဖြစ်၏။ ဖြစ်ကြောင်းကို
လည်း။အာဠဝိပြည်နှိက်။ အာဠဝိတိုင်းသား။ တပါးသောရဟန်း
သည်။တောသို့သွား၍။ ကျောင်းဆောက် အံ့သောငှာ တခုသော
သစ်ပင်ကို။ခုတ်မည်ဟုအားထုတ်ရာ။ထိုသစ်ပင်နှိက်။စောင့်သော
နတ်သမီးသည်။အရှင်ဘုရားမိမိ၏ဗိမာန်ကိုပြုလို၍။ တပည့်တော်မ
ဗိမာန်ကို။မခုတ်မဖြတ်မဖျက်ဆီးပါနှင့်ဟု လျှောက်သော်လည်းမရ။
အားကုန်ထွေ့၍ခုတ်လိုက်ရာ။ သစ်ပင်ခွကြားနှိက် သိပ်ထားသော။
သားသူငယ်ကလေးကို။ခုတ်မိသည်ကြောင့်သေသော။ ဝိနည်းပါ

ဝိတ်ဘုတဂါမသိက္ခာပုဒ်ပါဠိတော်ကိုထောက်၍သိအပ်၏။ ။နတ်ပြည်တို့နှိက်ကား။ဒေဝလောကတောဟိဒေဝပုတ္တာအာယုကျွယေန။ပုညကျွယေန၊ အာဟာရကျွယေန ကောပေနာတိစတူဟိကာရဏေဟိစဝန္တိ။ ။ဟုမြွက်ဒ အဋ္ဌကထာနှိက်လာသော။ အာယုက္ခယပုညက္ခယအာဟာရက္ခယ။ ကောပဟူ၍လေးပါးသောမရဏာတို့သည်လာကုန်၏။ထိုလေး ပါးတို့တွင်။ အကြင်နတ်သားသည်။ များစွာသောကုသိုလ်ကောင်းမှုတို့ကိုပြု၍။နတ်ပြည်နှိက် အသက်ထက်ဆုံးတည် လျက်သော၏။ ထိုနတ်သားသည်။ အာယုက္ခ ယမရဏာ။အကြင်နတ်သားသည်။နည်းသောကုသိုလ် ကောင်းမှုတို့ကိုပြု၍။အသက် အပိုင်းအခြားမပြည့်ခင်အကြားနှိက်သာလျှင် သေ၏။ ထိုနတ်သားသည်ပုညက္ခယ မရဏာ။ အကြင်နတ်သားသည်။ ကာမဂုဏ်တို့ကိုခံစားလျက်။ သတိမေ့လျော့သဖြင့်။ အာဟာရတို့ကိုမသုံး ဆောင်မစား သောက်၍ ပင်ပန်းသောကိုယ် ရှိသောကြောင့်။သေသောသကာနတ်သားသည်တို့ကဲ့သို့သေ၏။ထိုနတ်သားသည်။အာဟာရက္ခယမရဏာ။အကြင်နတ်သားသည်။ တပါးသောနတ်တို့၏စည်းစိမ်ကိုသည်းမခံနိုင်။ အမျက်ထွက်၍သေ၏။ထိုနတ်သားသည်။ ကောပမရဏာတည်း။ ။ထိုသေခြင်းတရားတို့ကို။ မရဏံ ဘဝိဿတိဇိဝိတိန္ဒြိယံဥပစ္ဆိဇ္ဇိဿတိ။မေ။ငါအား။ မရဏံ။ ရတိမနေသေရခြင်းသည်။ ဘဝိဿတိ။ဖြစ်လတ္တံ့။ ဇိဝိတိန္ဒြိယံ။ ရုပ်နံဇိဝိန်။ဈာန္ဒြိနှစ်ပါးသည်။ဥပစ္ဆိဇ္ဇိဿတိ။ ပြတ်လတ္တံ့ပျက်လတ္တံ့။ ငါ့အားသေခြင်း တရားသည်ဖြစ်လတ္တံ့။ အသက်ဟူ၍ခေါ်ဝေါ်ပညတ်။သရုတ်အပ်သောရုပ်ဇိဝိတနာမ်ဇိဝိတသည်။ ပြတ်လတ္တံ့ပျက်လတ္တံ့။ ချုပ်လတ္တံ့။ဟူ၍ အကျဉ်းအားဖြင့် ပွါးများဆင်ခြင်အပ်၏။ ။အကျယ်အားဖြင့်လည်း။ ဤသူ၏ ဥက္ကောင်းကို။ တောင်းတောင်း ပြတ်အောင်ဖြတ်အံ့ ဟုနှလုံးပိုက်လျက်၊ အလျှံပြောင်လက် သံလျက်ကိုထမ်း၍လာသော၊ သူသတ်ယောကျ်ားသည်၊ငါ့ကိုဤသူမချွတ်သတ်အံ့ဟု။ရှေးရှုထင်သကဲ့သို့။ ထိုအတူ။ဤသေမင်းသည်လည်း။ ယနေ့နက်ဖန်သဘက်။ ဤလရှေးလ

ဤနှစ်ဌေးနှစ်။ ငါ့ကိုကေန်မလွှတ်။ မဋ္ဌတ်သတ်လတ္တံ့ဟု။ သူ
သတ်ပမာအာဖြင့်။ဆင်ခြင်အောင်းမေ့အင်၏။ စစ်သည်မိုလ်ပါ
များစွာအခြံရံရှိကုန်သော၊အကြင်မဟာသမတ။ စသောမင်းတို့
သည်။လောကနိုက်ထင်ရှားကုန်၏။ထိုသို့မဟာယသ။ ရှိကုန်ကြ
သောမင်း တို့သည်လည်း။ သေမင်း၏နိုင်ငံသို့။ အမှန်သိုက်ကြရ
ကုန်၏။ခြံရံနည်းပါး။ ငါတို့အားကား။ဆိုညားဘွယ်မရှိ။ ကေန်မ
လွှတ်။မဋ္ဌတ်ရချ။ မရေဏာသို့။ လိုက်ရအံ့ဟူ၍။ ယသမဟာဌွကို။
ဆောင်သော အားဖြင့်လည်း။ ဆင်ခြင်အောင်းမေ့အပ်၏။ ။
ဇေါတိကဇတိလဥဂ္ဂမေဏ္ဍကပုဏ္ဏအစရှိကုန်သော၊လူ့ပြည်လော
ကနိုက်။ကြီးမြတ်သော ဘုန်းကံကောင်းမှုရှိ၏ဟူ၍။ ကျော်စော
ထင်ရှားကုန်သော။အကြင်သူဌွေးကြီးတို့သည်လည်း။ စာတ်ပစ္စ
ယ။မူလကကြောင့်။ မရဏာမင်းခံတွင်းသို့ရောက်ကြရကုန်သေး၏။
ကုသိုလ်နည်းပါး။ ငါတို့အားကား။ ဆိုညားဘွယ်မရှိ။ ကေန်မ
လွှတ်။ မဋ္ဌတ်ရချ။ မရဏာသို့။ လိုက်ရအံ့ဟူ၍။ ပုည မဟာဌွကို
ဆောင်သော အားဖြင့်လည်း။ ဆင်ခြင်အောင်းမေ့အပ်၏။ ။
ဝါသုဒေဝ။ ဗလဒေဝအစရှိကုန်သော။လူ့ဘုံလောကနိုက်။ အား
အင်ကြီးမား။ ကျော်စောထင်ရှားခြင်းရှိကုန်သော။ အကြင်သူတို့
သည်ရှိကုန်၏။ ထိုသူတို့သည်လည်း။ မရဏာနိုင်ငံသို့။အမြန်လိုက်
ကြရကုန်သေး၏။အားခွန်နည်းပါး။ငါတို့အားကား။ ဆိုညားဘွယ်
မရှိ။မရဏာမင်း။ သူ့လက်တွင်းသို့။ အလျှင်းမုချ။လိုက်ရအံ့ဟူ၍။
ထာမမဟာဌွအားဖြင့်ဆောင်၍။ ဆင်ခြင်အောင်းမေ့အပ်၏။ ။
ခြေမ-ကြားဖြင့်ညှပ်၍။ အလျားအနံ ရှည်သော။သိကြားမင်း၏နေ
ရာ၊ဝေဇယန္တာပြာသါဒ်ကိုလှုပ်စေနိုင်သော။တံခိုး၏အရာ။များစွာ
သောသာဝကတို့ထက်။ ဆထက်အထူး။ကြူးရင့်အင်သော ထေ
ဒင်ရှိသော။ဒုတိယသာဝက။ အရှင်မောဂ္ဂလာန်မထေရ်သည်ပင်။
သမင်ဒရယ်။ကြီးငယ်ဟူသမျှ။မိဂမည်သောသားအပေါင်းသည့်။
ကေသရာဇာ။သားတကသေဌွနင်း။ခြင်္သေ့မင်း၏ ခံတွင်းသို့ရောက်
ဘိသကဲ့သို့။ မင်းအပေါင်းတို့၏ သေဌွနင်း။ မစ္စုမင်း၏ခံတွင်းသို့

ရေခံရသေး၏။ ဇာဒ္ဒိနည်းပါး။ငါတို့အားမှာ။ ယုံမှားဘွယ်မရှိ။အတိ
ရာဇမရဏာခံတွင်းသို့။ အလျှင်းမရချ။ လိုက်ရအံ့ဟူ၍။ ဇာဒ္ဒိမဟာဂ္ဂ
အားဖြင့်။ဆောင်၍ ဆင်ခြင်အောင်းမေ့အပ်၏။ ။သောကတွင်ရှိ
ထား။မြတ်စွာဘုရားကိုသား၍။ကြီးမားလှစွာ။ပညာ၏အရာနိုက်။
နိုင်းစရာ-ရှိ။အ ဒ်ကပညာ။ကြီးမားသောအရာနိုက်။ဧတဒဂ်ထား
တော်မူအပ်သော။ တရားစစ်သူကြီးဖြစ်သော။ အရှင်သာရိပုတ္တ
ရာစဉ်လျက်လည်း။ ဇာတိပစ္စယ။သဘာဝကြောင့်။ မရဏာထံအ
မှန်လိုက်ရသော ၏ ါရမိဒ္ဓဂ္ဂ။သမ္မာရေဝ။ပညာသေးသောငါတို့
မှာမူ။ဆိုဘွယ်ရာမရှိ။အမှန်မရချ။မရဏာသို့။လိုက်ရမည်ကျေနံတည်း
ဟူ၍။ပညာမဟာဂ္ဂအားဖြင့်ဆောင်၍ဆင်ခြင်အောင်းမေ့အင်၏။
မိမိညာဏ။ဝီရိယဖြင့်။ အလုံးစုံသောကိလေသာမြူ။ ရန်သူတို့ကို
ဖျက်ဆီးပြီး၍။ပစ္စေကဗောဓိညာဏ်။သယမ္ဘူ၏ အဖြစ်သို့ရောက်
ကုန်သော အရှင်မြတ်တို့သည်သည်း။ထိုအလေ့။ မရွေ့ထုံးစံ။
မရဏာနိုင်ငံသို့၊ အမှန်ထုတ်ချောက်။ ကြွရောက်တော်မူကြကုန်
သေး၏၊ကိလေသာကိုယ်တွင်း။ မကင်းကြသောငါတို့မှာအားဆို
ညားဘွယ်မရှိ။ကြေနံမရချ။သေခြင်းသို့ရောက်ကြရလတ္တံ့ဟု။ပစ္စေ
ကဗုဒ္ဓါအားဖြင့်ဆောင်၍။ဆင်ခြင်အောင်းမေ့အပ်၏။ ။သုံးဆယ်
နှစ်ပါးသော ယောကျ်ားမြတ်တို့၏လက္ခဏာတော်ကြီး။ ရှစ်ဆယ်
သောလက္ခဏာ တော်ငယ်တို့ဖြင့်။ တင့်တယ်ဆန်းကြယ်တော်မူ
သော။ ရူပကာယရှိ တော်မူ သော။ အလုံးစုံသော အခြင်း အရာ
တို့ဖြင့် စင်ကြယ် သော။ သီလ သမာဓိ အစရှိသော ဂုဏ်တို့ နှင့်
ပြည့်စုံ တော်မူသော။ ဓမ္မကာယရှိ တော်မူသော။ ယသ မဟတ္တ
ပုညမဟတ္တ ထာမ မဟတ္တ ဇာဒ္ဒိမဟတ္တ ပညာ မဟတ္တ တို့ထက်။
ကမ်း တဘက်သို့ ရောက် တော် မူသော။ လောက သုံးရပ် နိုက်။
နိုင်းအင်သောသူအဘူမရှိသော။အရဟံသမ္မာသမ္ဗုဒ္ဓ။သုံးလောက
သင်းကျစ်။ဓမ္မရာဇ်ထွဋ်ထား၊ဘုရားကိုယ်တော်မြတ်သည်လည်း
မိုးယံးရေပေါ်ကြီးစွာ။အဖြာဖြာကျသဖြင့်၊အလျှံညီးညီး။မီးပုံကြီး
ငြိမ်းဘိသခဲ့သို့။ သက်တော်ရှစ်ဆယ်။ ဝါတော်လေးဆယ်ငါးပါ

ကာလ။ဝိသာခါကဆုံလ၊ ပုဏ္ဏမဉ္ဓ။မရဏာဝဓ္ဓိ၊ ကျရောက်တော်မူကိ
သေး၏။ရူပဓမ္မ ကာသဘင်းကွာ၊ငါတို့မှာကား။မှန်စွာမရဏာ၊ရောက်
ကြအံ့ဟူ၍။ သမ္မာသမ္ဗုဒ္ဓအားဖြင့်ဆောင်၍။ ဆင်ခြင်အောင်းမေ့
အပ်၏။ ။ဇီဝိတံဗျာဓိကာလောဝစ။ဒေဟာနိက္ခေပနံဂတိ။ ပဉ္စေတေ
ဇီဝလောကသ္မိံ၊အနိမိတ္တာနနာယရေ-ဟု။ ။ဟုဝိသုဒ္ဓိမဂ်နှိက်ပြ
အပ်သော။အသက်အနာအချိန်ကာလကိုယ်ကိုပြစ်ချရာလားရာဂ
တိ။ဤငါးပါးတို့သည်။သတ္တလောကနှိက်။ အပိုင်းအခြားမရှိလေ။
ထိုငါးပါးတို့တွင်။ဇီဝိတ၌၊ ငါသည်၊ဤမျှသာ အသက်ရှည်အံ့။ဤ
ထက်အလွန်မရှည်အံ့ဟု။ အပိုင်းအခြားမရှိ၊ ကလလ ရေကြည်
ကာလနှိက်လည်း။သတ္တဝါတို့သည်သေကုန်၏၊ အဗ္ဗုဒ်ကာလ၊
သားတစ်ကာလ။တခဲနက်ကာလ။တလကာလ။ နှစ်လကာလ။သုံး
လလေးလငါးလဆယ်လကာလဒ္ဒိုင်း၊အမိဝမ်းမှဖွါးဆဲကာလ။ဖွါး
ပြီးကာလ၊အနှစ်တရာကာလ၊ ထိုပြင်ကာလနှိက်လည်း။ သေကြ
ကုန်၏။ ။ဗျာဓိနှိက်။ဤမည်သောအနာဖြင့် သတ္တဝါတို့သည်
သေကြကုန်၏၊ တပါးသောအနာဖြင့်သတ္တဝါတို့သည် မသေကြ
ကုန်ဟူ၍အပိုင်းအခြားမရှိ၊ မျက်စိနာဖြင့်လည်း သတ္တဝါတို့သည်
သေကြကုန်၏၊ နားနာစသည်တို့တွင်။ တပါးပါးသော အနာဖြင့်
လည်း၊သတ္တဝါတို့သည် သေကြကုန်၏။ ။ကာလနှိက်လည်း၊
ဤမည်သောကာလနှိက်သာသေအပ်၏၊ တပါးသောကာလနှိက်
မသေအပ်ဟူ၍အပိုင်းအခြားမရှိ။နံက်ကာလအခါလည်းသတ္တဝါ
တို့သည်သေကြကုန်၏။မွန်းတည့်ကာလစသည်တို့တွင်။တပါးပါး
သောကာလလည်း သေကြကုန်၏။ ။ဒေဟာနိက္ခေပနနှိက်။ ဤ
မည်သောအရပ်နှိက်သာလျှင်။ သေကုန်သော သူတို့၏ ကိုယ်ကို
ပြစ်ချအပ်၏။ဤမှတပါးသောအရပ်နှိက်။ မပြစ်ချအပ်ဟူ၍အပိုင်း
အခြားမရှိ။ ရွာတွင်းနှိက်ပေါက်ဖွါးကုန်သော သူတို့၏ကိုယ်ကို။
ရွာပနှိက်သော်လည်းပြစ်ချအပ်၏။ ရွာပနှိက်ပေါက်ဖွါးကုန်သော
သူတို့၏ကိုယ်ကို။ရွာတွင်းနှိက်သော်လည်းပြစ်ချအပ်၏။ ကျည်း
ကုန်းနှိက်ပေါက်ဖွါးကုန်သောသူတို့၏ကိုယ်ကိုရေနှိက်၊ ရေနှိက်

ပေါက်ဖွါးကုန်သောသူတို့၏ကိုယ်ကိုလည်းကျည်းကုန်းနိုက်။ ဤ
သို့စသည်ဖြင့်ဖြစ်ချေအံ၏။ ။ဂတိနိုက်။ဤအရေပ်မှုရုတိ၌။ဤအ
ရပ်နိုက်ဖြစ်အံ၏။ ဟူ၍အပိုင်းအခြားမရှိ။ နတ်ပြည်မှုရုဘ်၌လူ့
ပြည်နိုက်ဖြစ်ကုန်၏။ လူ့ပြည်မှုရုတိ၌။ နတ်ပြည်စသည့်ဘုံနိုက်
ဖြစ်ကုန်၏။ဤသို့ယန္တရားနိုက်ကအံသောနွားကဲ့သို့။နိရယဂတိ။
ပေတဂတိ။တိရစ္ဆာနဂတိ။မနုဿဂတိ။ဒေဝဂတိဟူဆိုအပ်သော
ငါးပါးသောဂတိ၌။လူအပေါင်းတို့သည်။တပြောင်းပြန်ပြန်ဖြစ်ကြ
ကုန်၏။ဤသို့အပိုင်းအခြားမရှိသောအားဖြင့်။သေခြင်းကိုအဖန်ဖန်
ရှုအံ၏။ ။အသက်အားနည်းသောအားဖြင့်လည်း သေခြင်းကိုရှု
အပ်ဆင်ခြင်ရာ၏ အဘယ်သို့ရှုအပ်ဆင်ခြင်အပ်သနည်း။ သတ္တ
ဝါတို့၏အသက်သည်။ထွက်သက်ဝင်သက်နှင့်လည်းစပ်၏။ ဣရိ
ယာပုတ်နှင့်လည်းစပ်၏။အချမ်းအပူနှင့်လည်းစပ်၏။ မဟာဘုတ်နှင့်
လည်းစပ်၏။အာဟာရနှင့်လည်းစပ်၏။အသက်သည် ထွက်သက်
ဝင်သက်တို့၏အညီအမျှဖြစ်ခြင်း ရှိသည်၏အဖြစ်ကိုရသော်သာ
လျှင်ဖြစ်၏။ အပသို့ထွက်သော နှာခေါင်းလေသည်။ အတွင်းသို့
မဝင်သည်ရှိသော်၄င်း။အတွင်းသို့ဝင်သောလေသည်။ အပသို့မ
ထွက်သော်၄င်း။ သေသည်မည်၏။လေးပါးသောဣရိယာပုတ်တို့
၏ညီမျှသော ဖြစ်ခြင်းရှိ သည်၏အဖြစ်ကို ရသော်သာလျှင်။ အ
သက်သည်ဖြစ်၏။တပါး၏လွန်သည်အဖြစ်ကြောင့်။ အာယုသင်္ခါ
ရတို့သည်ပြတ်ကုန်၏။ အချမ်းအပူ တို့၏လည်း။ အညီအမျှ ဖြစ်
ခြင်းရှိသည်၏အဖြစ်ကိုရသော်သာလျှင်။ အသက်သည်ဖြစ်၏။အ
လွန်အချမ်းဖြင့်၄င်း။ အလွန်အပူဖြင့်၄င်း။ နှိပ်စက်သော သူအား
ပျက်စီး၏။ မဟာဘုတ်လေးပါးတို့၏လည်း။ အညီအမျှဖြစ်ခြင်းရှိ
သည်၏အဖြစ်ကိုရသော်သာလျှင်။ အသက်သည်ဖြစ်နိုင်၏ ပထဝီ
ဓာတ်၏၄င်း။အာပေါစသောဓာတ်တို့တွင်။ တပါးပါးသောဓာတ်
၏၄င်း။ပျက်ခြင်းကြောင့်။အားနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည်ထည်း
ခက်တရော်သောကိုယ်။ အလွန်ပူသောကိုယ်စသည် ရှိသည်ဖြစ်
၍။အသက် ကုန်ခြင်းသို့ရောက်၏။ကဗဠီကာရအာဟာရကိုလည်း။

သင့်တင့်လျောက်ပတ်သောကာလနှိုက် ရသောသူအားသာလျှင်။
အသက်သည်ဖြစ်နိုင်၏။ အာဟာရကိုမရသောသူအား။ အသက်
ကုန်ခြင်းသို့ရောက်၏။ ဤသို့အသက်၏ အားနည်းသောအားဖြင့်
လည်း။သေခြင်းကိုအဖန်ဖန်အောင်းမေ့အပ်၏။ ။တသ္မာဟဝေ
အပ္ပမာဒ်။ ကယိရာထ သုမေဓသော။ ဝေမဟာနုဘာဝါယ။ မရ
ဏာသတိယာသဒါ။ ။ဝိသုဒ္ဓိမဂ်။ ။တသ္မာ။ထိုသို့မရဏာသတိ
ကမ္မဋ္ဌာန်းကို။ ပွါးဖြန့်အားထုတ်သော သူသည်။ကြောက်ခြင်းမရှိ
ခြင်းမတွေ့မဝေသေခြင်း။ယာခုဒိဋ္ဌဓမ္မာဘဝ မျက်မှောက်နှိုက်နိဗ္ဗာန်
ကိုမျက်မှောက်မပြုနိုင်သော်လည်း။သေသည်နောက်မှ။ အခြားမဲ့
ကာလနှိုက်။သုဂတိဘုံသို့လားရခြင်းကြောင့်။ ဟ[illegible]။ ဝင်စစ်။ဝေ
မဟာနုဘာဝါယ။ ဤသို့ဆိုအပ်ပြီးသောကြီးသော အာနုဘော်ရှိ
သော။မရဏာသတိယာ။ သေခြင်းတရားကို။မခြားကာလ။ နေ့ည
မလပ်။မပြတ်တန်တန်။အဖန်ဖန်အောင်းမေ့ခြင်းနှိုက်။ သဒါ။အခါ
ခပ်သိမ်း။သုမေဓသော။ လောကဓမ္မနှစ်ဝဖြင်သိ။ကောင်းစွာပညာ
ရှိသူသည်။ အပ္ပမာဒ်။သတိလွတ်ကင်း။မမေ့မလျော့ခြင်းကို။ကယိ
ရာထ။စိတ်စေတနာ။သဒ္ဓါရှင်လန်း။နိဗ္ဗာန်ကိုရည်မှန်းလျက်။ ကြိုး
ပန်းပြုလုပ်ရာ၏။ ။ငင်းဂါထာ၏အနက်။ ၁။ဒါနံသီလဥ္စနိက္ခမံ။
ပညာဝိရိယခန္တိစ။ ဥပေက္ခာ သစ္စမိဋ္ဌာန်။ မေတ္တာမာဒသ ပူရယိံ။
ယောနာသော။သဗ္ဗဒါကာလံ။ဝန္ဒေပသန္နစေတသော။ ၂။ ဒါနံသီလဥ္စ
ဘာဝနာ။ဝေယျာဝစ္စပစာယနံ။ မောဒနာပတ္တိဒါနဥ္စ။ ဓမ္မသဝနဒေ
သနာ။ဒိဋ္ဌိဇုတိ ဒသာပုညကိရိယံဝိဘတ္တိံနမေ ။၃။ ဒသဒုက္ခရိတေ
ဓမ္မေ။ပဇဟိံ သုစရိတေဒသ။ပူရယိံ ကပ္ပကောဋိသု။တောဒိသံနမေ
အဟံ။၄။စတုသတိပဋ္ဌာနာဝ။ စတ္တာရောသမ္ပဓာနာ။ ဣဒ္ဓိပ္ပါဒါစ
စတ္တာရော။ပဥ္စိန္ဒြိယာဗလာနိစ။၅။အဋ္ဌမဂ္ဂင်္ဂသဇ္ဈင်္ဂေ။ ဗောဇ္ဈင်္ဂါ
တိပဘေဒတော။သတ္တတ္တိံသ ဓမ္မေသံဝိတ္တာ။ ယသတ္တိတမဟံနမေ။
ယောနာသော။အကြောင်ဖြတ်စွာဘုရားသည်။ကာလ၀ုလေးအသင်္ချေ
တွက်ရေရှည်ကြာ။များစွာဘဝ။ကာလပတ်လုံး။သဗ္ဗဒါ။ အခါခပ်
သိမ်း။ဒါနဥ္စ။ ဒါနပါရမီငင်း။သီလဥ္စ။ သီလပါရမီလည်းကောင်း။

နိက္ခမဥ္စ၊ နိက္ခမပါရမီသည်းကောင်း၊ပညာစ၊ ပညာပါရမီလည်း
ကောင်း။ ဝီရိယခန္တီစ။ ဝီရိယပါရမီခန္တီပါရမီ လည်းကောင်း။ ဥ
ပေက္ခာစ။ဥပေက္ခာပါရမီလည်းကောင်း။သစ္စာဓိဋ္ဌာနဥ္စ၊သစ္စပါရမီ
အဓိဋ္ဌာနပါရမီ လည်းကောင်း။ မေတ္တာစ။ မေတ္တာပါရ မီလည်း
ကောင်း။ဣတိ။သို့။ဣမာဒသပါရမိယော၊ ဤဆယ်ပါးသောပါရမီ
တို့ကို။ပူရယိ ။မဆုတ်မနစ်၊အားသစ်အထူး။ ဆည်းဖူးဖြည့်ကျင့်
တော်မူပြီ။တံနာထံ၊ထိုမြတ်စွာဘုရားကို။ပသန္နစေတသာ။ ကြည်
ညို ရွှင်လန်း။ ဝမ်းမြောက်သောစိတ်ဖြင့်၊အဟံ။ အကျွန်ုပ်သည်။
ဝန္ဒေ ဝန္ဒာမိ။ရှိခိုးပါ၏။ ။ပါရမီဆယ်ပါးဘုရားရှိခိုးအနက်။ ။
သောဘဂဝါ။ အကြင်မြတ်စွာဘုရားသည်။ဒါနဥ္စ။ အလှူပေးခြင်း
လည်းကောင်း။သီလဥ္စ။သီလ ဆောက်တည်ခြင်း လည်းကောင်း။
ဘာဝနာစ။ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းခြင်းလည်းကောင်း။ ဝေယျာ
ဝစ္စပစာယနဥ္စ၊ရတနာသုံးပါးဆရာမိဘတို့၏အမှုကြီးငယ်ကိုရွက်
ဆောင်ခြင်းအရိုအသေပြုခြင်းလည်းကောင်း။မောဒနာစ။သူတပါး
တို့ပြုလုပ်။ အား ထုတ် အပ်သောကုသိုလ် အဘို့ကိုဝမ်း မြောက်
ခြင်းလည်းကောင်း။ပတ္တိဒါနဥ္စ။မိမိပြုလုပ်၊အားထုတ်အပ်သောကု
သိုလ်အဘို့ကိုသူတပါးတို့အား အမျှပေးဝေခြင်း လည်းကောင်း၊
ဓမ္မဿဝနဥ္စ ဓမ္မဒေသနာစ၊တရားကိုနာခြင်းတရားကိုဟောခြင်းလည်း
ကောင်း။ဒိဋ္ဌိဇု။ အယူကိုဖြောင့်မတ်စွာယူခြင်းလည်းကောင်း၊ ဣ
တိ။ဤသို့။ ဒသပုညကိရိယံ၊ ဆယ်ပါးသော ပုညကိရိယာကို။ ဝိ
ဘဇ္ဇ ။ဝေဘန်တော်မူပြီ၊တံသာ။ထိုမြတ်စွာဘုရားအား။ အဟံ။အ
ကျွန်ုပ်သည်၊နမောမိ။ရှိခိုးပါ၏။ ။ပုညကိရိယာဘုရားရှိခိုး။ ။
ယော သုဂတော၊ အကြင်မြတ်စွာ ဘုရားသည်။ ကပ္ပ ကောဋိသု။
ကမ္ဘာကုဋေတို့နိုက်၊ဒသ၊ဆယ်ပါးကုန်သော။ဒုစ္စရိတာဓမ္မေ။ဒုစ
ရိုက် တရားတို့ကို။ ပဇဟိ ။ ပယ်တော်မူပြီ။ ဒသ။ ဆယ်ပါးကုန်
သော၊ သုစရိတာဓမ္မေ၊ သုစရိုက်တရားတို့ကို။ပူရယိ ။ ဖြည့်ကျင့်
တော်မူပြီ။တောဒိသံတေဒိသဿ။ဤသို့သဘောရှိသောဂုဏ်ထူး
ကျေးဇူးနှင့်ပြည့်စုံတော်မူသော၊ တဿသုဂတဿ၊ ထိုမြတ်စွာ

ဘုရားအား။အဟံ။အကျွန်ုပ်သည်။နမေနမာမိ။ရှိခိုးပါ၏။. ။ဒုစ
ရိုက်သုစရိုက်ဘုရားရှိခိုး။ ။ယသဗုဒ္ဓဿ။ အကြင်မြတ်စွာဘု
ရားအား။စတုသတိပဋ္ဌာနာဝ၊လေးပါးသော သတိပဋ္ဌာန်တို့လည်း
ကောင်း။စတ္တာရော။လေးပါးကုန်သော။သမ္ပဓာနာဝ။ သမ္ပဓာန်
တို့၎င်း။ စတ္တာရော။ လေးပါးကုန်သော။ ဣဒ္ဓိပါဒါဝ။ ဣဒ္ဓိပါဒ်တို့
လည်းကောင်း၊ ပဉ္စ၊ ငါးပါးကုန်သော။ဣန္ဒြိယ ဗလာနိဝ။ ဣန္ဒြေ
ဗိုလ်တို့လည်းကောင်း။အဋ္ဌ။ ရှစ်ပါးကုန်သော၊ မဂ္ဂင်္ဂါဝ။မဂ္ဂင်တို့
လည်းကောင်း။သတ္တ။ ခုနှစ်ပါးကုန်သော။ဗောဇ္ဈင်္ဂါဝ။ ဗျ
ဗောဇ္ဈင်တို့လည်းကောင်း။ဣတိ။ ဤသို့။ပဘေဒတော။ အပြားအား
ဖြင့်။နိသေဝိတာ။အမြဲမပြတ်။မှီဝဲတော်မူအပ်ကုန်သော။ သတ္တတိံ
သ၊သုံးဆယ်ခုနှစ်ပါးကုန်သော၊ ဗောဓိပက္ခိယတရားတို့သည်။အ
ဏ္ဏိသန္တိ။ရှိကုန်၏။တံဗုဒ္ဓံ။ထိုမြတ်စွာဘုရားကို၊ အဟံ။အကျွန်ုပ်
သည်။နမေနမာမိ။ရှိခိုးပါ၏။ ။ဗောဓိပက္ခိယဘုရားရှိခိုး။ ။ဇိ
နဿ။မြတ်စွာဘုရား၏။ကေသာ၊ဆံတော်တို့သည်။ ဒီဃရဿာ။
မတိုမရှည်။ လက်နှစ်သစ်သာရှိခြင်းသည်လည်း ကောင်း၊စိဝရံ။
သင်္ကန်း တော်သည်၊အင်္ဂလိဋ္ဌံ။ညစ်နွမ်းခြင်း မရှိသည် လည်း
ကောင်း။ပရိက္ခရံ။ သပိတ်ပရိက္ခရာတော်သည်။စတုရင်္ဂုလဗုဒ္ဓံ၊
ကိုယ်တော်နှင့် လေးသစ် ခန့်ကွာ၍ တွေ့ထိတော် မူခြင်းသည်
လည်းကောင်း။ပတ္တကာမေ။ ပြားပိုဒ်းကဲ့သို့ဝဲ၍ နေသောသပိတ်
တော်ကို၊အလိုရှိတော်မူသည်ရှိသော်၊ဟတ္ထဂတံ။လက်တော်ကို
ဖြန့်သဖြင့်။ ရောက်တော်မူရခြင်းသည်လည်းကောင်း။ပတ္တဓော
တေ၊လက်တော်ကိုဆေးတော်မူသည်ရှိသော်၊ပတ္တသုဒ္ဓံ။ သပိတ်
စင်ကြယ်တော်မူခြင်းသည် လည်းကောင်း၊ ပတ္တဓောတေ။သပိတ်
တော်ကိုဆေး တော်မူသည်ရှိသော်၊ ဟတ္ထသုဒ္ဓိ။ လက်တော်စင်
ကြယ်တော်မူခြင်းသည်လည်းကောင်း။သာသပဏ္ဏ။ရုံ့ညင်းစေ့
တိုက်ခန်းနိုက်။သဂန္ဓက္ကံ။ပရိက္ခရာရှစ်ပါးနှင့်တကွ။ စင်းကြံကြွ
တော်မူခြင်းသည်လည်းကောင်း။ ဒိဗ္ဗဿာဘာသေဟိ။ ရတနာရွှ
ပြာသာဒ်နိုက်။ပဋ္ဌာန်းကျမ်းကြီးကိုသုံးသပ်ဆင်ခြင်တော်မူခြင်း

သည့်လည်းကောင်း။ ဗျာပိတံ။ ကိုယ်တော်ကိုဖြန့်၍။ ခြံပါးသော ရောင်ခြည်တော်တို့ ထွက်တော်မူခြင်းသည်လည်းကောင်း၊ သ တိသာ။ ကိုယ်တော်နှင့်အတူ။ သတနိမ္မိတံ။ နိမ္မိတကိုယ်စား။ ဘုရား အထောင်အသောင်းဘန်ဆင်းတော်မူခြင်း သည်လည်းကောင်း။ တိခေတ္တေသု။ ဇာတိခေတ်အာဏာခေတ်။ ဝိသယခေတ်တို့နှိက်။ တ မောပဘာနံ။ အလိုလိုပိုင်းခြား၍ ထွန်းလင်းတောက်ပ တော်မူခြင်း သည်သည်းကောင်း။ သဒ္ဒဥ။ တရားတော်အသံသည်လည်းကောင်း သုဘပမာဏံ။ နာသောသူတို့၏ပမာဏအသံတော် ရှိသည်လည်း ကောင်း၊ အဝိစိဘ ဂ္ဂ ။ အောက်အဝိစိငရဲမှ။ အထက်ဘဝဂ်တိုင် အောင်။ ဒေဝမနုဿာနံ၊ နတ်လူတို့အား။ အညမည ၊ အချင်းချင်း မြင်စေတော်မူခြင်း သည့်လည်း ကောင်း၊ ဇာတိကာလေ၊ မယ် တော်မာယာပဒုမ္မာကြာဘုတိုက်နှိက်၊ ထက်ဝယ်ဖွဲ့ခွေ၊ နေတော်မူ သောအခါ၌။ နိမိတ္တံ။ တော်လျောင်ဝဲ့တင်တီးခုံ ။ ရေစုန်ထက်ဆန်။ အလျှံတပြောင်ပြောင်၊ ထွန်လင်းတောက်ပသော။ နိမိတ်တော်ရှိ သည့်သည်းကောင်း၊ မေရုမုဒ္ဓနိ၊ ယုဂန္ဒိုမြင်းမိုရ်ပျား တာဝတိံသာ နတ်သားတို့နေရာနှိက်။ တိဋ္ဌံ၊ နှစ်လမ်းသုံးဖဝါးကြွသွားတော်မူ ခြင်းသည်လည်းကောင်း။ ဘူမိဂတေ၊ မြေသို့ကြွတော်မူသည့်ရှိ သော်။ အဇ္ဈသတိ၊ မထင်သောခြယာတော်ရှိခြင်း သည်လည်း ကောင်း။ ပဇ္ဇာနံ။ ကျွတ်ထိုက်သောသတ္တဝါတို့ကို။ ဗောဓနေယံ။ ရွေ ညာဏ်တော်ကွန်ရက်ခဲ့၍သိတော်မူခြင်းသည်လည်းကောင်း။ ယ မကဥ။ ယမိုက်ပဋ္ဌာန်းကို ဆင်ခြင်တော်မူသောအခါနှိက်လည်း။ ပါဠိဟာရိယံ။ ရေမီးအစုံကိုယ်တော်မှထွက်၍၊ တံခိုးပျာဋိဟာကို ပြတော်မူခြင်းသည်လည်းကောင်း။ သဗ္ဗဓမ္မံ။ ခပ်သိမ်းသောတရား တို့ကို၊ အနာဝရဏံ၊ ဒံကြွင်းမရှိ။ သိတော်မူခြင်း သည်လည်း ကောင်း။ အဋ္ဌာရသံ။ တဆယ်ရှစ်ပါးသောအံ့ဘွယ်တော်နှင့်ပြည့်စုံ တော်မူသော ဖိနံ။ မြတ်စွာဘုရားကို။ အဟံ။ အကျွန်ုပ်သည်။ နမာမိ ရှိခိုးပါ၏။ ။အံ့ဘွယ်ရှစ်ပါးဘုရားရှိခိုး။ ။ဇာဒ်မေပုညံ့အာသ ဝက္ခယံ၊ ဝ ာံဟောမိ၊ မေ၊ အကျွန်ုပ်၏၊ ဇာဒ်ပုည ၊ ဤကောင်းမှု၏အ

ဘုံ့ဖြင့်။အာသဝက္ခယံ၊ကာမာသဝ၊ဘဝါသဝ၊ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝတည်းဟူသော အာသဝေါတရားလေးပါးတို့၏ကင်းရှင်းကုန်ရာချုပ်ရာ ဖြစ်သောနိဗ္ဗာန်ရွှေပြည်မြတ်သို့၊ဝဟုံ။ ရွက်ဆောင်နိုင်သည့်။ဟောသမိ။ဖြစ်ရပါလို၏။

အဘ္ဘုရာဇကေမေကာဋ္ဌ ဗုဒ္ဓရူပံ။ သမ်သိယာ။ တသ္မာဟိပဏ္ဍိ
တာပေါသောလိခေယျပိဋကတ္တယံ။ ။
ပု၊ဒိ။အာ။နှင့်ပြည့်စုံလိုပါ၏။

သက္ကရာဇ်။ ၁၂၈၄ ခု၊ ဝါဆိုလပြည့်ကျော် ၆ ရက်၊
တနင်္လာနေ့။ ဆယ်နာရီအချိန်တွင်ပုံနှိပ်
ပြီးစီးအောင်မြင်သည်။

မန္တောဘာသာကျမ်းဤတွင်ပြီးပြီ။

